

ကျေးဇူးတော်ရှင်

ပခုက္ကူမြို့-မဟာဝိသာရာမ အလယ်တိုက် ဆရာတော် ဘုရားကြီး

ဦးပညာ (အဂ္ဂမဟာပဏ္ဍိတ)

ပထမ လယ်တီ ဆရာတော် ဘုရားကြီး

ဒုတိယ လယ်တီ ဆရာတော် ဘုရားကြီး

တို့၏ တပည့်ရင်း

မုံရွာမြို့၊ လယ်တီ တိုက်ကြီး၏ ဓမ္မာစရိယ

စာချ ရဟန်းတော်။

မန္တလေးမြို့ အနောက်ပြင်၊ စကုတိုက်၊

ဓမ္မာစရိယ စာချ ရဟန်းတော်။

"ပရိယတ္တိ ပထမကျော်၊ အစိုးရ ပထမကျော်"

လယ်တီ-အရှင်ကောဝိဒသာဓိ-သည်

ရေးသား စီစဉ် အပ်သော

သီဟိုဠ်ရှင်သဓိုင်းကျမ်း

ကျောက်စာ,ရာဇဝင် သမိုင်းစာစောင်

အမျိုးမျိုးတို့ကို

ပေါင်းစု ညှိနှိုင်း၍ ပခုက္ကူမြို့၊ သီဟိုဠ်ရှင် မြတ်စွာဘုရား၏

ဖြစ်စဉ် အကြောင်းကို ပြဆိုထားသည်။

(ဒုတိယနှိပ်ခြင်း၊ အုပ်ရေ=၂၀၀၀)

ရန်ကုန်မြို့၊ ဇမ္ဗူ.ဓိတ်ဆွေငြိုကတ်မုံနှိပ်တိုက်။

၁၉၅၃-ခုနှစ်။



သီဟိုဠ်နှင့် သမိုင်းကုမ်းကို ဒီရင်တောင်မှုသော

“ပရိယတ္တိ ပထမကျော် နှင့် အစိုးရ ပထ်မကျော်”

မျှောစရိယ

လယ်တီအသျှင် ကောဝိဒသာမိဏ်ပုံ

ပုံနှိပ် လုပ်ဆောင်ခြင်း နိဒါန်း။

နှစ်-လ- တောင်တာ၊ ရှည်ကြာ များမြောင်၊ မရ-ရအောင် ပွေရှာသဖြင့်၊ အဆင်သင့် ရရှိသော၊ သရိုင်း လက်ဘ, သရိုင်းစကားပြေ, ကျောက်စာ, ရာဇဝင်တို့ကို တည်းဖြန့် ပေါင်းစုသျှက်၊ သရိုင်းသစ် တခု ဖြစ်စေရန်၊ ရှေးထွင် စီရင်တော် မူသော၊ ပထမကျော် စာချ ရဟန်း တော် "လယ်တီအရှင်ကောဝိဒသာဓိ"အား၊ အထူးသဖြင့် ဝမ်းမြောက် ဝမ်းသာ၊ ကျေးဇူးတင်စွာနှင့်၊အဆိုပါလယ်တီ အရှင် ကောဝိဒသာဓိ ရေးသား စီရင်သော မူအတိုင်း၊ သိဟိုဠ်ရှင် မြတ်စွာ ဘုရား၏ သရိုင်းတော် စာစောင် ကျန်းကို၊ ပရက္ကြမ်၊ သိဟိုဠ်ရှင် မြတ်စွာဘုရား၏ လျှပ်စစ် ဓာတ်မီး အသင်းကြီးနှင့်၊ ဘဏ္ဍာတော်ထိန်း လူကြီးမင်း တို့က၊ ရှေးဦးစွာ ငေးဆောင်ရွက် အားထုတ် ကြဲကုန်ပြီး လျှင်၊ ရန်ကုန်မြို၊ ဇမ္ဗု၊ မိတ်ဆွေ ပိဋကတ်ပုံနှိပ်တိုက်ကြီးဌ၊ စက္ကူကောင်း၊ စာလုံးကောင်း၊ မင်ကျ, မင်နု ကောင်းမွန် စွာတို့ဖြင့်၊ ဖြတ်ကောက်ချပ်တန့်၊ အကန့်ခြားသင့် ရာတွင်၊ ခြားနား ကန့်သတ်လျက်၊ ဒုတိယ အကြိမ် ပုံနှိပ်လုပ် ဆောင်ပါသဘည်း။

မာတိကာ။

အကြောင်းအရာ	စာမျက်နှာ
သမိုင်းနိဒါန်း	၄
ပဏာမာဒိမဂ်လာ....	၁
အခန်းအဝိုင်းဖွဲ့ရန် မှာထားချက်	၁၇

၁။ သာသနာ သက္ကရာဇ်နှင့် ဂေါ်ဇာ သက္ကရာဇ်ကိုပြဆိုခန်း။	၁၈
၁။ ပဿမအကြိမ်သက္ကရာဇ်ဖြို့ခြင်း	၂၂
၂။ ဒုတိယအကြိမ်သက္ကရာဇ်ဖြို့ခြင်း	၂၅
၃။ သက္ကရာဇ်ဖြို့ရာမပြိုဘဲရှိခြင်း	၂၇
၄။ တတိယအကြိမ်သက္ကရာဇ်ဖြို့ခြင်း	၂၇
၅။ စတုတ္ထအကြိမ်သက္ကရာဇ်ဖြို့ခြင်း	၂၈
အထူးမှတ်သားချက်	၂၉

၂။ သီဟိုဠ်ရှင်ဘုရားဒါယကာဘွားမြင်တော်မူခန်း။	၃၂
၁။ ထူးဆန်းသောနိမိတ်ကြီးများ	၃၆
ဘုရားဆက်သမိုင်းလက်ာများ	၄၀
၂။ ဟူးရား ဆရာတို့က နိမိတ် ဘတ်ကြား ခြင်း	၄၂

မာတိကာ။

အကြောင်းအရာ	စာမျက်နှာ
၃။ ထူးဆန်းသောနိမိတ်တရဖြစ်ပြန်ခြင်း....	၄၆
၄။ ပေးနိုင်ခဲသော ဆုမြတ်ကို ပေးသနား တော်မူခြင်း	၄၉
သုရားဆက်သမိုင်းလက်ာ....	၅၀
၅။ တတိယနိမိတ်ကြီးတပါး....	၅၁
၃။ မင်းကောရဇ်အဖြစ်သို့ ရောက်တော်မူခန်း။	၅၃
၁။ ရဟန္တာသခင် ရှင်အရဟံ၏ အထူးတိုကို ပြခြင်း	၅၉
၂။ အနော်ရထာမင်းကြီးနှင့်တွေ့ဆုံခြင်း	၆၁
၃။ အရှင် အရဟံထေရ်မြတ်၏ မိန့်ခွန်းတော် အတိတ်ဝထူ	၆၆
၄။ ရွှေထီး ရွှေနန်းကို သိမ်းမြန်းတော် မူခြင်း မှာထားချက်	၇၂
၅။ မောင်းမမိသံတို့ကိုပြခြင်း	၈၁
၆။ ဗိုလ်ပါအလုံးအရင်းများ	၈
၇။ ပြုစီရင်တော်မူသောမှုတော်တာဝန်များ	၈
၈။ မင်းကြီး၏ဆရာများ	၈
၉။ မဟာဂီရိနတ်မင်းစောင့်ရှောက်ပုံ	၈
မှတ်ချက်	၈၉

အကြောင်းအရာ စာမျက်နှာ

၄။ တိုင်းခွင် လှည့်လည်တောင်မူခန်း။ ၉၂

၁။ ရဟန္တာသခင် ဂုဏ်အရဟံထေရ် ပရိ
နိဗ္ဗာန် စံလွန်တော်မူခြင်း.... .... ၉၂

၂။ သင်္ကိုဟ်ပုံအခမ်းအနား ၉၅

၃။ မဟာသမုဒ္ဒရာသို့ကြွရောက်ခြင်း ၉၇

၄။ သိင်္ဃိုဠ်ကျွန်းသို့ဆိုက်ရောက်တော်မူခြင်း ၁၀၁

၅။ ဇမ္ဗူ။သပြေပင်ရင်းသို့ရောက်တော်မူခြင်း ၁၀၂

၆။ သိင်္ဃားမင်း၏အာဘိသိက်သွန်းပွဲ ၁၀၃

၇။ ဂုဏ်ဖြူဂုဏ်လှဘုရားတို့ကိုဆက်သခြင်း.... ၁၀၄

၈။ မြင့်မိုရ်တောင်သို့ကြွတော်မူခြင်း ၁၀၅

၉။ သရက္ခန်ရုပ်တုတော်ကိုဆက်သခြင်း.... ၁၁၁

မှတ်ချက် ၁၁၃

၁၀။ ဗလဝါမုခဝဲသို့ရောက်တော်မူခြင်း ၁၁၄

၁၁။ နေပြည်ဘော်သို့ ပြန်ကြွတော် မူခဲ့ရာ
မဏ္ဍာယကျွန်းသို့ ရောက်တော်မူခြင်း.... ၁၁၅

၁၂။ ကတိုးနှံ့သာ-စသည်တို့ကိုဆက်သခြင်း ၁၁၇
ဘုရားဆက်သရိုင်းလက်ဝါ.... .... ၁၁၈

မာဘိကာ။

အကြောင်းအရာ	စာမျက်နှာ
၅။ သီဟိုဠ်ရှင်ဘုရားကို အဆက်အသ ခံယူတော်မူခန်း။	**၁၁၉**
၁။ သိကြားမင်း ဒက္ခိထသာခါ-မဟာဗော ဓိကို-ပင့်ဆောင်တော်မူခြင်း	၁၂၀
(က) ရွှေမုဋ္ဌောသရိုင်းလက်ာ	၁၂၂
၂။ သီဟိုဠ်မင်း၏စိတ်အလိုကိုသိခြင်း	၁၂၃
၃။ အသား ဆယ်ပါးဖြင့် ဘုရား ရုပ်တုပြု ခြင်း	၁၂၆
မှာထားချက်	၁၂၈
၄။ နရပဘိ စည်သူ မင်းကြီးအား ဆက်သ ခြင်း	၁၂၉
မှာထားချက်	၁၃၃
ဘုရားရှိခိုးလက်ာဟောင်း	၁၃၅
၅။ သီဟိုဠ်ရှင် မြတ်စွာဘုရားကို ကိုးကွယ် တော်မူခြင်း	၁၃၆
(ခ) ရွှေမုဋ္ဌောဘုရားသရိုင်းလက်ာ	၁၃၈
၆။ မာန်အောင်ကျွန်းသို့ ရောက်တော်မူခြင်း	၁၃၉
၇။ ဇမ္ဗူဒိပ်ကျွန်းသို့ရောက်တော်မူခြင်း	၁၃၉
၈။ ပုဂံနေပြည်တော်သို့ ရောက်တော်မူခြင်း	၁၄၀

အကြောင်းအရာ ဓာမျက်နှာ

၆။ သီဟိုဠ်ရှင်ဘုရား တည်တော်မူခန်း။ ၁၄၁

(ဂ) ရွှေမုဋ္ဌောသရိုင်းလင်္ကာ ၁၄၄

၁။ ဘောင်တော်ဖြင့် ဆန်တော်မူခြင်း ၁၄၆

မှတ်ချက် ၁၄၇

၂။ ထူးဆန်းသောနိမိတ်ကြီးသုံးပါး ၁၅၁

ဘုရားဆက်သရိုင်းလင်္ကာ ၁၅၂

၃။ ဘုရားတည်ရာအရပ်ကို မှတ်သားခြင်း ၁၅၆

ဘုရားဆက်သရိုင်းလင်္ကာ ၁၅၈

၄။ အုတ်မြစ်ချခြင်း ၁၆၀

(ဃ) ရွှေမုဋ္ဌောသရိုင်းလင်္ကာ ၁၆၃

၅။ သီဟိုဠ်ရှင် မြတ်စွာဘုရားကို ပင့်ဆောင်

တော်မူခြင်း ၁၆၄

၆။ တံတိုင်း မီးတား စသည် ပြုတော်မူခြင်း ၁၆၄

မှာထားချက် ၁၆၆

၇။ ဘုရား်ဒါယကာ နတ်ရွာစံတော်မူခန်း။ ၁၇၀

၁။ မှတ်သားဘွယ် ကောင်းသော အချက်

များ ၁၇၀

(၁) ချီးမြောက်သင့်သူကို ချီးမြောက်ခြင်း.... ၁၇၁

(၂) နှိပ်နင်းသင့်သူကို နှိပ်နင်းတော်မူခြင်း.... ၁၇၄

အကြောင်းအရာ	စာမျက်နှာ
(၃) သည်းခံတော်မူသောစိတ်နှလုံးရှိခြင်း....	၁၇၇
(၄) လက်ရုံး စွမ်းပကားကို အားကိုး တော်မူခြင်း	၁၈၂
(၅) ဘေး လောင်းတော် ဘိုး လောင်းတော် တို့၌ ရိုသေခြင်း	၁၈၈
၂။ မင်းတရားကြီး ၏ အရည် အချင်း နှင့် ကောင်းမှုတော်	၁၉၀
မှာထားချက်	၁၉၂
၃။ ဘုရား ဒါယကာ နတ်ရွာ စံလွန်တော်မူ သောအခါ ဆင်းရဲကြီးစွာခံစားရခြင်း....	၁၉၇
၄။ လေးနက်စွာမှတ်သားထားရန်....	၂၀၀
၅။ ဥပဒေသ	၂၀၂
၆။ မွေသံဝေဂဉ္ဇက် ပွါးများရန်	၂၀၇

၈။ နောက်ထပ်အသစ်ပြင်ဆင်ခန်း။	၂၀၉
၁။ မြင်သာရွာအုပ်မင်း	၂၀၉
၂။ မြင်သာရွာကြီး စည်ကားပုံ	၂၁၁
ရတနာမဥ္ဇူ၊ ဘုရား ကျောက်စာဂါထာ....	၂၁၂
၃။ လက်ဝဲ လက်ယာ အရံ ရုပ်ပွါးနှစ်ဆူတို့ ကို ထုလုပ်ကိုးကွယ်ခြင်း....	၂၁၅

ဒုတိယကြောင်းအရော စာမျက်နှာ

လေးကျွန်းဆိပ်ခိုး ဘုရားကျောက်စာဂါထာ ၂၁၈
လေးကျွန်းဆိပ်ခိုး ဘုရားကျောက်စာ ပထမ
မျက်နှာ ၂၂၀
ဒုတိယမျက်နှာ ၂၂၂
၄။ ဒုတိယအကြိမ်သင်္ဃသစ်ပြင်ဆင်ခြင်း ၂၂၇
ဘုရားအမကြီး-ဒေါလေးကြီး ၂၂၇
၅။ လျှင်စစ်ဝတ်ခိုးအာဖွဲ့ကြီး ၂၃၀
၆။ ဘုရား အမ- ဒေါလေးကြီးက အသစ်
ပြုပြင်ခြင်း ၂၃၅
၇။ နည်းလမ်း ညွှန်ပြ ဆုံးမ ပဲ့ပြင်တော်မူ
သော ဆရာတော်ကြီးများ.... .... ၂၃၆
၈။ အုတ်မြစ်ချခြင်းနှင့် ဌာပနာခြင်း ၂၃၆
၉။ ပြိုးစိုးအောင်မြင် ထီးတင်လှူဒါန်းခြင်း ၂၄၁
မှတ်ချက် ၂၄၄
၁၀။ သိဟိုဠ်ကျွန်း မြတ်စွာ ဘုရား၏ ပွဲတော်
များ ၂၄၆
နိဂမန ၂၄၆
သတ်စေ့ နှက်-သုံးချက် ညို ရေးသား
အင်္ဂလိပ် အဖြည့်ခံရတုကဗျာ ၂၅၅

သမိုင်း နိဒါန်း။

သမိုင်း.....ဟူသော စကားမှာ၊ မြန်မာ စကား သက်သက် ဖြစ်၍၊ တရုံ တယောက်သော ပုဂ္ဂိုလ်၊ တရုံ တခုသော ဝတ္ထုဇ၏၊ အနွယ်မပျက်၊ ဆင်းသက်လာခဲ့သော ဖြစ်စဉ် အကြောင်းကို ဟောပြောနိုင်သော စကားဟောင်း တခု ဖြစ်လေသည်။ ။သို့ရာတွင်။ ။ထိုသခိုင်း- ဟူသော စကားဟောင်းဖြင့်၊ စရပ်နှင့် တန်ဆောင်း၊ ကျောင်းနှင့်တံတား၊ ဘုရားနှင့် သိမ်၊ စေတီအိမ်နှင့် ရုပ်ပွါးပုံ၊ စည်းခုံနှင့် ပုထိုး၊ လိုဏ်ဂူမျိုးနှင့် ဗောဓိပင်၊ မြို့ပြ ပြည်ခွင်တို့၏၊ အနွယ်မပျက်၊ ဆင်းသက် လာခဲ့သော ဖြစ်စဉ် အကြောင်းရင်းကို သာလျှင်၊ ဧေးဧေးအခါ၊ မြန်မာ ပညာ ရှိတို့ခေါ်ဝေါ်သုံးစွဲရိုး ရှိလေသည်။

ထို့ကြောင့်။ ။ရှင်တော် မြတ်ဘုရားဇ၏ အဖြစ်တော်စဉ် အကြောင်းကို စုပေါင်း ပြဆိုသော- ဗုဒ္ဓဝင် ပါဠိနှင့် အဋ္ဌကထာတို့မှာ ဘုရား သခိုင်းအစစ် ဖြစ်လေသည်။ ။ဤနည်းတူ၊ အရှင် သာရိပုတြာ, အရှင်မဟာ မောဂ္ဂလာန်စသော မထေရ် မြတ်တို့၏ အဖြစ်တော်စဉ် အကြောင်းကိုပြဆိုသော-သာရိပုတ္တထေရ အပဒါန် ပါဠိ,အဋ္ဌ ကထာစသည် တို့သည်လည်း၊ ရဟန္တာ အရှင်မြတ်တို့၏ သခိုင်းစင်စစ် ဖြစ်သင့် လေသည်။ ။ဤမှတပါး၊ မြတ်စွာ ဘုရားပွင့်တော် မူရာ ဗောဓိ ပင်၏ ဖြစ်စဉ်ကို ပြသော ကျမ်းသည်၊ ဗောဓိ သခိုင်းကျမ်း မည်သင့်သည့်ပြင်။ ။သီတင်းသုံးတော်မူရာ ဖြစ်သော ဇေတဝန် ကျောင်းတော်-စသော

ဂန္ဓ ကုဋိတိုက်ကြီးတို့၏ ဖြစ်စဉ် အကြောင်းကို ဘော်ပြသော- မွေပဒ အဌကထာ, အဂ်ုတ္တိုရ် အဌ ကထာ စသည်၌ လာရှိသော စကားစု သည်လည်း၊ ကျောင်းတော် သရိုင်း- စသည် များပင် ဖြစ်လေသည်။

ရှင်တော် မြတ်ဘုရား ပရိနိဗ္ဗာန် စံလွန်တော် မူသည့် နောက်၌၊ ရှင်ဘော် မြတ်ဘုရား၏ ကိုယ်စားတော် အဖြစ် ဖြင့် ကိုးကွယ် ဆည်းကပ် အပ်သော- စေတီတော်တို့မှာ။ ။၁ =ပရိ ဘောဂစေတီ၊ ။၂= ဓာတုစေတီ။ ။၃= ဓမ္မစေတီ- ဟူ၍ သုံးပါး ရှိခဲ့ရာ။ ။တနည်းအား ဖြင့်။ ။၁ = သာရီရိက စေတီ။ ။၂ = ပရိ ဘောဂိက စေတီ။ ။၃ = ဥဒ္ဒိဿက စေတီ-ဟူ၍ သုံးပါး ရှိခဲ့ရာ။ ထိုသုံးပါး လုံး၏ ဖြစ်စဉ် အကြောင်းအရာကို ပြဆိုသော စကား စုသည်ပင်၊ ဘုရား သရိုင်း-မည်သင့် လေသည်။

"စေတီတော် ပထမ သုံးပါးတွင်။ ။၁ = ပရိဘောဂ စေတီ -ဟူသည်မှာ၊ ရှင်တော် မြတ်ဘုရားနှင့်၊ ရဟန္တာ အရှင် မြတ်တို့၏ အသုံး အဆောင် ဖြစ်သော သပိတ်, ပရိက္ခရာ- စသည်၊ ဗောဓိညောင်ပင်- စသည်ကို ဆိုလို သည်။ ။၂ = ဓာတု စေတီ- ဟူသည်မှာ၊ သွားတော်, အံတော်- စသော ဓာတ်တော် တို့ကို ဆိုလိုသည်။ ၃= ဓမ္မ စေတီ- ဟူသည်မှာ၊ ပဋိစ္စ သမုပ္ပါဒ် ပါဠိတော် စသည်ကို ရေးသား ဘော်ပြရာ ကျောက်ပြား,ပေ,ပရပိုက်, စာအုပ်- စသည် တို့ကို ဆိုလိုသည်။ ။ဒုတိယ စေတီ သုံးပါးတွင်။ ။၁= သာရီရိက စေတီ- ဟူသည်မှာ၊

ဓာတု စေတီ ပင်တည်း။ ။၂=ပရိ ဘောဂိက စေတီ ဟူသည်မှာ၊ ပရိဘောဂ စေတီ ပင်တည်း။ ။၃=ဥဒ္ဒိဿက စေတီ ဟူသည်မှာ၊ အာသုံး အဆောင် ဖြစ်သောသပိတ်, ပရိက္ခရာ- စသည့် ပရိဘောဂ- သွားတော်, အံတော်- စသော ဓာတ်တော်တို့ မဋ္ဌိဌ်းသေလည်း ဤနေရာကား မြတ်စွာ ဘုရားဖြို့ ကိန်းဝင်တော် မူရာ ဖြစ်သည် စသည်ဖြင့်၊ ရည်မှတ်၍ တည်ထား အပ်သော အရာ။ မြတ်စွာဘုရားနှင့်၊ အသွင် အပြင် တူညီသော ရုပ်တု, ဆင်းတု, ရုပ်ပွါး စသည်တို့ကို ပြုလုပ်၍ ကိုးကွယ်ရာကို ပင်- ဆိုလိုသည်။ ။ဤအဓိပ္ပါယ် များကား၊ ဝိနည်း သာရတ္ထ ဒီပနီဋီကာ နိဒါန်း အဖွင့်၌ အာကျယ်လာရှိလေသည်။ ။ဆိုခဲ့ ပြီးသော စေတီတော် ခြောက်ပါးကို၊ သဘော တူရာ ပေါင်းယူလျှင်။ ။၁=ပရိ ဘောဂ စေတီ။ ။၂=ဓာတု စေတီ။ ။၃=ဥဒ္ဒိဿက စေတီ။ ။၄=ဥဒ္ဒိဿက စေတီ-ဟူ၍ လေးပါးဖြစ်လေသည်။

ထိုစေတီတော် လေးပါး လုံးကိုပင်၊ ရှင်တော်မြတ် ဘုရား၏ လက်ထက် တော်မှ စ၍၊ ယခုနှေသို့ ကုဏ္ဍောဝင်းမင်း, ပုဏ္ဏား, ဆင်းရဲသား, သူဌေး-ဟူသော အမျိုးလေးပါးတို့၊ ကိုးကွယ် ဆည်းကပ်၊ ကြပ်မပြုရ လာခဲ့ကြသည့် ဖြင်၊ ထိုစေတီတော် တို့၏ သဒ္ဒိုင်း တို့ကိုလည်း၊ အသီးသီး အများ အားဖြင့် ဖေးမတ်လျက် ရှိကြ လေသည်။ ။ မဏ္ဍိမတိုက် အဝှမ်းခွ ရှိသော ကျောင်း, ကန်, ဘုရား-

စသည်တို့၏ သရိုင်း များကို၊ ယခု ထက်တိုင် ကျမ်းဂန်း ပေစာတို့၌ အထင် အရှား တွေ့မြင် နိုင်လေသည်။ ။

မြန်မာ နိုင်ငံတွင်၊ ဘုရားရှင် ပွင့်တော်မူ၍၊ ပရိ နိဗ္ဗာန် စံလွန်တော် မူပြီးမှ၊ မြန်မာ ဘုရင် အဆက်ဆက်တို့ ပြုလုပ် တည်ထားတော် မူကြသော၊ စေတီတော်,ကျောင်း, ကန်, ဘုရား-စသည် တို့၏ သရိုင်း များမှာ၊ အများအား ဖြင့် ထင်ရှား ရှိခဲ့ရာ၊ ထိုသို့ အစဉ်အဆက်၊ ဆင်းသက် လာခဲ့သော သရိုင်း များကို ဘတ်ရှု ရခြင်း, ကြားနာမှတ် သားရခြင်းတို့ဖြင့်၊ နောင်လာ နောက်သား တို့မှာ၊ ပတ္တာ နုမော ဒန ကုသိုလ်, မေ္မဿဝန ကုသိုလ်,သဟောတ္တပ္ပ-မေ္မသံဝေဂ ကုသိုလ်များ၊ တိုးပွါးနိုင်လေသည်။

သို့ရာတွင်၊ အချို့သော ကျောင်း, ကန်, ဘုရား-စသည်တို့၏ သရိုင်း စာစောင်များမှာ၊ အလွန် ရှေးကျ၊ ကာလ ကြံ့ကြာ လွန်း၍ရင်း၊ ရေးမှတ် ထားသော ကျောက် တိုင်, ကျောက်ပြား, စာပေများနှင့် တကွ၊ သရိုင်း စကား များ ပျက်စီး ယိုယွင်း ခဲ့ခြင်းကြောင့်ရင်း၊ အမှတ်အသား ကိုပင် မူလရင်းက မထား မိသောကြောင့်ရင်း၊ ပျောက် ကွယ်တိမ်မြုပ်၍ သွားခဲ့ရာ၊ ထိုကျောင်း, ကန်, ဘုရား-စသည်တို့အတွက်၊ ဝမ်းနည်း ဘွယ်ရာပင် ဖြစ်လေသည်။

ရှေးရှေးအခါ၊ မြန်မာ ဘုရင်မင်း မြတ်တို့ တည်ထား ပြုစုခဲ့သော ဘုရား, စေတီ-စသည် တို့မှာ၊ ပြည့်ရှင်မင်း တို့နှင့် စင်ယျဉ်း၍ နေသဖြင့်၊ ဘုရား,စေတီ-စသည် တို့၏ ဖြစ်စဉ် အကြောင်းဟောင်း သရိုင်း မရှိခဲ့ပါမူ၊ ရာဇဝင်

ကျမ်း၊ ထိုရာဇဝင်နှင့် အလား တူသော-ဇေးချင်း,မော်ကွန်း, ပျို့,ရတု-စသော ကဗျာ ကျမ်းတို့မှ၊ အဆင့်ဆင့်အထောက်, အပံ့ ရလျက်၊ သမိုင်း ရင်းကို ရှာဖွေ တွေ့မြင် နိုင်လေသည်။ ။သည်သဘောကို ထောက်ထားလျှင် ရာဇဝင် ကျမ်းများမှတပါး ဆိုခဲ့သည့် ဇေးချင်း, မော်ကွန်း, ပျို့, ရတု- စသော ကဗျာဟောင်း, လင်္ကာဟောင်း ကျမ်းများ ကို အထူးတလည် ကျေးဇူးတင်ထိုက်ကြောင်း ထင်ရှား လေသည်။ ။အဘယ့်ကြောင့် ဟူမူ။ ။ရာဇဝင်၌ မလာ- မပါရှိသော ဘုရား, စေတီ စသည်တို့နှင့် စပ်လျဉ်းသော စကားတို့မှာလည်း ဇေးချင်း, မော်ကွန်း စသည် တို့၌ လာရှိပါဝင်နေတတ်သောကြောင့် ဖြစ်လေသည်။ ။ ၏အချက်ကို ရှေ့ဒဂုန် ဘုရားသမိုင်း, ရှင်ပင်သက်တော်ရ ဘုရားသမိုင်း, ဗောဓိပင်သမိုင်း, ရှင်မာလဲ ဘုရားသမိုင်း-စသည် တို့ကို ကြည့်ရှု ခြင်းဖြင့် ထင်ရှားစွာ သိနိုင်လေသည်။

သမိုင်းစကား တို့ကိုလည်း ရာဇဝင် စသော ကျမ်းကြီး, ကျမ်းခိုင်စကားတို့ ကဲ့သို့ ယုံကြည် လေးနာ အပ်သည် ဖြစ်ခဲ့ရာ သမိုင်း မရှိသေးသော စေတီ, ဘုရား, တံတား, မြို့ပြ-စသည်တို့မှာ ရှေးကာလက သမိုင်း ရှိဘူး သည်ဟု ယုံကြည်ခဲ့ပါမူ မရမနေရ ဟူ၍ ရှာဖွေ သင့်သည့်ပြင်ရရှိခဲ့ပါမူ အများပြည်သူတို့ ကြည်ဖြူ ရိုသေရန် အနှံ့အပြား ထုတ်ဝေသင့်လေသည်။

ယခု သမိုင်းတွင် ပါဝင်သော ပရက္ကူ။မြို့ မြစ်ကိုင်း

ရပ်နှင့် မြင်သာရပ်အနီးရှိ သီဟိုဠ်ရှင် မြတ်စွာဘုရားကြီး ဦလည်း ရှေးအခါက သမိုင်း ရှိခဲ့ဘူးလျက် ယခုအခါ တိုင်အောင် ထိုသမိုင်းမှာ ပျောက်ကွယ်လျက် ရှိသဖြင့် အများသူငါတို့၏ ပါးစပ်ပြောဖြင့်သာ ပူဇော် ကိုးကွယ် ယုံကြည်ဘွယ် ဖြစ်နေခဲ့ရာ ထိုပါးစပ်သမိုင်းမျှဖြင့် ကြေနပ်ခြင်း မရှိကြသော သီဟိုဠ်ရှင် မြတ်စွာဘုရား ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီး, လူကောင်းတို့မှာ မူလသမိုင်း ရင်းကို ရလို,သိလိုကြသောကြောင့် နှစ်ပေါင်း များစွာပင် အထပ်ထပ် ကြိုးစားလျက် အင်အားစိုက်ကာ ဖွေရှာ ခဲ့ဘူးလေသည်။ ။သို့ရာတွင် သတင်းမျှကိုသာ ကြား ရလျက် တောင့်တသော သမိုင်းကိုကား မရဘဲ ရှိနေကြ သဖြင့် နောက်ဆုံးတွင် ပါးစပ်သမိုင်းကို ပြန်လည်အား ထား၍ နေကြရ ပြန်လေသည်။

၏သို့ ဖြစ်နေစဉ်တွင် ၏ သမိုင်းကျမ်းကို ကြိုးပမ်း ပြုစုတော်မူသော ပထမကျော် လယ်တီ-အရှင်ကောဝိဒ သာမိသည် ပရက္ကံ။မြို့ မဟာဝိသုံတာရာမတိုက်၌ ပညာ သင်ကြားခိုက် ကြိုကြိုက်ရကား၊မူလကပင် ဟောင်းမြင်း သော စာပေပညာကို လွန်ကဲစွာ ဆည်းပူး စုဆောင်း လေ့ရှိသော အရှင် ကောဝိဒသာမိသည် မြန်မာနိုင်ငံ တွင် ထင်ပေါ်ကျော်စောလျက်ရှိသော သီဟိုဠ်ရှင် မြတ် စွာဘုရား၏ မူလ သမိုင်းဟောင်းကို သိမှတ် ကြည်ညို ဘတ်ရှု လိုလှသဖြင့် အားအင်စိုက်ထုတ်ကာ တတ်စွမ်း သမျှ ရှာဖွေခဲ့ဘူးလေသည်။ သို့ရာတွင် လုံလောက်သော

အထောက်အပံ့ အကြောင်းအချက်တို့နှင့် မတိုက်ဆိုင်မိသဖြင့် အလိုရှိသော သရိုင်းရင်းကို ရှာဖွေမရဘဲ ရှိရပြန်လေသည်။

သို့နှင့်ပင် သီဟိုဠ်ရှင် မြတ်စွာဘုရား၏ မူလ သရိုင်းရင်းကို ရှာဖွေ မတွေ့ရှိ နေရာ၊ အဆိုပါ အရှင်ကောဝိဒသာမိမှာ လေးနှစ်မျှကြာအောင် သရိုင်းစာကို မြော်လင့်ခြင်းဖြင့် တနေ့နေ့တွင် တွေ့အောင် ရှာဖွေဦးမည် ဟူ၍သာ တင်းမာစွာ နှလုံးသွင်းသျက် နေတော်မူခဲ့စဉ်တွင်၊ လွန်ခဲ့သော ၁၂၉၅-ခုနှစ် ဝါဆိုချိန်နီးမှ ပဘမကျော်လယ်တီ- အရှင် ကောဝိဒသာမိသည်၊ မန္တလေးမြို့မှ ပခုက္ကူ။ မြို့သို့ ကိစ္စတခုဖြင့် ခေတ္တ ကြွသွားတော် မူလေသည်။

ထိုစဉ် အခါတွင် သီဟိုဠ်ရှင်မြတ်စွာဘုရား- လျှပ်စစ်ဓာတ်မီး အဖွဲ့နှင့် ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင် ဒကာဒကာမ တစုတို့က။ ။အရှင်ဘုရားလည်း သီဟိုဠ်ရှင်ဘုရားသရိုင်းကို ရှာဖွေစုဆောင်းတော်မူသည်ဟု ကြားရပါသည်။ တပည့်တော် များလည်း နှစ်ပေါင်း များစွာကပင် သီဟိုဠ်ရှင် သရိုင်းကိုရှာဖွေ ဆည်းပူးခဲ့ ပါသည်။ မရရှိ၍သာ လက်လျော့ နေကြရ ပါသည်။ ။အရှင်ဘုရားသည် လောကုတ္တရာ ကျမ်းစာတို့၌ ဝါသနာဓာတ် ကြီးမားသကဲ့သို့ ဘုရားကျောင်းကန်နှင့်စပ်သော သရိုင်း, ရာဇဝင် တို့၌လည်း မရလျှင်မနေ ရအောင် ရှာဖွေမည် ဟူသော- မဟဏ္ဌာသယ ဆန္ဒဓာတ် ကြီးမားတော် မူ

ကြောင်းကို ကြားသိရပါသည်။ ။သို့ပါ၍ အာရှင်ဘုရား နှင့် တပည့်တော်များ အလိုပြည့်ရန် သီဟိုဠ်ရှင် မြတ်စွာဘုရား၏ သဓိုင်းရင်းကို ရှာဖွေ ရေးသား ပေးသနားတော် မူစေချင်ပါသည်။ ။ဤကဲ့သို့ လျှောက်ထား ကြလေသည်။

ဤသို့ တောင်းပန် လျှောက်ထားသော စကားကို ကြားရလျှင် အာရှင်ကောဝိဒသာမိမှာ။ ။"ကြွရာတွင်-မ-၍ ပေး"။ ။ဟူသော စကားကဲ့သို့ မှုလေးခင်းကပင် ရည့်ရွယ်ခြင်း အာသာ ရှိခဲ့ရာတွင်၊ ဒကာ-ဒကာမ တို့၏ လျှောက်ထား တောင်းပန်သော စကားကြောင့် သီဟိုဠ်ရှင် ဘုရားသဓိုင်းကို ရှိရိုးမှန်လျှင် ငကန် ငွေစေ ရမည်—ဟူသော စိတ်ဖြင့် ရှေးက-ထက်တိုး၍ အမျိုးမျိုး ရှာဖွေရန် ဝန်ခံဆုံးဖြတ် ခဲ့လေသည်။ ။ဝန်ခံဆုံးဖြတ်သည့် အတိုင်း သီဟိုဠ်ရှင် ဘုရားသဓိုင်းကို ရဂိုရန် အတွက် ရှေးဟောင်း စာပေပေါများသော နေရာများသို့ ကိုယ်တော်တိုင် သွားခြင်း၊ တပါးသူကို စေလွှတ်ခြင်း၊ ရှာဖွေ အားသစ်တော် မူခဲ့လေသည်။ ။သို့ ရှာဖွေရာ အထပ်ထပ် အဖန်ဖန် ခေါက်တုံ့ခေါက်ပြန် ရောက်ရှိသော အရပ်များမှာ -

၁။ အင်းဝမြို့၊ ဗားကရာသာသနာပိုင်တိုက်။
၂။ စစ်ကိုင်းမြို့၊ ရတနာဗိဟန် ကျောင်းတိုက်။
၃။ ၎င်းမြို့၊ ဒေသာင်ဖြေစံလွှတ်တိုက်။

၄။ ၎င်းမြို့၊ တောတောင်ဘီလူးချောင်။
၅။ မင်းကွန်း၊ ဦးပုကြီးတောင်၊ သုဓမ္မာ
ဆရာတော်ချောင်။
၆။ အမရပူရမြို့၊ ကျော်အောင်စံထားတိုက်။
၇။ မန္တလေးမြို့၊ တောင်ခွင်တိုက်။
၈။ မုံရွာမြို့၊ လယ်တီတိုက်နှင့် မင်းခင်းတိုက်။

ဤ နေရာဌာနများမှာ အထူးသဖြင့် စာအို, စာမင်း ပေါများသဖြင့် ခဏခဏ သွားရောက် ရှာဖွေလေသည်။ ။ ထိုမှတပါး စာဖြင့်၎င်း၊ သူတပါးကို စေ၍၎င်း၊ ရှာဖွေစေ လွှတ်သော နေရာတို့ကား အများကြီး ရှိလေသေးသည်။

ဤကဲ့သို့ ရှာဖွေခဲ့ရာ ဆယ်လမျှ ကြာအောင် ငံ့စား နေရပြီးမှ နောက်ဆုံးတွင် စစ်ကိုင်းမြို့၊ အောင်မြေစံလွှတ် ကျောင်းမှ (သိဇ္ဇိုင်ရသမိုင်း)ဟူသော ပေစာငယ် တခု ကို ရရှိလေသည်။ ။ထိုပေစာမှာ ၁၀-ချပ်ရှိ၍ ကျမ်း ပြုသူ အမည်မပါ။ ရေးကူးရာသက္ကရာဇ်မှာ ၁၂၀၃-ခု ပြာသိုလဆန်း (၈) ရက်နေ့ ပြီးစီးသည်ဟု ပါရှိသည်။ ။ ထိုကြောင့် ထိုသိဇ္ဇိုင်ရ သမိုင်းစာငယ်မှာ လွန်ခဲ့သော နှစ်ပေါင်း ကိုးဆယ်ကျော်ခန့် ကာလက ကူးယူရေးသား ထားကြောင်းကို သိရသဖြင့် စာဟောင်း တခု ဖြစ် ကြောင်းကို သိရသည့်ပြင် သမိုင်းစာငယ်ကို စိစစ်သော အခါ မိမိအလိုရှိနေသော ပခုက္ကူမြို့ သိဟိုင်ရှင် မြတ်စွာ ဘုရား၏ သမိုင်းဖြစ်ကြောင်းကိုလည်း ယုံကြည် စိတ်ချ

ဘွဲ့ယဉ် အဃထောက် အဓဃားမျာားကို ဝတ္ထုမြင်ရ ပြုန်ဝံသာ ကြောင့် ဤ"သင်္ဘီဥဒ္ဒါရသဓိုင်း" စာငယ်ကို ရဖြင်းမှာ လွန်စွာ ဝမ်းမြောက်ဘွယ်ရာပင် ဖြစ်လေသည်။

သို့ရာတွင် သီဘိုဥဒ္ဒါရ သဓိုင်း စာငယ်မှာ အနည်းငယ်မျှသာ ဖြစ်သည့်ပြင် စုံစုံလင်လင်လည်းမပါ။ ဘုရား တည်ထားပုံ အကြောင်းမျှသာ ပါရှိခြင်း။ ရှေးဟောင်း စကားတို့ဖြင့် သုံးနှုန်း ရေးသား ထားခြင်း။ ထို့ကြောင့် အခဆိုပါ သီဘိုဥဒ္ဒါရ သဓိုင်းစာမျှဖြင့် လိုအပ်သော အကြောင်း အရာတို့မှာ ကောင်းမွန်စွာ လုံလောက် ပြီဟု မဆိုနိုင်သေးရကား၊ ထပ်မံ၍ ပွေရာပြုန်လျှင်။ ။မုံရွာမြို့ အနီး မုံရွေးမြို့ လောကမာရဇောင်တိုက်မှ ယူခဲ့သည် ဆိုသော "ဘုရားဆက်သဓိုင်းလင်္ကာ" စာမူတာရကို မုံရွာမြို့ ဘုန်းတော်ကြီး တပါးထံမှ ရရှိပြုန် လေသည်။ ။ ထိုပေစာမှာ တအက်ခွဲမှုရှိ၍ ရေးသားသူမှာ "ရှင်ဓမ္မဝိလာသ"ဟု ပင်ဗိုသည်။ ကျမ်းပြီးသော သက္ကရာဇ်မှာ (၁၀၄၈) ခု ဝါခေါင်လဆန်း (၂) ရက် ဗုဒ္ဓဟူးနေ့ဟု ပါရှိသည်။

ထို ဘုရားဆက်သဓိုင်း လင်္ကာကျမ်း၌ လင်္ကာပုဒ် ရေ (၄၈) လေးဆဲ့ရှစ်ပုဒ် ပါဗိုသည်ဖြစ်ရာ၊ ထိုလင်္ကာများမှာ ပုဂံပြည် အနော်ရထာမင်းကြီးကောင်းမှု, နောက်ထပ် အပြီးသတ်သော ကျန်စစ်သားမင်း၏ ကောင်းမှု, ပုဂံ-ဟင်္သာစည်းရုံ ဘုရားနှင့် စပ်သော လင်္ကာများ, ထို့မှတပါး ပုဂံမြို့ နန္ဒာဂုဏ် မြတ်စွာဘုရား, သမ္ဗညူ မြတ်စွာ

ဘုရား, ကန်တော့ပလွင် မြတ်စွာဘုရား, နဂါးရုံမြတ်စွာ ဘုရား, ဗောဓိဘုရား, လောကနန္ဒာမြတ်စွာဘုရား, စက်တော်ရာ မြတ်စွာဘုရား, ရွှေဒဂုန်မြတ်စွာဘုရား, ပဲခူး-ရွှေမော်ဓော မြတ်စွာဘုရား, ပခန်း-စည်သူရှင် မြတ်စွာ ဘုရား, ကျောက်ရစ်မြတ်စွာဘုရား, ပခုက္ကူမြို့ မြင်သာ ရပ် သီဟိုဠ်ရှင် မြတ်စွာဘုရားတို့၏ သရိုင်းလက်ာများ ပါရှိချေသည်။ ။အထူးအားဖြင့် မှတ်သားရန် အချက်မှာ သီဟိုဠ်ရှင် မြတ်စွာဘုရားနှင့် စပ်လျဉ်းသော သရိုင်း လက်ာ- ကိုးပုဒ်မျှ ပါရှိနေခြင်း ဖြစ်လေသည်။

ဘော်ပြ ခဲ့ပြီးသော အရှင် "ဓမ္မဝိလာသ" ထေရိ သည်၊ မည်သည့် အရပ်, မည်သည့် ကျောင်းတိုက်— စသည်၌ နေထိုင် သီတင်းသုံးသည်ဟု၊ ဂ- နှ- သေချာစွာ မပါရှိပေ။ သို့ရာတွင် စာနေစာထား ရေးသား စီကုံးပုံ မှာ၊ ကောင်းမွန် မှန်ကန် အားထားရန် သင့်သော စာ ဟောင်းတခုဖြစ်၍၊ ယုံကြည်စိတ်ချ ထိုက်ပေသည်။ ။ သို့နှင့်လျက်၊ ထိုဘုရားဆက် သရိုင်းလက်ာကို ရေးသား သော ကျမ်းပြု ဆရာသည် အဘယ့်ကြောင့် ရွှေစည်းခုံ မြတ်စွာဘုရား, နန္ဒာဂူ မြတ်စွာဘုရား- စသော ဘုရား ပေါင်း (၁၃) တဆဲ့ သုံးဆူသော မြတ်စွာဘုရား တို့၏ သရိုင်းလက်ာကိုသာ ရွေးချယ် ကောက်နုတ်၍ ရေးသား စီကုံး ရလေသနည်း။ အခြား အခြားသော တန်ခိုးကြီး ဘုရားရှင်တို့၏ သရိုင်း လက်ာများ ကိုလည်း ရေးသား

စီကုံးရန် သင့်သည် မဟုတ်လော။ ။ဟု- စိစစ်ဘွယ် အချက်တခု ပေါ်ပေါက် လာပြန်လေသည်။

ထို စိစစ်ဘွယ်အချက်ကား၊ ယခင် သရိုင်း လက်ာ ကျမ်း၏အဆုံး နိဂုံးတွင် ပါဝင်သော အောက်၌ ဘော်ပြ ထားသည့် သရိုင်း လက်ာ ဖြင့်ပင် ပြီးပြေ ရှင်းလင်းနိုင် သည်ကို ဘတ်ရှု သူတိုင်း ဝန်ခံ အပ်လှ ပေသည်။ ။ အဘယ့်ကြောင့် နည်းဟူမူ။ ။အဆိုပါနိဂုံး၌ လာရှိသော သရိုင်း လက်ာဖြင့် ကျမ်းပြု ဆရာတော် အရှင် မွေဝိလာ သ ထေရ်သည်၊ မိမိ ကိုယ်တိုင် သွားရောက် ဖူးမြင် ဦးတင် ကြည်ညှိခဲ့ရသော မြတ်စွာဘုရား တို့၏ ဖြစ်စဉ် အကြောင်း မှုလောက်ကိုသာ အခါ ခပ်သိမ်း ကြည်ညှိ နိုင်ရန် ရေသား ထားသည်- ဟူသော အဓိပ္ပါယ်ကို တိုက်ရိုက် ဘော်ပြ ထားသောကြောင့် ဖြစ်လေသည်။

ဘုရားဆက် သရိုင်းလက်ာနိဂုံးတွင် ပါရှိသော အထောက်အထား။

၏သို့စိစဉ်။ သမ္မဇဉ်ဖြင့်။ ဉာဏ်ယာဉ်ရထား။ စီးသော အားလျှင်။ အများလူရှင်။ ဖူးမြော်မြင်သော်။ ရွှင်ပျပီတိ။ သဒ္ဓါညှိလျက်။ ပါဠိသဒ္ဒါ။ ဂါထာမဘက်။ သွေးချိမြွက် သား။ သက်သက်မြန်မာ။ ၏လက်ာကို။ ဉာဏ်ဝါစူးစူး။ ခွန်းမိန့်ကြူး၍။ အံ့မူးဘွယ်မျိုး။ ဂုဏ်တန်ခိုးတည့်။ ပုထိုး စေတီ။ မွေသရီဟု။ ပဝေဏီကာလ။ ပြုတည်ကြသည်။ လောကစက္ခု။ သဗ္ဗညုသို့။ ကြည့်ရှုဖူးမြော်။ ဆန္ဒတော်

ကြောင့်။ ကော်ရော်အပြိုင်။ ကိုယ်တိုင်မိမိ။ သွားရောက်ဘိရှ်။ ထုတိထောမနာ။ ဆယ်လက်ကြာကို။ ထိပ်မှာရပုံ။ သဒ္ဓါ ထုံသော်။ အာရုံ အာရမ္မဏိက်။ ကုသိုလ် ဟိတ်ဖြင့်။ ဦးပြိတ်ရိုက်ချုပ်။ မဘုန်လှုပ်ဘဲ။ အနုပ္ပန္ဒ။ ကုသလလည်း။ ဆထက်တံပိုး။ ပွါးအောင် ကြိုးလျက်။ ကောင်းကျိုးချွေတာ။ ရဖွေရှာသည်။ ။သက်ာသမိုင်း။ ဂုဏ်မို့တည်း။

ဤလက်ာဖြင့် ကျမ်းပြုဆရာတော် အရှင်မွေပိလာသမထေရ်သည် မိမိ ကိုယ်တိုင် သွားရောက် ဖူးမြော်ရသော ဘုရားရှင် တဆဲ့သုံးဆူ တို့၏ သမိုင်းစဉ် ကိုသာ ရေးသားထားကြောင်း ထင်ရှားလေသည်။ ။ထို့ကြောင့် ထိုသမိုင်း လက်ာ စာစောင်မှာ အထူးသဖြင့် ယုံကြည်စိတ်ချဘွယ် ကောင်းသော ကျမ်းစာ တခု ဖြစ်ရကား၊ မူလရင်း ရရှိခဲ့သော သိဃိုဠ်ရ သမိုင်း ထက်ပင် ပိုမိုရုံလင် ပြန်သောကြောင့် သိဃိုဠ်ရ သမိုင်း၏ အထောက်အပံ့တခုကို ရရှိခြင်းပင် ဖြစ်လေသည်။

ထို့နောင် စစ်ကိုင်းမြို့ ရတနာဗိမာန် ကျောင်းတိုက်မှ၊ ရွှေမုဋ္ဌော သမိုင်းလက်ာ ပေစာတခုကို ရရှိပြန်လေသည်။ ။ထို စာငယ်မှာ၊ ပေ ၁၁- ချပ် ရေးသူအမည်မပါ။ စာပြီးသော သက္ကရာဇ်ကား (၁၁၉၀) ပြည့်နှစ်ဟုပါရှိသည်။ လက်ာပုဒ်ရေ (၃၀) သုံးဆယ်မျှ ပါဝင်သည်။ ။အလောင်း စည်သူ မင်းကြီး တည်ထားတော် မူခဲ့သော ရွှေမုဋ္ဌော စေတီတော် ကိုးဆူတို့ကို သမိုင်း လက်ာရေး၍ ဘွဲ့စီထားသော ကျမ်းဖြစ်သည်။ ။ထိုကျမ်း၌ ပါဝင်

သော ရွှေမုဋ္ဌော ကိုးဆူတို့၏ ဘွဲ့အမည် တော်ကို ၏ သဓိုင်းကျမ်း၌ပင် တွေ့မြင် ရလိမ့်မည်။ ။မုဋ္ဌော ကိုးဆူ အနက် ယခုသဓိုင်း ရေးသားသော သီဟိုဋ္ဌ်ရှင် မြတ်စွာ ဘုရားလည်း ပါဝင်လျက် ရှိရကား၊ ၏ရွှေမုဋ္ဌော သဓိုင်း လက်ာကို ရခြင်း သည်လည်း မူလရင်း– သိဃိုဋ္ဌ်ရ သဓိုင်း၏ အထောက်အပံ့ဘခုပင် ဖြစ်ပြန်လေသည်။

၏သို့လျှင်။ ။၁- သိဃိုဋ္ဌ်ရ သဓိုင်း။ ။ ဘုရား ဆက်သဓိုင်းလက်ာ။ ။၃- ရွှေမုဋ္ဌော သဓိုင်းလက်ာ။ ။ ၏ စာသုံးစောင်ကို ရခြင်းကား၊ လွန်စွာ ဝမ်းသာဘွယ် ရာ ဖြစ်သည့်ပြင် ထိုစာ သုံးစောင် ဖြင့်ပင် သီဟိုဋ္ဌ်ရှင် သဓိုင်းကို ရေးသားရန် လုံသောက်နေပြီ ဖြစ်သောကြောင့် နှစ်- လ- တောင်တာ ကြာမြင့်စွာက ဖွေရှာ တောင့်တ ခဲ့သော စိတ်နှလုံး အလို သည်လည်း အပြီး အဆုံးသို့ ရောက်ရ ပေပြီဟု- ဝန်ခံရလေသည်။ ။ထိုစာ သုံးစောင် တွင် သိဃိုဋ္ဌ်ရ သဓိုင်းမှာ စကားပြေနှင့် ရေးသားထား၍ ကျန်နှစ်စောင်မှာ လက်ာများဖြင့် ရေးသား ထားသော ကျမ်းစာ ဖြစ်လေသည်။ ။ထို့ကြောင့် သိဃိုဋ္ဌ်ရ သဓိုင်း ကို မူရင်း ထားလျက် အကြား အကြား၌ ဘုရားဆက် သဓိုင်းလက်ာ- ရွှေမုဋ္ဌော ဘုရား သဓိုင်း လက်ာ တို့ကို ထောက်ထား ကိုးကား၍ ၏သီဟိုဋ္ဌ်ရှင် သဓိုင်းကို ရေး သားရန် ရည်ရွယ်ပေ သဘည်း။

၏ အရာ၌လည်း တွေ့ရှိ စုဆောင်း ဒိသော စာသုံး စောင်အနက် "သိဃိုဋ္ဌ်ရသဓိုင်း" ဟူသော စာစောင်မှာ

"သီဟိုဠ်ရှင်" မြတ်စွာ ဘုရားဏ် သရိုင်း မဖြစ်တန်ရာ။ "သီဟိုဠ်ရှင်" မြတ်စွာ ဘုရားဏ် သရိုင်းမှာ "သီဟိုဠ်ရှင် သရိုင်း" ဟူ၍သာ ရှိရပါမည်ကို "သိဃိုဠ်ရသရိုင်း" ကို အားထားလျက် အဘယ်မှာလျှင် "သီဟိုဠ်ရှင် မြတ်စွာ ဘုရားဏ် သရိုင်း" ဟူ၍ ရေးသားရန် သင့်နိုင်ရာ ပါအံ့နည်း- ဟူသော မေးခွန်းတချက် အစွန်းထွက်ခဲ့ပြန်ရာ။ ။ ထို မေးခွန်းဏ် အဖြေကို ယခု ရေးသားသော သရိုင်း စာစောင်ကို ဘတ်ရှု ခြင်းဖြင့် သိသာ နိုင်သော်လည်း အကျဉ်းချုပ် အဖြေ မှာကား။ ။သီဟိုဠ်ရှင် မြတ်စွာ ဘုရားဏ် ဘွဲ့တော်များမှာ။ ။၁-သီဟိုဠ်ရှင်။ ။၂-သိဃိုဠ်ရှင်။ ။၃— သီဟိုဠ်ရ။ ။၄— သိဃိုဠ်ရ။ ။ဟူ၍ အသီးသီး ရှိသောကြောင့် "သိဃိုဠ်ရ သရိုင်း" နှင့် "သီဟိုဠ်ရှင် သရိုင်း"တို့မှာ အတူတူပင်ဖြစ်၍ သင့်မြတ်လှလေသည်ဟု ဖြေဆိုအပ်သတည်း။

ထို့ကြောင့် သိဃိုဠ်ရ သရိုင်း ကိုသာ မူရင်းထားလျက် သရိုင်း သစ်ကို ရေးသားခဲ့ပါမူ အသင့် တင့်ဆုံးသော ရေးသားခြင်း ဖြစ်ရာသည်-ဟု ဆိုသင့်လေဏ်။ ။ သို့ရာတွင် စာစောင် ချင်းချင်း အဆိုအယူ မတူ ညီရာ တို့၌ ညှိနှိုင်း ဆုံးဖြတ်ရန် ရာဇဝင် အစောင် စောင်နှင့် ကျောက်စာ အစောင်စောင်။ ထို့ပြင် ရှေးသူဟောင်းတို့ ပြောရိုးဆိုစဉ် စကား တို့ကိုပါ ထပ်မံ ရှာဖွေ ပြီးလျှင် အစုံအလင် ရရှိပြီးမှ ရှေ့ နောက် ပိုင်းခြား မှတ်သား ကြည့်ရှုပြီး၍ ဤ"သီဟိုဠ်ရှင် ဘုရားသရိုင်း"ကို အသင့်

သဓိုင်းနိဒါန်း။

ယဂြိုဂိုရာ ကောင်းမွန် မှန်ကန်ရာကို ယူလျက် စိစဉ်ရေး၍ သားသည် ဖြစ်သဘည်း။

ဤသို့ ရေးသား ရာဌဋ္ဌလည်း ပါးစပ်သဓိုင်းနှင့် မတူ၊ အဆို အပယူ ကွဲပြားသော အချို့အချက် များကိုလည်း ထွေပြင်ခဲ့ရာ။ ထို အချက်များတွင်။ ။"နွဲတ်တရာ- စာဘသုံး"ဟူသကဲ့သို့ ပါးစပ်ပြော စကားကိုဖယ်လျက်။ ။ ၁- သိဃိုဠ်ရသဓိုင်းရင်း။ ။၂- ဘုရားဆက်လက်ဝ။ ။ ၃- ဤမုဠောသဓိုင်းလက်ဝ။ ။ဤကျမ်းစာသုံးခုကို မူရင်းထား၍ ရေးသား စိစဉ်သည် ဖြစ်သောကြောင့် တဆင့် မှတဆင့် နွဲတ်သံ လွှင့်၍ အပွင့် ကားလာ တတ်သော ပါးစပ်စကားမျိုးနှင့် မတိုက်ဆိုင်မိဘိုင်း အထက်ပါကျမ်း ရင်းများကို ရိုသေ လေးနာသော အားဖြင့် အပြစ်တင် ခြင်း ငြင်းဆန်ကန့်ကွက်ခြင်း မပြုသင့်ဂျိုး မှန်လေသည်။

နေနှင့် လကို ဘောင့်တ နေကြသော ကမ္ဘာ ဦးသူတို့ အတွက် နေ လ- နှစ်ပါးသွက်လာလျှင် ကမ္ဘာ ဦးသူတို့ မှာ လွန်စွာ ဝမ်းမြောက်ကုန်သကဲ့သို့၊ သိဟိုဠ်ရှင်သဓိုင်း ရင်းကို တောင့်တ မြဲဒိလင့် နေကြသော သိဟိုဠ်ရှင် မြတ်စွာ ဘုရား၏ လျှပ်စစ်ခေတ်မီး အဖွဲ့, ဘဏ္ဍာတော် ထိန်း အဖွဲ့တို့မှာ ကျမ်းပြုဆရာ၏ ထံမှောက်သို့ သိဟိုဠ် ရှင်မြတ်စွာ ဘုရား၏ သဓိုင်းရင်းများ ရောက်လာသည့် အတွက် နှတ်များဖန်တီးသကဲ့သို့ အထူးပင် ဝမ်းမြောက် ဘွယ် ဖြစ်လေသည်။

ဤကဲ့သို့ စိတ်နှလုံး အလိုဏ် အပြီးအဆုံးသို့ ရောက်ခြင်းကြောင့် ဝမ်းမြောက် ခြင်းကြီး မက, ဝမ်းမြောက်နေကြသော သီဟိုဠ်ရှင် မြတ်စွာဘုရား- လျှပ်စစ် ဓာတ်မီးအဖွဲ့, ဘဏ္ဍာတော်ထိန်း အဖွဲ့ဝင်လူကြီးများမှာ မိမိတို့နှင့်ထပ်တူ အများပြည်သူ တို့သည် ကြည်ဖြူ ဝမ်းသာကြပါစေ။ ။သီဟိုဠ်ရှင် မြတ်စွာဘုရားဏ် အကြောင်းခြင်းရာ အမှန်အကန် ကိုလည်း ဘတ်ရှု ကြားနာ ကြရပါစေ....ဟူသော သဘောဖြင့် ကျေးဇူးရှင် လယ်တီဆရာတော်ကြီး နှစ်ပါးတို့၏ တပည့်ရင်း မုံရွာမြို့ လယ်တီတိုက် ဓမ္မာစရိယ စာချ ရဟန်းတော်၊ မန္တလေးမြို့ အနောက်ပြင် စကုတိုက် ဓမ္မာစရိယ စာချ ရဟန်းတော်၊ ပရိယတ္တိ ပထမကျော်နှင့် အစိုးရပထမကျော် လယ်တီအရှင်ကောဝိဒ သာမိသည် အသစ်ပြုပြင် ချဲထွင် စီရင်အပ်သော ဤ "သီဟိုဠ်ရှင် သမိုင်းကျမ်း"ကို ရန်ကုန်မြို့ ဇမ္ဗူ့မိတ်ဆွေတိုက်သို့ အပ်နှံလျက် တဖန်ပုံရိုက်လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ဤသမိုင်းစာစောင်ကို ဘတ်ရှုရခြင်းဖြင့် ဝမ်းမြောက်ခြင်း,နှစ်သက်ခြင်း, သဒ္ဓါတရား တိုးတက်ခြင်း, သံဝေဂရခြင်း- ဖြစ်နိုင် သောကြောင့် မည်သူမဆို စေတီတော်ကိုလည်း ပူဇော်ခြင်းကိစ္စ ပြီးစီးစေ၊ ကုသိုလ်လည်း ရရှိစေ....ဟူသော သဘောဖြင့် သောမနဿဓာတ် မပြတ်ခိုလှုံလျက် အာရုံ ယူကာ လေးနက်စွာ ဘတ်ကြားရန်

သရိုင်းနိဒါန်း။

သင့်မြတ် ကြောင်းကို တိုက်တွန်း နှိုးဆော် အပ်ပါသတည်း။

ဦ ဟိတော ဗောဓိ သမ္ဘာရီ၊
ဇာ တိ ကောဋိသု ပါရမီ။
နေ ယျေ ဝိနေသိ သဗ္ဗညူ၊
ယ ဒိစ္ဆံ သော ဒဒါတု မေ။ ။



အရှင်ဇာနေယျ

မန္တလေးမြို့

၁၂၉၆-ခု ပထမ ဝါဆိုလဆန်း (၁၀) ရက်နေ့။

သီဟိုဠ်ရှင်သမိုင်းကျမ်း

ပဏာမာဒီ-မင်္ဂလာ။

၁။ ။ဗုဒ္ဓပါဒ ယုဂမ္ဘောဇ၊
စိတြ စက္ကင် ကောသရံ။
နခဒီဓိတိ ဂန္ဓံမေ၊
ဃာနာလိ- မဘိဝါသတံ။ ။

၁။ ။ဗုဒ္ဓပါဒ ယုဂမ္ဘောဇ စိတြ စက္ကင် ကောသရံ၊ မြတ်စွာဘုရားဇီ၏ ခြေတော်အစုံ တည်းဟူသော ကြာပန်းပွင့်၌ ထူးတင့် ဆန်းကြယ် အံ့သြဘွယ် ကောင်းသော တရာ့ရှစ်ကွက် စက်လက္ခဏာ ကြန်အင်္ဂါ အစုံတည်းဟူသော ဝတ်မှုံဝတ်ဆံ့ဂိုတော် မူသော။ နခဒီဓိတိဂန္ဓံ၊ ခြေသည်းတော် နှစ်ဆယ်မှ ထင့်တယ် နီတွေး ချိပ်ရည် သွေးကဲ့သို့ အဝေးသို့ ကြွမြန်းသည့် ထူးဆန်းသပ္ပါယ်သော ရောင်ခြည်တော် တည်းဟူသော ရနံ့အပေါင်းကို။ မေ၊ ဆရာသခင် ကျေးဇူးရှင်တို့ ခေါ်တွင်မိန့်ဟ ကောဝိဒဟု နာမ ရေးချုပ် အကျွန်ုပ်၏။ ဃာနာလိ၊ နှာခေါင်း တည်းဟူသော ပျားပိတုန်းသည့်။ အဘိဝါသတံ- အဘိဝါသတု၊ လွှမ်းမိုး၍နေ မြဲဝဲရပါစေ သတည်း။ ဝါ၊ ထုံရပါစေသတည်း။

၁။ ။ဆိုလို ရင်းကား။ ။ရှင်တော်ဗြတ် ဘုရား၏ ခြေတော်နှစ်ဘက် အရုံသည့် အချပ်တရာ ရှိသော ကြာပန်းပွင့်နှင့်တူ၏၊ ခြေတော်အရုံ၏ ခြေဘဝါးတော် နှစ်ဘက်၌ပါရှိတော်မူသော ဘရာ့ရှစ်ချက် အရေး အကွက် တည်းဟူသော စက်လက္ခဏာ ထူးထွေ ဆန်းကြယ် အံ့ဩဖွယ် ကောင်းသော ကြွန်အင်္ဂါတို့ သည်ကား ကြာပန်းပွင့်၌ ပါရှိသော ဝတ်မှုံ ဝတ်ဆံတို့နှင့် တူကုန်၏။ ခြေသည်းတော် နှစ်ဆယ်မှ တင့်တယ်စွာ ကွန့်မြူးလျက် လွန်လူးထွက်ကြွ နေသော ချိပ်ရည်အလေးကဲ့သို့ နီဝေးသော ရောင်ခြည်တော် တို့သည်ကား ကြာပန်းပွင့်မှ အဆင့်ဆင့် ပြန့်ပွါး ပေါ်းလွှား ခုနစ်ပေါက်လျက် ရှိသော သင်းပျံ့ ကြိုင်လောင်းသည့် ရနံ့အပေါင်းနှင့် တူကုန်၏။ ။ သိဟိုဠ်ရှင် သဓိုင်းဘေဝါကို ထုတ်ဘော် ရေးသားသော အာကွန်ပ- လယ်တီ- အရှင်ကောဝိဒ သာဓိ၏ နှာခေါင်းဂု သည်ကား ကြာပန်း၏ ဝတ်မှုံ ဝတ်ဆံနှင့် တကွသော ရနံ့အပေါင်းကို မှီဝဲသုံးဆောင် လိုလှသော ပျားကောင် ပိဘုန်းကောင် ကလေးနှင့် တူ၏။ ။ထို့ကြောင့်။ ။ အာကွန်ပ လယ်တီ- အရှင် ကောဝိဒသာဓိ၏ နှာခေါင်းဂု တည်းဟူသော ပျားပိတုန်း ကလေးသည် မြဲဘစွာဘုရား၏ ခြေတော်အရုံ တည်းဟူသော ကြာပန်းပွင့်၌ ပါရှိသော ထွေထူး ဆန်းကြယ် အံ့ဩဖွယ် ကောင်းသော တရာ့ရှစ်ချက် အရေး ဒုးကွက် စက်လက္ခဏာ ကြွန်အင်္ဂါ ဟူ ဆိုအပ်သော ဝတ်မှုံ ဝတ်ဆံရှိသော ခြေသည်းတော်

နှစ်ဆယ်မှ တင့်တယ်စွာ ပျံဝဲသည့် နီရဲ တောက်လောင်သော ရောင်ခြည်တော် တည်းဟူသော သင်းပျံကြိုင်သောင်း ကောင်းမြတ်သော ရနံ့ အပေါင်းကို ခံစားသုံးဆောင်ရပါစေ သဘည်း။ ။ဤကဲ့သို့ ဆိုလိုရင်းဖြစ်လေသည်။

အထူး မှတ်သားချက်။ ။ဤဗုဒ္ဓပါဒ ယုဂမ္ဘောဇ-အစရှိသော ဂါထာ၌ သိသာထင်ရှား ပြီးဖြစ်၍ရင်း, ရှည်လျားအံ့စိုး၍ရင်း ချွင်းချန် ပယ်နုတ် ထားခဲ့သော သဒ္ဒါနည်း ဆန်းနည်းတို့ကို ပညာရှိတို့ ထုတ်ဘော်၍ သိကြကုန်ရာ၏။ ။အလက်ာ နည်းအားဖြင့်ကာ၊ ပဒဒေါသ-အစရှိသော အပြစ်အဆာ- အနာအပေါက် တို့မှ ကင်းလွတ်ခြင်း။ ။ထိုသို့ ကင်းလွတ် ခြင်းကြောင့် သဒ္ဒါလက်ာရ, အထွာလက်ာရ- ဟူသော အဆင်တန်းဆာ ရောက်ရာ သည်တို့တွင် အထူးသဖြင့် (၁)။ ။စပ်သင့်တွဲသင့်သော ကြိယာ, ကာရက ပုဒ်တို့ကို နီးနီး ထား၍ စပ်ဟပ်ခြင်း, ကိလိဋ္ဌဒေါသမှ လွတ်သော ပေါ်လွင်ထင်ရှားသော အနက်ရှိသည့် ပုဒ်တို့ကိုသာ ရေးသားခြင်းတို့ကြောင့် "ပသာဒဂုဏ်"။ (၂)။ ။အဘွဲ့ အနွဲ့ ကဗျာ၏ လိပ်ပြာ အသက်နှင့် တူသော သမာသ် စပ်ဟပ်ခြင်းများ ပြားသောကြောင့် "သဒ္ဒ သြဇဂုဏ်"။ ။ကျွန်ုပ်သည် အဘယ်နည်းဖြင့် မြတ်စွာ ဘုရား၏ ခြေဘော် အရုံ ကို ရှိခိုးရ ပါ မည်နည်း ဟူသော ကုသလဆန္ဒ, မဟဏ္ဌာ သယ-အကျဉ်းကလေးမျှ ကိုပင်၊ ဗုဒ္ဓပါဒ ယုဂမ္ဘောဇ-

အစရှိသော အားဖြင့် အကျယ် ချဲ့၍ မိန့်ဆို ထားသော ကြောင့် "ဗျာသ သမ္ဘဝ အထွ ဩဇဂုဏ်"။ ။သင်း အထွဩဇဂုဏ် သည်ကား-

ဇာသတေ ယံဂုဏော တိက္ခ၊
ပညာန- မတိယော ဂတော။ ။

ဟူသော- သုဗောဓာလင်္ကာရနှင့် အညီ၊ တိက္ခပညဝန် ပုဂ္ဂိုလ်တို့၏ အလွန်အကဲ အားထုတ်ပါမှ ဖြစ်ပေါ်ရ သောဂုဏ်မျိုးကည်း။ (၃)၊ ။သိထိလ, ဓနိတ အက္ခရာ ရောနှော ယှက်တင်နေသော မိဿ ဝဏ္ဏတို့ဖြင့် ချိဘက်၍ မိဿ ဝဏ္ဏတို့ဖြင့် အဆုံးသတ်ရ, အအုပ် ချသော ကြောင့် "မိဿသမတာဂုဏ်" ။(၄)။ ။သိထိလအက္ခရာ များပြား ဓနိတ အက္ခရာ နည်းပါး ခြင်းကြောင့် ဆင်းရဲ ပြိုငြင်စွာ ရွတ်ဘတ် ရသော အရွတ်အဘတ် ခက်သည့် အက္ခရာ အစဉ်မပါရှိရကား အထွာလင်္ကာရ တည်းဟူ သော အဆင်တန်းဆာ မပါဘဲပင် ဉာဏ်ပညာရှိ ကဗျာ ဆရာကြီးတို့ နှစ်သက်အပ်သော "သုခုမာလတာဂုဏ်"။ ။ ၏၌ကား။ ။ဥပမာလင်္ကာရ ဟူသော အဆင် တန်းဆာ ရူပကာလင်္ကာရ တည်းဟူသော အဆင် တန်းဆာတို့ဖြင့် ကောင်းစွာပြုပြင် တန်းဆာ ဆင်ထားသည် ဖြစ်သော ကြောင့် ပြကတေ့အားဖြင့် မွဲ, ဝက်ခြီ, တင်းဟိပ်- စသော အနာမှ ကင်း၍ သန့်ရှင်းပြေပြစ် စင်စစ် ချောမောလှ သော ဂုဏ်ရှိသူ သတိုး သို့ကို စိန်, ရွှေ, ငွေ- စသော အဆင် တန်းဆာတို့ဖြင့် ဝတ်ဆင် ပေးပါလျှင် အတိုင်း

ထက်အလွန် နှစ်သက်ဘွယ် ဖြစ်ဘိသကဲ့သို့ ပညာရှိတို့ အထူး နှစ်သက်ဘွယ် ဖြစ်သော ကဗျာ ဖြစ်လေ၏။ ။ သည်ကိုရည်ရွယ်၍-

အာရောဟာဘိ ဝိသေသေန၊
ရမဏီယာ တဒုဇ္ဇလာ။

ဟူ၍- သုဗောဓာ လင်္ကာရ ဆရာ မိန့်တော်မူ၏။ ။ (၅)။ ။သဒိသဒွေးဘော် အသဒိသဒွေးဘော် ဝဂ္ဂန္တာတို့၏ အစွမ်းအားဖြင့် အချင်းချင်း ဆင့်၍ ထားသော ပုဒ်များ ပါရှိခြင်း အဘွဲ့ အနွဲ့၏ လေးတွဲ့သည်၏ အဖြစ် တည်းဟူသော ဓနိတ အက္ခရာ ပါရှိခြင်းတို့ကြောင့် "သိလေသဂုဏ်။" (၆)။ ။လူတို့ခေါ်ဝေါ်ပြောဆို နေကျဖြစ်သော လောက၌ ထင်ရှားသော အနက်တို့ကို မလွန် စေမူ၍ ရေသား အပ်သောကြောင့် "ကန္တိဂုဏ်"။ (၇)။ ။သဒ္ဒါ အနက် နှစ်ပါး အားဖြင့် ထုတ်ဆောင် အပ်သောအကြောင်း ပုဒ်တပါး မရှိသောကြောင့် "အထွဗျတ္တိဂုဏ်"။ ။ ဤသို့သော သဒ္ဒါလင်္ကာရ တည်းဟူသော အဆင်တန်းဆာတို့နှင့် ပြည့်ရုံ၏။

အထွာ လင်္ကာရ- ဟူသော အဆင်. တန်းဆာ တို့တွင်။ (၁)။ ။မထင်ရှားသော အနက်ဟူ၍ ကဗ္ဗကာရက ပုဂ္ဂိုလ်၏ စိတ်၌ အသိအမှတ် ပြုထားအပ်သာ မြတ်စွာဘုရား၏ ခြေတော်အရုံ- စသော ဥပမေယျ အနက်တို့ကို ပေါ်လွင် ထင်ရှားသော အနက်ဟူ၍ အသိအမှတ်ပြုအပ်

သော ပဒုမ္မာ ကြာပန်းစသော ဥပမာနတို့နှင့် နှိုင်းယှဉ် ပုံခိုင်းသောကြောင့် "ဥပမာ လက်ာရ"။ (၂) မြတ်စွာ ဘုရား၏ ခြေဘော်ရုံ အစရှိသော ဝတ္ထုသည် ပဒုမ္မာ ကြာပန်း အစရှိသော ဝတ္ထုနှင့် အချင်းချင်း အလွန်တူ သည်၏ အဖြစ်ကြောင့် အကွဲအပြား အခြားအနားမရှိ သည်ကို ဖွဲ့ဆို သောကြောင့် ရူပကာ လက်ာရ။ ။ ယင်း "ရူပကာလက်ာရ" သည်လည်း ဧကဒေသ ဝတ္ထု ဝိသယ, အသေသ ဝတ္ထု ဝိသယအားဖြင့် နှစ်ပါးတို့တွင် အလုံးရုံသော ဥပမာန, ဥပမေယျ ဝတ္ထုတို့ကို သိမ်းကျုံး လျက် ဖွဲ့ဆို အပ်သောကြောင့် "အသေသဝတ္ထု ဝိသယ"။ ။ ။ယင်း အသေသဝတ္ထု ဝိသယ သည်လည်း သမာသ ရူပက, အသမာသ ရူပက, သမာသာ သမာသ ရူပက- အားဖြင့် သုံးပါးရှိသည် တို့တွင် "သမာသ ရူပကာ လက်ာရ" ဖြစ်သတည်း။ ။ဤသို့သော အတ္ထာ လက်ာရ တည်းဟူသော အဆင် တန်းဆာ တို့နှင့်လည်း ပြည့်ရုံ၏။ ။ယင်းသို့လျှင် "ဗုဒ္ဓပါဒ ယုဂမ္ဘောဇ" အစရှိသော အဘွဲ့ကဗျာ ဂါထာရီတိသည် ပဒဒေါသ- စသောအပြစ် အဆာတို့မှ ကင်းလွတ်၍ သဒ္ဒါလက်ာရ ဟူသော အ ဆင်တန်းဆာ အတ္ထာ လက်ာရ တည်းဟူသော အဆင် တန်းဆာတို့ဖြင့် ကောင်းစွာ ဆင်ယင် ပြုပြင် ပေးထား သော အဘွဲ့ဗန္ဓ ဖြစ်သောကြောင့် ကဗျာ့အရာ လိမ္မာကုန် သော ကဗ္ဗဝိဒူ, ဝိညူကဝိတို့ နှစ်သက်မြတ်နိုး အပ်သော ဂါထာရီတိ ဖြစ်လေသတည်း။

ရသ-စသည် တို့ကွင်း။ ။မြတ်စွာ ဘုရား တည်းဟူသော တရား တည်းသော ကောင်းမြတ်သော အာရုံ၌ တည်ကြည် ငြိမ်သက် မလှုပ်လှုက်သော စိတ်၏ ငြိမ်းချမ်းခြင်း- စိတ္တပသဒ္ဓိ, စေတသိက်တို့၏ ငြိမ်းချမ်းခြင်း- ကာယပသဒ္ဓိ တို့သည် သမဉ္ဇာယိ ဘာဝမည်၏။ ။ ထိုစိတ် စေတသိက် တို့၏ အာရုံ ဖြစ်သော မြတ်စွာ ဘုရားဟူ ဆိုအပ်သော အာရုံသည်- အာလမ္ဗနှ ဝိဘာဝ မည်၏။ ။သုံးဆဲ့ နှစ်ပါးသော ယောက်ျား မြတ်တို့၏ လက္ခဏာ တော်ကြီး, လက္ခဏာ တော်ငယ် ရှစ်ဆယ်, ခြောဇ်သွယ်သော ရောင်ခြည်တော်, ကျဉ်စောသော ဂုဏ်သတင်း စသည်တို့သည်- ဥဒ္ဒီပနှ ဝိဘာဝ မည်၏။ ။ သမဉ္ဇာယိဘာဝနှင့် အတူတကွ ဖြစ်သော ဂိုဠိုးကြောင်း ပဏ္ဏာမ မဟာကုသိုလ် စေတနာ ပြဉ္ဇာန်းသော ကြည့်လင်ခြင်း-သဒ္ဓါ, အောက်မေ့ခြင်းသတိ, ဝမ်းမြောက် ရွှင်ပျခြင်း ဒိတိ, ရောင့်ရဲ အားရခြင်း-ဓိတိ, ပိုင်းခြားဆုံးဖြတ်ခြင်း- မတိ တို့သည် ဗျာဘိစာရိဘာဝတို့မည်၏။ ။အာရုံတပါး၌ နှလုံး မသွင်းနိုင်ခြင်းသည်- အနုဘာဝမည်၏။ ။ဤသို့ ဘာဝ, ဝိဘာဝ, အနုဘာဝတို့ဖြင့် လွန်စွာ ပွါးများအပ်သော သမဉ္ဇာယိ ဘာဝသည်သူတော်ကောင်းတို့ နှစ်သက်အပ်သော "သန္တရသ" ပင်ဖြစ်တော့သတည်း။ ။ဤကား၊ ရသ-စသည် ကိုဆိုခြင်းဖြစ်၏။ ။ဤမှနောက်၌ ဖြစ်သောဂါထာတို့၌လည်း ဤနည်းအတူ ခွဲစိတ်ဝဘန် အလင်္ကာ ဉာဏ်ကြီးမား စေချာသည်။ ။ဤ၌ကား၊ အလင်္ကာ ဉာဏ်ရှိသူတို့အား

စီးပွါးကျေးဇူး၊ ထူးထွေရာသော်လည်း၊ မသိသူတို့အား နားညောင်းရုံ, နားရှင်ရုံမျှသာ ဖြစ်၍၊ လျစ်လျူရှုကာ ချန်ထားခဲ့မည် ဖြစ်သတည်း။ ။ဤကား၊ အထူးမှတ်သားချက်တည်း။

၂။ ။ယေမံကောဝိဒတံ နေန္တိ၊
ဂရူ ကောဝိဒသာ မိနော။
လောကိယေ ပိဋကေ စာပိ၊
နမာမိ ကောဝိဒေါ အဟံ။ ။

၂။ ။လောကိယေစာပိ၊ ဆန်း, အလက်ာ, မဟာဗျာကရဏ- လောကထင်ရှား ကျမ်းအများ၌ လည်းကောင်း။ ပိဋကေစာပိ၊ ကျယ်ဝန်းနဲနက် အသိခက်သည့် မွေစက်ခေါ် ပိဋကတ်တော်၌ လည်းကောင်း။ ကောဝိဒသာမိနော၊ အသိဉာဏ်ကြီး လိမ္မာပြီး၍ ဦးစီးချုပ်ချာ ပညာဝါ ဖြစ်ဘော်မူကြကုန်သော။ ယေဂရူ၊ ပထမ- ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး၊ ဒုတိယ- ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး တည်ဟူသော အကြင် ဆရာသခင် ကျေးဇူးရှင်တို့သည်။ မံ၊ ငါသို့စဉ်မျှ မကြီး ကျယ်လှသောသူကို။ လောကိယေစာပိ၊ ဆန်း, အလက်ာ မဟာဗျာကရဏ လောက ထင်ရှား ကျမ်း အများ၌ လည်းကောင်း။ ပိဋကေစာပိ၊ ကျယ်ဝန်း နဲနက် အသိခက်သည့် မွေစက်ခေါ် ပိဋကတ်တော်၌ လည်းကောင်း။ ကောဝိဒတံ၊ အသိုက်အလျောက် တတ်မြောက်လိမ္မာသည်၏အဖြစ်သို့။ နေန္တိ၊ ပို့ဆောင်တော် မူကြပေကုန်၏။

ကောဝိဒေါ၊ ကောဝိဒ အမည်ရှိသော၊ အဟံ၊ အကျွန်ုပ်သည်။ တေ၊ တစ, တစ ဉာဏ်ရေ ဝအောင် ဆုံးမပဲ့ပြင် ကျေးဇူးရှင် ဖြစ်တော် မူသော ထိုဆရာတော်ကြီး တို့ကို။ နမာမိ၊ သဒ္ဓါယိုဒိတ် ကုသိုလ်စိတ်ဖြင့် ဦးညိတ်ညွတ်ကာ ရှိခိုးပါ၏။

၂။ **။ဆိုလိုရင်းကား။** ။ဆန်းကျမ်း, အလင်္ကာကျမ်း အဘိဓာန်ကျမ်း, မဟာ ဗျာကရဏကျမ်း- အစရှိသော လောက၌ ထင်ရှားပေါ်လွင်သော ကျမ်းဂန်တို့၌ လည်းကောင်း၊ အဌကထာ, ဋီကာနှင့် တကွသော ပိဋကတ်တော်သုံးတန် ကျမ်းဂန် အပေါင်းတို့၌ လည်းကောင်း၊ သူမတူတန် စွမ်းအန်သဘွဲ ရဲရဲဌိသဖြင့် အသိအလိမ္မာ လွန်စွာ ကြီးမား တော်မူသည်ဖြစ်၍ ဦးစီးဦးကိုင် စိုးပိုင်သော ဉာဏ်ပညာရှင် ဖြစ်တော် မူကြသည့် ပထမ-ကျေးဇူးရှင် လယ်တီ ဆရာတော် ဘုရားကြီး, ဒုတိယ-ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီး နှစ်ပါးဘည်းဟူသော ကျွန်ုပ်၏ ဆရာ သခင် တို့သည် ကျွန်ုပ်ကဲ့သို့သောသူကိုလည်း ဆန်း,အလင်္ကာ- စသော လောက၌ ထင်ရှားသော ကျမ်း နှင့် ပိဋကတ် သုံးတန် ကျမ်းဂန် အပေါင်း၌ လိမ္မာသောသူတယောက်ဖြစ်အောင် ချီးမြှောက်ပြုစု ကြည့်ရှုစောင်မ ဆောင်ရွက်တော် မူကြပါပေကုန်သည်။ ထို ကျေးဇူးရှင် ဆရာတော်ကြီး နှစ်ပါး တို့ကိုလည်း ကောဝိဒအမည်ရှိသော ကျွန်ုပ်သည် ရိုသေလေးမြတ်စွာရှိခိုးပါ၏။ ။ဤကဲ့သို့ ဆိုလိုရင်း ဖြစ်လေသည်။

၃။ ။ပရဲက္ကြ။နဂရေရ ရန္မေ။
ဂုဟာလေဏာဒိမဏ္ဍောနော။
မဟာ သိဟဠသာမိသိ၊
ထူပေါ နရာဒိပုဇိတော။ ။

၃။ ။ရန္မေ၊ စီးဘသွင်သွင် မြစ်ရေ ပြင်နှင့် ကုန်းခင် ထိုက်ကာ ပျော်မွေ့ ဘွယ်ရာ ကောင်းလှသော။ ပရက္ကြ။ နဂရေ၊ ပရက္ကြ။အာမည်ရှိသော မြို့ကြီး၌။ ဂုဟာလေဏာဒိ မဏ္ဍောနော၊ ဂု၊လိုက်, တန်ဆောင်း ပြာသာဒ်ပေါင်းနှင့် အုတ်ကျောင်း, စရပ်-အစရှိသော အဆင်တန်းဆာ ရှိပေ-သော။ နရာဒိပုဇိတော၊ လူ, နတ်-စသည် သဒ္ဓါစည်လျက် ရှင်ကြည် ကောင်းရော် ပူဇော်လေးနာ အပ်တော်မူသော။ သိဟဠသာမိ၊ သိဟိုဠ်ကျွန်းတွင် ပြည့်သခင်ဟု ခေါ်တွင်ဘွဲ့ဆို သိဟိုဠ်ရှင် အမည်ရှိတော်မူသော။မဟာ၊ ကြီးလည်း၊ကြီးမား ဆန်းဆန်း ပြားနှင့် ခမ်းနား သပ်ရပ်တော်မူပေသော။ ယောထူပေါ၊ ဓာတ်မွေသရီ မြတ်စေတီဟု မဟိညွတ်ကျိုး အကြင် ပုထိုး မြတ်စွာ ဘုရားသည်။ အသိ၊ယဆထက်တိုင် မပျက်နိုင်ဘဲ ခိုင်ခိုင်ခံ့ခံ့ ကျွန်းလုံး လန့်မျှ တည်တံ့ ခိုင်နေ ထင်ရှား ရှိခဲ့ပေသတည်း။

၃။ ။ဆိုဠိုရင်းကာ။။ ။အဂ္ဂရှမျက်နှာခွ ဣရျောင်းဟု ခေါ်သော- ယမားချောင်းနှင့် အနောက် မျက်နှာခွ ပေါက်အင်း ဟူသော ဂေဒိုင်ကြီး တို့ဖြင့် တင့်တယ်လှသော ပရက္ကြ။မြို့ကြီးသည်ကား တောင်မျက်နှာက ဇရော-

ဝတိမြစ်ကြီး, မြောက်မျက်နှာက ကုသိနာရုံ တောင်တန်း-စသော တောင်စွယ်တို့ဖြင့် ဝိုက်ကာခြံရံလျက် ရှိရကား ပျော်မွေ့ ဘွယ်ရာကောင်းသော အရပ်တဆုပင်ဖြစ်လေသည်။ ။ထိုသို့ ပျော်မွေ့ဘွယ်ရာ ကောင်းသော ပဆုကျ၊ မြို့၌ သီဟိုဠ်ရှင် အမည်ရှိသော မြတ်စွာဘုရား တဆူ ရှိလေသည်။ ။ထိုသီဟိုဠ်ရှင် မြတ်စွာ ဘုရာကား ဂူ, လိုဏ်, တန်ဆောင်း, အုတ်ကျောင်း, စေတီ- အစရှိသော အဆင် တန်းဆာ တို့ဖြင့် တန်းဆာ ဆင်လျက် ရှိလေသည်။ ။ရဟန်းလူရှင်နှင့် နတ်ဗြဟ္မာတို့သည် မပြတ် ပူဇော်အပ်သော စေတီပင် ဖြစ်လေသည်။ သီဟိုဠ်ကျွန်း တွင် ရှေးယခင်က အရှင် သခင်တဆူ ဖြစ်တော်မူသော ကြောင့် သီဟိုဠ်ရှင် ဟူသော ဘွဲ့တော်လည်း ရှိတော်မူ၏။ ။ကြီးကျယ် ဆန်းပြား ခမ်းနားခိုင်ခံ့လှသော စေတီ တော်လည်း ဖြစ်သည်။ ။ဤကဲ့သို့ ဆိုလိုရင်း ဖြစ်လေသည်။

၄။ ။ဝိနဋ္ဌာ တဿ ပေါရာဏီ၊
ယမုပ္ပတ္တိကထာ သုဘာ။
သမ္ဗုဒ္ဓဂေါပကာ သန္တာ၊
တတော မံ တံ-ဘိယာစရေ။ ။

၄။ ။တဿ မဟာထူပဿ၊ သီဟိုဠ်ရှင်ဟု မည်တွင် ထင်ရှား ထိုစေတီတော် ဘုရားကြီး၏။ ပေါရာဏီ၊ အလွန်နောက်နှောင်း ရှေးဟောင်း ကာလ၌ ဖြစ်ခဲ့သော။ သုဘာ၊ တင့်တယ် လျောက်ပတ် ကောင်းမြတ် ဖြူစင်သော။ ဥပ္ပတ္တိ

ကထာ၊ ဖြစ်စဉ်စကား ရေးမှတ်သား၍ ခြားနားဖြတ်ပိုင်း ဖော်တတ် သရိုင်းသည်။ ယံ-ယခုတော၊ အကြင် အာကြောင်းကြောင့်။ ဝိနဋ္ဌာ၊ မြင့်ကြာရေးဟောင်း အခါညောင်းသဖြင့် ထောင်းထောင်းညက်ကြေ ပျောက်ကွယ်ခဲ့လေပြီ။ တဝေတာ၊ သရိုင်း မှုရင်း ဂိုတဲ့ လျှင်းလည်းပေါဟာင်းဖြင်း ပျောက်ကွယ်ခဲ့သော ထိုအကြောင်းကြောင့် တံ-ဉပ္ပတ္တိကထံ၊ ဘုရားသခင် သိဟ်ဠိုရှင်၏ ပေါ်ပေါက် ထင်လင်း ထိုသရိုင်းရင်း စကားကို။ မံ၊ လယ်တိ ဂဏိန် သိရိန္ဓိ ကောဠဒ ဟု နာမဓေးချုပ် အကျွန်ုပ်သို့။ သန္တေ၊ သူတော်ကောင်း သက်သက် ဖြစ်ကြ ငါပကုန်သော။ သမ္မုဠ္ဠေ ဂါပကာ၊ ရှင်ပင်သိဟ်ဠို ထွတ်ဘုန်းရှိခြ ကြည့်ညှိထိန်းစောင့် ရန်မနှောင့်ဖောင် ကြောင့်ကြ တားဆီး ဘဏ္ဍာတော်ထိန်း လုကြိုး အပေါင်း ကို့သည်။ အာဘီယာ စရော၊ ရှေးရှု ညွတ်ကာ ဘောင်းပန် လာကြ ကုန်သတည်း။

၄။ ။**ဆိုင်ရိုးရင်းကား**။ ။ဘော်ပြခဲ့ပြီးသော သိဟိုဠ်ရှင် မြတ်စွာဘုရား၏ အပြစ် ကင်းသော ရှေးဟောင်း သရိုင်း စာစောင်မှာ ရှေးအခါက ထင်ရှားရှိခဲ့ ဘူးသော်လည်း ယခုနှစ်ပေါင်းတရာခန့် သာသာ အတွင်းမှာမူ ရာပေမတွေ့ဘဲ ပျောက်ကွယ်ခဲ့သေသည်။ ။ထို့ကြောင့်ပင် သိဟိုဠ်ရှင် မြတ်စွာဘုရား၏ မူလ သရိုင်းရင်းကို ရှာဖွေ စုံစမ်းပြီးလျှင် သရိုင်းသစ် တစောင်ရေးသားရန် ကျွန်ုပ် အား သူတော်ကောင်းတရ ဖြစ်ကြသော သိဟ်ဠိုရှင်

ပဏာမာဒိ မဂ်လာကို ပြခြင်း။

ဘဏ္ဍာတော်ထိန်း အနုမိန့်နှင့် လျှပ်စစ် ဓာတ်မီး အာဘွဲ့ဝင်
ဒကာ- ဒကာမတစုတို့က ဧရားရှည်ကြာ တောင်းပန်
လာကြသည်။ ။ဤသို့ ဆိုလိုရင်းဖြစ်သလသည့်။

၅။ ။ဂေဟာတွေ့ယာစနံ ဧသံ၊
ဧသံ ပေါ့ပြာစာဗျပ္ပထံ။
ပထံ အာညတဧခသူ။
သဗ္ဗယိတွေ့ ဒိသေသဘေး။ ။

၄ ၅။ ။ဧသံ၊ ရှင်ပင်သိဟိုဠ် ထွတ်ဘုန်းမိန့် ကြည်ညို
ထိန်းစောင့် ရန်မနှောင့်ဖေးခင် ဧကြာ့ကြ ကားဆီး
ဤဘဏ္ဍာတော်ထိန်း လူကြီး အဂေါင်းတို့၏။ ဒေသယာစနံ၊
ဧရှေးရဉ်းကပ် တောင်းပန် အပ်သည်ကို၊ ဂဂေဟတွေ့ဃ၊
နှလုံးသို့တင် သက်ဝင် ယူဆပြီ၍ဂုဏ်း။ ပေါ့ပြာဆာဗျပ္ပဃံ၊
ရှေးဖြစ် ရှေးဟောင်း အဆက်ဆောင်း ကျောင်းကို။ ဧသံ-
ဧသဇ္ဇနော၊ မရ-မနေ ရအောင်ပွဲလျှက် သွေးသွေး ရာရာ
လွန်စွာ ရာဒိုးသည်ဖြစ်၍။ ဒိသေသဘော၊ အလွန် အ
ကျူး အထူး အဆင်းဖြင့်။ အညတရသံ၊ ရှေးဟောင်း
စကား သဆိုင်းမျှားမှ တပါးအမှန် ကျမ်းဂန် အာဘိဓာန်
တို့၏။ ပထံ၊ မှန်ရာဟုတ်ကဲ့ဦး၊ ရှေးသရိုးဟု ချဉ်ပိုင်းခြား
နား လမ်းဟောင်းမျှားကို။ သဗ္ဗယိတွေ့ဃ၊ ရုက်,လ-ငင်ပြီး
အကြောကြီးလျှင်ရာဒိုးစုဆောင်းပြီး၍ဂုဏ်း။ (ဦဟိသဘဒိန္ဒဝါ)။

၅ ။ဆိုလိုရင်းကား။ ။ရှေးသား ပြဆို ခဲ့ပြီးသော
သိဟိုဠ်ရှင်ဖြတ်စွာဘုရား၏ မူလသရိုင်းရင်း ပျောက်ကွယ်

နေခြင်းကြောင့်၊ သရိုင်းသစ်တရ ရေးသားရန် တောင်းပန်လာကြသော သီဟိုဠ်ရှင် မြတ်စွာဘုရား ဘဏ္ဍာတော်ထိန်း အဖွဲ့နှင့် လျှပ်စစ်ဓာတ်မီး အဖွဲ့ဝင် လူကြီး လူကောင်း တစုတို့၏ လျှောက်ထား တောင်းပန် ခြင်းကို စိတ်နှလုံးတွင် သက်ဝင်ယူဆပြီးဖြစ်၍ တချက်၊ သီဟိုဠ်ရှင်ဘုရားနှင့် စပ်လျဉ်းသည့်- ဟောင်းမြင်းသော စကား အကြောင်း အချက်များကို ရှာမှီး စုဆောင်းလျက် အထူးအားဖြင့် သီဟိုဠ်ရှင်ဘုရားနှင့် စပ်လျဉ်းသော သရိုင်းရင်းကျမ်း- စသည်တို့၏ မူလလက်ရင်း ဟောင်းမြင်း ဆွေးမြေ့လှသော ခရီးလမ်းတည်းဟူသော အကြောင်းရင်းကို ရှာဖွေ စုဆောင်းပြီး၍ တချက်၊ ဤအကြောင်းနှစ်ချက်ကြောင့် သရိုင်းသစ် ကျမ်းကို ကြိုးပမ်း အားသစ်၍ စိစစ်ရေးသား ပေအံ့။ ။ဤကဲ့သို့ ဆိုလို့ရင်း ဖြစ်လေသည်။

မှတ်ချက်။ ။သမိုင်း ဟောင်းများကို ရှာဖွေ ရရှိပုံ အချက်များမှာ သမိုင်း နိဒါန်း စကားတွင် အကျယ်တဝင့် ပါရှိလေပြီ။ ဤဂါထာကား အန္တအာဒိ- ယမက ဂါထာ တည်း။ ။

၆။ ။ဦ ဟိဿာမိ အဗျာသေန၊
ကော မာလ သာရဂါသနာ။
ဝိ ဒူနံ သမ္ပသာဒါယ၊
ဒ ဓံ ဥပ္ပတ္တိဘာရတိံ။ ။

၆။ ။ကောမာလ သာရဂါယနာ၊ ငြိမ်ငြိမ် ထေ့ထေ့ သိမ်သိမ်မွေ့နှင့် ချောမြေ့ ပြော့ပျောင်း သူတော်ကောင်း တို့၏ လမ်းကြောင်းရှည်သွဲ အဘွဲအနွဲဖြင့်။ ဝိဒူနံ၊ သိဟ္ဂိဠိ ဆိမီး ကျွန်းလုံးထီးဟု အတီးယခင် ဘုရားရှင်ကို ဖူးမြင် ကြည်ညို ပူဇော်လိုကြသော ပညာရှိတို့အား။ ဝါ၊ ပညာ ရှိတို့၏။ သမ္မသာဒါယ၊ နှစ်သိမ့်နှစ်သိမ့် တစိမ့်စိမ့်လျှင် ချမ်းငြိမ့် သာယာ လေးနက်စွာ ကြည်ညို စေခြင်းဌါ။ ဥပ္ပတ္တိဘာရတိံ၊ သိဟ္ဂိဠိရှင်ပင် ကျွန်းသခင်ဟု သောင်း ခွင်ဖြန့်လွှား မြတ်စွာဘုရား၏ ထူးခြားသော အကြောင်း သရိုင်းဟောင်း စကား အစဉ်ကို။ ဒဓံ-ဒဓနွှော၊ အနည်း ငယ်ချဲ မချိုင့်ဘဲ ရှည်သွဲလေအောင် ရွက်ဆောင်ပိုက် ဖြားလျက်။ အဗျာသေန၊ အကျယ်မရုံး အကျဉ်းချုံးသော နည်းဖြင့်။ ဦဟိဿာမိ၊ ဂဏန်း ခြားသန့် အပိုင်း ကန့် လျက် ဝေဖြန့်ပါစေ အားထုတ်ပေအံ့ သတည်း။

၆။ ။ဆိုလိုရင်းကား။ ။ဆိုခဲ့ပြီးသော အကြောင်း နှစ်ချက် တို့ကြောင့် သိဟ္ဂိဠိရှင် သရိုင်းဟောင်းကို ချဲ့သွင် ယူငင်လျက် သရိုင်းသစ် ကျမ်းကို ကြိုးပမ်း စီရင်ပေး အံ့။ ။ယင်းသို့ စီရင်အပ်လတ္တံ့သော သရိုင်းသစ်ကျမ်း သည်ကား သိမ်မွေ့ ပြော့ပျောင်းသော သူတော်ကောင်း တို့၏ ဘွဲစီနည်းဖြင့် ရေးသားထားသော ကျမ်းဖြစ်လေ သည်။ ။ဤသရိုင်းသစ်ကို ရေးသားရ ခြင်းဖြင့် ပညာရှိ သူတော်ကောင်း တို့အား သိဘိုဠိရှင် မြတ်စွာ ဘုရား၌ လေးလေး နက်နက် နှစ်သက် ကြည်ညိုခြင်း တိုးပွါးနိုင်

လိမ့်မည်။ ထို့ကြောင့် သီဟိုဠ်ရှင် မြတ်စွာဘုရား၏ ရှေးဟောင်း နှောင်းဖြစ် အကြောင်းသနစ် တို့ကို အနည်းငယ်ချဲ့ထွင် ယူငင် ဝိုက်ဖြားလျက် သီဟိုဠ်ရှင် မြတ်စွာဘုရား၏ သမိုင်းသစ် ကျမ်းကို မကျယ်လွန်းသော နည်းဖြင့် အားထုတ် စီကုံးပါမည်။ ။ဤကဲ့သို့ ဆိုလိုရင်းဖြစ်လေသည်။

မှတ်ချက်။ ။ဤ ဆဌမ ဂါထာ၌ အစအဦး ဖြစ်သော အက္ခရာတို့ဖြင့် ကျမ်းပြုဆရာအရှင်၏ဘွဲ့အမည်တော်ကိုပြဆိုရှိကြည်ညိုဘွယ်ဖြစ်အောင် ရေးသား ထားရကား ဤနည်းမျိုးကို အလင်္ကာ ဆရာတို့ လွန်စွာ ကြိုက်နှစ်သက်တော် မူကြလေသည်။

ပဏာမာဒိ-မဂ်လာပြီး၏။

မှာထားချက်။ ။ဦဟိဿာမိ အဗျာ သေနှ- စသည်ဖြင့် ဝန်ခံခဲ့သော **အတိုင်း** သီဟိုဠ်ရှင် သရိုင်းကျမ်းကို ကြိုးပမ်း ရေးသား အပ်သော အခါ ရောက်ပေပြီ။ ။ ထိုသို့ ရေးသား ရာဠလည်း သရိုင်း စာစောင်ကို ဘတ်ရှု သူတို့အား အထူး သဖြင့် ဉာဏ်အမြင် **သန့်**ရှင်းစေခြင်းဌါ-

(၁) သာသနာသက္ကရာဇ်နှင့် ဂေါဇာသက္ကရာဇ်ကို ပြဆို ခန်း။
(၂) သီဟိုဠ်ရှင် ဘုရား ဒါယကာ ဘွားမြင်တော် မူခန်း။
(၃) မင်းဇကရာဇ် အဖြစ်သို့ ရောက်တော်မူခန်း။
(၄) တိုင်းခွင် လှည့်လည်တော် မူခန်း။
(၅) သီဟိုဠ်ရှင် ဘုရားကို အဆက်သ ခံတော်မူခန်း။
(၆) သီဟိုဠ်ရှင် ဘုရား တည်ထားတော် မူခန်း။
(၇) ဘုရား ဒါယကာ နတ်ရွာ စံတော် မူခန်း။
(၈) နောက်ထပ် အသစ် ပြင်ဆင်ခန်း။

ဤသို့သော အခန်းရှစ်ချတို့ဖြင့် အစဉ်အတိုင်း ရေးသားမည် ဖြစ်လေသည်။ ။အထူး မှတ်သားဘွယ်ကောင်းသော အချက်တို့ကို "အထူး မှတ်သားချက်" ဟူ၍ ၎င်း။ ။စာဘတ်သူတို့ အတို့ ဗဟုသုတ ပွါးများစေရန် ရည်သန် ပိုင်းခြားတားသော အရာမျိုး၌ "မှာထားချက်" ဟူ၍၎င်း၊ ထည့်သွင်း ရေးသား လိမ့်မည်။ ။သရိုင်းစာစောင် အချင်းချင်း မညီညွတ်သော အချက်တို့တွင် အချို

အချက် မျှာကိုသာ ဖေါ်ပြ၍ အချိုတို့ ကိုကား အဆို အယူ များရာသို့ရင်း၊ ခိုင်မာရာသို့ရင်း၊ အသင့် တင့်ဆုံး သော အရာသို့ရင်း၊ လိုက်လျော၍ ရေးသား ဆုံးဖြတ်ထား သည်။ ။အထူးသဖြင့် အရေးကြီးသည်ဟု ထင်ရသော နေရာတို့၌ သာလျှင် သဒိုင်း လက်ာ မျှားကို အကိုး အ ကားပြု၍ ထည့်သွင်း ဘော်ပြ ထားသည်။ ။မှားယွင်း တိမ်းပါးသော အချက် မျှားကို တွေ့ရှိလျှင် မှန်ရာသို့ ယူဝင်၍ ပြင်ဆင်နိုင်ရန် ကိုလည်းခွင့်ပြုထားလေသည်။

သာသနာသက္ကရာဇ်နှင့် ဂေါဇာသက္ကရာဇ်ကိုပြဆိုခန်း။

သတ္တ လောက, သခ်ါရ လောက, ဩကာသ လော က- ဟုဆိုအပ်သော လောက သုံးပါးတို့တွင် ဩကာသ လောကဟု ဆိုအပ်သော ကပ်ကမ္ဘာကြီးတို့သည် အစဉ် အဆက် အားဖြင့် ဖြစ်ပျက်လျက် ရှိရကား အစမထင်, အစ မရှိသော ကမ္ဘာ ကြီးတို့ မည်ကုန်၏။ ။ထိုကမ္ဘာ ကြီးတို့သည် အတည် အမြဲ မရှိကြ၊ ခဏခဏ ပျက်စီး၍ နေကြ ကုန်လေသည်။ ။ထို့ကြောင့် ကမ္ဘာ တိုင်းဌပင် ပျက်တုန်း, ပျက်ဆဲအခါကို- သံဝဋ္ဌကပ်ဟု ခေါ်ရသည်။ ပျက်ပြီးသည့်နောင် ပျက်စီး လျက်သာ တည်နေ ဆဲအခါ ကို- သံဝဋ္ဌဌာယီ ကပ်ဟု ခေါ်သည်။ ပျက်စီးပြီး၍ တဖန် အသစ် ဖြစ်နေဆဲ အခါကို- ဝိဝဋ္ဌ ကပ်ဟု ခေါ်သည်။အ

သစ် ဖြစ်ပေါ်ပြီး၍ မပျက်မပြိုသေးဘဲ တည်နေဆဲ အခါ ကို- ဝိဝဋ္ဌဌာယီ ကပ်ဟု ခေါ်သည်။ ။ထိုကပ်ကြီးလေး ပါးကို အသင်္ချေယျ ကပ်ဟူ၍ ခေါ်ဆိုရသည် ဖြစ်ရာ၊ ယခု ဤကမ္ဘာတွင် ရောက်ရှိ နေဆဲဖြစ်သော ဤအခါကို ပင်- ဝိဝဋ္ဌဌာယီ ကပ်ဟူ၍ ခေါ်ဆိုရလေသည်။ ။ထို ဝိဝဋ္ဌဌာယီ ကပ်၌သာ ဤကမ္ဘာပေါ်၌ သတ္တဝါ အပေါင်း တို့ ခိုအောင်း တည်နိုင်နေနိုင် ကြလေကုန်၏။ ။ထိုဝိဝဋ္ဌ ဌာယီ ကပ်၏ အဦးအစ၌ ဖြစ်ပေါ်ကြသော သူတို့ကိုပင် ကမ္ဘာဦးသူများဟူ၍ သမုတ်ပညတ် ကြလေသည်။

ထိုကမ္ဘာဦး၌ အစဆုံး ဖြစ်သော မင်းကား မဟာ သမ္မတ မင်းဖြစ်၏။ ထိုမဟာ သမ္မတ မင်းကြီးကား ပါတို့ ဘုရားလောင်းပင် ဖြစ်သည်။ ။ထိုမဟာ သမ္မတ မင်းမှ စ၍ ယနေ့သို့ ကျအောင် အဆက် ဆက်သော မင်းတို့ သည် အုပ်စိုးလာကြ ကုန်သည်။ ထိုစကား၌ မဟာသမ္မတ မင်းမှ စ၍ အလောင်းဘော် သိဒ္ဓတ္ထ မင်းသို့ တိုင် အောင် တိုင်းပြု, ပြည်ပြု ဖြစ်သော မင်းတို့ကို အကျဉ်း အားဖြင့် ရေတွက်လျှင် သုံးသိန်း, သုံးသောင်း, လေး ထောင့်, ငါးရာ, ခြောက်ကျိပ်, ကိုးယောက် ဖြစ်ကုန်၏။ ။ အကျယ်အားဖြင့် ရေတွက်လျှင် အသိန်း အသန်း မဟာ များပြားလှလေသည်။

အကျဉ်း အားဖြင့် မဟာ သမ္မတ မင်းမှစ၍ သိဒ္ဓတ္ထ မင်းသို့ တိုင်အောင် ဆင်းသက်လာခဲ့သော မင်းဧကရာဇ် တို့၏ အနွယ်အဆက်ကို သိသာရုံမျှသာ ရာဇဝင်တို့မှာ လာရှိသော အတိုင်း ထုတ်နုတ် ရေးသားဦးမည်။

မဟာသမ္မတ မင်း၏ အဆက် အနွယ် နှစ်ကျိပ်, ရှစ်ယောက်၊ ထို့နောင် အစ္စိမ မင်း၏ အဆက်အနွယ် တရား၊ အရိန္ဒမ မင်း၏ အဆက်အနွယ် ငါးကျိပ်, ခြောက်ယောက်၊ ဒုပ္ပသဟ မင်း၏ အဆက်အနွယ် ခြောက်ကျိပ်၊ အဖိဘဖိန မင်း၏ အဆက် အနွယ် ရှစ်သောင်း လေးထောင်၊ ဗြဟ္မဒတ်မင်း၏ အဆက်အနွယ် သုံးကျိပ်, ခြောက်ယောက်၊ ကမ္ပလ ဝသန မင်း၏ အဆက်အနွယ် သုံးကျိပ်,ခြောက်ယောက်၊ ပုရိန္ဒဒမင်း၏အဆက်အနွယ် နှစ်ကျိပ်, ရှစ်ယောက်၊ သာဓိန မင်း၏ အဆက်အနွယ် နှစ်ကျိပ်, နှစ်ယောက်၊ ဓမ္မဂုတ္တမင်း၏ အဆက်အနွယ် တကျိပ်, ရှစ်ယောက်၊ သိပ္ပိမင်း၏ အဆက်အနွယ် တကျိပ်, ခုနစ်ယောက်၊ ဗြဟ္မဒေဝမင်း၏ အဆက်အနွယ် တကျိပ်, ငါးယောက်၊ ဗလဒတ္တမင်း၏ အဆက် အနွယ် တကျိပ်, လေးယောက်၊ ဟတ္ထိဒေဝမင်း၏ အဆက် အနွယ် ကိုးယောက်၊ နရဒေဝ မင်း၏ အဆက် အနွယ် ခုနစ်ယောက်၊ မဟိန္ဒမင်း၏ အဆက်အနွယ် တကျိပ်, နှစ်ယောက်၊ နာဂဒေဝ မင်း၏ အဆက် အနွယ် နှစ်ကျိပ်, ငါးယောက်၊ ဒီပက်ရ မင်း၏ အဆက်အနွယ် တကျိပ်, နှစ်ယောက်၊ တာလိဿရမင်း၏ အဆက်အနွယ် တကျိပ်, နှစ်ယောက်၊ ပုရိန္ဒဒမင်း၏ အဆက်အနွယ် ကိုးယောက်၊ မရှဒေဝ မင်း၏ အဆက် အနွယ် ရှစ်သောင်း လေးထောင်၊ နေမိမင်း၏ အဆက် အနွယ် ရှစ်သောင်းလေးထောင်, တကျိပ်, ကိုးယောက်၊ သြက္ကာကရာဇ် မင်း၏ အဆက်အနွယ် ရှစ်သောင်း လေးထောင်, တကျိပ်, သုံးယောက်။ ၊စုစုပေါင်း အားဖြင့်

သုံးသိန်း, သုံးသောင်း, လေး ထောင်, ငါးရာ, ခြောက်ကျိပ်, ကိုးယောက် ဖြစ်ကုန်၏။

ထိုမင်းတရား အပေါင်း တို့သည် မဏ္ဍိမကိုက်၌ ကပိလဝတ်- အစ ရှိသော တိုင်းပြည် များကို အုပ်စိုးလျက် အနှစ်ယ်အဆက် မပြတ် မင်းပြုကော် မှုလာကြကုန်၏။ ။ ထိုမင်း ငါးကရာဇ် အပေါင်းတို့တွင် နောက်ဆုံး ဖြစ်သော မင်းဆက်ကား သြက္ကာက မင်းတရား၏ အဆက် အနှယ် ပင်ဖြစ်လေသည်။ ထိုသြက္ကာက မင်း၏ အဆက် အနှယ် တော်သည်လည်း အရေအတွက် အားဖြင့် ရှစ်သောင်း, လေးထောင်, တကျိပ်, သုံးယောက် ရှိခဲ့လေရာ၊ နောက် ဆုံး ဖြစ်သော မင်းတရား သည်ကား ဘုရားသခင် အလောင်းတော်- သိဒ္ဓတ္ထ မင်းသားပင် ဖြစ်းလေသည်။ ။ ထိုသိဒ္ဓတ္ထ မင်းသား၏ ခမည်းတော် ဘုရင်ကား သုဒ္ဓါဒန မင်းတရားကြီး ဖြစ်၍ မယ်တော် မိဖုရား ကြီးကား သိရိမဟာမာယာ ဖြစ်လေသည်။ ။သုဒ္ဓါဒန မင်းတရား၏ ခမည်းတော် ဘုရင်ကား သိဟ ဟနု မင်းတရားဖြစ်၍၊ သိရိ မဟာမာယာ မိဖုရားကြီး၏ ခမည်းဘော်ကား အဇ္ဇန မင်းဘရား ဖြစ်လေသည်။ ။ထို့ကြောင့်၊ သိဒ္ဓတ္ထမင်း သား၏ ဘိုးတော်များမှာ ခမည်းတော်၏ ဘက်မှ သိဟ ဟနု မင်းတရားဖြစ်၍ မယ်တော်၏ ဘက်မှ အဇ္ဇနမင်း တရားပင် ဖြစ်ကြ လေသည်။ ။သည်ကို ဂျည်ရှယ်၍ ဘိုးတော် အဇ္ဇန မင်းတရား ဟူသော ခေါ်ဝေါ်ခြင်းကို နှုတ်တက်စွာ ပြောဆို ကြလေသည်။

၁။ ပဌမ အကြိမ် သင်္ကာရာဇ်ပြုခြင်း။

ဘုရားသခင်၏ ဘိုးတော် အဋ္ဌနမင်းတရား ကြီးသည် မြတ်ဒေသမင်း အဖြစ်သို့ ရောက်တော်မူလျှင် သင်္ကာရာဇ် ရှည်(ရှင်ထောင့်, ခြောက်ရာ, လေးဆဲ့ ခုနစ်ခု) တွင် ရှစ်ထောင့်, ခြောက်ရာ, လေးဆဲ့, ငါးခုကို မြို့တော်မူ၍ သင်္ကာရာဇ်တို့ နှစ်ခုကြွင်း ထားတော် မူခဲ့သည်။ ထိုသို့ဘိုးတော် အဋ္ဌနမင်းကြီး မြို့ခွင်းသော ကိန်းကို "ဏာဝစန္ဒ" ကိန်းဟူ၍ ခေါ်ဝေါ်လေသည်။ ။ဏာဝစန္ဒ- ဟူသော စကားဌ်။ ။ အာကွရ သင်္ကေတသဒ္ဒါ ခေါ်သော ပိဋကတ် သဒ္ဒါနည်း ဖြင့်။ ။ဏ- ကား ငါးခု။ ဝ- ကား လေးခု။ စန်- ကား ခြောက်ခု။ ဒ- ကား ရှစ်ခု။ ။ပြောင်းပြန်လှန်၍ ကောက်ယူလျှင် (၈၆၄၅) ခု ဖြစ်ခဲ့လေသည်။ ။ယင်းသို့ နှစ်ခုကြွင်းထားသော သင်္ကာရာဇ်ကို တို့ကိုပင် မဟာ သင်္ကာရာဇ်ဟူ၍ ခေါ်ဝေါ်ရလေသည်။

မြတ်စွာဘုရား သခင်သည် ထိုမဟာ သင်္ကာရာဇ် ခြောက်ဆဲ့, ခုနစ်ခုနှစ်၊ ဝါဆိုလပြည့်နေ့ ဥတ္တရသင်္ဃနက္ခတ် နှင့်ယှဉ်လျက် မယ်တော် သိရိမဟာ မာယာဝမ်းဌ် ပဋိသန္ဓေ တည်နေတော်မူခဲ့ရာ မဟာသင်္ကာရာဇ် ခြောက်ဆဲ့ ရှစ်ခုနှစ် ကဆုန် လပြည့် နေ့ဒဲ့ ဆယ်လစေ့၍ ဘွားမြင် တော်မူခဲ့လေသည်။ သက်တော် တဆဲ့ခြောက်နှစ် မဟာ သင်္ကာရာဇ် ရှစ်ဆဲ့ လေးခုနှစ်၌ ဘဒ္ဒ ကဠနာ မင်းသို့ကို ယသော ဓရာဟု သမုဒ်ဘော် မူ၍ စုံဘက်တော် မူပြီး လျှင် ဣတိပိ၊ဣနန်းကို သိမ်းပြန်း ပိုးစံတော်မူသည်။

တဆဲ့, သုံးနှစ်ပတ်လုံး ဤအဆင်းနှင့် တူသောမောင်း မပေါင်း လေးသောင်း ခြံရံလျက် မင်းဆက်တကာ မစံရဘူးသော ဂမ္ဘာ, သုဘာ, သုဂမ္ဘ- တည်းဟူသော ဤနန်း သုံးဆောင်၌ မင်း၏ စည်းဝိန်းကို ခံစားတော်မူပြီး၍ အာရွှယ်တော် နှစ်ဆဲ့ ကိုးနှစ် မဟာ သက္ကရာဇ် ကိုးဆဲ့ ရာနှစ်ရာနှစ်၌ နိဗိတ်ကြီးလေးပါး ကို ဖြင်တော်မူ သဖြင့် ဝါဆို လပြည့်နေ့တွင် ဘောထွက် တော်မူသည်။ ။တောထွက်တော်မူခဲ့ ပြီး၍ ခြောက်နှစ် ပတ်လုံး လူသာမန်တို့ ကျင့်နိုင်ဘိုဝေး ကြံတွေးရုံမျှ ကြက်သီး ထဘွယ် ဒုက္ကရစရိယာတို့ကို ကျင့်ကြံတော် မူပြီး၍ အာရွှယ်တော် သုံးဆဲ့ ငါးနှစ် မဟာ သက္ကရာဇ် တရာ့ သုံးရာ့ ကဆုန်လပြည့်နေ့၌ လောက သုံးပါး၌ တုဘက် မဲ့သော မြတ်သောမြတ်စွာဘုရား၏ အဖြစ်သို့ ရောက်တော်မူသည်။

ဘုရား အဖြစ်သို့ ရောက်တော် မူပြီးသျှင် လေးဆဲ့ ငါးဝါ အခါ ကာလ ပတ်လုံး ဘုံသုံးပါး၌ ကျင်လည်ကုန်သော သတ္တဝါတို့ အကျိုးငှါ သစ္စာလေးပါး တရားတော်ကို ဟောတော်မူနိုကြား ပေးသနားတော် မူသဖြင့် အာသဒ္ဓါ မကသော သတ္တဝါတို့သည် မြတ်သော အမြိုက် ချမ်းသာ ဘုံ ဆိုအပ်သော နိဗ္ဗာန်သို့ ရောက်ကြလေသည်။ ။ ဤသို့ လေးဆဲ့ ငါးနှစ်တို့ ကာလပတ်လုံး လူသုံးပါးတို့ အား တရားအမြိုက်ကို ပေးကမ်း စွန့်ကြဲ တော်မူပြီးလျှင် အာရွှယ်တော် ခုစ်ဆယ် မဟာ သက္ကရာဇ် တရာ့ လေးဆဲ့ ခုစ်ရာနှစ် ကဆုန် လပြည့်နေ့ ဗိုးသောက် အချိန်တွင်

ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်တော်၌ အလုံးစုံသော တပည့် တပန်း ရဟန်း ရှင်လူ- စသည်တို့ကို စွန့်ပယ်တော် မူ၍ ဝိမုတ္တိ ရသ အမတ ရပ်ဌာန်ပြည်နိဗ္ဗာန်သို့ ဝင်စံခိုလှုံတော်မူလေသတည်း။

မြတ်စွာ ဘုရား သခင် ပရိနိဗ္ဗာန် စံလွန်တော် မူပြီးသော် ဒုတိယ သင်္ဂာဟ အကုန် ကဆုန် လပြည့်ကျော် တဆဲ့ သုံးရက်နေ့၌ တေဇောဓာတ် လောင်တော် မူ၍ ဓာတ်တော်, မွေတော်များ ကြွင်းကျန် ရစ်ခဲ့သည်။ ။ ထို ဓာတ်တော်, မွေတော်များကို ဒေါထာ ပုဏ္ဏားက အကြီးအမှူးပြု၍ ရှစ်ပြည် ထောင်သော မင်းတို့အား ဝေဌ ကမ်းလှမ်း လေသည်။ ။ဓာတ်တော် တို့ကို ခွဲဝေသော နေ့ကား မဟာ သက္ကရာဇ် တရာ့ လေးဆဲ့ ရှစ်ခု နယုန် လဆန်း ငါးရက်နေ့ ဖြစ်လေသည်။ ။ထိုနေ့ မှာပင် အရှင် မဟာ ကဿပ ထေရ်သည် သင်္ဂါယနာ တင်အံ့သောဌါ ရဟန္တာ ငါးရာကို ရွေးချယ် စိစစ်တော် မူလေသည်။ ။ယင်း သက္ကရာဇ် ဝါခေါင် လပြည့်ကျော် ငါးရက်နေ့၌ ရာဇဂြိဟ်ပြည်တွင် အဇာတသတ် မင်းကြီးကို အမှီပြု၍ အရှင် မဟာ ကဿပ အမှူးရှိသော ငါးရာသော ရဟန္တာ အရှင်မြတ် တို့သည် ခုနစ်လပတ်လုံး ပထမ သင်္ဂါ ယနာ တင်တော်မူကြ သတည်း။ ။ဤသို့ လျှင် မြတ်စွာဘုရား သခင်၏ ဓာတ်တော် မွေတော်, သွားတော် စွယ်တော်, အံတော် မွေးညှင်း တော်တို့နှင့် တကွ ပိဋကတ် သုံးပုံ တည်းဟူသော တရားတော် ရတနာ

သည် လူတို့ပြည်တွင် ပွါးစည် ဆက်လက်၍ ဆင်းသက် ပြန့်ပြောခဲ့လေသတည်း။

၂။ ဒုတိယအကြိမ် သက္ကရာဇ်ဖြိုခြင်း။

အရှင် မဟာ ကဿပ အမှူးရှိသော ရဟန္တာ အရှင် ငါးရာတို့သည် ပထမ သင်္ဂါယနာ တင်တော်မူပြီးလျှင်၊ သာသနာတော် အနှစ် ငါးထောင် ပတ်လုံး တည်လတ္တံ့သည်ကို မြင်တော်မူ၍ လူတို့ သက္ကရာဇ်နှင့် သာသနာတော်နှစ် အပိုင်းအခြား အကွဲအပြားမရှိ၊ တညီတည်း တည်နေစေရန် အဇာတသတ် မင်းကြီးနှင့် အရှင်မဟာ ကဿပ မထေရ်တို့သည် မဟာသက္ကရာဇ် တရာ့လေးဆဲ့ ရှစ်ခုကို ချေဖျက် ဖြိုခွင်း၍၊ သာသနာတော်နှစ်နှင့် ညီတူ ညီမျှ တခုကြွင်း ထားတော်မူခဲ့လေသည်။ ။ ထို အဇာတသတ်မင်းကြီး ဖြိုသော ကိန်းကို အဋ္ဌ,ဇယ, ဧက,ကိန်း ဟူ၍ ခေါ်ဝေါ်သည်။ ။အဋ္ဌ-ရှစ်ခု၊ ဇယ-လေးခု၊ ဧက-တခု၊ ပြောင်းပြန် လှန်လိုက်လျှင် (၁၄၈)ခု ကိန်း ဟူ၍ ဆိုလိုသည်။ ။ထိုအခါမှ စ၍ လူတို့၏ ဂေါဇာ သက္ကရာဇ်နှင့် သာသနာတော် သက္ကရာဇ်တို့သည် တညီတည်း ဖြစ်လာခဲ့လေသည်။

ထိုစဉ်အခါတွင် မြန်မာနိုင်ငံ တကောင်း ပြည်ကြီး၌ သတိုး မဟာ ရာဇာ အမည်ရှိသော မင်းတရားကြီးသည် ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုး အုပ်လျက် မင်းလုပ်နေဆဲ အခါဖြစ်လေသည်။ ။သင်းသာသနာတော် သက္ကရာဇ်

လေးဆယ်ပြည့်နှစ်၌ (မြတ်စွာ ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး၍ နှစ်ပေါင်း လေးဆယ် ကြာသော နှစ်၌) မြန်မာနိုင်ငံ- တကောင်းပြည့်တွင် နန်းစံတော် မူသော သတိုးမဟာ ရာဇာမင်းတရားကြီးမှ မဟာသမ္ဘဝ, စူဋ္ဌသမ္ဘဝ- မင်းသားနှစ်ပါးကို ဘွားမြင်တော်မူလေသည်။

မင်းသားနှစ်ပါးတို့ အသက် တဆဲ့,ကိုးနှစ်သို့ ရောက်သောအခါ၊ သာသနာတော် သက္ကရာဇ် ငါးဆဲ့,ကိုးဆုနှစ်၌ ခမည်းတော်၏ အမိန့်ဖြင့် ဧရာဝတီ မြစ်ရေကြောတွင် မင်းသား နှစ်ပါးကို ဘောင်တော် ဘွဲ့၍ မျှောရလေသည်။ ။ဝက်ထိုးကျွန်းသို့ ရောက်လျှင် ဦးရီးတော်ရှင်ရသေ့ ၏သွီး ဘေဒါရီ မိန်းမပျိုနှင့် မဟာသမ္ဘဝမင်းသား ထိမ်းမြား စုံဘက်တော် မူ၍ သာသနာတော် သက္ကရာဇ် ခြောက်ဆယ်ပြည့်နှစ်တွင် ဘေဒါရီ မင်းသွီးကို တောင်နန်း ထားတော်မူ၍ အရွယ်တော် နှစ်ဆယ်တွင် သကျအင်း အရပ်၌ မြတ်သော မင်းအဖြစ်သို့ရောက်တော်မူလေသည်။ ။ထို့ကြောင့်၊ မဇ္ဈိမတိုက် ရာဇဂြိုဟ်ပြည်ရှင် ဘုရင် အဇာတသတ် မင်းကြီးနှင့် မြန်မာနိုင်ငံတွင် စိုးစံတော်မူသော မဟာသမ္ဘဝမင်း တို့သည် ထီးပြိုင်, နန်းပြိုင် ဖြစ်ကြလေသည်။ ။ဤကား သာသနာတော် သက္ကရာဇ်ဖြင့် မြန်မာ ဘုရင်တို့ကို ရေးမှတ်ရိုးထုံးစံ ရှေးဦးစွာ ဖြစ်လာခြင်းကို သိစေလိုရှ် ဘော်ပြလိုက်သော စကားစုတည်း။

၃။ သက္ကရာဇ်ဖြိုရာ မပြိုဘဲရှိခြင်း။

ဤသို့လျှင် မဟာသမ္ဘဝမင်းမှ စ၍ ဒွတ္တပေါင်မင်း အစရှိသော မင်းကောင်း မင်းမြတ်တို့သည် သရေခေတ္တရာမြို့၌ မင်းအဖြစ်ကို ယူကြကုန်လျက် အနွယ်အဆက်မပျက်စီးစေဘဲ နန်းစံတော်မူခဲ့ကြရာ သာသနာ တော် သက္ကရာဇ် လေးရာ့, နှစ်ဆဲ့, လေးဆုသို့ ရောက်သော အခါ သရေ ခေတ္တရာပြည်၌ သိရိရာဇ်မင်း နန်းစံတော် မူ၍ သက္ကရာဇ် လေးရာ့နှစ်ဆဲ့,လေးဆုကို တဆုကြွင်းထား၍ ဖြိုခွင်းတော်မူလေသည်။ ကိန်းလက်မမြောက်၍ သက္ကရာဇ်မပြိုဘဲ ရှိချေ၏၊

၄။ တတိယအကြိမ် သက္ကရာဇ်ကိုဖြိုခြင်း။

ယင်းသို့လျှင် အစဉ်မပြတ်ဘဲ မင်းမြတ် မင်းဖျား မင်းတရားတို့ တိုင်းကားနိုင်ငံတွင် စိုးစံတော် မူခဲ့ကြရာ သာသနာတော် သက္ကရာဇ်ခြောက်ရာ့, တဆဲ့, ဆုနစ်ဆုနှစ်၌ သရေခေတ္တရာ ပြည်၌ပင် သုမုနွဒရီ မင်းကြီး နန်းတက်တော်မူ၏။ ။ထိုမင်းတရား နန်းတက်တော်မူ၍ ဆုနစ်နှစ်မျှကြာလျှင် နတ်ရွာစံတော်မူရသည်။ ။နတ်ရွာစံတော်မူသောနှစ်သည် သက္ကရာဇ်ရှည် ခြောက်ရာ့နှစ်ဆဲ့လေးဆုဖြစ်၍ ထိုနှစ်မှာပင် နတ်ရွာစံတော်မမူမီ သက္ကရာဇ်ရှည် ခြောက်ရာ့, နှစ်ဆဲ့, လေးဆုတွင် ခြောက်ရာ့, နှစ်ဆဲ့, နှစ်ဆုကိုဖြို၍ အတိုသက္ကရာဇ် နှစ်ဆုသာ ထားတော်မူခဲ့လေသည်။ ။ဤသို့သော ဖြိုကိန်းကို ဒေါဒေါရသ

ကိန်းဟူ၍ ခေါ်ဝေါ်ကြသည်။ ။ဒေါ်ဒေါ်ရသ- ဟူသောစကား၌။ ။ဒေါသန္ဒါ နှာ်ရကား ဒိုသန္ဒါ၏ ပရိယာယ်ဖြစ်၍ နှစ်ဂဏန်းကို ဆိုလိုသည်။ ။ရသ- သန္ဒါကား၊ အာရသာဂြောက်ပါးကို မှတ်၍ ဂြောက်ဂဏန်းကို ယူရသည်။ ။ပြောင်းပြန်လှန်၍ ဂဏန်းကို ကောက်လျှင် ၎ဂြောက်ရာ့, နှစ်ဆဲ့, နှစ်ရ (၆၂၂)) ခုပြစ်လေသည်။ ။ထို အာခါမှစ၍ သာသနာတော် သက္ကရာဇ်နှင့် လူတို့ ဝေါဟာ ဂေါဓာ သက္ကရာဇ်တို့သည် အဝိုအဝှာသည် မတူညီဘဲ ကွဲလွဲ၍ လာခဲ့ကြလေသည်။ ။ထို့ကြောင့် ဤနေရာမှ နောက်၌ သက္ကရာဇ်ဟု သာမည်ဆိုလျှင် လူတို့၏သက္ကရာဇ်ကိုသာ မှတ်ယူရမည်။ ။သာသနာတော် သက္ကရာဇ်ဟုဆိုမှ- သာသနာတော်နှစ်ကို မှတ်ယူရမည်။

၅။ စတုဋ္ဌအကြိမ်သက္ကရာဇ်ပြုခြင်း။

ဤသို့လျှင် သုမနဒေဝိမင်းမှစ၍ သရေခေတ္တရာပြည်၌ မင်းအဆက်ဆက် ငိုးစံတော်မူပြီးသော် ပုဂံပြည်၌ သမုဒ္ဒရာဇ် မင်းမှစ၍ မင်းဒဋ္ဌဆက်ဆက် စိုးစံတော်မူကြပြန်လေသည်။ ။သုမနဒေဝိမင်း ပြိုင်နွှင်းသော သက္ကရာဇ် နှစ်ရမှစ၍ ဂဉ္ဇာလျားလင်္ကာသဖြင့် သက္ကရာဇ် (ငါးရာ့, သုံဆဲ့, ငါးခုနှစ်တွင်) ပုဂံပြည်၌ ဒိဗ္ဗရားဆရာ သံဃရာဇာ မည်သော- ပုပ္ပါးစော ရဟန်းသည် မင်းအဖြစ်သို့ ရောက်တော်မူ၏။ နန်းတက်၍ နှင်ဆဲ့, ခုနစ်နှစ် ကြာလျှင် သက္ကရာဇ် (ငါးရာ့,ခြောက်ဆဲ့, နှစ်ခုဖြစ်လာ၍ ထိုသက္ကရာဇ် ငါးရာ့, ခြောက်ဆဲ့, နှစ်ခုတွင် ငါးရာ့, ခြောက်ဆယ်

ကိုဖြိုခွင်း၍၊ အကြွင်း နှစ်ခုကို သက္ကရာဇ်ဘို ပြုလုပ်လေသည်။ ။ဤဖြိုကိန်းကို ခ,ဆ,ပဉ္စ- ကိန်းဟူ၍ ခေါ်ဝေါ်သည်။ ။ခ,ဆ,ပဉ္စ-ဟူသော စကား၌။ ။ခ- သဒ္ဒါကား ကောင်းကင် ဟောဖြစ်၍ သုညကိုယူရာ၏။ ဆ-ကား ခြောက်ခု၊ ပဉ္စ-ကား ငါးခုဟောဖြစ်သည်။ ။ ပြောင်းပြန် ကောက်သော် ငါးရာ့, ခြောက်ဆယ် (၅၆၀) ဖြစ်လေသည်။ ။ဤသို့လျှင် သက္ကရာဇ်ကို ထပ်မံဖြိုခွင်းခြင်းဖြင့် သာ၍ပင် သာသနာတော် နှစ်နှင့် ဂေါဇာသက္ကရာဇ် တို့သည် အတို အရှည် ဝေးကွာ ကြလေသည်။ ။ဤမှနောက်၌ သက္ကရာဇ် ဖြိုခွင်းခြင်း ရှိသော်လည်း ကိန်းလက်မမြောက်၍ မပြို့တော့ပြီ။ ။ထို့ကြောင့်၊ သာသနာတော် နှစ်နှင့် သက္ကရာဇ်တို့ကို အတို အရှည် ညီမျှစေလိုလျှင် ယခုရောက်ဆဲ့ သက္ကရာဇ်၌ ဒေါဒေါ ရ သ- အရနှင့် ခ,ဆ,ပဉ္စ- အရတို့ကို ထည့်သွင်း သဖြင့် သာသနာတော် သက္ကရာဇ် ဖြစ်နိုင်သည်ကို သတိမူရာ၏။

အထူးမှတ်သားချက်။

ဤသည်တို့ကား၊ သာသနာ တော်နှစ် သက္ကရာဇ်နှင့် ဂေါဇာသက္ကရာဇ် တို့၏ အတို အရှည် ဖြစ်ပုံနှင့် မြန်မာနိုင်ငံတွင် စိုးစံတော် မူကြသော မြန်မာဘုရင် အဆက်ဆက်တို့၏ အချိန် အခါ အကြာအနှေး အဝေး အကွာတို့ကို နှိုင်းချိန် ထုတ်ဆို သိစေလိုသဖြင့် ထည့်သွင်း ဖေါ်ပြသော စကားစုတို့တည်း။

ဤသို့ ဆိုခဲ့ပြီးသော သင်္ကရာဇ်ဖြိုခွင်း ကိန်းရင်း သေးရကိုရည်ရှယ်၍ သဒ္ဒါနုသာရီသတ်ပုံတွင် အောက်ပါ အတိုင်း မိန့်ဆိုထားလေသည်။

သဒ္ဒါနုသာရီသတ်ပုံ။

"ဘုန်းမိုလူ့ဗျား။ ဘုရားရှင့်ဘိုး။ နေမျိုး ဝံသ။ အဥ္ဇနနှင့်။ ဇာဘသတ္တု၊ သုမန္ဒရီ။ မဟိပိုင်သ။ သံဃရာဇာ။ မင်းမြတ်စွာတို့။ ဗာဏာ,ဇော,ဆ။ အဌ,ပညတ်။ အင်္ဌ,ဇယ,ဇေး။ ဒွေး,ဒွေး,ရသ။ ခ,ဆ, ပဉ္စံ။ ကိန်းစီမံ၍။ အာလမ္ဗိက။ ဖြိုချပြီးနောက်။ များ မြောက်ဂေါဇာ"။ ။ဟူ၍ စပ်ဆိုလေသည်။

ဤဦး။ ။ဗာဏာ,ဇော, ဆ အဌ, ပညတ်- ဟူသည် တွင်။ ။ဗာဏာ-သဒ္ဒါကား၊ မြားဟောသဒ္ဒါဖြစ်သည်။ ။ သမ္မောဟန, ဥမ္မာဒန, သောသန တာပန, ထမ္ဘ- ဟူသော မာရ်နတ်မင်း၏မြား ငါးစင်းရှိသည်ကို အစွဲပြုလျက် ငါးရ သဉ်္ဃာကို လောကသညာ အားဖြင့် ကောက်ရသည်။ ။ တနည်း။ ။အရဝိန္ဒ, အသောက, စူတ, နဝမလ္လိကာ, နီလုပ္ပလ-ဟူ၍ မာရ်နတ်မင်း၏ မြားသွား ငါးရှိသော ကြောင့် ငါးဂဏန်းကို ယူရသည်။ ။ဗာဏာ,ဝါဏာ, သရ,ဥသု-စသော မြားဟောသဒ္ဒါ မှန်သမျှ ဤနည်းချည်း တည်း။ ဤအဓိပ္ပါယ်ကား၊ အမရကောသ အဘိဓာန်၊ ၎င်းဦးကာတို့၌ လာသောအဓိပ္ပါယ်တည်း။

ဆန်းဦးကာတို့၌ကား၊ မှတ်တိုင်၌ ငါးကြိမ်ပစ်ရသော

ဇော,ဆ,အဋ္ဌ- သဒ္ဒါတို့ကား ထင်ရှားပြီ။ ။ပြောင်းပြန် လှန်၍ ကောက်ယူလျှင် အောက်၌ ဆိုခဲ့ပြီးသော။ ။ ထာဝစန္ဒ- ကိန်း၊ [၈၆၄၅] ဆကိန်းဖြစ်လေ၏။ ။ယခင် သဒ္ဒါနုသာရီ၌။ ။အာလမ္ဗိက-ဟူသည်ကား၊ အဋ္ဌ,ဇယ, ဧကကိန်း၊ ဒေါ, ဒေါ,ရသကိန်း၊ ခ,ဆ,ပဉ္စကိန်း- ဟူသော ကိန်းသုံးဆုတို့ အပေါင်းကို ဆိုလိုသည်။ ။အာလမ္ဗိက-ဟူသည်၌ အက္ခရသင်္ကေတသန်္ဂါ ခေါ်သော ပိဋကတ် သန်္ဂါအားဖြင့်။ ။အာ- ကား သုည၊ လမ်-ကား သုံး ဂထာန်း၊ ဗိ-ကားသုံးဂထာန်း၊ က-ကား တစ်ဂထာန်း။ ။ ပြောင်းပြန် လှန်ကောက်လျှင် (၁၃၃၀) ဟူသော ယခင် ကိန်းသုံးဆုတို့၏ အပေါင်း သန်္ဂါ ဖြစ်လေ၏။ ။သည် ကိုရည်၍-ပုလိပ်စားဇေးချင်းတွင်-

ပုလိပ်စားဇေးချင်း။

"ထွန်ချစ်ရာဇာ။ လူ့ဘုံခွါသော်။ ဆရာသံဃ ရာဇ်။ ပြည့်ရှင် ဖြစ်၍၊ ငါးနှစ်ငါးသွယ်။ စံပယ် တုံလစ်။ သက္ကရာဇ် ဝယ်။ စက်သစ် ရဟတ်။ သိကြားမှတ်တွင်။ ညီညွတ်တန်မှု။ ကိန်းနှစ်ရကို။ စေ့ငုစိမ်။ ရောဆက်ဆံမူ။ အာလမ္ဗိက"။ ။ဟူ၍ စပ်ဆိုသတည်း။

ဤသို့လျှင် သာသနာတော် သက္ကရာဇ်နှင့် တကွ လူ တို့ ဝေါဟာ ဂေါဇာ သက္ကရာဇ်တို့၏ အတို အရှည် ပြောင်းရွှေ့ပုံတို့ကို နားလည်ရိပ်မိရာသတည်း။

သီဟိုဠ်ရှင် ဘုရားဒါယကာ ဘွားမြင်တော် မုခန်း။

ဤမှနောက်၌၊ သီဟိုဠ်ရှင် ဘုရားဒါယကာ ဖြစ်သော အာလောင်းစည်သူ မင်းကြီး၏ အဝိုင်းအခန်းကို ဆိုရလိမ့်မည်။ ။ထို့ကြောင့် ရှိသေလေးနာသောစိတ်ဖြင့် မှတ်သားရာ သတည်း။ ။ပုပ္ပါးစောရဟန်း အာမည်တော် ရှိသော သံဃရာဇာမင်းတရားသည်၊ ခ,ဆ,ပဉ္စ-ကိန်း ကြိုက်သောကြောင့် ဖြိုခွင်းခဲ့သော သက္ကရာဇ် သည် ငလေးရာ့,နှစ်ဆဲ့,ခြောက်ရာနှစ်သို့ ရောက်သောအခါ (၄၂၆) သာသနာတော် သက္ကရာဇ် တထောင်, ခြောက်ရာ,ရှစ်ရာ နှစ်၌ (၁၆၀၈) အရှိမဒ္ဒနပုရ မည်သော ပေါက်ကံဖြည့်ကြီး ဝယ်၊ ထီးလှိုင်ရှင် မည်သော ကျန်စစ်သား မင်းတရား ကြီးသည်၊ ဣန္ဒထီး ဣန္ဒာနန်းကို သိမ်းမြန်း စိုးစံတော်မူလေသည်။

ထိုထီးလှိုင်ရှင် မင်းတရားကား၊ မင်းအဖြစ်သို့ ငယ်က ငတော်မမူမီကပင် ချစ်ကြွင် ပေါင်းသင်းခဲ့သော အပါယ် ရတနာမည်သော မိဖုရားတပါး ရှိလေသည်။ ။အပါယ် ရတနာမိဖုရားကား၊ ထီးလှိုင်ရှင် မင်းကြီး၏ ငယ်ချစ်ဖြစ်သော မိဖုရား ဖြစ်သဘည်း။ ။မင်းအဖြစ်သို့ ရောက် ငတော်မူလျှင် အပါယ် ရတနာမည်သော ယခင်မိဖုရား ကိုပင် အဆောင်အယောင် အစီးအနင်း အပ်နှင်းပေး ကမ်းလှမ်း ဘောင်နန်းမ-မိဖုရားကြီး ဖြောက်တော် မူလေ

သည်။ ။ထို အပါယ် ရဘနာ မိဖုရားကား၊ အရည်အ
သွေး တင့်တယ်လှပ၏။ ကောင်းမြတ်သော အဆင်းကြွေ
အင်ရှိ၏။ အလေ့အကျင့်လည်း ဖြူစင်ကောင်းမွန် လှသည်
ဖြစ်၍ လင်သား တို့၌ ပြုအပ်သော မယား တို့၏ ဝတ
တရားကို နားလည်သဖြင့် အမြဲကျင့်လေ့ရှိ၏။ မြတ်သော
မင်းတို့၏ အရေးအခွင့် အကြောင်းချင်းဘကိုလည်း ထူးစမ်း
ဆင်ခြင်တတ်၏။ အမြဲမပြတ်ပင် အနှစ်သစ္စာ၏ အလိုသို့
လိုက်လျော၍ ကျင့်ကြံလေ့ရှိ၏။ ပတိဗ္ဗတာလက္ခဏာ လွန်
စွာ ချောမော သဖြင့် ကျော်စောသော သဘင်းလည်း
ရှိလေသည်။ ။ထိုသို့သော ဂုဏ်အင်္ဂါ တို့နှင့် ပြည့်စုံ
တော် မူသော ကြောင့်ပင် ထို လှိုင်ရှင် မင်းတရား ကြီး
သည် အပါယ်ရတနာ မိဖုရားကို အထူး ချစ်ကြည်မြတ်
နိုးတော်မူသည်။ တပါးသော မိဖုရားတို့ထက် မြောက်
စားချီးမြှင့်သဖြင့် မင်းမြတ်တို့၏ အရေးအခွင့် ကိုလည်း
ပေးသနားတော် မူသေသည်။ ယင်္ဂါယ်စဉ်ကပင် ချစ်
ကြင်တော် မူရင်းဖြစ်၍လည်း အသွေးအကဲ မြတ်နိုးတော်
မူလေ၏။ ။ထီးလှိုင်ရှင် မည်သော ကျန်စစ်သား မင်း
တရား ကြီးမှာ မိဖုရားကြီး လေးပါး ရှိလေသည်။

မိဖုရားကြီး လေးပါး ဟူသည်မှာ-

၁။ အပါယ် ရဘနာ မည်သော မိဖုရား တပါး။
၂။ ဉဿာမင်း၏သမီး-ခင်ဦးမည်သော မိဖုရားဘပါး။
၃။ ထီးလှိုင်ရှင် ဂန္ဓာသူကြီး၏ သမီး ခင်ဘန် မည်
သော မိဖုရားဘပါး။

၄။ ရှင်မထီး၏ တူမ- သမ္ဘူလ မည်သောမိဖုရား တပါး။

ဤလေးပါးတို့ ပေဘည်း။ ။ထို လေးပါးတို့တွင် ရှင်မထီး တူမ- သမ္ဘူလ မည်သော မိဖုရားကို ဦးဆောက်ပန်း ဟူသော ဘွဲ့အမည်ကိုပေး၍ မိဖုရား မြောက်တော်မူသည်။ ။ အပါယ် ရတနာ မိဖုရားကား တောင်နန်းမ- မိဖုရားကြီး ပေဘည်း။ ။ထိုမိဖုရားကြီး လေးပါး တို့တွင် အပါယ် ရတနာ မိဖုရား ခေါင်ကြီးကား၊ ထီးလှိုင်ရှင် မင်းဘရား ကြီး၏ အလွန် ချစ်မြတ်နိုးခြင်းကို ခံယူတော် မူရသော မိဖုရားကြီး ဖြစ်လေသည်။ ။ထို့ကြောင့်ပင် ထီးလှိုင် ရှင် မင်းတရား ကြီးသည် မင်းအဖြစ်သို့ ရောက်တော်မူ လျှင် ချစ်ခင် ကြင်နာတော် မူသှသော အပါယ်ရတနာ မိဖုရား ကြီးအား ဘုရားစေတီတော် တဆူ တည်ထား တော်မူဘို့ အတွက် လက်ခကံကျွေး ရွှေငွေ ပေးလျက် ဖေးမ- စောင့်ရှောက်တော် မူလေသည်။ ။အပါယ်ရတနာ မိဖုရားကြီးလည်း ဘုရားစေတီတဆူ တည်တော်မူ၏။ ။ ထိုဘုရားကား ယခုတိုင်အောင် အပါယ် ရတနာ- ဟူ၍ ပင် တွင်လတ်သဘည်း။

မှတ်ချက်။

အပါယ် ရတနာ မည်သော မြတ်ဋွာ ဘုရား ကား ယခုအခါဘိုင်အောင် ပုဂံမြို့ တောင်မျက်နှာ မြင်းကပါ ရွာ၏အနီး နဂါးရုံဘုရားကြီး အနားမှာ

ထီးလှိုင်ရှင် မင်းဘရားနှင့် မိဖုရားကြီး အပါယ်ရတနာ တို့မှာ မင်းအဖြစ်သို့ မရောက်မီ အိမ်ရှေ့ မင်းသား ဘဝကပင် ချစ်ခင် ပေါင်းသင်း ရင်းနှီးခြင်း ဖြစ်ခဲ့သဖြင့် သက္ကရာဇ် (၄၀၈) လေးရာ,ရှစ်ချနှစ်တွင် အပါယ်ရတနာ မိဖုရားမှ သို့ဘော်ဘပါး ဘွားမြင်တော် မူခဲ့လေသည်။ ။ ထို သို့ဘော်ကို ရွှေအိမ်သည်- ဟု ဘွဲ့အမည် ပေးတော်မူ၏။ ။သို့ဘော် ရွှေအိမ်သည်- သည် မယ်တော် အပါယ် ရတနာ ကဲ့သို့ပင် အသွင်အပြင် ကြန်အင်သက္ခ ဏာ ရုပ်ဝါအသွေး ယဉ်ကျေး လှပသေ၏။ ကောင်းမြတ်သော အလေ့အကျင့် ရှိသဖြင့်လည်း မင်းသား တကာ တို့က မြတ်နိုးတနာ ရှိကြလေသည်။ ။နူးညံ့ ပြေ့ပျောင်းသော စိတ်နှလုံး ရှိသည့်ပြင် မင်းရေးစိုးခွင့် သင့်- မသင့် ကိုလည်း နှိုင်းချင့်တတ်သော ဉာဏ်အမြော်အမြင် ရှိလေသည်။

ထီးလှိုင်ရှင် မင်းတရား ကြီးကား ချစ်မြတ် နိုးတော်မူလှသော အပါယ် ရတနာ မိဖုရားမှ ဘွားမြင်တော် မူလာသော သို့ဘော် ဖြစ်သောကြောင့် အထူး သဖြင့်ပင် ချစ်ခင်ယုယတော် မူလေသည်။ ထို့ကြောင့်ပင် တပင်တိုင် စံနန်းတော်၌ သို့ဘော် ရွှေအိမ်သည်အား ကြီးစွာသော အဆောင် အယောင် ပေးသနားတော် မူ၍ စံစားနေထိုင် စေတော် မူ၏။ ။သို့ဘော် ရွှေအိမ်သည် ဘွားမြင်တော်မူသော သက္ကရာဇ်ကား (၄၀၈)ချနှစ်ဘည်း။ ထီးလှိုင်ရှင်မင်းကြီး နန်းတက်တော် မူသော သက္ကရာဇ်ကား (၄၂၆) ချနှစ်ဘည်း။ ။ထို့ကြောင့် ထီးလှိုင်ရှင်မင်းကြီး

နန်းတက်ငေတ် မူးသာဒူးခါ သို့ငေတ် ဣရှိအိမ်သည်မှာ အသက်တဆဲ့, ဂုစ်နှစ်မှ ဂိုကြောင်းကို သိရလေသည်။ ။ ထိုဣရှိအိမ်သည်- သည်ပင် သိဟိုဠ်ရှင် ဘုရားဒါသကာ မဟာနုရပတိ စည်သူ. မင်းတရားကြီး၏ မယ်တော်ဖြစ် လာလိမ့်မည်။

ဗုဒ္ဓဘာဒူးချက်။

ကျောက်စာ ရာဇဝင် အဆောင်ဆောင် မှာသင် ထီးလိုင်ရှင် မင်းကြီး၏ သို့ငေတ် အမည်ကို ဣရှိအိမ်သည် ဟူ၍ဖြင်း၊ ဣရှိအိမ်ဆည် ဟူ၍ဖြင်း၊ နှစ်ထွေ ရေးစမှတ် ဂိုလေသည်။ ။သ- အက္ခရာကို ဆ- အက္ခရာအသံ ရှ- အက္ခရာအသံသို့ ပြောင်းဣရှိ. ဘတ်ရှိတ်နည်းကား သက္ကဋဘာသာ- သဒ္ဒါနည်း ဖြစ်သောကြောင့် ဣရှိအိမ်ဆည်- ဟူ၍ရေးသား ဘတ်ရှိတ်ခြင်း သည်လည်း အာသင့်ပင် ဖြစ်၏။ ။ထို. ကြောင့် ဒဂများလူဘို့ ခေါ်ဝေါ်ပြော ဆိုရိုးတွင် ဣရှိအိမ်ဆည် ဟူ၍သာ နှုတ်တက် ကြလေသည်။

၁။ ထူးဆန်းသော နိဒါတ်ကြီးများ။

ထီးလိုင်ရှင် မင်းတရားကြီးသည် ဖြတ်သောမင်း အ ဖြစ်သို့ ရောက်တော်မူလျှင် မှူးမတ်ပညာရှိဘို့နှင့် တိုင်ပင် ဝေဝစပ်ပြီးသော် အဇ္ဈယ်တော် ဘဆဲ့, ဂုစ်နှစ်မှ ဂိုဖြူ ဖြစ်သော သို့ငေတ် ဣရှိအိမ် သည်ကို စောလူးမင်း၏ မြေး

တော် စောယွမ်း မင်းငယ်နှင့် ထိမ်းမြား ဆောင်နှင်း ရုံ ဘက်ခြင်း မဂီလာ ပြုတော် မူလေသည်။ ။သို့ဝေးတော်တို့ အား ဆောင်နှင်းချီးမြောက်မြဲ ဖြစ်သော ကြီးကျယ်ခမ်း နားသော အစီးအနှင်း အဆောင်အရွက် တို့ကိုလည်း ပေး သနားတော်မူ၏။ ။အထူးသဖြင့် ချစ်ခင် မြတ်နိုးတော် မူသော သို့တော်ဖြစ်ရကား စောယွမ်းမင်းငယ်နှင့် လက် ထပ် ထိမ်းမြားခြင်း မပြုမီ တပင်တိုင် စံနန်းတော်တွင် ထားတော်မူခဲ့လေသည်။

၏ကဲ့သို့ ထိမ်းမြား ရုံဘက်တော် မူပြီးနောက် နှစ်နှစ် လောက်ကြာသော အခါ သက္ကရာဇ် လေးရာ, နှစ်ဆဲ့, ရှစ် ခု(၄၂၈) ဝါဆိုလဆန်း (၈) ရက် ကြာသ ပတေးနေ့ ကောင်းမြတ်သော မဂီလာအချိန် ပြက္ခဒိန်အခါတွင် သို့ တော် ရွှေအိမ်သည်မှ သားတော်တပါး ဘွားမြင်တော် မူလေသည်။ ။ထီးလှိုင်ရှင် မင်းကြီး နန်းတက်တော် မူ သော သက္ကရာဇ်ကား လေးရာ, နှစ်ဆဲ့, ခြောက်ခု (၄၂၆) ဖြစ်၍ သို့ဝေးတော် ရွှေအိမ်သည်မှ သားတော် ဘွားမြင်တော် မူသော သက္ကရာဇ်ကား လေးရာ, နှစ်ဆဲ့, ရှစ်ခု(၄၂၈)ခု ဖြစ်သတည်း။ ။ထို့ကြောင့် ထီးလှိုင်ရှင် မင်းတရားကြီး နန်းတက်တော်မူပြီး၍ နှစ်နှစ်ခန့် အကြာတွင် ရွှေအိမ် သည်မင်းသို့မှ သားတော်ကို ဘွားမြင်တော် မူသည်ဟု ယူဆ ဆုံးဖြတ်နိုင်လေသည်။

ယင်းကဲ့သို့ ဘွားမြင်တော် မူလာသော ထီးလှိုင်ရှင် မင်းတရား၏ မြေးတော် သမြတ်ကား နောက်နောင်အခါ

တွင် အသက်ရှည်ခြင်း ဘုန်းတန်ခိုး အာနုဘော် ကြီးမား
တော်မူခြင်း သာသနာတော် သုံးပါးကို စောင့်ရှောက်တော်
မူနိုင်သော ဘုန်းလက်ရုံး အာဏာ ပါရှိတော်မူခြင်း နှိုင်ငံ
တကာ မင်းအပေါင်း တို့၏ ရိသေ ကျိုးနွှံခြင်းကို ခံယူ
တော်မူနိုင်သော စက်လက္ခဏာ ဘုန်းသမ္ဘာ အထူး
ဆည်းပူးပြီး ဖြစ်တော်မူခြင်း ဘေးဒဏ်ရန်စွယ် အာနုဘော်
ရှယ် ပဋိသမ္ဘိဒ်ကို လွယ်လင့်တကူ အောင်ပွဲ ယူတော်
မူနိုင်သော ဘုန်းလက္ခဏာ ပါရှိတော်မူခြင်း စသော ထူး
ခြားသော ဘုန်းပါရမီ ဂုဏ်ရည်အနှစ်နှင့် စင်စစ် ပြည့်
စုံတော်မူသည် ဖြစ်သောကြောင့် ဘွားမြင်တော် မူသော
နေ့မှာပင်-

၁။ ။လောင်မိုး မိုးကြိုးကျခြင်း မြေလျင် ပဲ့ဘင်
ရိုက်ချပါ တုန်လှုပ်နွေလှိမ့် တဆိမ့်ဆိမ့်နှင့်
ဒလိမ့်ဒလိမ့်ဖြစ်ခြင်း မိုးသီး, မိုးပေါက် ကျ
ခြင်း ကောင်းကင်ထဲမှ မီးခဲ, မီလျှံတို့ကဲ့သို့
သော မီးရှူးရောင်များ ပျံသန်းခြင်း။

၂။ ။အဝတ်ထူးထူးသော အရောင်အဆင်းရှိသောလျှပ်
ပန်း, လျှင်နွယ် အဆန်းတကြယ် ကွန့်မြူးခြင်း
ညှိမဲ နီလွင်သော မိုးတိမ်တိုက် အထုကြီး
သည် ဇီးဖြဲ ချမ်းကြည်သော ရေအယဉ်ကို
ဆောင်လျက် ရွှေနန်းဆောင် တချုံးကို အုပ်
ဖုံးဖြန့်မိုးလာသကဲ့သို့ လေးမျက်နှာ အရပ်မှ
ကပြိုင်ထသင်းကြက်ဝေခြင်း။

၃။ ။ကောင်းကင် တိမ်တိုက် ထဲမှ သာယာချေငံ သော နတ်တူရိယာသံတို့ကိုကြားရခြင်း လူ တို့ ပြည်တွင် မတွေ့စဘူး အထူးထူးသော နံ့သာမွှေးတို့ကို နတ်အပေါင်းတို့ ဆောင်ယူ လျက် နန်းတော်ဆောင် အပေါင်းနှင့် တကွ သားကောင်း ရတနာ ဘွားမြင်ရာ အရပ် တွင် သင်းကြိုင်ထုံလှောင်း၍ ထားခြင်း။

၄။ ။အထူးသဖြင့် ရွှေနန်းမတော်ကြီး၌ မဂီလာ ဥကင်သ တံခါးကြီးသည် အလိုအလျောက် တယောက်သောသူ မဖွင့်မူဘဲဟင်းလင်းပွင့် ၍လာခြင်း အိမ်ရှင်မည်သော စည်တော်ကြီး လည်း သူမတီးဘဲ မြည်ဟီး၍ လာခြင်း။

ဤသို့ အ စရှိသော မကြား ဘူးတောင်း မကြုံကောင်း သည့် လွန်ကဲ့ထူးမြတ်သော ပုဗ္ဗနိမိတ် အပေါင်းတို့သည် အလောင်း အလျာ အာစာနီယ ပုဂ္ဂိုလ်ဘို့သည် မယ် တော်၏ဝမ်းမှ ဘွားမြင်တော် မူခိုက် အခါကဲ့သို့ ရွှေအိမ် သည့် မိဖုရားမှ သားကောင်း သူမြတ် ဘွားမြင်တော်မူ သည်နှင့် တပြိုင်နက် အံ့ဩဘွယ်ရာ ဖြစ်ပေါ်၍လာကြ ကုန်သတည်း။ ။သို့စဉ်မျှပင် ချီးပ၍ မကုန် ထုန်လှုပ် ချောက်ချားဘွယ် ကောင်းလှသော အံ့ဘွယ်သရဲ ထူးကဲ ဆန်းကြယ်သော လွန်မြတ်သော နိမိတ်ကြီးတို့ဖြင့် ဘွား မြင်တော် မူလာသော သတိုးသား သူမြတ် သည်ပင် သိဟ်ဋ္ဌရင် မြတ်စွာ ဘုရား၏ ဒါယကာတော် ဖြစ်လာ

လိမ့်သတည်း။ ။သည်ကို ရည်ရွယ်၍ ဘုရားဆက် သဓိုင်းလက်ာတွင် အောက်၌ ဘော်ပြထားသော လက်ာ ပိုန်တို့ကို အရှင်မွေ ဝိထာသထေရ် ရေးစီ သီကုံးတော် မူခဲ့သည်။

ဘုရားဆက် သဓိုင်း လက်ာများ။

၁။ ။အထွေအထွေ ရံဝန်း ဆြေဟု သံချေတျင်း တျင်း ညိမ့်အောင် ညှင်းသား မင်းမြတ်တို့ထံ ရိကျိုးနွံ သည် ဒိသံမောင်းမ ထိန်းအယတို့ ချိမြပဋ္ဌင် သံဝါ ငင်လျက် ပျော်ရွှင် ဖြေဖျော် သဒီးတော်မည် ရွှေအိမ် သည်မှ ခြည်လျှံရောင်ဝါ ဘုန်းသမ္ဘာနှင့် အာထာပတ် ပတ် လေးကျွန်းနတ်ဟု ဖြစ်လတ်အံ့သော သက္ခိဘော လျှင် အဟောအစ္ဆရိ အံ့ဘွယ် ရှိသည် နိမိတ် ဟောတု အရရကား ဝါယုပထ ဓိုးဘိမ်ဝမှ ပြိုကျလျှင်နွယ် ဇီး ငယ်ခန့်မျှ ဓိုးသီးကျ၏ မြူးကြွပျံအုံ ဓိုးသံရုံလျက် ဝိဇ္ဇုမ္မာ လာ ဥက္ကာပါတ ဒီးရှူးကျသို့ နန်းမအလုံး ရောင်ဝါပြိုး ရှင့် ခြိမ့်အုံးအုတ်အာ ပဲ့တင်ညာလျက် သိလာပံသု မြေ နှစ်ခုလည်း စောင်းလုတတ်နှယ် ပန်းနွယ်ချိုင်းချိုင်း နန်း တော် တိုင်းလျှင် ဝိုက်သိုင်း ညှိမှောင် ဓိုးတိမ် တောင် လည်း ချမ်းယောင်ဇေးလူ ခစားမူ၏ ကြူကြူချေငံ နတ်တို့ ထံမှ အသံပဋ္ဌင် တုန့်ရိုက် ငင်သည်။ ။ရှုမြင်ကြားနာ မူးမူးတည်း။

၂ ။ ။ကျည်ဘာ အုတ်ဇောဘ်။ နတ်ဖန်ဆော်သို့။ ဖြေပေါ်မဟဲ့။ အံ့မူးဘွယ်သား။ ပြစ်မဲ့သုဒ္ဓိ။ တန်ခိုး ဂုဏသည့်။ အာတိဇာတာ။ သားလျာရေ၍။ စန္ဒနဂန်။ သရက္ခန်နှင့်။ ကျန်ကျန်သဲသဲ။ နံ့သာခဲကို။ ကြဲသို့ အသွင်။ ဣန္ဒနိုး ပြင်ဝယ်။ နံ့မပြယ်ဘောင်။ မှန်ချယ်ဖလံအုပ်။ ဣရောင်ခုံပြသည်။ သွန်းချပ် ပန်းပု။ ပန်းချီမှာဖြင့်။ ဝေလးရ အင်္ဂါ။ ခြောက်ဖြာအကျောင်း။ ဂုဏ်ညွှန့်ပေါင်းသား။ ညောင်း ညောင်း စိန်ဝါ။ ကြာငါးဖြာနှင့်။ မဂီလာ ဥကင်။ အေးမည့် တွင်သည်။ တံကျင်လျှိုထား။ နန်း တံခါးလည်း။ ဟားလား ဟင်းလင်း။ ပွင့်သန္ဓင်းဂျိ။ နန်းတွင်း နန်းပြင်။ မင်းလျှင် ထွက်တော်။ မှုလတ်သော်မှ။ ရိုက်ဆော် သံလွင်။ စည်အိမ့်ရှင်လည်း။ သက်ဝင်သောနှယ်။ ကျည်ကျည်ငယ်မျှ။ အလွယ်ခဏာ။ မြည်ကုန်ရှင့်။ ဘုရား ဘေးဘိုး။ ဘုန်းတန်ခိုးထက်။ ဝေဖြိုးတာသွန်။ ပုည်ဝန်သည်။ ။မိုးစွန်ထက်ဟျားရှူးရှူးတည်း။

မှာထားချက်။

"ဤသို့ ဆိုခဲ့သော အာဘိုင်း ဣန္ဒအိမ်သည် ဒိဟုရားမှ ဘွားတော် မှုသော သားတော် သူဖြတ်၏ ဘုန်းတော် အစွမ်းကြောင့် ထူးဆန်း အံ့သြဘွယ်ကောင်းသော နိမိတ်တို့ ဖြစ်ပေါ်လာရာ ထိုအခြင်း အရာတို့ကို ကောင်းစွာ ယုံကြည်ကြရမည်။ ။အဇိန္ဒိယ လေးပါးတွင် ကမ္မဝိပါကော အဇိန္ဒိယော။ ။ဟူသော ဒေသနာတော်ကို နှလုံးသွင်းမိကြပါစေ။

၂။ ဟူးရားဆရာတို့က နိမိတ်ဘတ်ကြားခြင်း။

ကြက်သီးဖြန်းဖြန်း ထဘနန်းမျှ ထူးဆန်း အံ့ဩဘွယ်ကောင်းသော ပုဗ္ဗနိမိတ် လန့်ထိတ်တုန်ဘွယ် ကြီးကျယ်မြင့်မြတ်လှသော အကြောင်း ခြင်းရာတို့ကို ထီးလှိုင်ရှင်မင်းတရားကြီး ကြားသိတော်မူလျှင် သို့ဖြီးတော် ရှေ့အိမ်သည်တွင် သာ.တော်ဘပါး ထွန်းကား ဘွားမြင်တော်မူသည်ကို သိရှိတော်မူရ လေသောကြောင့် ရှင်ပျ ဝမ်းသာ လွန်စွာ နှစ်သိမ့်သော စိတ်တော်ရှိသည် ဖြစ်၍ ၁ဟူးရားဖြူ, ဟူးရားညို တို့ကို ခေါ်တော် မူ၍။ ။ဤသို့သော အံ့ဘွယ် သရဲနှင့် ထူးကဲ လွန်မြတ်စွာ ဘွားမြင်တော်မူလာသော ငါမင်းဘရားဇ၏ မြေးတော် သူမြတ်ကား အဘယ်သို့သော ဘုန်းပညာ ကြန်အင် လက္ခဏာနှင့် ပြည့်စုံတော်မူသတ္တံ့ သနည်းဟု မေးမြန်း စိစစ်တော်မူလျှင် ဟူးရားဖြူ, ဟူးရားညိုတို့က အညီအညာ လျှောက်ထားကြသည်မှာ။

၁။ ။"ဟူးရားဖြူ, ဟူးရားညို"။ ။ဟူသောစကား၌။ ။ဟူးရား- ဟူသည်မှာ၊ ဟောရ- ဟူသော ပါဠိမှ ဆင်းသက်လာသော စကား ဖြစ်သည်။ အဓိပ္ပါယ်မှာ ဆေးပါးဓာတ်စာ ဗေဒင် ဆရာတို့၌ လိမ္မာ ကျွမ်းကျင်သော သမားတော် ကိုပင် ဆိုလိုသည်။ ။ဟူးရားဖြူ- ဟူသည်မှာ ပုဏ္ဏားမျိုး၊ ။ဟူးရားညို- ဟူသည်မှာ မြန်မာမျိုး, သမားတော်များကို ခေါ်ဆိုလေသည်။

"ယခုသို့ပြီးတော် ဤအဓိပ္ပါယ်သည်တွင် ဘွားမြင်တော်မူသော မြေးတော် သူမြတ်ကား ဖြည့်ဆည်းပူးတော်မူခဲ့သော ပါရမီဟုန် ဘုန်းဂုဏ် အာပေါင်းတို့ကြောင့် မကြို့ဘူးတောင်း မကြား ကောင်းသော နိဒါတ် ထူးကြီးများ ဖြစ်ပေါ်လာရပါသည်။ ။သို့ဖြစ်လာပါ၍ အရှင်မင်း တရားကြီး ဘုရားဖို့မြေးတော် သူမြတ်ကား နောင်သော အခါတွင် ဇမ္ဗူဒီပ တကျွန်းလုံးကို လွှမ်းမိုး အုပ်စိုးနိုင်သော ဘုရင်မင်းမြတ်ကြီး တပါး ဖြစ်တော် မူပါလိမ့်မည်။ ။ရှေးရှေးသော ဘေးလောင်းတော်, ဘိုးဘေးလောင်း တော်တို့သည် မကြီအပ်, မကြီဘူးသော ထူးမြတ်သော အကြီတို့ကို ကြံစည်တော် မူ၍ ကျွန်းငါး သင်္ဘောပြင်သို့ ရောက်အောင်ကြွတော်မူပါလိမ့်မည်။

လော်ငမီးမိုးကြီး အမျိုးမျိုး ကျရောခြင်းတို့မှာ မြေးတော် သူမြတ်သည် နောင်အနာဂတ် အခါတွင် နေဝါလရောင် ကဲ့သို့ တရောပြောင်ပြောင် ထွန်းလင်းတော်မူ၍ မင်းတကာတို့၏ ဦးခေါင်းထက်တွင် ငလောင်မီး မိုးကြိုးစက် ကဲ့သို့ ထက်မြက်ထူးခြားသော အာဏာတော်ကို ပေးတော်မူနိုင်အံ့သော နိဒါတ်ကြီးများ ဖြစ်ပါသည်။ ။တိမ်ကောင်းတိမလိပ်တို့၏ အကြားမှ မီးရှူးမီးစိုင်ကြီးများ ပျံသွက်ခြင်းတို့ကား မြေးတော် သူမြတ်သည် သာသနာတော်သုံးပါးကို ညှိုခဲမျှောင်ရည်သော အညစ်အကြေး မရှိအောင် ပယ်ရှားသုတ်သင်တော် မူလျက် စေတီ, ပုထိုး အုတ်ဂူး, ပြာသာဒ် စရပ်, တန်ဆောင်း ဂူ, ကျောင်း, ဘုရားတံတား, ရှိုးပြ ဆည်မြောင်း, ကန် ဇလာန်, အထူးတို့

ကို အနှံ့အပြား တည်တော်မူလျက် သာသနာတော်သုံး ပါးအား မြောက်စား ပြုစုတော်မူအံ့သော နိမိတ်ကြီးများ ဖြစ်ပါသည်။

မြေငလျှင် ပဲ့ဘင် ရိုက်ချုပ် တုန်လှုပ်ခြင်း တခဲနက် ညှိမှောင်သော မိုးတိမ်တောင် အထုကြီးသည် ရွှေနန်း တော်ဦးသို့ လွှမ်းမိုး လာခြင်းတို့မှာ ဘွားမြင်တော်မူ သော မြေးတော် သူမြတ်သည် နတ်မင်း, သိကြားမင်းနှင့် တူသော တန်ခိုးတော်ဖြင့် ဇမ္ဗူဒိပ် တကျွန်းလုံးတွင် အလိုရှိရာ အရပ်သို့ လှည့်ပတ် သွားလာနိုင်သော စိတ် အလိုရှိတိုင်း ပြီးစီး နိုင်သည့် ဘောင်တော် လှေယာဉ် စကြာကြီးကို ရရှိတော် မူအံ့သော နိမိတ်များ ဖြစ်ပါ သည်။ ရွှေနန်းတော် အလုံး မွှေးကြိုင်သော ရနံ့များ ဖုံးအုပ် လာခြင်းကား ဘွားမြင်တော် မူသော မြေးတော် သူမြတ်၏ ကျေးဖူးဂုဏ် သတင်းတို့မှာ နိုင်ငံတကာ ပြည်ထောင်တကာနှင့် တကွ ခပ်သိမ်းသော သူတို့ကို လွှမ်းမိုးလျက် မွှေးကြိုင်အံ့သော နိမိတ်ဖြစ်ပါသည်။

မဂီလာရှိသော မဟာဥကင်သ တံခါးကြီး ဟင်းလင်း ပွင့်လာသည်မှာ မြေးတော်သူမြတ်၏ လက်ထက်တော် တွင် တိုင်းရေးပြည်ရာတို့ကို ကောင်းစွာ စောင့်ရှောက် ခြင်း မရှိသောကြောင့် ရွှေနန်းတော် တွင်းဝယ် ခိုးသား သူပုန်တို့ ဝင်ရောက်အံ့သော နိမိတ် ဖြစ်ပါသည်။ ။

မဂီလာအိမ်ရှင် စည်တော်ကြီး သူမတီးဘဲ အလိုအ လျောက် မြည်ဟီး လာခြင်းမှာ မြေးတော် သူမြတ်၏ လက်ထက်တော်ဘွင် ထင်ပေါ် ကျော်စောသော ရဟန်း

ပညာရှိ လူပညာရှိကြီးများ ဖြစ်ပေါ်ပေါက် အံ့သော နိမိတ်ဖြစ်ပါသည်။ ။ဤကဲ့သို့ အညီအညာ လျှောက်ထားကြလေသည်။

မှာထားချက်။

ခိုးသား သူပုန်တို့ ဝင်ရောက်အံ့- ဟူသော နိမိတ်မှတပါး တခြား နိမိတ်တို့ကား ကောင်းမြတ်သော နိမိတ်တို့ချည်း ဖြစ်ကြ၏။ ။ထို ကောင်းသော နိမိတ်တို့ အတိုင်းလည်း မြေးတော်သူမြတ်အား အလုံးစုံ ဖြစ်ပေါ်၍ လာကြလေကုန်သည်။ ။ခိုးသားသူပုန်တို့ ဝင်ရောက်အံ့- ဟူသော နိမိတ် အတိုင်းလည်း မြေးတော်သူမြတ် မင်းအဖြစ်သို့ ရောက်တော်မူ၍ သက္ကရာဇ်လေးရာ့, ငါးဆဲ့, ခြောက်ခု [၄၅၆] ခု နှစ်တွင် ရွှေနန်းတော် အတွင်းသို့ ခိုးသားဓါ.ပြ သူပုန်ပေါင်း တရာကျော် ခန့်တို့ ဝင်ရောက် တိုက်ခိုက်လာရာ ရွှေနန်းတော်ထက်မှာပင် လွယ်ကူစွာနှိပ်နင်း အောင်မြင် တော် မူလေသည်။

ထီးလှိုင်ရှင် မင်းတရားကြီး ဘုရားသည် ဟူးရားဖြူ, ဟူးရားညိုတို့ လျှောက်ထားသော စကားကို ကြားရတော် မူလျှင် အားရ နှစ်သက် မြိန်ရှက်တော် မူလှသဖြင့် ဟူးရားဆရာတို့ အားလည်း ဆုလာဘ် များစွာပေးတော် မူသည်။ မြေးတော် သူမြတ်နှင့် သို့းတော် ရွှေအိမ်သည်တို့ အားလည်း ရွှေ,ငွေ,ရတနာ အစရှိသော မရေမတွက်နိုင်

သော ဆုသာဘ်သ ပကာတ်ရကို ပေးတော်မူသည်။ ။ နှုတ်တော်ဖြင့်လည်း ဝမ်းမြောက် ဝမ်းသာ မင်္ဂလာရှိသောစကားကို မိန့်ကြားတော်မူသည်မှာ။ ။(ငါးမြေးသူမြတ်ကား သာလှပသေ)။ ။ဟူ၍ ဖြစ်လေသည်။ ။ ဆိုလိုရင်းမှာ။ ။ငါမင်းဘရားဏီ မြေးတော် သူမြတ်သည် ခမည်းတော်, ဘိုးတော်, ဘေးတော် အလောင်းတို့ထက်ရင်း၊ တပါးသော မင်းဇကရာဇ် အပေါင်းတို့ထက်ရင်း၊ အကြောင်းထူးစွာ ဘုန်းတော် သာလွန်ပါပေသည်။ ။ဟူ၍ ချီးကြူးတော် မူလိုရင်း ဖြစ်လေသည်။ ။ဤကဲ့သို့ နှုတ်တော်မြွက်၍ မြိန်မြိန်ရက်ရက် ချီးမွမ်းတော်မူခြင်းကား ဤအကြိမ်သည် ပထမအကြိမ် ဖြစ်လေ၏။

၃။ ထူးဆန်းသော နိမိတ်တရဖြစ်ပြန်ခြင်း။

မြေးတော် သူမြတ်သည် မွေးဘွား ပြီးသော အခါမှစ၍ သည်းထန်စွာ ငိုကြွေးနေတော်မူ၏။ တရံတယောက်သော အထိန်းအယ အချီအချော့တို့သော်မှ အငိုတော် တိတ်အောင် ချော့မော့ခြင်းဌါ မစွမ်းနိုင်ဘဲ ရှိလေ၏။ ။ ပြင်းပြသည်းထန်စွာ ငိုကြွေးတော် မူလွန်းသဖြင့် မြေးတော် သူမြတ်၏ ချက်တံ အညှာသည် ရှည်လျားစွာ ထွက်လာခဲ့သေ သဘည်း။ ။ဤကဲ့သို့ အငိုအရှိ မတိတ်ဘဲ ထိတ်လန့် ဘွယ်မျှ ချော့မော့ မရ ရှိသော နိမိတ်ကို ထီးလှိုင်ရှင် မင်းတရား ကြားသိတော် မူပြန်လျှင် ရှေး

နည်းတူ ဟူးရားဖြူ ဟူးရားညှိတို့အား ခေါ်ဝေါ်တော်မူ၍ မေးမြန်းစိစစ်တော် မူပြန်သော် ဟူးရား ဆရာတို့က လျှောက်ထား သံတော်ဦး တင်ကြပုံမှာ-

မြေးတော် သူမြတ် အဝိုတော် မတိတ် နိုင်ခြင်း အကြောင်းမှာ အရှင် မင်းတရား ဘုရား၏ မြေးတော်သည် ဘုန်းသမ္ဘာတော် ကြီးမားတော် မူသှ သောကြောင့် အရှင် မင်းတရား ဘုရား၏ အုင်စိုးတော် မူရာ တိုင်းကား နိုင်ငံ အဝှမ်းအတာ အပိုင်း အခြားတို့ကို သိလိုလှသော သဘောတော်ရှိ၍ ဝိုကြွေးတော် မူခြင်းဖြစ်ပါသည်။ ။ တိုင်းနိုင်ငံ အပိုင်း အခြားကို ရွှေပေ ရွက်တွင့် သဝဏ်စာစောင် ရေးသား၍ ဘတ်ကြား ပြသမှသာ အဝိုတော် တိတ်၍ ရွှေစိတ်တော် ကြည်လင် ပါလိမ့်မည်။ ။ဤကဲ့သို့ လျှောက်ထား သံတော်ဦးတင် ကြလေသည်။ ။ ထီးလှိုင်ရှင် မင်းတရားကြီး ဘုရားလည်း ဟူးရား ဆရာတို့ လျှောက်ထားပုံကို ကြားသိရသော အခါတွင် အမှူး အမတ်များကို ခေါ်တော်မူ၍ တိုင်းနိုင်ငံ အပိုင်း အခြားကို ရွှေပေရွက်တွင်ထင်စွာ ရေးသားစေပြီးမှ မြေးတော် မင်းသားငယ်၏ အနီးအနား၌ ဘတ်ကြား စေတော် မူရသည်။

ရွှေပေရွက်တွင် ရေးသား ထားသော စာလွှာ။

ဘုန်းတော် အလွန် တရာ ကြီးမြတ်တော် မူသော ထီးဆောင်းမင်းတကာ တို့ထက် မြတ်သော ထီးဆောင်း

မင်းသခင် ဘုရင် ဧကရာဇ် တဆူ ဖြစ်တော် မူသော မြေးတော် သူမြတ်၏ ဘိုးတော်ဘုရား ထီးဖိုင်ရှင် မင်းတရားကြီး၏ တိုင်းကား နိုင်ငံတော် အဝှမ်း အပိုင်း အခြားကား။ ။အရှေသို့ လားသော် စတိဿ လည်းမည် ပန်းသေး ပြည်လျှင် အခြားတည်း။ အရှေ တောင်သို့ အလားကား အယောဇ လည်းမည် ဂျွမ်းတို့ ပြည်လျှင် အခြားတည်း။ တောင်သို့ အလားကား သမုဒြာအလယ်တွင် ထွန်းသော နဂါးပတ် ကျွန်းလျှင် အခြားတည်း။ အနောက် တောင်သို့ အလားကား ပဋိကွယားလည်းမည် ကုလားပြည်လျှင် အခြားတည်း။ အနောက်သို့ အလားကား မဇျိမ လည်းမည် မင်းနေ ပြည်လျှင် အခြားတည်း။ အနောက်မြောက်ထောင့်သို့ အလားကား ကတူးဝနားကြီး လည်းမည် ရေပေါ် မီးလျှင် အခြားတည်း။ မြောက်သို့ အလားကား ဂန္ဓာလမည် တရုပ် ပြည်လျှင် အခြားတည်း။

ဤကဲ့သို့ အရပ်ရှစ်မျက်နှာနှင့် တတွ တိုင်းနိုင်ငံ အပိုင်းအခြားကို ရှေ့ပေ ရွက်တွင် ပြီပြင် သေချာစွာ ရေးသားပြီးသော် မင်းသားငယ်၏ ရှေ့တွင် အမှူး အမတ်တို့ ဘတ်ရွတ် လျှောက်ထားမှ မြေးတော် မင်းသား အငိုတိတ်တော် မူလေသည်။ ။ဤသို့ ဖြစ်ရ ခြင်းလည်း ဘုန်းတော် ဂုဏ်ထူး ဆည်းပူးတော် မူခဲ့ပြီးသော မင်းသားငယ်၏ ထူးထွေ ဆန်းကြယ် အံ့ဩဘွယ် ကောင်းသော နိမိတ် အကြောင်းတရပင် ဖြစ်လေသည်။

၄။ ပေးနိုင် ခဲသော ဆုမြတ်ကို ပေးသနားတော် မူခြင်း။

ထီးလှိုင်ရှင် မင်းတရား ကြီးလည်း ထူးထူး ခြားခြား ဆန်းပြားလှသော နီမိတ်တော်ကို ရှုမြင်ရလျှင် ရှေးနည်း အတူ ကြည်ဖြူချမ်းမြေ့ နှလုံးတော် တွေ့လှသဖြင့် လွေ့လွေ့ ရမ်းရမ်း ချီးမွမ်းဆိုမြွက် ပေးနိုင် ခက်သော မင်းတကာတို့ မပေးဘူးသော နှုတ်တော်ဆုကို ပေးသနားတော် မူလေသည်။ ။နှုတ်တော်ဆု ပေးပုံမှာ.

ငါ့မြေးတော်နန်းကို ငါစောင့်နေရပါသည်။

ဟူသော စကား ကြီးပင် ဖြစ်လေသည်။ ။ဤကဲ့ဘို့ ဝစီဝါစာ မင်္ဂလာ ရှိသော နှုတ်မြွက် ခြင်းကို မင်းဆက်တကာတို့ ပြုနိုင်ခဲလှ၏။ လွန်ကဲ ထူးမြတ်သော ဘုန်းကံ ပါရမီ ပြည့်စုံ ညီသော မင်းသား များသည် သာလျှင် ခံယူဆိုက်သော နှုတ်ခွန်းတော်ဆုကြီး ဖြစ်လေသည်။ ။ ဤကဲ့သို့သော ဆုတော် မြတ်ကား ရှေ့, ငွေ, နဝရတ်စသော ရတနာ အမျိုးမျိုး တို့ထက် ရနိုင် ခက်လှသော ဆုမျိုး ဖြစ်သောကြောင့် သခိုင်း ဆရာ ရာဇဝင် ဆရာ တို့က ဤသို့သော ဆုမြတ်မျိုးကို (ဒုလ္လဘီဝါစာ) မင်္ဂလာ ဆုတော် ဟူ၍ ခေါ်ဝေါ်ရေးသား ကြလေသည်။

ဆိုလိုရင်း အခိပ္ပါယ်မှာ။ ။ပေးသော ပုဂ္ဂိုလ်ကလည်း ပေးနိုင် ခဲလှ, ရသော ပုဂ္ဂိုလ်မှာလည်း ရနိုင် ခဲလှသော

မြတ်သော မိန့်ခွန်း စကား ကိုပင် (ဒုလ္လဘိဝါစာ) ဟူ၍ ဆိုလိုရင်း ဖြစ်သည်။

မှာထားချက်။

ဤကဲ့သို့သော ဒုလ္လဘိဝါစာ မင်္ဂလာ ဆုတော်ကို ရရှိခံယူတော် မူရသော မင်းတို့မှာ မြန်မာ ရာဇဝင် တို့၌ ယခု ရေးပြ ခဲ့သော ထီးလှိုင်ရှင် မြေးတော် တပါး၊ အင်းဝ ပြည်တွင် ဘုရင် ရိုးညွှင်း မင်းတရား ကြီး၏ သားတော် အိမ်ရှေ့ မင်းဘပါး။ ။သည်နှစ်ပါးသာ ရှိလေသည်။ ။ ရိုးညွှင်း မင်းတရား ကြီးသည် မိမိ၏ သားတော် အိမ်ရှေ့ မင်းသားအား (မောင့်မြို့- မောင့် နှန်း) ဟူသော စကားကို ပေးသနားတော် မူဘူးလေသည်။

ဒုလ္လဘိ ဝါစာ မင်္ဂလာ ဆုကို ပန်ဆင် ရရှိတော်မူသော မြေးတော် သူမြတ်ကား ဘွားမြင်ပြီး၍ မကြာမီ ပင် ထီးနန်းကို အုပ်စိုး၍ မြတ်သော မင်းအဖြစ်သို့ ရောက်အောင် ချီးမြှောက်ခြင်း ခံယူတော် မူရလိမ့်မည်။ ။ သည် အရာတွင် ဘုရားဆက် သရိုင်းလက်ာကို တော်ပြဦးမည်။

ဘုရားဆက် သရိုင်းလက်ာ။

၃၊ ကျောက်မျိုး နဝရတ် မျက်တောင် ခတ်သို့ ဝန်းပတ်ရိပ်ငြိမ် နန်းမွေ့သိမ်ထက် ရှေ့အိမ်သည် ဖုရား

မွေးပေါက် ဘွားသော သားကောင်း ရတနာ ဘုန်းဝါ ကြန်အင် ပြည့်စုံ လင်သည် ဗုဒ္ဓကို နှောင်း သတိုး လောင်းကား ထိန်းကျောင်း ယုယ ပြူဌါကြသည်း မရ နိုင်သော် ငိုကြွေး အော်လျှင် ဘိုးတော် ဘုရား တိုင်း အခြားကို ဘတ်ကြား စေမှ ကြည်ရွှင် ပျဏ် လောက မျက်ဖျော် ရှင့်ဘိုးတော်လည်း လှစ်ဘော်ရဲရဲ ဆိုခဲနိုင်လှ နှတ်မိန့် ဟလျက် ငါ့ မြေးတော်နန်း ငါ သိမ်းမြန်းဟု ရွှင်လန်း ပြီပြင် ခွန်းတော် ဆင်သည်။ ။မင်းတွင် အ ထွတ်အမြတ်တည်း။

၅။ တတိယ နိမိတ်ကြီးတပါး။

မြေးတော် သူမြတ်သည် အငိုတော် တိတ်ပြီးသော် ခဏမျှ ကြာအောင် စက်ရာ ထက်တွင် တလွန့်လွန့် တလိခ်လိခ်နှင့် အညိခ် နေတော် မမူနိုင်ဘဲ ရှိပြန်လေ သည်။ ။ထို အခြင်းအရာကို ထီးလှိုင်ရှင် မင်းတရားကြီး သိမြင်တော် မူပြန်လျှင် ဧရားနည်းတူ ဟူးရား ဆရာတို အား မေးမြန်းတော် မူချေပြန်သော် ဟူးရား ဆရာတို့က လျှောက်ထား ကြသည်မှာ၊ မြေးတော် သူမြတ်သည် အငိုတော်ဘိတ်ရာမှ ခဏမျှ ကြာအောင် တွန့်လိခ် လှုပ် ရှားလျက် ငြိခ်ဆိခ်စွာ စံနေတော် မမူနိုင်ခြင်းမှာ။ ။ အရှင့် မြေးတော်သည် နောင်သောအခါ အရွယ်တော် ကြီး၍ နတ်ရွာစံတော် မူခါနီးတွင် ရွှေနန်းထက်မှာ နတ် ရွာ စံတော် မမူရဘဲ ဘုရားဂူ၏ အတွင်းဝယ် ဆင်းရဲ

ပင်ပန်းစွာ နတ်ရွာစံတော် မူရအံ့သော နိမိတ်ကြီးဖြစ်ပါ သည်- ဟူ၍ လျှောက်ထား ကြလေသည်။

မှတ်ချက်။

ဟူးရားဆရာတို့ လျှောက်ထားချက် အတိုင်း မြေးတော် သူမြတ်သည် မိမိပြုလုပ် တည်ထားခဲ့ သော ရွှေဂူကြီး ဘုရား၏ အတွင်း၌ သားတော် နရသူ မင်းသား၏ လက်ချက်ဖြင့် ပင်ပန်း ဆင်းရဲ စွာ နတ်ရွာ စံတော်မူရ ရှာချေသည်။ ။ဤအ ကြောင်းကို ဤသရိုင်း၌ပင် တွေ့မြင် ဘတ်ရှုရပါ လိမ့်မည်။

ဤသို့လျှင် ဘုန်းလက်ရုံးပညာ နေဝါ လရောင် ကဲ့သို့ ထွန်းပြောင် တောက်ပတော်မူ၍ သာသနာတော် သုံးပါး၏ အစီး အပွါးကို ဆောင်နိုင် အံ့သော မင်းလောင်း မင်း လျာကို ဘွားမြင် လာရခြင်းမှာ မြန်မာ အမျိုးသား အ ပေါင်းနှင့် သာသနာတော် သုံးပါး၏ ကုသိုလ် ကံကြီး တရပင် ဖြစ်လေသည်။ ။သို့မျှ ဘုန်းတော် ကြီးမား တော်မူသော အဆုံး မရှိသော လက်ရုံး အာဏာ သမ္ဘာ အဆောက်အဦတို့နှင့် ပြည့်စုံတော်မူသတ္တုံ့သော အထူးထူး သော အံ့ဘွယ်သရဲ လွန်ကဲ ထိတ်လန့်ဘွယ် ကောင်း သော တိတ်နိမိတ် အပြား တို့ကို ထင်ရှားစွာ ဖြစ်စေနိုင် သော ပါရမီ ဂုဏ်ထူး ရှိတော်မူသည့် ထီးလှိုင်ရှင် မင်း တရားကြီး ဘုရား၏ မြေးတော် မင်းသို့- ရွှေအိမ်သည်‘ မင်းသား- စောယွမ်း မင်းငယ်တို့၏ သားတော် ဖြစ်သော

မင်းသောင်း မင်းလျာ သူမြတ် သည်ကား သာသနာတော် သက္ကရာဇ် တထောင့်, ခြောက်ရာ, / တဆယ်ပြည့် (၁၆၁၀) ဂေါဇာ သက္ကရာဇ် လေးရာ့ နှစ်ဆဲ့, ရှစ်ခု (၄၂၈) ခုနှစ် ဝါဆိုလဆန်း (၈)ရက် ကြာသပတေးနေ့ ကောင်းမြတ်သော မင်္ဂလာ ရက်ချိန် ပြက္ခဒိန်ခေတ် အတွင်း၌ နတ်တို့ပြည်မှ နတ်မင်း, သိကြားမင်းတို့ ပို့ဆောင်လာဘိသကဲ့သို့ ရှေ့အိမ်သည် မင်းသို့မှ ဘွားမြင်ဖြစ်ထွန်းတော်မူခဲ့ လေသတည်း။

ဘုရားဒါယကာ ဘွားမြင်တော်မူခန်း ပြီး၏။



မင်းဇောရာဇ် အဖြစ်သို့ ရောက်တော်မူခန်း။

ယခု အခါ၌ သီဟိုင်ရှင် ဘုရား ဒါယကာ ဘွားမြင်တော်မူရာ အခန်းအပိုင်းကို ဆိုပြီး၍ မင်းဇောရာဇ် အဖြစ်သို့ ရောက်တော်မူခန်းကို ဆိုပေအံ့သတည်း။

မြေးတော် သူမြတ် မွေးဘွားတော် မမူမီ အခါက ထီးလှိုင်ရှင် မင်းတရားကြီး၏ တိုင်းနိုင်ငံတော် အဝင်ဖြစ်သော ကုလားပြည် သံတောင် အရပ်နှင့် ဝသုံးပင်လယ် အရပ်တို့သည် သစ္စာတော်ကို ဖေါက်ပြန်လျက် ထောင်ထား ခြားနား ကြလေသည်။ ။ထီးလှိုင်ရှင် မင်းကြီးသည် နိုင်ငံတော် ဖြစ်သော ကုလားပြည် သံတောင်နှင့်

ဝသုံး ပင်လယ်ဝတ္ရီကို နှိပ်နင်းတိုက်ခိုက်ရန် စစ်သည် ပေါင်းများစွာနှင့် အမှူးအမတ် တ္ရီကို စေလွှတ်တော် မူ လေသည်။ ။မှူးမတ် ဗိုလ်ပါ တ္ရီလည်း ကုလားပြည် သံတောင်နှင့် ဝသုံးပင်လယ်ဝ အရပ်တ္ရီကို တိုက်ခိုက် နှိပ်နင်းရန် စစ်သည် ပေါင်း များစွာနှင့် တွက်ကြ လေ သတည်း။

မြေးတော် သူမြတ်ကား ကြီးမားသော ဘုန်းတန်ခိုး ရှိတော် မူသောကြောင့် အထူးထူးသော အံ့ဘွယ် သရဲ တိုကို ဖြစ်စေလျက် ဘွားမြင်တော် မူခဲ့သည် ဖြစ်ရာ ဘိုးတော် ထီးဖိုင်ရှင် မင်းကြီးမှာ လွန်စွာ နှစ်သိမ့်အားရ တော် မူသောကြောင့် ဘွားမြင်တော် မူပြီး၍ နှစ်ရက် သုံးရက်မှု အကြာတွင်ပင် [၁] ရာဇာဘိသေက မင်္ဂလာကို စီရင်ပြုလုပ်၍ မိမိအုပ်ချုပ် စိုးစံတော် မူရသော တိုင်း နိုင်ငံတော်၌ ကိုယ်တော်နှင့် ထပ်တူ ထီးဖြူဆောင်းစိုက် ၍ မြတ်သောမင်း အဖြစ်သို့ သွတ်သွင်း တင်မြောက်ရန် ရည်သန်ဝိုင်းခြားတော် မူသည်။

ရာဇာဘိ သေကမင်္ဂလာ ဟူသည် မင်း၏ အဖြစ်သို့ တင်မြောက်လျက် ထိပ်ထက်၌ ရေစင် သွန်းလောင်းခြင်း

---

[၁]။ ရာဇာဘိသေက မင်္ဂလာ စီရင်ခြင်း အခမ်းအနား ကို ရှေဘုံနိဒါန်းကျမ်း, ဝညဝတီ အရေးတော်ပုံ ကျမ်းတို့ ၌ အကျယ်တဝင့် ဆိုထားပြီးဖြစ်သောကြောင့် ဤသရိုင်း ကျမ်း၌ ရာဇာဘိသေက မင်္ဂလာ အခမ်းအနားကို တော် ပြခြင်း မပြု သတည်း။

သဘင်ကို ဆိုလိုသည်။ ။ဗြဲးတော် သူဖြတ်ကို ဘွားမြင်တော် မှုပြီး၍ နှစ်ရက်, သုံးရက်ခန့် ကြာလျှင် ဘိုးတော် ထီးလိုင်ရှင် မင်းတရားကြီးသည် ဖြတ်သော ရာဇပလ္လင်ထက်၌ နေမင်းကဲ့သို့ တင့်တယ်စွာ ထိုင်နေတော် မူလျက် သိကြားမင်း, နတ်မင်း တို့၏ တင့်တယ်ခြင်းနှင့် တူသော အာလွန်သျှင် အဲ့သြဘွယ်ရာ ကောင်းသော တင့်တယ်ခြင်းကို ဆောင်တော်မူပြီးလျှဲ ဗြဲးဘော် သူဖြတ်ကို ရင်ခွင်ထက်တွင် ပိုက်ပွေ့တော် မူလျက် (သိရိဇေယသူ၈) ဟူသော ဘွဲ့အမည်တော်ကို ပေးအပ် ဆောင်နှင်းတော်မူ၍ ကြီးကျယ်ခမ်းနား လှသော ရာဇာဘိသေကမင်္ဂလာကို စီရင်တော်မူသည်။

ရာဇာဘိသေက မင်္ဂလာ ပွဲသဘင် ကြီးစွာ ခံသော အခါတွင် ဘိုးဘော် ထီးလိုင်ရှင် မင်းတရားကြီး ဘုရားသည် မှူးမတ် အုပ်ပေါင်း တို့အား ဗြဲးတော် သူဖြတ်၏ အကြောင်းချင်းတကို ဤသို့လည်း မိန့်တော် မူသည်။ ။ မိန့်တော်မူပုံမှာ။ ။အိုရ်-မှူးမတ် အုပ်ပေါင်းတို့ ငါကိုယ်တော် သည် ဗြဲးတော် သူဖြတ်၏ ကြီးမား လွန်ကဲသော ဘုန်း ပါရမီတော်ကို တွေ့မြင်သိရှိတော် မူရသောကြောင့် ဗြဲး တော်သူဖြတ်၏ မယ်တော်ဖြစ်သော သို့တော်- ဤအိမ် သည်မှာ မီးပွါးရက်မှု- မစေ့ငဆိ ငါကိုယ်တော်၏ ဗြဲး တော်ကို ရာဇာဘိ သေက မင်္ဂလာပြု၍ တိုင်းကား နိုင်ငံ အဝှမ်းတွင် ဖြတ်သော မင်း အဖြစ်ကို ဗြောက်တော် မူသည်။ ။ဤကဲ့သို့ တင်ဗြောက် ဂုဏ်မြောက်လည်း ငါ၏ ဗြဲးတော်မှာ ထက်ကြပ် ပါရှိခဲ့သော ဘုန်းတော်, ကံ

တော်၏ အာကျိုးပင် ဖြစ်ချေ၏။ ။သို့စင်မူ ငယ်ရွယ်စဉ် အားခါကပင် ရာဇဒါဘိ သေက မင်္ဂလာဖြင့် ကြီးစွာသော တိုင်းကား နိုင်ငံကို အပ်နှံ ဆောင်နှင်း ဂဗြင်းမှာ မင်း ဆက် တကာ့ကို ခံရခဲလှသော သက်သေခံ ချက်ကြီးပင် ဖြစ်လေသည်။ ငါ၏ တိုင်းနိုင်ငံ အဂ္ဂမဟာကိုပင် ဖြေတော် ၏ တိုင်းနိုင်ငံ ဖြစ်၏၊ ဖြေတော်၏ တိုင်းနိုင်ငံ သည်ပင် ငါ၏ တိုင်းနိုင်ငံ ဖြစ်စေ။ ။တေးအခါကြီး ဘရတွင်ဇ၌ ခြဲသော်မင်းကြီး နှစ်ဦးတို့ နေဆိုင်ပျော်စံဘိ သကဲ့သို့ တိုင်း နိုင်ငံ တရုတည်းတွင် ငါကိုယ်တော်သည့် ဖြေတော်နှင့် အတူ သီးခြားကိုဆောင်း၍ နန်းပြုင်, ထီးပြုင်, မင်းပြုင် စံတော် မူမည်။ ။ဖြေဘော် အားလည်း (သိရိဓမ္မယ သူဂ)ဟူသောဘွဲ့မည်ကို ဘွဲ့ချည်ခေါ်တော်မူမည်။ဤကဲ့သို့ မိန့်တော်မူသတည်း။

ယင်းကဲ့သို့ ဖြေဘော်အား "သိရိဓမ္မယ သူဂ". ဟူသော ဘွဲ့တော်ဖြင့် မှည့်ခေါ်သတ်မှတ်လျက် ဖြတ်သော မင်းတရားဏ် အဖြစ်ကဲ့ ဘိသိက် ခေစင် သွန်းလောင်းသော ပွဲသဘင် နေ့မှာပင် ကုလားဖြည့် သံတောင်နှင့် ငသုံးပင်လယ် အရပ်တို့ကို- တိုက်ခိုက် နှိပ်နင်းကုန်သော အာမတ်တို့သည် ဂန်သူ- သူပုန် တို့ကို ကောင်းစွာအောင် ဖြင်လျက် "သုံ့လူ"ဖြစ်သော ကျေးကုလား လူမျိုး တို့ကို ဘမ်းဆီး ယူလာပြီးလျှင် ထီးလိုင်ရှင် မင်းကြီးအား ဆက် သလာကြသည်။ ။ထိုသို့သော အကြောင်းစံနစ်ကို ဖြင် တော်မူသော ဘိုးတော် ထီးလိုင်ရှင် မင်းကြီးသည် အုံသြ ခြင်းကြီးစွာနှင့် မင်္ဂလာစကားကို မိန့်ကြားတော် မူသည်

မှာ။ ။အိုမှူးမတ်တို့ ငါ့မြေးတော် သီရိဇေယ သူရကို ရာဇာဘိသေက မင်္ဂလာခံသောနေ့မှာပင် ရန်သူ ဖြစ်သော ကျေးကုလား တို့သည် ငါကိုယ်တော် မြတ်၏ ခြေဘဝါး တော် အောက်သို့ ရောက်လာကြရ လေသည်။ ထိုသို့ရန် သူဖြစ်သော ကျေးကုလား တို့ကို အောင်နိုင် ခြင်းသည် လည်း မြေးတော် သူမြတ်၏ ရာဇာဘိ သေက မင်္ဂလာ ခံယူရာ နေ့နှင့် ကြိုကြိုက်ရကား နောင်သော အခါတွင် ငါကိုယ်တော်၏ မြေးတော် သူမြတ်သည် မလိုဋ္ဌ။ ၃။ ရန် သူအပေါင်းတို့ကို အလွယ်တကူ အောင်မြင်နိုင် လတ္တံ့ သော အကြောင်းနိမိတ်ပင် ဖြစ်ချေသည်။ ။ဟူ၍ မိန့် တော်မူလေသည်။

ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးသည် သုံ့လူဖြစ် သော ကျေးကုလား တို့အား ငစဉ်ကူး အရင်၌ အဝုအ ငန်းချစေလျက် အိမ်ခြေ ယာခြေတို့ကို ယူ၍ နေထိုင်စေ တော်မူ၏။ ။မြေးတော် သီရိဇေယ သူရနှင့် ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးတို့ကား ထီးပြိုင်, နန်းပြိုင် စံနေတော် မူကြသည်။ ။ထီးပြိုင်, နန်းပြိုင်ဟု ဆိုသော်လည်း ရာဇ ပလ္လင် အသီး အခြားနှင့် တိုင်းကား နိုင်ငံကို ခွဲဝေပေး သည် မဟုတ်။ ။ဘိုးတော်၏ နိုင်ငံသည်ပင် မြေးတော်၏ နိုင်ငံ။ ။မြေးတော်၏ နိုင်ငံသည်ပင် ဘိုးတော်၏ နိုင်ငံ ဖြစ်စေတော်မူ၍ မြေး, အဘိုး နှစ်ပါး ထီးပြိုင်, နန်းပြိုင် စံနေတော် မူသည်။ ။နန်းခြား မထားဘဲ ထီးဖြူ တဆု တည်းကို ဆောင်းလျက် အပြိုင်အဆိုင် စံတော် မူသည် ဟုဆိုလိုသည်။

မှာထားချက်။

ဤသို့ ထီးတူ, နန်းပြိုင် စံနေတော်မူကြောင်းကို ရေးသား ပြဆိုခြင်းကား၊ သိဃိုင်ရ သရိုင်းဟောင်းနှင့်အညီ ဖြစ်သတည်း။ ။မြန်မာ ရာဇဝင်၌ မြေးနှင့်- အဘိုး သားနှင့်- အဘ ထီးဖြူတရ တည်းကို ဆောင်းလျက် ထီးပြိုင်, နန်းပြိုင် နန်းစံရသော မင်းသားတို့မှာ နှစ်ပါးသာ ရှိလေသည်။ နှစ်ပါး ဟူသည်မှာ၊ ၊ပြဆို ရေးသား ခဲ့ပြီးသော သိရိ ဇေယ သူရ မင်းသား တပါး။ ။အင်းဝ ပြည့်တွင် ဒုဘိယမင်းခေါင် မည်သော ဘုရင်မင်း တရား၏ သားတော် အသက် တဆဲ့, နှစ်နှစ် အရွယ်သာ ရှိသေးသော မဟာ သိဟသူရ မင်းသားတပါး၊ ဤသို့နှစ်ပါး ဖြစ်လေသည်။ ။မဇ္ဈိမ တိုက်ဌမူကား ရှေးလွန်လေပြီးသော အခါ "ဘာဂိနီယ" မင်းသည် သားတော် ဖြစ်သော အသက် တဆဲ့; ငါးနှစ်ရွယ်မျှ ရှိသော ဒိမ္မိသာရ မင်းသားနှင့်အတူ နန်းပြိုင်- ထီးတူ စံတော် မူဘူးသော ထုံးဟောင်း တရုလည်း ရှိလေသည်၊ ။ဤကဲ့သို့ သားနှင့်- အဘ မြေးနှင့် အဘိုးတို့ ထီးပြိုင်, နန်းပြိုင် စံစားရသော မင်းသား တို့၏ အဖြစ်သည်လည်း လွန်ကဲ ထူးမြတ်သော ဘုန်းပါရမီတော် ရှိသော မင်းသား တို့၏ အရိုက် အရာသာ ဖြစ်လေသည်။

၁။ ရဟန္တာသခင်- ရှင်အရဟံ၏ အထူးပုတ္တိကို ပြခြင်း။

ဤအရာ၌ ရဟန္တာ သခင် အရှင် အရဟံနှင့် သက်ဆိုင် စင်လျဉ်းသော အကြောင်းအရာ များလည်း ပါရှိ၏နော် ထိုရဟန္တာသခင် အရှင်အရဟံ၏ ဖြစ်ပျက်ပုံ အကြောင်းဟူသော အထူးပုတ္တိ ကိုလည်း သိသင့် သဖြင့် အရှင်အရဟံ၏ အထူးပုတ္တိ စကားတို့ကို ရာဇဝင်တော်, ဂုဏ်ရာဇဝင်တို့၌ လာရှိသော အတိုင်း အကျဉ်း အဖြာဖြာမျှ ဖေးသားတော်ပြဦးအံ့၊

ရဟန္တာသခင် အရှင်အရဟံ၏ အထူးပုတ္တိသည်။ ။ ၁= ရာဇဝင်တို့၌လာသော အထူးပုတ္တိ။ ။၂= သာသနာ့ ဝံသစာတမ်း၌ လာသော အထူးပုတ္တိ။ ။၃= ပရိဏာမဒီပနီ၌ လာသော အထူးပုတ္တိ။ ။ဟူ၍ သုံမျိုးရှိ၏။ ထိုသုံးမျိုး တို့တွင် ဤသရိုင်း ကျမ်း၌ကား ရာဇဝင်တို့၌ လာသော အထူးပုတ္တိ ကိုသာ ဖေးသား တော်ပြမည်။ ။ကြွင်းသော အထူးပုတ္တိတို့ကို အလိုရှိက ရှာဖွေ ကြည့်ရှုကြကုန်ရာ၏။

ရာဇဝင်၌လာသော အထူးပုတ္တိကား ဤသို့ဟု ဆိုသည်။ ။ မြန်မာနိုင်ငံ အတွင်း သနားပရန်အဘို့ တိုင်း တမ္ဗဒီပကိုင်းတို့၌ သာသနာတော် မထွန်းပလျှင်း၊ မြတ်စွာဘုရား၏ ဗျာဒိတ်စကားတော် အတိုင်း သာသနာတော်ကို ထွန်းပစေအံ့.... ဟူ၍ ရဟန္တာ အရှင်မြတ်တို့ ကြံစည်တော်မူပြီး ယျင် သိကြားမင်း ထံသို့ သွား၍ သာသနာတော် ပြုနိုင်

မည်သ့်ပုဂ္ဂိုလ်ကို အညြိအညာ ဖောင်းဆို ကဲ့လေသည်။ ။ သိကြားမင်းလည်း တာဝတိ်သာ နတ်ပြည်၌ ဂို့သော နတ်သား တယောဟ်အား ဖောင်းပန်၍ လူတို့ ပြည်တွင် ပုဏ္ဏော မဏိ်ဝမ်း၌ ပဋိသန္ဓေ နေစေ လေသည်။ ။နွေသစ့်ဝင်၍ ဘွားမြင်သည် ဂို့သော် ထို သတိုးသား ပုဏ္ဏား သူငယ်ကို သိသဗ္ဗညြုဖြစ်မယ်ဂို့သော ဗာဟ္မဏာ အရှင်မြတ် စောင့်ကြပ်ဘော် မူရသည်။ ။အရွယ်သို့ ရောက်လျှင် ပုဏ္ဏား လုလင်ပျိုသည် ဗေဒင်လေးပုံတို့ကို သင်ကြားပြီး မှ ရဟန်းပြု၍ ဂိဠကတ်သုံးပုံကို သင်ကြားတော် မူ၏။ မကြာ မြင့်မီ ဝိဠကတ် ကျမ်းဂန် တတ်မြောက်၍ မြတ်သော ရဟန္တာ အဖြစ်သို့သည်း ရောက်တော် မူသဖြင့် ရှင်အရဟံ· ဟူလော- အမည်ဖြင့် ဖမ်း။ဒိဝ တက္ကသိုလ်း ကျော်စော ထင်ရှားဘော် မူလေ၏။

ထို ရဟန္တာ သခင် ရှင်အရဟံ ထေရ်သည့် သုနာပရန္တိုင်း တမ္ဗဒိပဘိုင်းတို့၌ သာသနာတော် စည်ပင်ပြန့်ပွါးခြင်း မဂို့သေး၊ ငါသည် သာသနာတော် သုံးပါးကို ထိုတိုင်းနိုင်ငံ တို့၌ ထွန်းတောက်အောင် ပြုပေအံ့။ ။ ဟု- ကြံရွယ်ဘော် မူပြီးသော် ပုဂံပြည်သို့ ဂြိုး၍ ကြွ တော်မူသောသေ၏။ ။ရောက်တော် မူလျှင် ပုဂံပြည်နှင့် မနီးမဝေးသော တောအရပ်တ၌ သီတင်းသုံး နေထိုင် တော်မူ၏။ ။ထို့နောက် သိကြားမင်းသည် ရဟန္တာသခင်-ရှင်အရဟံ မဏ်ထရ်ကို အနေနှင့်ရသာ မင်းကြီးထံသို့ ရောက်အောင် ဖို့ဆောင်ပေအံ့ဟု နှလုံးသွင်းလျက် တောအုပ်သို့ သက်ဝင်လာသော တောမူဆိုး တယောက်အား လွှဲ

ပတ်ဖြားယောင်း၍ ရှင်အရဟံ မထေရ်ကို ဗူးတွေ့စေသည်။ တောမူဆိုးသည် ရှင်အရဟံ ထေရ်မြတ်ကို မြင်တွေ့လျှင်ပင် ရှင်အရဟံ၏ နှစ်သက် ကြည်ညှိဘွယ်ကောင်းသော ဣန္ဒြေတို့ကို ဗူးမြင်ရသဖြင့်။ ။ဤသူကား လူထူး, လူမြတ်ဖြစ်ရာသည်၊ လူသာမန်မျှ မဖြစ်တန်ရာ။ ။ဟူ၍- မှတ်ထင်ပြီးလျှင် ရှင်အရဟံကို ပင့်ဆောင် ခဲ့ပြီးမှ ပုဂံပြည်ရှင် ဘုရင်အနော်ရထာ မင်းကြီးအား ဆက်သလေ၏၊ ။ရှင်အရဟံလည်း တောမူဆိုး ပင့်ခေါ်သည့် အတိုင်း ပရိက္ခရာ ရှစ်ပါးကို ယူဘော်မူ၍ လိုက်ပါဘော်မူခဲ့လေသည်။

၂။ အနော်ရထာ မင်းကြီးနှင့် တွေ့ဆုံခြင်း။

မူဆိုးလည်း တောအုပ် တရ၌ ဤသူကို တွေ့၍ ယူဆောင် ဆက်သပါသည်- ဟု အနော်ရထာ မင်းကြီးအား လျှောက်ထား သံတော် ဦးတင်လေသည်။ ။မြတ်သော ပညာနှင့် ပြည့်စုံတော် မူသော အနော်ရထာ မင်းကြီးသည် ငြိမ်သက် တည်ကြည်သော ဣန္ဒြေနှင့် ပြည့်စုံတော် မူသော ရှင်အရဟံ ထေရ်မြတ်ကို ဗူးမြော် တွေ့မြင်ရလျှင်။ ။ဤသူကား သူယုတ်မဟုတ်၊ မြတ်သောသူဖြစ်ရမည်။ ဤသူ၏ ဝမ်းတွင်း၌ မြတ်သော တရားတော် ရှိရာသည်....ဟု ဆုံးဖြတ်တော်မူပြီးသော် နေရောင်ဖြင့် တွေ့ထိသော ကြာမုံကဲ့တို့ ဖြည့်ဆည်းပူးတော် မူခဲ့ပြီးသော ပါရမီတော် အဟုန်ဖြင့် တုန်လှုပ် ချောက်ချားလျက် အား

ရနှစ်သိမ့်တော် မူလေသည်။ ထို့နောင် အနော်ရထာမင်း တရားသည် ဤသို့ ကြံစည်တော် မူ၏။ ။ဤသူကား မြတ်သော သူဖြစ်အံ့၊ မြတ်သော နေရာ၌ နေတော်မူလိမ့်မည်။ ယုတ်သောသူ ဖြစ်အံ့ ယုတ်သော နေရာ၌ နေပေလိမ့်မည်။ ငါသည် ထိုသူ၏ အယုတ် အမြတ် သဘောကို နေရာဖြင့် ရုံစမ်းမည်.... ဤသို့ ကြံစည်တော်မူ၏။ ။ ကြံစည်တော် မူပြီးလျှင် ရှင်အရဟံအား လျှောက်ပတ်သောနေရာ၌ နေပါတော့လော- ဟု ဆိုတော် မူသည်။

ရှင်အရဟံလည်း မြတ်သော အဖြစ်ကို သိစေတော်မူသိုသောကြောင့် မြတ်သော ရာဇပလ္လင်ထက်သို့ တက်၍ နေတော် မူ၏။ ။မင်းကြီးလည်း ထိုသို့ နေတော်မူသည်ကို မြင်တော် မူရလျှင်။ ။ဤသူကား နေရာကြီးကျယ်စွာ့ တကား၊ သူ၏အမျိုး အနွယ်ကို မေး စိစစ်ဦးမည်....ဟု ကြံစည်တော်မူပြီးသော့် ရှင်အရဟံသို့ ချဉ်းကပ်လျက် ဤသို့ နားတော် လျှောက်တင်လေ၏။ ။လျှောက်တင်ပုံမှာ။ ။အရှင်သည် အဘယ် သူ၏ အမျိုးအနွယ် ဖြစ်တော် မူသနည်း.... ဟူ၍ လျှောက်ထား၏။ ။ရှင်အရဟံသည်။ ။ငါကား အရဟံ- အစရှိသော ဂုဏ်တော်ကိုးပါး စသည်တို့နှင့် ပြည့်စုံတော် မူသော သမ္မာသမ္ဗုဒ္ဓ အမျိုးအနွယ် ပေတည်း....ဟု မိန့်တော်မူ၏။ ။ အနော်ရထာ မင်းကြီးက မေးလျှောက် ပြန်သည်မှာ၊ ။ အရှင်သည် အဘယ် သူ၏ အဆုံး အမကို ခံယူပါသနည်း။ ။ဟူ၍ မေးလျှောက် ပြန်၏။ ။ရှင်အရဟံက ဖြေကြားသည်မှာ။ ။သမ္မာ သမ္ဗုဒ္ဓ အမည်ရှိသော မြတ်

စွာဘုရားသခင် ပညတ်တော် မူအပ်သော သိမ်မွေ့နက်နဲ လှသော အာဏာဒေသနာတော်မှ လားသော အဆုံးအမ ကို ငါခံယူသည်။ ။ဟူ၍- မိန့်တော် မူ၏။ ။မင်းကြီး လည်း ဝမ်းသာ ရှင်ပျသော စိတ်ဖြင့် လျှောက်ထားပြန် သည်မှာ။ ။ထိုသို့ ဖြစ်လျှင် ငါ့ရှင်၏ ဆရာ- မြတ်စွာ ဘုရားသခင် ဟောတော် မူအပ်သော တရား တော်ကို တစိတ်တဘို့မျှ ကြားနာ လိုပါသည်- ဟု လျှောက်ထား လေသည်။ ။ရှင်အရဟံလည်း သိရိမ္မာ သောကမင်း ကြီးအား နိဂြောဓ သာမဏေသည် အပ္ပမာဒ တရားကို ဟောတော်မူသကဲ့သို့ အနော်ရထာ မင်းကြီးအား အပ္ပ မာဒ သုတ္တန်ကို ဟောတော်မူလေ၏။

ရှင်အရဟံ၏ တရားတော်ကို ကြားနာရလျှင် မင်း ကြီး၏ နှလုံးတော်သည် အကြိမ် တရာ စစ်အပ်ပြီးသော ဆီဘွင် အဖန်တရာ ဖတ်အပ်သော ဝါဂွမ်းစိုင်ကို ချဘိ သကဲ့သို့ ပြော့ပျောင်း နူးညံ့လျက် သြက္ကမ သဒ္ဓါဖြင့် မတုန်မလှုပ် ကြည်ညိုတော် မူလေ၏။ ။ဘရား တော်၏ အဆုံး၌ မင်းကြီးသည် ဤသို့ လျှောက်ထား ပြန်လေ သည်။ ။သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားကား ယခုအခါ အဘယ်မှာ ရှိပါသနည်း၊ တရားတော်ကား အဘယ်မျှ အရေအတွက် ရှိပါသနည်း၊ တပည့်သား သံဃာတော် ကား ငါ့ရှင်မှတပါး- တခြား ရှိသေးသလော, မရှိပြီလော ဟု မေးမြန်း လျှောက်ထားတော် မူ၏။ ။ရှင်အရဟံ လည်း။ ။ငါတို့ဆရာ မြတ်စွာ ဘုရားကား ပရိနိဗ္ဗာန် စံတော် မူပြီ၊ ဓာတ်တော် မွေတော် များသာ ကြွင်း

ကျန် ရစ်တော့သည်။ ။တရား တော်ကား မမွက္ခန္ဓာ ပေါင်း ရှစ်သောင်း, လေးထောင်မျှ ရှိသည်။ သံဃာတော် ကား ငါမှတပါး ပရမတ္ထသံဃာ,သမ္မုတိ သံဃာ မျှားစွာ ရှိလေသေးသည်။ ။ဟူ၍- မိန့်ဆိုတော်မူ၏။

ထိုစကားကို မင်းကြီး ကြားသိတော် မူရာလျှင် အာ တိုင်းထက်အာလွန် ကြည်လိုခြင်း ဖြစ်၍ ဤသို့ လျှောက် ပြန်လေ၏။ ။အရှင်ဘုရား အာကွန်ပဒါးဘုရား ဤဘဝတွင် အာရှင်မှ တပါး ကိုးကွယ်ရာ မရှိပါဘြီ၊ ယနေ့မှစ၍ အာ ကွန်ပဒါ၏ ကိုယ်အသက်ကို အာရှင်အား ဆောင်နှင်းတော့ သည်။ ။အရှင်၏ အဆုံးအမကိုလည်း ကွန်ပဒါသံယူတော့ သည်။ ။ဟူ၍- လျှောက်ထား လေ၏။ ။ဤသို့လျှင် အနော်ရထာ မင်းကြီးသည် သက်ဝင်တော သဒ္ဓါရှိသည် ဖြစ်၍ ရှင်အရဟံအား အာရညာကင် ရတင်- ရသောက် သော အာရပ်တရုံ့ ဘောကျောင်း သခိမ်း ဆောက်၍ လှူဒါန်းတော် မူလေ၏။ ရှင်အာရဟံလည်း ထိုအခါမှ စ၍ ပုဂံ ပြည်၌ပင် သိတင်းသုံး နေထိုင်တော်မူလေသည်။ ။ အနော်ရထာ မင်းကြီးလည်း ကိုးကွယ်ခဲ့ရင်း ဖြစ်သော အာရညံးဆရာကြီး- သုံးကျိပ် တို့နှင့်တကွ အာရညံးတပည့် ပေါင်း ခြောက်သောင်း တို့ကို ကိုယ်တော် တိုင်လည်း စွန့်ပယ်တော်မူ၏။ တိုင်းသူ ပြည်သား တို့ကိုလည်း စွန့် ပယ် စေတော်မူ၏။ အကျိ.တို့ကို လူဝတ် လဲစေသျက် အဲမောင်းကိုင်, လှံကိုင်, ဆင်ချေးကျုံး, မြင်းချေးကျုံးထည့် တော်မူ၏။ သာသနာ၌ ကြည်ညိုသော အာရညံး ရဟန်း အာဠာကို ရဟန်း ပဋ္ဌင်းပြု၍ သာသနာတော်ကို ထမ်း

ရွက်စေတော် မူသတည်း။ ။ဤသည်ကား ရဟန္တာသခင် အရှင်အရဟံ မထေရ်မြတ် ပုဂံပြည်သို့ ကြွရောက်တော် မူသောကြောင်းကို ဆိုသော စကားစုတည်း။

မှတ်ချက်။

အနော်ရထာ မင်းကြီးကား ထီးလှိုင်ရှင် မင်းတရား၏ ခမည်းတော် ဖြစ်၍ သီဟိုဠ်ရှင် ဘုရား ဒါယကာ ဖြစ်လတ္တံ့သော ထီးလှိုင်ရှင် မင်းကြီး၏ မြေးတော် သီရိဇေယသူရ မင်းသားငယ်၏ ဘေးတော်ပင် ဖြစ်သည်။ ။ထို အနော်ရထာ မင်းကြီး သည်ကား သာသနာ တော် သက္ကရာဇ် တထောင့်, ငါးရာ့, ခြောက်ဆဲ့ တခု (၁၅၆၁)ခု ဂေါဇာသက္ကရာဇ် သုံးရာ့, ခုနစ်ဆဲ့, ကိုးခု (၃၇၉)ခု နှစ်၌ ပုဂံ ပြည်တွင် မြတ်သော မင်းအဖြစ်သို့ ရောက်တော် မူသည်။ ။မင်းအဖြစ်သို့ ရောက်၍ အနှစ်လေးဆယ် ကြာမှ သာသနာတော် သက္ကရာဇ် တထောင်, ခြောက်ရာ, တခု (၁၆၀၁)ခု ဂေါဇာ သက္ကရာဇ် လေးရာ, တဆဲ့, ကိုးခု (၄၁၉)ခုနှစ်၌ အရှင်အရဟံ ပုဂံ ပြည်သို့ ရောက်တော် မူသည်။

ထို အရှင်အရဟံ မထေရ်မြတ်သည် အနော်ရထာ မင်းစော လက်ထက်တော်, ထီးလှိုင်ရှင်- ကျန်စစ်သား မင်း လက်ထက်တော်, သီဟိုဠ်ရှင် ဘုရား ဒါယကာ-အလောင်းစည်သူ မင်းကြီး လက်ထက်တော် ၏လက်ထက်

တော်သုံးရပ် တို့၌ များလှ စွာသော မင်းယောက်ျား, မင်းမိန်းမ- အစရှိသည် တို့နှင့် တကွ တိုင်းနေ ပြည်သူတို့အား တရားဟောပြော ဆုံးမ ပြီးလျှင် သာသနာတော်မြတ် သုံးပါး၏ အစီးအပွါး ကိုသာ ဆောင်ရွက်တော်မူလေသည်။ ။တဘိယမြောက် ဖြစ်သော သီဟိုဠ်ရှင် ဘုရား ဒါယကာ- အလောင်းစည်သူ မင်းကြီး၏ လက်ထက်တော်၌ ပရိနိဗ္ဗာန် စံတော်မူလေသည်။ ။ပရိနိဗ္ဗာန် စံဝင်တော် မူပုံအကြောင်းကို အထက်၌ ဘွေ့မြင်ဘတ်ရှု ရလိမ့်သတည်း။

၃။ အရှင် အရဟံထေရ်မြတ်၏ မိန့်ခွန်းတော်။

၏သို့ ဆိုခဲ့ပြီးသော စကားစုဖြင့် ထီးလှိုင်ရှင် မင်းတရားကြီး၏ လက်ထက်တော် အခါ၌ ရဟန္တာ သခင် အရှင် အရဟံ ထေရ်မြတ် ထင်ရှားစွာ ရှိတော်မူကြောင်းကို သိအပ်ပေပြီ။ ။ထို့ကြောင့် သရိုင်းစကားကို ဆက်လက်၍ ရေးသားပေအုံ။

ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးသည် မြေးတော်ကို ချစ်ကြည်တော် မူလှသောကြောင့် ထီးနန်း အပြိုင် နန်းစံတော် မူခြင်းမှာ တိုင်းနိုင်ငံ အဝှမ်းတွင် ထင်ရှား ကျော်စော သွားလေ၏။ ။ထိုအခါ များစွာ ကုန်သော နန်းတွင်းသူ, နန်းတွင်းသား တိုင်းသူ,ပြည်သား တို့က မြေးတော် သီရိဇေယသူရ၏ ဘုန်းဂုဏ်သမ္ဘာ ရင့်မာတော်မူသော ပါရမီ ကျေးဇူး တို့ကို အထူးထူး အထွေထွေ

ရှင်အရဟံ တရားဟောတော်မူခြင်း အကြောင်း။

ချီးမွမ်းကြ လေကုန်သတည်း။ ။ဖြေးတော် သိရိဧယျသူရ- မင်းသားငယ်ကို ချီးမွမ်း ပြောဆိုကြသော အသံတို့သည်ကား နှုန်းတွင်း, နှုန်းပြင်၌ အလွန် ထင်ရှားလေကုန်၏။ ။အရှင်အရဟံ ထေရ်သည်လည်း မျှားစွာသော သူတို့ ချီးမွမ်း ပြောဆိုသော သိရိဧယျသူရမင်းသားငယ်၏ အကြောင်းချင်းတို့ကို ကြားသိတော် မူလျှင်။ ။၍ မင်းသားငယ်ကား နောင်သော အခါဘွင် သာသနာတော်သုံးပါး တိုင်းနေသူ လူအများဘို့၏ အစီးအပွါး ကိုသာ ကျင့်ဆောင်တော်မူမည်သူ ဖြစ်ချေသည်။ ငါနှင့်လည်း မြဘ်သော ဆွတော်ကို ပန်ယူဘက် ဖြစ်ချေသည်။ ။သိရိဧယျသူရ မင်းသားငယ်၏ ကျေးဇူးဂုဏ်သဘင်းကို ထင်ရှား သည်ထက် ထင်ရှား စေချန် ငါကိုယ်တိုင် ပြောဆို ချီးမွမ်းဦးမည်။ ။ဟူ၍ ကြံစည်တော် မူပြီးလျှင် ထီးလိုင်ရှင် မင်းကြီးရှိရာ နှုန်းယင်ပြင်သာသို့ လျင်မြန်စွာ ကြွသောတော်မူခဲ့ လေသတည်း။

ဤနှုန်းဘော်သို့ ရောက်တော်မူသျှင် မြဘ်သောရာဇ ပလ္လင် ထက်၌ ထက်ဝယ် ဖွဲ့ခွေ နေတော်မူ ပြီးသော် စုဝေး ရောက်လာသော မင်း, မောင်းမ, ပရိသတ် တို့အား အဘိတ်အခါ၌ ဖြစ်ခဲ့ဘူးသော အကြောင်းဓာတ် တရုကို မိန့်ကြားတော် မူလေ၏။ ။ချားစွာသော မင်း, မောင်းမ, မူးမတ် ဗိုလ်ပါတို့ သည်လည်း အရှင် အရဟံ၏ မိန့်ခွန်းတော်ကို နာခံ မှတ်သား နေကြကုန်၏။ ။အရှင်အရဟံ ကိုယ်တော်လည်း ထီးလိုင်ရှင် မင်းကြီးအား အမှူးထား လျက် မိန့်ကြားတော် မူပုံမှာ။

အတိတ်ဝတ္ထု။

ဖြတ်သော မင်းကြီး။ ။သင်မင်းကြီး၏ ဖြေးတော် သိရိဖေယသူဂကို ထီးပြုင်, နန်းပြုင် အပ်နှင်း၍ မင်းအာ ဖြစ် မြောက်သည်ဟု ကြားသိရပေသည်။ ။ဖြေးတော် သိရိဖေယ သူဂ မင်းသား ငယ်ကား မည်သ်ကာ မတ္တ မဟုတ်။ ။ရှေး အတိတ် အခါက သင်မင်းကြီးနှင့်ဌင်း, ငါနှင့်ဌင်း ဆုတောင်းဘက် ပုဂ္ဂိုလ် ဖြစ်လေသည်။ ။ ဖြတ်သော မင်းကြီး ဧစ္ဆ နာယူလော။ ။ရှေး လွန်လေ ပြီးသော အခါတွင် တိုင်းပြည်ကြီး တရုန်။ ။ (၁) ဘုန်းကြီးသော မင်းတပါး စိုးစံတော် မူခဲ့ဘူးသည်။ ။ (၂) ထိုမင်းအား အိမ်ရှေအရာကို ပေးအပ် ဆောင်နှင်း ထားသော မင်းသား တပါးလည်း ရှိလေသည်။ ။(၃)ထို မင်းအား နေ့စဉ် နေ့စဉ် ကြဉ်အပ် မကြဉ် အပ်သော တရားစကား တို့ကို ဟောကြား ဆုံးမတတ်သော မင်း ဆရာ- ပုရောဟိတ်ပုဏ္ဏား တယောက်လည်း ရှိလေ၏။ ။ (၄) ထိုမင်း၏ နေပြည်တော်၌ သူဌေးသား တယောက် လည်း ရှိ၏။ ထို သူဌေးသားကား မင်းကျွမ်း ဝင်သော သူဖြစ်၍ မင်း၏ အပါးတွင် အမြဲမပြတ် ခစားလေ့ ရှိ သည်။ ။(၅)ထိုမင်းအား အမြဲမပြတ် ဆည်းကပ် ခစား လျက် နေသော စစ်သူကြီးတယောက်လည်း ရှိလေ၏။

ဖြတ်သော မင်းကြီး။ ။ထို ငါးဦးသော ပုဂ္ဂိုလ်တို့ သည် တူညီသော သဘောရှိကြ ကုန်သဖြင့် အခါတပါး တွင် မြတ်စွာဘုရား၏ စေတီဘော် ယင်ပြင် တရသို

ဂုဏ်အာရဟံ တရားဟောတော်မူခြင်း အကြောင်း။

သွားကြကုန် ဩဇီးသော် ပန်း, ဆိတ်-စသော အာလှူဝတ္ထုတို့ဖြင့် မြတ်စွာဘုရားအား ပူဇော် လှူဒါန်းကြ လေကုန်၏။ ။ ဤသို့ ပူဇော်ပြီးလျှင် ငါးဦးသော ပုဂ္ဂိုလ်တို့သည် မြတ်သော ဆုတောင်းကိုလည်း ဤသို့ အသီးသီး ပန်ဆင်ကြ လေကုန်၏။ ။အဘယ်သို့ ပန်ဆင်ကြ ကုန်သနည်းဟူမူ။ ။ ''မြတ်သောမင်းကြီး''။ ။(၁)အိမ်ရှေ့မင်းသား ဖြစ်သော သူသည် ဤကောင်းမှုကြောင့် လာသည့်ဘဝ၌ ဘဝတို့၌ ဘုန်းကြီးသော မင်းကောင်း, မင်းမြတ် ဖြစ်ရစေသော ဟု ဆုတောင်း လေ၏။ ။(၂) ပုရောဟိတ်ပဏ္ဍားကား မင်းတို့ ကိုးကွယ်ရာဖြစ်သော ရဟန်းသူမြတ် ဖြစ်ရစေသော ဟု ဆုတောင်း လေ၏။ ။(၃)သူဋ္ဌေးသားကား မင်းတို့ ကိုးကွယ်ရာ ဖြစ်သော နတ်မင်းကြီး ဖြစ်ရစေသောဟု ဆုတောင်း လေ၏။ ။(၄)စစ်သူကြီးကား ပြည်ထောင်ဘက်ချင်း မင်းဘပါး ဖြစ်ရစေသောဟု ဆုတောင်းလေ၏။ ။(၅) ဘုရင်မင်းကြီးကား သင်တို့ လေးဦးနှင့် ငါသည်သာ အာကြီးအမှူး ဖြစ်ရ စေသောဟု ဆုတောင်း လေ၏။ ။ဤသို့ အသီးသီး ဆုပန်ခဲ့ကြ ဝေသည်။

မြတ်သောမင်းကြီး ဤသို့သော ဆုမွန်ကို ပန်ဆင် လျက် သံသရာတွင် ကျင်လည်ခဲ့ရာ ယသအခါတွင် ငါးဦးသော ပုဂ္ဂိုလ်တို့သည်ပင် ဗိမိတို့ ပန်ထွာခဲ့သော ဆုမြတ် အခေါင်းကို ကောင်းစွာ ရရှိကြကုန်ပြီ။ အဘယ်သို့ ရရှိကြ ကုန်သနည်း ဟူမူ။ ''မြတ်သောမင်းကြီး''။ ။သင်မင်းကြီး စိုစံဘော်မူးဂု ဖြစ်သော အရှိမဒ္ဒနပုရ မည်သော ဤပုဂံပြည်ကြီးဌ။ ။(၁)ထိုအခါက ဧဇိမ်ရှေ့မင်း

သားသည် ယခု အခါ သင်မင်းကြီး၏ မြေးတော်–သီရိ ဇေယသူရ မင်းသား ဖြစ်လာလေသည်။ ။(၂) ထိုအခါ က ပုရောဟိတ်ပုဏ္ဏားကား ယခုအခါ "ရှင်အရဟံ" အမည် ရှိသော ငါသည်ပင်တည်း။ ။(၃) ထို အခါက သူဌေးသားကား ယခုအခါ မင်းကြီး ကိုးကွယ် နေသော မဟာဂိရိ နတ်မင်းကြီး ဖြစ်လာလေသည်။ ။(၄) ထိုအခါက စစ်သူကြီးကား ယခုအခါ သင်မင်းကြီးနှင့် ပြည်ထောင် ဘက်ချင်း မင်းတပါး ဖြစ်သော [၁] သက်မင်းကတုံ ဖြစ်လာလေသည်။ ။(၅) ထိုအခါက ပြည့်ရှင် မင်းကြီးကား ယခုအခါ အသင် မင်းတရားကြီးပင် ဖြစ်လေသည်။ ။ဤကဲ့သို့ ငါးဦးသော ပုဂ္ဂိုလ်တို့သည် မိမိတို့ တောင်းဆိုခဲ့သော ဆုမြတ် အပေါင်းကို အသီးသီး ရရှိကြ လေကုန်ပြီ။ ။"မြတ်သောမင်းကြီး" သတ္တဝါဟူသမျှ တို့ကား ဤသို့သော နည်းအတိုင်း ကံတရားသာ လျှင် မိတ်ဆွေရှိကြ ကုန်၍ ကံပစ်ချရာကိုသာ လိုက်နာကြရ ကုန်၏။ ။ဤသို့ အရှင်အရဟံ မိန့်တော် မူလေသည်။ ။ဤသည်တို့ကား မြေးတော် သီရိဇေယ သူရ မင်းသားသည် ဘိုးတော် ထီးလှိုင်ရှင်နှင့်ရင်း, ရှင်အရဟံ ထေရ်မြတ်နှင့်ရင်း ဆုတောင်း ဆုယူ ပြုမူဘက်ချင်း ဖြစ်

---

[၁]။ ။သက်မင်း ကတုံ–ဟူသည်ကား။ ။အနောက် ဘက်နယ် ပင်လယ်သမုဒ္ဒရာ၏ တောင်ဘက် ကမ်းရိုးကို အစိုးရသော သက်လူမျိုးတို့၏ ဘုရင် "ကတုံမင်းသခင်" ကို ဆိုလိုသည်။

လေသည်ကို သိရှိစေရန် ရာဇဝင်တို့မှ ထုတ်နုတ် ပြဆို ခြင်းဘည်း။

မှာထားချက်။

ဤအရာတွင် မြေးတော် သီရိဇေယ သူရသည် မွေး ဘွားပြီးစ အခါမှစ၍ မြတ်သော မင်းအဖြစ်ကို ရသော် လည်း ဘိုးဘော် ထီးလှိုင်ရှင် မင်းကြီးနှင့် ထီးနန်းအပြိုင် စံနေတော် မူရခြင်းကြောင့် အိမ်ရှေ မင်းသား အရာ၌ သာ တည်ရှိလေသည်။ စင်စစ်မှာလည်း အိမ်ရှေမင်းသား မဟုတ်ခဲ့ပေ။ ။အိမ်ရှေမင်းသား မဟုတ် သော်လည်း ဘိုးဘော် ထီးလှိုင်ရှင် မင်းကြီးနှင့် အတူ ထီးနန်းကို စံနေ တော် မူရသော ဘုရင်တဆူ မျှသာ ဖြစ်သောကြောင့် ထီးလှိုင်ရှင် မင်းကြီး နတ်ရွာစံတော် မမူမီ အတွင်း၌ မြေးတော် သီရိဇေယသူရ၏ နန်းစံရခြင်းကို ရာဇဝင် ဆရာတို့က အိမ်နိမ့် အဖြစ်ဖြင့် နန်းစံရသောနှစ် ဟူ၍ ရေတွက် ပြလေသည်။ မြေးတော် သီရိဇေယ သူရကား သက္ကရာဇ် (၄၅၄)ခုနှစ်သို့ရောက်မှ ဘိုးဘော် ထီးလှိုင်ရှင် မင်းကြီး နတ်ရွာစံတော် မူခြင်းကြောင့် ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးစံတော် မူရလေသည်။ ။ထိုအခါမှ စ၍ ရာဇဝင် ဆရာတို့က စည်းစိမ်ဘော်နှစ်ဟု ရေတွက် ပြဆို သည်။ ။ထို့ကြောင့် သည်အရာကို ရာဇဝင် ဆရာတို့ မိန့်ဆိုတိုင်း မှတ်ရာ၏။

၄။ ရွှေထီး ရွှေနန်းကို သိမ်းမြန်းတော် မူခြင်း။

ဤသို့ ဆိုခဲ့သော နည်းဖြင့် မြေးတော် သိရိဇေယ သူရ မင်းသားသည် ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးနှင့် ထီးခြား, နန်းခြား မထားဘဲ ထီးဖြူဆောင်း၍ မင်းပြုတော် မူခဲ့ရာ အစဉ် အတိုင်း ကြီးပွါး၍ လာတော်မူ၏။ အကြား အကြား ဦးထည်း အထူးထူးသော တတ်ဘွယ် တတ်ရာ မင်းသားတို့အား ထိုက်တန်သော ပညာတို့ကို သင်ကြားတော်မူ၏။ အရွယ်သို့ ရောက်တော် မူလျှင် အဲမောင်းလှံကိုင် ကစားရေး, မြင်းစီး, မြင်းနင်း အရေးတို့၌ အထူးသဖြင့် လိမ်မာ ပါးရားတော် မူ၏။ ။တော တောင်သို့ ထွက်၍ သားသမင်တို့ ကျက်စားရာတွင် ပျော်ပါး တတ်သော အလေ့ ဝါသနာ ရှိတော်မူ၏။ ။အထူး သဖြင့် ဆင်ကြော့, ဆင်ဘမ်း, အလေ့အကျင့်တို့၌ ပျော်ပါးကျက်စားတော် မူလေ့ရှိသည်။ ။ထို့ကြောင့်ပင် ငယ်ရွယ်စဉ်မှစ၍ ဘောဆင်ရိုင်း တို့ကို ကြော့ယူတော် မူဘတ်၏။ ။ဘောဘောင်သို့ ထွက်၍ ဆင်နက်, ဆင်ဖြူတို့ကို ဘမ်းယူတော် မူသည်မှာ အကြိမ်ပေါင်း များစွာ ရှိလေ၏။

မင်းမြတ် တို့သည် ကျင့်အပ်သော မင်းကျင့် တရားတို့ကိုလည်း မှတ်သား လေ့လာတော် မူ၏။ ဘေးတော် ဘိုးတော်ဘို့၏ အပြုအမူနှင့် တကွ ရတနာသုံးပါး သာသနာတော် သုံးပါးတို့၌ ပြုစု အားထုတ် ပုံကို အလုံးစုံအတု ယူတော်မူ၏။ ပြော့ပျောင်း နူးညံ့သော စိတ်နှလုံး

'တော်ရှိရကား မှူးမတ် သားမြေးတို့၏ ချစ်ခင် လေးနာ ခြင်းကိုလည်း ခံယူတော် မူရ၏။ ။သက်ကြီး ရွှယ်ရင့် အခွင့်အရေးတို့၌ လိမ်မာ ပြွမ်းတီးသော မှူးတော်, မတ် တော်တို့ကိုလည်း အမြဲ မပြတ် ရိုသေ လေ့မြတ်လျက် သိမှတ် ဘွယ်ရာ မင်းသား တကာတို့ တာစကောင်း သော ရှေးဟောင်း စကား တို့ကိုလည်း ကြားနာ မှတ် သားလေ့ ရှိတော်မူ၏။ ။ဘေးတော်, ဘိုးတော် တို့၏ သွန်သင် ဆုံးမ ဩဝါဒ ပေးသမျှ ကိုလည်း လွေ့လွေ့ ရမ်းရမ်း ဝမ်းမြောက် ဝမ်းသာ လိုက်နာ ကျင့်ကြံတတ် လေသည်။ ။အရှင် အရဟံ အစရှိသော ရဟန္တာ သခင် ဆရာအရှင် မြတ်တို့၌လည်း မပြတ် ဆည်းကပ် လျက် မြတ်သော မင်းတို့သည် ကျင့်ကြံ အားထုတ် ပြုလုပ်ကြိုးစား သင့်သော တရားကောင်း, တရားမြတ် တို့ကို အထပ်တလဲလဲ ကြားနာမှတ်သားလေ့ ရှိတော်မူ သတည်း။ ရင့်မာတော် မူသော ဘုန်းပါရမီတော် ရှိသူ ဖြစ်ပေရကား မှတ်သား လေ့ကျက် သမျှသော တရား စကား, သင်ကြား အပ်သော ပညာ အတတ် တို့သည် ကျောက်ခွက်တွင် တည်သော ရေစင်ကဲ့သို့ ခိုင်ခံ့စွဲမြဲ သည်သာ များလေသတည်း။

ဘိုးတော် ထီးလှိုင်ရှင် မင်းကြီးသည် အထူးထူး သော စရပ်, တန်ဆောင်း, ဂူ, ကျောင်း,ဘုရား တံတားနှင့် သိမ်, စေတီအိမ်, ကန်, ချောင်း ဆည်, မြောင်း,မုဌော- အစရှိသော ကောင်းမှုတို့ကို ပြုစုတော်မူပြီးလျှင် အိမ်နိမ့် လေးဆဲ့ လေးနှစ်[၄၄]နှစ် စည်းစိမ်တော် နှစ်ဆဲ့, ရှစ်

နှစ် (၂၈)နှစ် သက်တော် ရနစ်ဆဲ့, နှစ်နှစ် (၇၂)နှစ်သော် သာသနာတော် သက္ကရာဇ် တထောင့်, ခြောက်ရာ, သုံးဆဲ့, ခြောက်ရ (၁၆၃၆)ရ ဂေါဇာ သက္ကရာဇ်လေးရာ, ငါးဆဲ့ လေးရ (၄၅၄)ရနှစ်၌ နတ်ရွာစံတော်မူရလေသည်။ ။ဘိုးတော်ဘုရား နတ်ရွာ စံတော်မူလျှင် မြေးတော် သီရိဇေယ သူရမင်းသားသည် ဘိုးတော်၏ အရိုက်အရာ ဖြစ်သော မြတ်သော ရွှေထီးရွှေနန်းကို သိမ်းမြန်းစိုးအုပ် မင်းလုပ်တော် မူလေသတည်း။ ။မင်းအဖြစ်သို့ ရောက်တော် မူသော သက္ကရာဇ်ကား ဘိုးတော် နတ်ရွာ စံတော်မူရာ အဆိုပါ သက္ကရာဇ်ပင် ဖြစ်သည်။

ရှေးရှေး ဘေးလောင်းတော်, ဘိုးလောင်း တော်တို့ ကဲ့သို့ပင် ကြီးကျယ် စွာသော အစီအရင် အဆောင် အရွက်ဖြင့် နန်းသိမ်းပွဲ သဘင်ကို စီရင် ဆောင်ရွက်တော်မူလေ၏။ ။သိကြားမင်း တို့၏ စည်းစိမ် ကြက်သရေနှင့် တူသော မြတ်သော မင်းတို့၏ စည်းစိမ်ကြက်သရေတော်ကို ဆောင်တော် မူလျက် နတ်မင်း တို့၏ ပရိသတ် အရံနှင့်တူသော လူမင်းတို့၏ ပရိသတ် အရံဖြင့် ခြံရံပြီးလျှင် ဦးထိပ် ထက်၌ ရေစင် သွန်းလောင်းလျက် လွန်ကဲ ထူးမြတ်သော မုဒ္ဓါဘိသေကမင်္ဂလာကို ခံတော်မူပြီးလျှင် ရွှေထီး ရွှေနန်းကို သိမ်းမြန်း စိုးစံတော် မူသတည်း။ ။ထို့ကြောင့် ၏အကြိမ် မုဒ္ဓါဘိသေက မင်္ဂလာကို ခံယူတော် မူခြင်းမှာ မွေးဘွား ပြီးစ အခါက ရာဇာဘိ သေက မင်္ဂလာ ခံယူခြင်းကို ထောက်သော် ဒုတိယ အကြိမ် ဖြစ်လေသတည်း။ ။ထိုစဉ် အခါတင်

"သိရိဇေယသူရ" မင်းတရားကား သက်တော် နှစ်ဆဲ့, ခြောက်နှစ်မျှ ရှိလတ်ပြီ။

ယင်းသို့ ဒုတိယ အကြိမ် အတိသိက် သွန်းသော အခါ နန်းသိမ်းဝွဲ မင်္ဂလာ၌ သိကြား မင်းသည် မြရှင် လက်စွပ်တော်နှင့် ကကွ အထူးထူးသော အဝတ်တန်း ဆာတို့ကို ဆက်သ လာတော် မူ၏။ ။သိကြားမင်း ဆက်သ အင်သော အဝတ် တန်းဆာနှင့် မြလက်ဝတ် တော်သည်ကား အထိုးအတိုင်းမသိ ထိုက်တန်လှ၏။ ။ သိကြားမင်းသည် အထူးထူးသော လက်ဆောင် ပဏ္ဏာ တို့ကို ဆက်သပြီးလျှင် သိရိဇေယသူရ မင်းကြီးအား ဤသို့လည်း ပြောဆို မှာကြားလေ၏။ ။မြတ်သောမင်း ကြီး သင် မင်းကြီးကား လွန်ကဲသော ဘုန်း သမ္ဘာနှင့် ပြည့်စုံတော် မူပါပေသည်။ သာသနာတော် သုံးပါး၏ အစီးအပွါး ကိုသာ ကျင့်တော် မူပါလော။ တိုင်းနေသူ သတ္တဝါတို့၏ အကျိုး စီးပွါးကိုသာ ငဲ့သှာတော် မူပါ လော။ ငါသည်ကား တာဝတိံသာ ပြည်၌ ဖြစ်သော နတ်တို့သခင် ဘုရင် သိကြားမင်း ပေတည်း။ ။သာသ နာတော်မြတ်၏ အစီးအပွါးကို ကျင့်ကြံ ဆည်းပူးကုန် သော သင် မင်းကြီး၏ ဘေးတော်, ဘိုးတော် တို့ကို စောင်မ ကြည့်ရှုဖန် များလှပြီ။ သင်မင်းကြီး အားလည်း သာသနာတော် မြတ်၏ အစီးအပွါးကိုသာ ငဲ့ကွက်ရှက် ဆောင်တော်မူလျှင် ငါကြည့်ရှု စောင်မ ပေမည်။ ။ ဤသို့ ပြောဆိုမှာကြားလျှင် သိရိဇေယ သူရ မင်းတရား ထလည်း။ ။ကောင်းလပြီ၊ သင်ဆိုတိုင်း ငါစောင်ရောက်

ပေအံ့။ စောင့်ရှောက်သော်- ငါ့အား သင်နတ်မင်း တို့က စောင်မ ပါလော။ ။ဟူ၍- ပြောဆို မှာထား တော်မူ လေ၏။

ဤနည်းတူ ပြည်ထောင် ချင်းချင်း အမင်းမင်း တို့၏ ထံမှလည်း မရေမတွက်နိုင်သော လက်ဆောင် ဥစ္စာတို့ ရောက်လာကြ ကုန်၏။ ။ထိုမင်း အပေါင်းတို့ ထံမှ ဤသို့လည်း အမှာစာတော် ပါလာလေ၏။ ။မြတ်သော တရားမင်းသခင် အရှင်မင်း မြတ်ကား ကျွန်ုပ်တို့၏ မှီခို ရာ သစ်ပင်နှင့် တူပေသည်။ ကျွန်ုပ်တို့ကား သစ်ရိပ်တွင် အိပ်သော သောက်ျားနှင့် တူပေသည်။ ။ကျွန်ုပ်တို့က လည်း သစ်ရိပ်ကို မချိုး၊ တောစိုးသစ်ပင်နှင့် တူသော တရားမင်းကလည်း နေခြည်မထိုး ပါစေလင့်။ ။ဤသို့ အမှာ စာတော် ပါရှိလေကုန်၏။ ။သီရိဇေယ သူရ မင်းကြီးကား ဆက်သ လာသော အထည် အလိပ် ရွှေ ငွေဥစ္စာ ပဏ္ဏာတော် တို့ကို ဆက်သ ခံတော်မူပြီးလျှင် ထိုမင်းတို့ ထံသို့လည်း အလိုက်အနေ သင့်အောင် ပြန် ကြားတော်မူလေသည်။

ရာဇာဘိသေက မင်္ဂလာကို ခံယူတော် မူသောနေ့၌ ကား နန်းတွင်း, နန်းပြင်၌ ပျော်ရွှင်ကြသော လူသူ အ ပေါင်း တို့ကား များပြားလှ၏။ ၊စည်ကော်, စောင်း ညှင်း ဒုံမင်း, ပတ်သာ ခရာ နှဲ, ပြွေ အစရှိသော အထူး ထူးသော တူရိယာ တို့ကို တီးမှုတ်လျက် သံဝါကျည် ကျည် မြည်တွန်သီကြသူ တို့လည်း သီဆိုကြကုန်၏။ ။ အထူးထူးသော အဝတ်တန်းဆာ တို့ကို ဝတ်ဆင်လျက်

ပျော်နွှင်မြူးထူး ကြည်နူးနွှင်ပျ က-သူတို့လည်း က-ခန် ကြကုန်၏။ ။တခဲနက်သော ငွဲဘင်သံဖြင့် ဆူညံပြိမ့်မွမ်း ၍ ဝမ်းသာဝမ်းမြောက် လက်ပန်းပေါက် ခတ်သူ တို့လည်း ခတ်ကြကုန်၏။ ။မြိန်ရှက်ဘွယ် ကောင်းသော အစား အစာ တို့ကိုလည်း ဝစွာ စားသောက် ကြလေကုန်၏။ ။ နှံ့သာပန်းမာလ တို့ကို လိမ်းကျံပန်ဆင် ပြီးလျှင် နန်းယင် ပြင်ထက်၌ နှစ်သက်ဟင်ဟော် ကြွေးကြော် ချီးမြှောက် ကြလေကုန် သတည်း။ ။ဤသို့လျှင် မင်းဆက် တကာ တို့ ရန်ငိုင်ခဲမျှသော ထူးဆန်း ကြီးကျယ်သည့် အဆောင် အရွက်တို့ဖြင့် မြတ်သော မင်းတရား၏ အဖြစ်ကို ယူ တော်မူ၍ ရာဇာဘိသေက မင်္ဂလာကို ခံယူတော် မူလေ သတည်း။ ။ထိုရာဇာဘိသေက မင်္ဂလာပွဲ၌ ခံယူတော် မူသော ဘွဲ့ကား ဘိုးတော် ထီးလှိုင်ရှင် မင်းကြီး ပေးသ နားတော် မူခဲ့သော (သိရိဇေယျသူရ) ဟူသော ဘွဲ့အမည် ကိုပင်- ခံယူတော်မူသည်။

မှာထားချက်။

ဤနေရာ၌ မှာထားချက် အထူးကို ရေးသား မှာထား ဦးအံ့။ ။ဘိုးတော် ထီးလှိုင်ရှင် မင်းကြီး ၏ မိဖုရား မထီး တူမ- သမ္မာ။လ မည်သော ဦးဆောက် ပန်းမှာ သားဘယောက် ဘွားဖြင် ဖြစ်ထွန်း ခဲ့သော်လည်း ၊ မြေးတော်ကို မင်း ဘိသိက် မြှောက်ပြီးမှ ရောက်လာ သောကြောင့် သားတော်သည် ထီးနန်းကို မစံ ရချေ။ ။ထီး

နန်း အရိုက် အရာကို မြေးတော်သာလျှင် စံစား ရချေ၏။ ။ထိုမြေးတော် ဖြစ်သော (သီရိဇေယ သူရ) မည်သော မင်းကရားကြီး၏ ဘွဲ့အမည်ကို လည်း အထူးထူး အထွေထွေ ရေးမှတ် ခေါ်ဝေါ်ကြသည်။ ။ခေါ်ဝေါ်ကြပုံမှာ-

(၁) မွေးဘွားတော် မူစဉ်က အိမ်ရှင် စည်ကြီး သူမတီးဘဲ အလိုလို မြည်ကြွေး သည်ကို အကြောင်း ပြု၍ အလောင်း စည်ရှု- ဟူ၍လည်း ရေးမှတ် ခေါ်ဝေါ် ကြ၏။ ။ဆရာ တို့ကား အလောင်းစည်သူ- ဟူသော အမည်၌ သ- အက္ခရာကိုပင် ဆ- အက္ခရာ ရှ- အက္ခရာ အသံသို့ ပြောင်းရွှေ့ ဘတ်ရွတ် ရသော သက္ကဋ္ဌ ဘာသာ သဒ္ဒါနည်းဖြင့်။ ။အလောင်း စည်ရှု။ ။ဟူ၍ ခေါ်ဝေါ် ရေးမှတ်ကြောင်းကို ဆိုကြ်ကုန်၏။

(၂) မင်း ဖြစ်တော် မူပြီးသော် ရှေးဦးစွာ ရွှေဂူကြီး မြတ်စွာ ဘုရားကို တည်ထားတော် မူ သည်ကို စွဲ၍။ ။ရွှေဂူ ဒါယကာမင်း။ ။ဟူ၍ လည်း ခေါ်ဝေါ် ရေးမှတ်ကြသည်။

(၃) မွေးဘွားတော် မူပြီးစက ခဏ ခဏ ဝိုကြွေးတော် မူရာတွင် ချက်ညှာတော် တရိက် ခန့်ရှည်၍ ထွက်သည်ကို စွဲလျက်။ ။ချက်တော် ရှည်မင်း။ ။ဟူ၍လည်း ခေါ်ဝေါ် ရေးမှတ်ကြ သည်။

(၄) ဇမ္ဗ။ သပြေပင် ရင်းခွ် သိကြားမင်း ပေးအပ်သော။ ။သီရိတြိဘုဝနာ ဒိတျ ပဝရ ပဏ္ဍိတ သုမေ္မရာဇာ မဟာဓိပတိ နှရပတိစည်သူ။ ။ဟူသော အမည်ဖြင့်လည်း ခေါ်ဝေါ် ရေးမှတ်ကြကုန်၏။

(၅) ထိုအမည်တွင် အဖျားကို ဆွတ်၍။ ။နရ ပတိ စည်သူ။ ။ဟူ၍လည်း ရေးမှတ်ကြသည်။

(၆) ဘိုးတော် ထီးလှိုင်ရှင် မင်းကြီး ပေးသနား အင်သော။ ။သီရိဇေယ သူရ။ ။ဟူသော ဘွဲ့အမည်ဖြင့်လည်း ရေးမှတ်ကြသည်။

(၇) ရင်းအမည် ကိုပင်[၁] သဒ္ဒါနည်း အားဖြင့်ဖေါက်ပြန် စေလျက်။ ။သီရိ စည်သူ။ ။

---

[၁]။ ။သဒ္ဒါ နည်းဖြင့် ဖေါက်ပြန်ပုံကား။ ။သီရိဇေယသူရ။ ။ဟူသော အမည်တွင်။ ။ဇေယ- သဒ္ဒါမှ ဇည်- ဟူ၍ဖြစ်သည်။ ။နသ- သဒ္ဒါ, ဝိနယ-သဒ္ဒါတို့မှ နည်း- ဝိနည်း- ဖြစ်သကဲ့သို့တည်း။ ။ရင်း" ဇည်" ဟူသည်မှ" စည်" ဟူ၍ဖြစ်ပြန်သည်။ ။သူရ- သဒ္ဒါမှ ရ- ကိုပယ်၍ အလွယ်တကူ သူ ဟူ၍ ခေါ်ဝေါ်သည်။ ။နှစ်ရင်ပေါင်းလျှင်။ ။"စည်သူ" ဟူ၍ ဖြစ်၏။ သီရိနှင့် ပေါင်းလျှင် "သီရိစည်သူ" ဟူ၍ ဖြစ်သည်။ ။စည်သူ- ဟူသမျှ ဤနည်ချည်းတည်း။ ။ပါဌာ နုသာရီ- မြန်မာ သဒ္ဒါနည်းဖြင့် ပြောင်းရွှေ့လာပုံကို ဆိုလိုသည်။

ဟူ၍လည်း မော်ကွန်း, သမိုင်းတို့၌ ရေးမှတ်ကြသည်။

(၈) သမုဒ္ဒရာ အတွင်း ဝဲရေတွင်းသို့ လွင့်စင်ကျသွားသော ရှင်ဖြူဘုရား နှုတ်တော် ကပင် အလောင်းစည်သူ- ဟူ၍ မိန့်တော် မူသည်ကို စွဲ၍။ ။အလောင်းစည်သူ။ ။ဟူ၍လည်း ရေးမှတ်ကြသည်။

ဤသို့ အထူးထူး အထွေထွေ ရေးမှတ်ရိုး, ခေါ်ဝေါ်ရိုး ရှိကြလေ၏။ ။ယင်းသို့ ရှိရာတွင် အလုံးစုံ အသင့်ချည်း ဖြစ်စေကာ ဤသမိုင်း၌ ကား အများအားဖြင့် ပေါ်လွင်ထင်ရှားသော။ ။ အလောင်း စည်သူ" ဟူသော အမည်။ ။"နရပဘိစည်သူ" ဟူသော အမည်တို့ကိုသာ သုံးစွဲ ရေးသားခြင်း များလိမ့် သတည်း။ ။ဤသည်တို့ကား သမိုင်း စာစောင် ရာဇဝင်, ကျောက်စာ စသည်တို့၌ ကွဲလွဲသော အချက်တို့တည်း။ ။ ထိုစကား၌ ယခုအခါ အများသူငါတို့ နှုတ်တက် လျက်ရှိသော။ ။မဏိ စည်သူ။ ။ဟူသော အမည်။ ။ရမဏိ စည်သူ။ ။ဟူသော အမည်တို့ကား သမိုင်း, ကျောက်စာ ရာဇဝင် အရပ်ရပ်တို့၌ မပေါ်လွင်, မထင်ရှား ရေးသားခေါ်ဝေါ်ချက် မတွေ့ရကား သေချာစွာ စဉ်းစားဆင်ခြင်၍ ယူအပ်ကုန်၏။ ။ဤကား မှာထားချက် စကားခုပ်တည်း။

ဆိုခဲ့ ပြီးသော အင်္ဂလောင်းစည်သူ မင်းတရားသည် မင်းအဖြစ်သို့ ရောက်တော်မူလျှင် မွေးဘွားစဉ် အခါက ဟူးရား ဆရာတို့ နှိပ်တိ ဘတ်ကြဲထားသည်နှင့် အညီ ကြီးမား လွန်ကဲသော ဘုန်းလက်ရုံး အာဏာနှံ့တော်မူ၏။။ အပြည့်ပြည့်ထောင်သော မင်းတို့၏ ရိုးသ ကျိုးနွံခြင်းကို လည်း ခံတော်မူရ၏။ ကြင်းကျားသ်များမြတ်သော စစ်သည် ဗိုလ်ပါ ဆင်ရဘနာ, မြင်းရတနာ— စသည်တို့နှင့်လည်း ပြည့်စုံတော်မူ၏။။ ။သင်္ဂီဟတရား လေးပါး၊ အပရိဟာ နိယတရား ခုနစ်ပါး၊ နာယကဂုဏ် ခြောက်ပါး၊ မင်းကျင့် တရား ဆယ်ပါး- စသော ကျေးဇူး အဆုံးတို့နှင့် လည်း ပြည့်စုံတော်မူ၏။ ။ရန်သူတကာတို့ကိုလည်း အလွယ် တကူ အောင်မြင်နိုင်သော ဂုဏ်ရည်အထူး ဝိုင်တော်မူ ၏။ ။တိုင်းနေသူ တို့၏ ကောင်းမြတ်သော ဆုပန်ခြင်း ကိုလည်း ခံယူတော်မူရ၏။ ပြည်ထဲရေး သာယာဝပြော ရန်ကို ငဲ့ကွက်တော် မူလျက် အမှုးအမတ် ပညာရှိတို့နှင့် သာ တိုင်ပင် ခန့်ခွဲခြင်းမျာသဖြင့် ပညာရှိဘို့၏ အလိုသို့ လိုက်လျော၍ ကျင့်တော် မူဘတ်၏။ ။ငှေးငှေးသော ဘေးလောင်းတော်, ဘိုးလောင်းဘော်ဘို့၏ အတူ စံနစ် ကို ယူလျက် တရားနှင့် ညီမှု၍သာ ကျင့်ဘော်မူဘာဘ် သောကြောင့် ခပ်သိမ်းကုန်သော တိုင်းနေ ပြည်သူတို့၏ စိတ်သည် အာဖနံတရာ ကြိတ်အပ်သော ဝါဂွမ်းစိုင် ကဲ့သို့ နူးညံ့ ပြောပျောင်း၍ ကောင်းသော ဆုကိုသာ ပန် ထွာကြ သေသဘည်း။

ဤသို့ ဆိုအပ်ခဲ့ ပြီးသော ကျေးဇူးဂုဏ် ဘုန်းဟုန် အဆောက်အဦ တို့နှင့် ပြည့်စုံတော် မူသော အလောင်း စည်သူ မင်းဘုရား ဘုရားသည် ဖြတ်သော ၄ မင်းအဖြစ် တည်းဟူသော အာဇာတ်အထိပ်သို့ ရောက်တော် မူသျှင် မိဖုရား လေးပါးကို ခန့်ထား မြောက်စားတော် မူလေသည်။ ။မိဖုရားလေးပါး ဟူသည်မှာ-

၁။ ရဘနာပုံ မိဖုရား တပါး။

၂။ တိလောကစန္ဒာ တပါး။

၃။ ရာဇကုမာရီ တပါး။

၄။ တောင်ပြင်သည် တပါး။

ဤသို့ မိဖုရား လေးပါး ရှိဘော်မူသည်။ ။ထိုမိဖုရား လေးပါးလုံး သည်ပင် အဘိသိက်ခံ မိဖုရားချည်း ဖြစ်၏။ ထို မိဖုရား လေးပါးတွင်။ ။ရဘနာပုံ မိဖုရားကား တောင်နန်းမ- မိဖုရားခေါင်ကြီး ပေတည်း။ ထို မိဖုရားခေါင်ကြီးတွင် သားတော် "မင်းရှင်စော" ကို ဘွားမြင်ဘော် မူသည်။ ။မိဖုရား တိလောကစန္ဒာကို နောက်ကာလ၌ ဦးဆောက်ပန်း-ဟု သမုတ်တော်မူပြန်သည်။ ထိုဦးဆောက်ပန်းမိဖုရားမှ သို့တော် "ထောက်လှကား" ကို ဘွားမြင်တော်မူသည်။ ။ရာဇကုမာရီ မိဖုရား၌ သားတော် သို့ဘေဘ်မရှိ။ ။မိဖုရား- တောင်ပြင်သည်မှ သို့တော် နှစ်ပါး ဘွားမြင်တော် မူရာ အကြီးကို "တောင်ဗျား" ဟူ၍ မည်တော်မူသည်။ အငယ်ကို "ဆိုကြူ" ဟူ၍ မည်တော်မူသည်။

၅။ မောင်းမ မိဿံတို့ကို ပြခြင်း။

ထိုမိဖုရား လေးပါးတို့၌ ခစား လုပ်ကျွေး ရသော မောင်းမ မိဿံ တို့ကား။ ။မိဖုရား တပါး, တပါး လျှင်။ ။မြဖြင့် ပြီးသော အဝတ်ဘန်းဆာကိုသာ ဝတ်ဆင်ရသော "မောင်းမသုံးရာ"။ ။စိန်ဖြင့်ပြီးသော အဝတ်ကိုသာ ဝတ်ဆင်ရသော "မောင်းမသုံးရာ"။ ။ပတ္တမြားဖြင့် ပြီးသော အဝတ်ကိုသာ ဝတ်ဆင်ရသော "မောင်းမသုံးရာ"။ ။ပုလဲဖြင့် ပြီးသော အဝတ်ကိုသာ ဝတ်ဆင်ရသော "မောင်းမသုံးရာ"။ ။အစုစုပေါင်းအားဖြင့် မိဖုရား တပါး, တပါးစီ၌ မောင်းမပေါင်း တထောင့်, နှစ်ရာ ရှိသည်။ မိဖုရား လေးပါး အတွက် အစုစုပေါင်း လေးထောင့်, ရှစ်ရာရှိသည်။ ။ထိုမှတပါး ကုန်း၍သာ ခစား ရသော "မိန်းမကုန်း သုံးကျိပ်"ကွ၍သာ ခစားရသော "မိန်းမကွသုံးကျိပ်" သူကြွယ်သို့ "တက္ကကြီးလေးယောက်" စည်တီး၍ ဖျော်ဖြေတတ်သော "မိန်းမစည်" ပတ်သာ တီး၍ ဖျော်ဖြေတတ်သော "မိန်းမပတ်" စောင်းတီး၍ ဖျော်ဖြေတတ်သော "မိန်းမစောင်း" ညွှင်းခတ်၍ ဖျော်ဖြေတတ်သော 'မိန်းမညွှင်း" ဤသို့သော မိန်းမ အခြွေအရံတို့ကိုလည်း မိဖုရားကြီး လေးပါး၌ အသီးသီး ခစား လုပ်ကျွေးစေတော်မူသည်။

၆။ ဗိုလ်ပါအလုံးအရင်းများ။

အလောင်းစည်သူ မင်းကြီး၏ ဗိုလ်ပါ အလုံး အရင်း

သုံးဆဲ့နှစ်စီး, ဆင်မည်းရှစ်သန်း, မြင်းရှစ်သန်း, လွှ,လွှဲကား ရှစ်သန်း, စစ်သည်သူရဲ တဆဲ့, ခြောက်ကုဋေရှိလေသည်။ ။ထိုမှတပါး သူကြီး, တမန် ကလံ,သံဖျင် စာရေး, . စာချို=စသော အမှုထမ်း ယောကျ်ား တို့ကား မရေ မတွက်နိုင် များပြားလှ၏။ ။တိုင်းနွင် လှည့်လည်တော် မူသောအခါ အမြဲ သုံးဆောင်တော်မူသော လှေယာဉ်တော် တဆဲ့, နှစ်စင်း ရှိသေး၏။ ။ထို တဆဲ့ နှစ်စင်းမှာ-

၁။ သုံးလှေ.ပူဇော်။
၂။ သုံးလှေ.ကြဌန်း။
၃။ ပြည်ကြီးနောင်။
၄။ ဝဇိရသခ်ါ။
၅။ အောင်သာဘန်ခိုး။
၆။ မိုးအောက်ကြယ်။
၇။ စွယ်လက်ယာသစ်။
၈။ နဝရတ်။
၉။ ပြည်ကြီးဝမ်း။
၁၀။ တင်ရာပြည့်စုံ။
၁၁။ လင်းဓင်း။
၁၂။ နဂါးကြေး။

၍ တဆဲ့, နှစ်စင်းတို့ ဖြစ်ကုန်၏။ သဏိုင်းဟောင်းတို့ ဥာဏ်ကား စိတ်အလိုရှိတိုင်း ပြီးစီး နိုင်သော လျင်မြန်သော အာဟုန်အယဉ်ရှိသော သူရဲ, သူခက်-အာသိန်းတို့နှင့် တကွ

မောင်းမ မိဖုရားတို့ကို ဆောင်ယူခြင်းငှါ စွမ်းနိုင်သော-သက်နက် လေယာဉ်စကြာ, သို့မဟုတ် ဘောင်တော် စကြာဖွင့်ကြီး တရုသည်း ဂိုဏေးသည်။ ။ထို စကြာလေယာဉ်တော်ကြီးဖြင့် သာလျှင် တိုင်းကား နိုင်ငံတွင် လှည့်လည် ကြွမြန်းဟော် မူသည်။ ။ဟူ၍ မိန့်ဆိုကုန်၏။ ။ရာဇဝင်တွဲဦးကား ဤသို့မလာ၊ သက်နက် လေတော် စကြာမှာ သိဟိုဠ်ဘုရင်ဖြင်းမြတ် ဆက်သ၍ ဂေဂိုသည် ဟူ၍ လာဂိုလေသည်။ ၅၂ သမိုင်းဦးကား ရာဇဝင် တိုဠ် လာသည်ကိုသာ ပမာဏထား၍ ဂေးသာသာတည်း။

၇။ ပြုစီရင်တော်မူသော မှုတော်တာဝန်များ။

မြတ်သော မင်းဘုရားကြီးသည် အာထွတ် အာထိပ် သို့ ရောက်တော်မူလျှင် မိဖုရား=မောင်းမမိသံနှင့် တကွ အမှူးအမာ အလုံးအရင်း ခြံရံလျက် မြန်မာပြည် ဘောင်ဘက်, မြောက်ဘက်သို့ ကြွတော်မူ၍ ကန်,ချောင်း, ဆည်, မြောင်း-တို့ကို ပြုစီရင်တော်မူ၏၊ လယ်မြေ, ယာမြေ ဖြစ်ကောင်းသော မြေကွက်, ယာကွက်တို့ကို ဘောင်တာခွဲ ဝေ၍ လယ်ယာတော်ခွဲပြီးမှ သူရဲ, သူခက် ဆင်လုံး, မြင်းရင်းတို့ အာကျိုးငှါ အစွန်အစာ ဖြစ်ကောင်းလျှင် အာ စွန် အစာ ဖြစ်စေတော် မူ၏။ ။ထိုသို့ အစုစုသော မြေ အရပ်တို့ကို ပေါင်း၍ ခရိုင်မြို့ပြ ဖြစ်ကောင်း လျှင်လည်း ခရိုင် မြို့ပြ အသစ် တည်ဆောင်တော် မူ၏။ ။ဤသို့ ကျင်ကျင်ကျင်ကျင် ပုဂ္ဂလ ပြုပြု ခရိုင်နှင်ကုတ် တိုင်း

နိုင်ငံအဝှမ်းတ်ရှ၌ ချိန်စဉ်းလဲ, တောင်းစဉ်းလဲ, အလေးစဉ်းလဲ-တို့ကို ဖျောက်ပယ်တော်မူလျက် ချိန်မှန်, တောင်းမှန်, အလေးမှန် တို့ကိုသာ တညီတချက်တည်း သုံးစွဲ စေရန် အလို့ဌါ ချိန်, ကျပ်, မူး, ပဲ စသည် တို့ကိုလည် ကောင်း၊ တင်း, ခွဲ, စိတ်, စရှတ် ပြည်, ခွက်, စလယ်, လမယ်တို့ကို လည်းကောင်း၊ တညီတည်း စီရင်တော် မူ၍ တချက်တည်း ဖြစ်စေတော် မူသတည်း။

ဤသို့လျှင် မြန်မာနိုင်ငံတော် တဝှမ်းလုံး၌ တိုင်းနိုင်ငံသားတို့၏ အကျိုးစီးပွါး ဖြစ်သော မြို့ပြ ခရိုင် အသစ်တည်ထောင်ခြင်း, လယ်ပယ် နယ်မြေ တာခွဲ ဝေခြင်း-စသော မှုဘော် တာဝန် တို့ကို ရွက်ဆောင် ပြီးမှ သာ သနာတော် သုံးပါး၏ အကျိုးစီးပွါး ဖြစ်သော။ ။သိမ်နှင့် ဘုရား ကျောင်းနှင့် စည်းခုံ ပုထိုးနှင့်ဂူ စရပ်နှင့်ဘန်ဆောင်း ကုလား ကျောင်းနှင့် စေတီတော် လမ်းရှည်နှင့် တံတား- အစရှိသော မရေ မတွက် နိုင်သော ကုသိုလ်တော်တို့ကိုလည်း ပြုစုတော်မူသည်။ ။သမ္မုတိ သံဃာတော်တို့အားလည်း ပစ္စည်းလေးပါး တို့ဖြင့် ချီးမြှင့် လှူဒါန်းတော်မူ၍ မလစ် မလပ် ပြုစုတော်မူရလေသည်။ ။ထို့ကြောင့်လည်း ရှင်နှင့်ရဟန်း တို့ကား ကျမ်းဂန် ကျနသီလဝိသုဒ္ဓိရှိသောပုဂ္ဂိုလ်တို့သာ များပြား ကုန်၏။ ။ပညာရှိသော သူတို့ကိုလည်း အထူးသဖြင့် မြောက်စားတော်မူ၏။ ။အစွမ်း အရည် ကောင်းသော သူတို့ ကိုလည်း ချီးပင့်တော်မူ၏။ ။မုဒိမ်း ဒဏ္ဍ ဓားပြ သူခိုးလူဆိုး လူသွမ်း လူကြမ်း လူယုတ်တို့ကို နှိပ်ကွပ်တော်မူ

သဖြင့် ပြည်ထဲရေးကို အေးမြချမ်းသာစေတော် မူ၏။ ။ သာသနာတော် ငါးဆောင်ပတ်လုံး တည်ရစ် စေသော ဟု ဆောက်တည်တော် မူလျက် တည်ထား ပြုစုတော်မူသော ပုထိုး, စေတီ= အာစရိသည်တို့ မူကား အပြီးသို့ ရောက်သည်သာ မျှား၏။

ထိုစဉ် အခါတွင် တိုင်းနှင်ငံ တော်ကား အထူး သဖြင့် စည်ပင် ဝပြော၏။ တိုင်းနေသူ ဗိုလ်လူအပေါင်း တို့လည်း ရေတွေသော ကြားပန်း ကဲ့သို့ ရွှင်လန်း နှစ် သိမ့် ကုန်လျက် ကောင်းသော ဆုကိုသာ ပန်ထွာ တောင့် တ ကြကုန်၏။ နှင်ငံတော် ပတ်ဝန်းကျင်၌ ရှိသော သား, သမင် အပေါင်းတို့နှင့် ဘကွ ငှက်မည်း, ငှက်ဖြူ အပေါင်း တို့ကိုလည်း ဘေးရန် မပြုရ မည်ဉီးဆဲရ-ဟု မင်းဒဏ် ထားရှိ ပညတ်တော် မူပြီးလျှင် ဘေးမဲ့ ပေးသနားတော် မူသောကြောင့် တောနေ ဖြိုင်အောင်း သား, သမင် အ ပေါင်းနှင့် တကွ ကောင်းကင်ပျံ ငှက်တို့လည်း ချမ်းသာ အေးမြ ကြကုန်၏။ ။ဤသို့လျှင် အလောင်းစည်သူ မင်း တရား ဘုရား၏ ဘုန်းရိန်ရောင်ဝါတို့ သည်ကား ကောင်း ကင်ဖြေခိုး ပျက်ကျိုးဘန်းမှ၊ ကြီးမား ခမ်းနားတော် မူ လှ သေသတည်း။

၈။ မင်းကြီး၏ ဆရာများ။

"အလောင်းစည်သူ မင်းကြီး" အမြဲ ဆည်းကပ် ကိုး ကွယ်အပ်သော ဆရာလေးပါး ရှိလေသည်။ ။လေးပါး ဟူသည်မှာ-

၁။ ရဟန္တာသခင်-အရှင် အရဟံ တပါး။
၂။ စိမ်းညက်မင်းသားတော်-မဟာထေရ် တပါး။
၃။ အရှင် အာနန္ဒာ တပါး။
၄။ မဟာဂိရိ နတ်မင်း တပါး။

ဤလေးပါးတို့ပင်တည်း။ ။ဤလေးပါးကုန်သော ဆရာမြတ် တို့သည် အလောင်းစည်သူ မင်းကြီးအား အခါခပ်သိမ်း ဆုံးမ ပဲ့ပြင် သွန်သင်တော် မူကြကုန်၏။ ။ ထို လေးပါးတို့တွင် ရှင်အရဟံ အကြောင်းနှင့် မဟာဂိရိ နတ်မင်းတို့၏ အကြောင်းကို အလောင်းစည်သူ မင်းကြီးနှင့် ဆုတောင်းဘက် ဖြစ်ခြင်း စသည်ဖြင့် အောက်၌ ရေးသား အပ်ခဲ့ပြီ။ ။အရှင် အာနန္ဒာ၏ အကြောင်းကား သရိုင်း, ရာဇဝင် တို့၌ မထင်ရှားချေ။ ။စိမ်းညက်မင်းသားတော် မဟာထေရ်ကား ရာဇဝင်, သရိုင်းတို့၌ အနည်းငယ်မျှ လာရှိ၏။ ။သို့ရာတွင် ကျေးဇူးလည်း မပွါးရာ၊ ကျမ်းစာ ရှည်လျားလတ်မည် ကိုလည်း စိုး၍ ထို မထေရ်၏ အကြောင်းကို မပြသာပြီ။

ဆိုခဲ့ပြီးသော ဆရာ လေးဦး တို့သည် အလောင်းစည်သူ မင်းကြီးအား ကြပ်မ စောင့်ရှောက်ကြ ကုန်၏။ ထို လေးပါး တို့တွင် ရဟန်းမြတ် ဖြစ်တော် မူကြသော ဆရာတော် သုံးဦးတို့ကား တရားဒေသနာကို ဟောပြောသော အားဖြင့် စောင့်ရှောက်တော် မူ၏။ ။မဟာဂိရိ နတ်မင်းကား ဘေးရန် အန္တရာယ်ကို ကာကွယ်တား ဆီးသော အားဖြင့် စောင့်ရှောက် လေ၏။ ။၏ အကာ

မဟာဂီရိ နတ်မင်း၏ စောင့်ရှောက်ပုံ တဆုကို ဘော်ပြ ရေးသားဦးမည်။

၉။ မဟာဂီရိနတ်မင်း စောင့်ရှောက်ပုံ။

တရံရော အခါ မင်းကြီး၏ ယောက်ဖတော် မဟာ သမန်းသည် ဆင်တော် စီး၍ မင်းတရား ကြီးအား ဖူး မြော်ရန် လာလတ် သေ၏။ ။မဟာ သမန်းကား နန်း တော် လှေကား တိုင်အောင် ဆင်တော်မှ မဆင်းဘဲ လှေ ကားသို့ ရောက်လျှင် ဆင်တော်ထက်မှ လှေကား ထက် သို့ကူးပြောင်း၍ နန်းတော်ဆောင်သို့ တက်မည် ပြုလေ ၏။ ။ထိုအခြင်းအရာကို မဟာဂီရိနတ်မင်း မြင်တော်မူ လျှင်။ ။မဟာသမန်းကား ငါသို့သော နတ်မင်းရှိလျက် ငါ၏ အဆွေတော်ကို မရိုမသေ မကျိုးမနွံ ပြုလေသည်။ ပြုရာသလော- ဟုဆိုကာ မဟာသမန်းအား ခြိမ်းချောက်- မောင်းမဲလေ၏။ ။မဟာ သမန်းသည် မဟာဂီရိ နတ် မင်း ခြိမ်းချောက် မောင်းမဲလေလျှင် ကြောက်ရွံ့ခြင်း ပြင်း ပြစွာဖြစ်၍ နန်းတော်ထက်မှ စီးလာသော ဆင်နှင့် အတူ အဝေးသို့ လွင့်စင်၍ သွားလေသတည်း။ ။မဟာသမန်း လည်း ထိုအခါမှ စ၍ မင်းတရား ကြီး၏ ဘုန်းဂုဏ်ကို တုန်လှုပ်ခြင်း ဖြစ်၍ ကြောက်ရွံ့ လေတော့သတည်း။ ။ ၏ကား မဟာဂီရိ နတ်မင်း၏ စောင့်ရှောက်ပုံတည်း။

မှတ်ချက်။

၏အရာတွင်။ ။ဌက်ပစ်တောင် ဆရာတော်

ဤသို့ ဆက်လက်၍ ရေးမှတ်ချက် ရှိလေသည်။ ရှိပုံကား။ ။ထိုသို့ မဟာ သမန်း လွင့်စင်သွား သည့်ကို ပညာရှိတို့ မြင်လေသော် သည်မင်း လက်ထက်၌ သူပုန်, သူကန်များ၍ ပြည့်ရွာ မြို့ပြ ထကြွရိုင်းပြခြင်း များလတ္တံ့- ဟူ၍ နိမိတ်ဘတ်ကြ လေသည်။ ။ဘတ်သော အတိုင်းလည်း ထိုမင်းတရား လက်ထက် သက္ကရာဇ် (၄၅၆)ခု နှစ်၌ သူခိုး, ဓားပြ- တရာကျော်ခန့် ရွှေနန်းတော် တွင်းသို့ ဝင်လာသည်ကို အတွင်း သင်းမှူးသား- ကျွန်မှူးမတ်တို့ သိမြင်လျှင် လှံဓားနှင့်- ကူညီထိုး ခုတ်မှသာ ငြိမ်ဝပ်၍ နန်းရာဇ ပလ္လင် ဥကင်ဝမှာ လူသုံးယောက် ခန္ဓာစဲသည်။ သွေးရည်, အညှိ- စသည်ဖြင့် နန်းထက်၌ အမြင်မသာ ရှိလေသည်။ အချိုသော သူခိုး, ဓားပြတို့လည်း ထွက်ပြေး၍ လွတ်သည်။ ထိုနောက် သူခိုး, ဓားပြ တစ္ဆေတို့ ညဉ့်အခါ ကိုယ်ထင် ပြ၍ ချောက်လှန့်သည်။ စောင်ရန်းလုလင် ချောက်နှင့် ပစ်ကြသည်။ ကျင် ရည်နှင့် ပေါက်လွတ်သည်။ သရပါ တံခါးကို အ နိုင်ဖွင့်သည်။ တောင်လေသာ နန်းတံခါးကို ဖွင့် ၍ ချောက်ခြိမ်းသည်- ဟူ၏။ ။ဤသို့ လာရှိ လေသည်။

သိဃိုင်ဖ်ရ သဓိုင်း ရင်းခ်ကား မွေးဘွားတော် မူစဉ်က မင်္ဂလာ ဥကင်သ တံခါး ဟင်းလင်းပွင့် သောနိမိတ်ကြောင့် ရွှေနန်းထက်သို့ သူခိုး, ဓား

ပြတ္ရှိ ဝင်ရောက်သည်- ဟူ၍ ဆိုလေသည်။ ဤအကြောင်းကို အောက်ဖြစ်သော ဘွားမြင်တော်မူခန်း၌ ရေးသား ခဲ့ပြီ၊ ။ဤသို့ ရာဇ ဝင်နှင့်-သဒိုင်းတို့မှာ ဆိုတိုင်းမည်ဦ ဂှိနေရာတွင် သဒိုင်းရင်းကို မူထား၍ ရေးသား ခဲ့ခြင်းတရပ်, သဒိုင်းရင်း စကားလည်း သင့်တင့် လျောက်ပတ်ခြင်းတရပ် ဤအကြောင်း နှစ်ရပ်ကြောင့် သဒိုင်းရင်းမှာ လာတိုင်း ထည့်သွင်း ဘော်ပြ ထားသည်။ ။ ဤကားမှတ်ချက်တည်း။

ယင်းသို့လျှင် မင်းကြီး၏ ဆရာ လေးဦးတို့သည် မင်းကြီးအား လောကီ, လောကုတ္တရာ စီးပွါး ချမ်းသာ တိုးတက် ပြန့်ပွါး စေ၍ သနား ကြင်နာစွာ စောင့်ရှောက်တော်မူကြ လေသည်။ ။အံ့ဩဘွယ်ရာ, ကြီးကျယ်စွာသော အာဏာလက်ရုံး ဘုန်းတန်ခိုး တော်နှင့် ပြည့်စုံတော် မူသည်ဖြစ်၍ မင်းသားတို့ တတ်စွမ်း ကောင်းသော ဆင်စီးအတတ်, မြင်းစီးအတတ်, လေးအတတ်-စသည်တို့၌ အပြီးသို့ရောက်အောင် တတ်မြောက် တော်မူသော များစွာသော ကျေးသီး, ကျွန်ငယ်, ကျွန်ကြီးတို့နှင့် ပြည့်စုံတော် မူသော အလောင်းစည်သူ မင်းတရားကြီးဘုရားသည် စိတ်နှလုံးသို့ သက်ဝင် စေတတ်သော ပညာ ရှိတို့၏ စကားကိုသာ လိုက်နာ ကျင့်ကြံတော်မူလျက် မြတ်သော မင်းဧကရာဇ်၏ စည်းစိမ်ကို ခံစားတော်မူလေသတည်း။ ။ထိုမျှသော ဘုန်းလက်ရုံး အာ

ဏာဘော်တို့နှင့် ပြည့်စုံတော် မူသော အသောင်းစည်သူ မင်းတရား ကြီးကား သာသနာတော် သက္ကရာဇ် တထောင့်, ခြောက်ရာ, သုံးဆဲ့, ခြောက်ချ (၁၆၃၆)ချ ဂေါဇာ သက္ကရာဇ် လေးရာ, ငါးဆဲ့, လေးချ(၄၅၄)ချနှစ်၌ မနှိုင်းယှဉ်အပ်သော ကြက်သရေတော် အရဖြင့် မြန်မာနိုင်ငံ ပြည်သူ ပြည်သားနှင့် သာသနာတော် သုံးပါးတို့၏ အကျိုးဌါ မြတ်သော မင်းအဖြစ်သို့ ရောက်တော် မူခဲ့သေ သတည်း။

မင်းဧကရာဇ် အဖြစ်သို့ ရောက်တော် မူခန်းပြီး၏။



တိုင်းခွင် လှည့်လည်တော် မူခန်း။

ဤသို့လျှင် မင်းဧကရာဇ် အဖြစ်သို့ ရောက်တော်မူ ခန်းကို ပြဆိုပြီး၍ ယခုအခါ၌ တိုင်းခွင် လှည့်လည်တော် မူခန်းကို ဆိုပေအံ့သတည်း။

၁။ ရဟန္တာသခင်- ရှင်အရဟံထေရ် ပရိနိဗ္ဗာန် စံလွန်တော် မူခြင်း။

အောက်၌ ဘော်ပြ ရေးသား ခဲ့ပြီးသော ရဟန္တာ သခင်- ရှင်အရဟံ ထေရ်မြတ်သည် ဂေါဇာ သက္ကရာဇ် လေးရာ, တဆဲ့, ကိုးချ (၄၁၉)ချ နှစ်၌ အနော်ရထာမင်း ကြီး၏ လက်ထက် တော်တွင် ဒုဝံ ပြည်သို ရောက်တာ

တော်မူ၍ ထိုအနော်ရထာ မင်းကြီး၏ လက်ထက်တော်, သားတော်- ထီးလှိုင်ရှင် မင်းကြီး၏ လက်ထက်တော်, ထီးလှိုင်ရှင် မင်းကြီး၏ မြေးတော် အလောင်း စည်သူ မင်းကြီး၏ လက်ထက်တော် ဤလက်ထက်တော် သုံးခု တို့၌ ပြည့်ရှင် မင်းတို့နှင့် တကွ တိုင်းသား ပြည်သူ ရှင်လူ ရဟန်းတို့၏ အစီးအပွါး, သာသနာတော် သုံးပါး တို့၏ အစီးအပွါး တို့ကို ဆောင်တော် မူလျက် မင်းသုံးဆက် တိုင်တိုင် ကိုးကွယ် ဆည်းကပ်ခြင်းကို ခံတော်မူရလေ သည်။

အရှင်အရဟံ ထေရ်မြတ်ကား၊ သုနာ ပရန္တတိုင်း, တမွဒီပတိုင်း- ဟူသော မြန်မာနိုင်ငံ အတွင်း၌ ရှေးဦးစွာ သာသနာတော် မျိုးစေ့ကို စိုက်ပျိုး ထူထောင်တော် မူ သော မဟာထေရ်မြတ်ကြီး တပါး ဖြစ်တော်မူ၏။ အနော် ရထာ မင်းကြီး၏ လက်ထက် တော်မှ အစပြု၍ မြန်မာ နိုင်ငံတော်တွင် ဘုရားစစ် ဘုရားမှန်, တရားစစ် တရား မှန်, သံဃာစစ် သံဃာမှန်တို့ကို ကိုးကွယ်ရခြင်း၊ သာ သနာစစ်, သာသနာမှန်တို့ကို ကြည်ညိုရခြင်း တို့ကား ထိုအရှင်အရဟံ ထေရ်မြတ်၏ အဆုံးအမတော်ပင် ဖြစ် ချေသည်။ ။မြန်မာ နိုင်ငံ၌ သာသနာတော် သုံးပါး၏ ရေသောက် မြစ်ကြီးတခု ဖြစ်သည်ဟု ဆိုထိုက် ပါပေ သည်။ ။ထိုရဟန္တာ သခင်-အရှင်အရဟံ ထေရ်မြတ် သည် မင်းသုံးဆက်တိုင်တိုင် သာသနာတော် သုံးပါးကို ပြုစု ဖြစ်ထွန်း စေတော် မူပြီးသော် မင်းသုံးဆက်တွင် နောက်ဆုံး ဖြစ်တော်မူသော သီဟိုဠ်ရှင် ဘုရားဒါယကာ

မဟာနရ ပတိစည်သူ မင်းတရားကြီး နန်းတက်တော် မူ၍ တနှစ်သာသာ ကြာလျှင် သာသနာတော် သက္ကရာဇ်တထောင်, ခြောက်ရာ, သုံးဆဲ့, ခုနစ်ခု(၁၆၃၇)ခုဂေါဇာ သက္ကရာဇ် လေးရာ, ငါးဆဲ့, ငါးခု(၄၅၅)ခု နှစ်၌ အလုံးစုံသော မင်းဆွေစိုးမျိုးနှင့် တိုင်းနေ ပြည်သူ ရှင်လူရဟန်း တပည့်တပန်း ထမ်းဆောင်နေကျ ဖြစ်သော သာသနာ့တာဝန်တို့ကို စွန့်ပယ်တော် မူလျက် ပရိနိဗ္ဗာန် စံလွန်တော်မူရလေသည်။

ယင်းကဲ့တို့ အရှင်အရဟံ ပရိနိဗ္ဗာန် စံလွန်တော်မူသည်ကို အလောင်းစည်သူ မင်းကြီးသိတော်မူသျှင်။ ။ ငါ၏ဆရာ လေးဦးတို့တွင် အထွတ်ဆုံး ဖြစ်သော ဆရာသခင် ကျေးဇူးရှင်- ရှင်အရဟံ ကိုယ်တော်သည် ပရိနိဗ္ဗာန် စံလွန်တော်မူချေပြီ။ ငါသည် ဤနေ့မှစ၍ အဘယ်သူ၏ အဆုံးအမကို ခံယူရပါအံ့နည်း။ ငါ့အား ဆုံးမဲ့ပြင်သွန်သင်သော သူမြတ် မရှိခဲ့ပြီ တကား ...ဟူ၍ သံဝါကျည်ကျည် ငိုကြွေးတော် မူသေ၏။ ။မင်းဆွေစိုးမျိုးဖြစ်သော မောင်းမမိသံ ခြွေရံ သင်းပင်းတို့သည်လည်း ရှိက်ကြီးတင်ငိုကြွေးကြကုန်၏။ ။မှူးမတ် ကျွန်ကျေးနှင့်တကွ တိုင်းသူပြည်သားတို့လည်း ဘုရားသခင် ပရိနိဗ္ဗာန် စံသောအခါကဲ့သို့ပင် ငိုကြွေး ဟစ်အော် ကြကုန်၏။ ထို့နောင် အလောင်းစည်သူမင်းကြီးသည် အသူးသူးသော ပန်း,ဆီမီး ထီး, တခ်းခွန်, ကြက်လျှာ ကြာသွက်အိုး-အစရှိသော လှူဘွယ်ဝတ္ထု တို့ကို ယူ၍ ရှင်အရဟံထေရ်ပြက်၏ အလောင်းတော် [illegible] မှူးမတ် အ

သွားရောက် ဖူးမြော် ပူဇော် လှူဒါန်းပြီးလျှင် ရှင်အရဟံ ၏ရုပ်တော်အလောင်းကို ကောင်းမွန်ခမ်းနားစွာ သင်္ဂြိုဟ် တော်မူသည်။

၂။ သင်္ဂြိုဟ်ပုံအခမ်းအနားကား။

သင်္ဂြိုဟ်ပုံ အခမ်းအနား အကြောင်းကို ပုဂံ ရာဇဝင် ဟောင်း၌ လာရှိသော အတိုင်း ရေးသားပေအံ့။ ။သီရိ ဇေယသူရ- ရှေဂူဒါယကာ အလောင်းစည်သူ မင်းကြီး သည် နန်းစံတော်မူ၍ နှစ်သည်ခါ ကျော်တွင်ပင် မြတ် စွာဘုရား ဗျာဒိတ်တော်နှင့်အညီ မြန်မာ တိုင်းပြည်တွင် သာသနာ တော်ကို ချီးမြောက်၍ တောက်ထွန်း စည်ပင် ပွင့်လင်းပြန့်ပွါး များစေနိုင်သော ပရိယတ္တိ သာသနာ, ပဋိပတ္တိ သာသနာ, ပဋိဝေဓ သာသနာတော် သုံးပါးကို အားထုတ် ဆောင်ရွက်တော် မူသော ကောင်းကင်ပျံ ခြင်း မြေလျှိုးခြင်း တန်ခိုး ဣဒ္ဓိပါဒ် အဘိညာဉ် သမာပတ် နှင့် ပြည့်ဝုံတော်မူသော အာသဝေါ ကင်းတော် မူပြီးသော မြန်မာလူမျိုးတို့သည် ဘုရားတဆူကဲ့သို့ ကြည်ညိုသဖြင့် ကိုးကွယ် အပ်သော အရှင် အရဟံ ထေရ် မြတ်သည် ရုပ်နာမ် နှစ်ပါး တရားတို့၏ ငြိမ်းရာ ခေမာ အမတသို့ ကြွတော်မူလျှင် ရူပ ကာယဖြစ်သော အလောင်းတော်ကို ရေနံ့သာ တို့ဖြင့် သွန်းသောင်း သပ္ပါယ် ပြီးမှ အဘိုး များစွာထိုက်သော နူးညံ့သိမ်မွေ့သော ပုဆိုးတို့ကို ဆီ နံ့သာဆွတ်၍ အထပ်ထပ် ကောင်းမွန်စွာ ထုပ်၏။ ထို့

နောင်မှ ရတနာကိုးရပ် မျက်မြတ် စီမံသော ရွှေတလား တွင်သွင်း၍ ကာသိကတိုင်း, ကောတုမ တိုင်း,စိန့်တိုင်း, တို့မှဖြစ်သော အထူးထူး အထွေထွေ အရောင်နှင့်ပြည့်စုံ သော အထည်အဝတ် တို့ဖြင့် အရိုး,ချင်ပိတ် အချိတ်, အဆက်- စသည်တို့၌ သင့်မြတ် လျောက်ပတ်ရာ ချယ်လယ် မွမ်းမံသော ဘုံတဆဲ့ တဆင့် ရှိသော ရတနာ ပြာသာဒ်တွင် အလောင်းတော်နှင့် တကွ ရွှေတလားသို့ တင်၍ သဘင် ခုနစ်ရက်ခံသည်။

ပြည်သူ,လူ, ရဟန်း, ပရိသတ်အပေါင်း တို့ကို ပူဇော် ကန်တော့ စေပြီးသော် အုတ်, အင်္ဂတေ အပြေ အပြစ် စီရင်သော ခုံပလွင်၌ သံကွန်ရက် ခင်းသည်။ သံဒေါင်း လည်ကြာယပ်နှင့် တကွ ငါးဆင့်ဘုံတွင် ထုပိကာ, ထီး တို့ဖြင့် တင့်တယ် ဆန်းကြယ်စွာသော အထက်မျက်နှာ ကြက်ကိုရွှေမွမ်း၍ လေးထောင့် စိုက်သောတိုင်တွင် ဆွဲ ထားသည်။ ပိတ်, ဖျင်တို့ကို အတွင်းဝန်းပြု၍ ဌက်ပျော ပင်,ကြံပင်စိုက်သည်။ ထို့ပြင် ရာဇမှတ် ဝန်းကာ၍ ဌက် ပျောပင်, ကြံပင်စိုက်သည်။ မြူတာရေပြည့် ပတ်လည် စင်နှင့် တန်းထားသည်။ ကြာသွတ်အိုး ပန်းမျိုးစိုက်ကာ စင်နှင့် တန်းထားသည်။ ထို့နောင်မှ လူတပ်, မြင်းတပ် ဆင်တပ်-ဝန်းကျင် စီရင်ထားသည်။ ဤသို့မှ နှံ့သာ, ကရ မက်, စန္ဒကူးတို့ဖြင့် စီဆင့်သော အမြင့် ကိုးတောင် ရှိ သော ထင်းပုံထက် ရွှေတလားနှင့်တကွ တင်၍ရွှေဖိုကျင် ရှစ်လုံးထိုး၍ သင်္ဂြိုဟ်တော်မူသည်။ ။ပြီးလျှင် နှံ့သာ ရည်, နှင်းရည်, စမွယ်ရည်တို့ဖြင့် မီးကို ငြိမ်းစေ၍ ရွှေ

တလဲ့ဘုန်း ပြာကိုသန့်စင်၍ အာရိုးဓာတ်တော်ဘို့ကို ဇရုနံ့သာဖြင့် စင်စေပြီးလျှင် ရွှေ အိုးတိုပြီးသော ကျောက်စိမ်ဖြူတာတွင် ထည့်သွင်း၍ တန်ဆောင်ခြေ ဖြေ သန့်စင်သော အရပ်တွင် ဂူတည်၍ ပူဇော်နေသည်။ ဂူအတွင်းဥာဉ်လည်း အာရုံငါးအရပဟံသဏ္ဌာန် ရှင်တူ, ရှပ်ပုံကို အုတ်ဖြင့် တည်လုပ်၍ ပြည်သူ, လူ, ရဟန်းအပေါင်းတို့ကို ပူဇော်စေသည်။ ။ဤသည် တို့ကား၊ ပုဂံရာဇဝင် ဟောင်းဌာလာသော စကားတို့တည်း။

ဖုတ်ချက်။

အရှင်· အရဟံ ပဂိုဒ္ဓဖွာန် စံလွန်တော် ရှ၍ သင်္ဂြိဟ်ပုံကို ဆိုသော စကားစုကို ဘယ်မှာမှ ရှာမွေ့မရ ရှိလေသည်။ ။သို့ဖြစ်၍ ဤစကားစုကို "ပုဂံရာဇဝင်ဟောင်းမှာ ပါရှိသည့်အတိုင်း သာလျှင်—ရေးသား ဟော်ပြလိုက် ပါသည်"။

အလောင်းစည်သူ မင်းကြီးသည် ဆိုခဲ့ ပြီးသော အာ တိုင်း ရှင်အရဟံ ထေရ်မြတ်၏ အလောင်း တော်ကို သင်္ဂြိဟ် ပူဇော်တော် မူပြီးလျှင် ဓာတ်တော် ဂူတည်ရာ အရပ်ကိုလည်း လေးမြတ်စွာ ရှိခိုးတော် မူခဲ့လေသတည်း။

၃။ မဟာသမုဒ္ဒရာသို့ ကြွခဲ့ရောက်ခြင်း။

ဤသို့လျှင် အာရှင်အရဟံ ပဂိုဒ္ဓဖွာန် စံလွန်တော် မူပြီးသော် အာရှင်အရဟံ၏ တပည့်သားဖြစ်ကုန်သော ရဟန္တာ

ငါးရာတို့ကား ပုဂံပြည်၌ပင် သိဘင်းသုံး နေထိုင် ကျန်ရစ်ဘော် မူခဲ့ကြကုန်၏။ ။ရဟန္တာငါးရာ– ကျန်ရှိသေးကြောင်းကား နောက်၌ ထင်ရှားလတ္တံ့။ ။အံ့လောင်းစည်သူ မင်းကြီးသည် မင်း၏ စည်းစိမ်ကို ခံစားလျက် ရဟန္တာ ငါးရာ အာရှင်မြတ်ဘို့ ကိုလည်း အာရှင်အာရဟံ ကဲ့သို့ပင် မမေ့ မလျော့ ပြုစု လုပ်ကျွေးတော် မူလေသည်။ ။တရုံရောအခါ မဟာသမုဒ္ဒရာ၏ အတွင်း၌ အထူးထူး အသွေးထွေ ရှားဘွယ်, ကြည့်ဘွယ်ဘို့သည် ရှိကုန်သည်ဟု ကြားသိတော်မူသဖြင့် အံ့လောင်းစည်သူ မင်းကြီးသည် မဟာသမုဒ္ဒရာ၌ရှိသော ကြည့်ရှုဘွယ် တို့ကို ကြည့်ရှုလိုတော် မူလေ၏။ ။ထို့နောင်မှ နိုင်ငံတော် အာစပ်နှင့် သူ့နိုင်ငံအစပ် မရောမယှက်စိမ့်သောဌါ ကင်းတို့, ကင်းရှည် ထားခြင်း နေပြည်တော်၌ အစောင့်အနေ့ ခန့်ထားခြင်း- စသော တိုင်းရေး ပြည်ရာတို့ကို ကောင်းစွာ စီရင်တော် မူပြီးလျှင် မဟာသမုဒ္ဒရာသို့ ရုန်ဘော် ဆု၍ တိုင်းနှင် လှည့်လည်တော် မူသတည်း။

တိုင်းနှင် လှည့်လည်တော် မူရာတွင် ပါရှိသော အာလုံး အာရင်းကား။ ။အာမဘ်ပေါင်း ရှစ်သောင်း, လေးထောင် ဗိုလ်ခြေ ကုဋေ တသန်းခြောက်သိန်း။ သက်နက် လေငယ်ပေါင်း ရှစ်သန်းနှင့်တကွ လေယာဉ် စကြားထက်တွင် မင်း, မိဖုရား, မောင်းမ, ကိုယ်လုပ်တော် တို့နှင့် အာတူ စီးနင်းတော်မူ၍ တိုင်းနှင်လှည့်လည်တော် မူလေသည်။ ။ဤကဲ့သို့ တိုင်းနှင် လှည့်လည်တော် မူသော်

၁ တန့်ကြည့်တောင် အဆုံးသို့ ရောက်လျှင် လယ်ဘပယ်မျှလောက်သော ကျောက်ဖျာသက်၌ အရောင် အဝါတို့ဖြင့် ဘောက်ပသော နဂါးမင်း တကောင်သည် မင်းကြီးအား ဖူးမြော် လာရ လေသည်။ ။နဂါးမင်းကား၊ နေမင်းကဲ့သို့ အလျှံ အဝါ ကွန့်မြူး နေသောကြောင့် စိမ်းစိမ်းရဲရဲ မရှုဝံ့သကဲ့သို့ရှိရာ အလောင်းစည်သူ မင်းကြီးသည် သိကြားမင်း အပ်သော မြရှင် လက်စွပ် တော်ဖြင့် ကွယ်ကာ ကြည့်တော်မူမှ နဂါးမင်း၏ အရောင် အဝါ ညှိုး၍ နဂါးရုပ်သွင် ထင်ရှားလေသည်။ ။ထို အရပ်၌ သင်္ကြန် ခေါ်တော်မူပြီးမှ တဖန် ကြွသွားပြန်၏။

အလောင်းစည်သူ မင်းကြီး၏ လှေယာဉ် စကြာတော်ကား အလွန်လျင်မြန်၏။ ဗိုလ်ခြေ အရာ အထောင်တို့ကို ဆောင်ယူနိုင်၏။မင်းကြီး၏ စိတ်အလိုရှိရာသို့ လျှင်မြန်စွာ သွားရောက် တတ်သည်။ အရောင် အဆင်းကား ရွှေရောင်, မြရောင်, ပုလဲရောင်-စသည်ဖြင့် နဝရတ် ကိုးပါး ဖြန့်ကြဲသားသကဲ့သို့ ရှိသည်။ ။သည်ကို ရည်ရွယ်၍။ ။လက်ညှိုး ညွှန်ရာတွင် ရေပြင် ဖြစ်ရသည်– ဟု ပြောဆိုရိုး ဖြစ်သတတ်။ ။ထိုဘောင်တော် လှေစကြာ

၁။ တန့်ကြည့်တောင်–ဟု ဆိုလျှင်။ ။ဘကောင်း တန့်ကြည့်တောင်, ပုဂံ တန့်ကြည့်တောင်, ရခိုင် တန့်ကြည့်တောင်-ဟု သုံးမျိုး ရှိလေသည်ကို သတိပြု။ ။ ၏အရာမှာ ရခိုင် တန့်ကြည့်တောင်ကို ဆိုလိုဟန်ရှိသည်။

ဦးဠ္ဍ မင်းကြီး၏ ကိုယ်တော်နှင့်အာမျှသော ဣန္ဒြစင်ကို ချတ်လုပ်သည့်- ဘုရားရပ်တုတဆူ- အမြဲပါရှိလေသည်။

၅၂ကဲ့သို့ ခရီးထွက်တော် မူလတ်သော် လမ်းခရီးအကြား ကုလားပြည် ဘင်္ဂလားသို့ ရောက်တော် မူလျှင် ရှေးဘေး လောင်းတော် နေ၁ရထာမင်းကြီး တိုင်းနှင်ငံ လှည့်လည်တော် မူစဉ်က ထားတော်မူခဲ့သော တူရိယာ ငါးပါး လွယ်လျက် ထားသည့် ကျောက်သား သူရဉ် ငါးရုတို့ကို တွေ့မြင်တော် မူသဖြင့် ဟူးရားဆရာ တို့အား အံ့ကြောင်း ခြင်းရာကို မေးစိစစ်တော် မူသော် ဟူးရား ဆရာတို့ လျှောက်ထား ကြသည်ကား။ ။အရှင်ဘေး လောင်းတော်- အံ့နေ၁ရထာ မင်းစောသည့် ရှေးသော အခါ တိုင်းနှင်ငံ လှည့်လည်တော် မူစဉ် သည်အရပ်သို့ ရောက်လျှင် နောက် အခါတွင် ငါကဲ့သို့ ဘုန်းရှိသော သားတော်, မြေးတော်, မြစ်တော်တို့ တိုင်းကား နှင်ငံ လှည့်လည်၍ သည်အရပ်သို့ ရောက်လတ်သော် သင်တို့သည် ပတ်,စည်, ဆောင်း,ညှင်းတို့ကို တီးမှုတ်ကြကုန်ဟု၍ မိန့်ဆိုထားခဲ့သော ကျောက်သား သူရဉ်များ ဖြစ်ကြောင်းကို လျှောက်ထားလေ၏။ ။ထိုစကားကို ကြား လျှင် အာလောင်းစည်သူ မင်းကြီးက။ ။သည်အတိုင်း မှန်ချေလျှင် ယခု ငါကိုယ်တော် ကြွလာတော် မူချေပြီ။ အဘယ့်ကြောင့် မတီးမှုတ်ရ သနည်းဟဲ့ ကျောက်သူရဉ်တို့ကို ဦးမြင်းချောက်မှ ကျောက်သူရဉ် ငါးရုတို့သည် စည်, ဆောင်း, ညှင်း,ထင်းကွင်း, စည်ရုတ်,စည်ပုတ်,မရိုး, ထပိုး,

ခရာ, နှဲ,ပြွေ, ပတ်သာ-စသော တူရိယာတို့ကို တီးမှုတ်ကြကုန်သည်။

၄။ သိဃီဠိုင်ကျွန်းသို့ ဆိုက်ရောက်တော်မူခြင်း။

ရက်ကာလ မကြာမြင့်မီ သိဃီဠိုင် ကျွန်းသို့ ရောက်တော် မူလေသည်။ ထိုအခါ သိဃီဠိုင်မင်းသည် နရပတိစည်သူ မင်းကြီး၏ ဘုန်းတော်ဒဏ်ကို မခံဝံ့ သောကြောင့် လူဗိုလ်ခြေ ရှစ်သိန်း စီးနင်းနိုင်သော သက်နက် လှေတော်ကြီးနှင့် တကွ သို့တော်"စောဦးထွေး"ကို ဆက်သတော်မူရ လေသည်။ ။အရှင်မဟာကဿပထေရ် ရတင်ကျင့်နေဟန် ရုပ်တုတော်ကိုလည်း ဆက်သပြန်လေသည်။ ။ထိုရုပ်တုတော်ကို သက်နက် လှေသက်တွင် ထိပ်ဦးက တင်လျက် ကိုးကွယ်တော် မူသည်။ ။အလောင်းစည်သူ မင်းကြီးသည် သိဃီဠိုင် ကျွန်းရှင် ဘုရင် မင်းမြတ်အား အကြည် အသာ ပြောဟောတော် မူ၏။ ။သိဃီဠိုင်မင်းလည်း ရိုသေကျိုးနွံသော စိတ်ဖြင့် မြတ်သော မင်းကြီး ကျွန်ုပ်ကား လူဗိုလ်ခြေ ရှစ်သိန်း စီးနိုင်သော သက်နက် လှေယာဉ်နှင့် ချစ်လှစွာသော သို့တော်ကို ဆက်သရသဖြင့် လောကီ လက်ဆောင်ပဏ္ဏာမှာ တင်းတိမ်ပါပြီ။ ။အရှင်မဟာ ကဿပထေရ် ရတင်ကျင့်နေဟန်- ရုပ်တုတော်မျှကို ဆက်သရသဖြင့် လောကုတ္တရာ လက်ဆောင်ပဏ္ဏာမှာ တင်းတိမ်ဘွယ် မဟုတ်ပါခဲ့။ နောင် အခွင့်ညီလျှင် လောကုတ္တရာ လက်ဆောင်ကောင်းကို ဆက်သ

ပါဦးမည်။ ။ဟူ၍ လျှောက်ထား သံတော်ဦး တင်လေသည်။

မှတ်ချက်။

သိဃိုင့် ဘုရင် ဆက်သသော သက်နက်လှေယာဉ်ကား— တခြား။ ။နိုင်ငံတော်မှ ပါရှိရင်း ဖြစ်သော လှေယာဉ်ကား—တခြားဟု ခွဲခြားရှိမှတ်။ ။ထို သိဃိုင့် ဘုရင်သည်ပင် သိဟိုင့်ရှင် ရုပ်ပွါးတော်ကို သိကြားမင်းနှင့်အတူ ဆက်သတော် မူလိမ့်မည်။

၅။ ဇမ္ဗူ့သပြေပင်ရင်းသို့ ရောက်တော်မူခြင်း။

သိဃိုင့် ကျွန်းမှ တဖန် ဇမ္ဗူ့သပြေပင်ရှိရာ အရပ်သို့ ကြွတော်မူပြန်၏။ ဇမ္ဗူ့သပြေပင် အနီးသို့ ရောက်တော်မူလျှင် ၏ ဘဒ္ဒကပ်ကမ္ဘာ၌ ပွင့်တော် မူပြီးသော ဘုရားရှင် လေးဆူတို့ သီတင်းသုံးတော်မူရာ ဖြစ်သော ပုလဲကျောက်ဖျာကို မြင်ရသော် ကျောက်ဖျာ ထက်တွင် နေတော် မူလိုသောစိတ် ဖြစ်ပေါ်လာ သဖြင့် ဟူးရားဆရာတို့ကို မေးမြန်းတော်မူ၏။ ။ဟူးရားတို့က လျှောက်ထားသည်မှာ။ ။မြတ်သောမင်းကြီး ၏ပုလဲကျောက်ဖျာကား ဘုရားရှင်တို့ သီတင်းသုံးရာ အရပ်ဖြစ်၍ မင်းကြီး နေခြင်းငှါ မသင့်ပေ။ ယုံတော် မမူပါလျှင် မင်းကြီး၏ ဦးခေါင်းထက်တွင် ဝတ်ဆင်ထားသော ဦးပေါင်းတော်ကို ကျောက်ဖျာထက်သို့ တင်ကြည့်တော်မူသော် ကြက်တောင်ကို မီးကျီးတွင် ချသကဲ့သို့ တခဏချင်း လောင်

ကျွမ်းပါလိမ့်မည်....ဟု လျှောက်ထား ကြွေလေသည်။ ။ မင်းကြီးလည်း ဟူးရားဖြူ, ဟူးရားညိုတို့ လျှောက်ဆို တိုင်း ပြုလေလျှင် ဦးပေါင်းတော်သည် ကျောက်ဗျာ ထက်သို့ ရောက်သည်နှင့် တပြိုင်နက် ဗျစ်ဗျစ် မြည်၍ ဒီးကျွမ်းလေသည်။ ။ဤသို့သော အခြင်းအရာကို မြင် လျှင် အလွန်ချွင်ပျံသော ဒိတိ သောမနဿ ဖြစ်လျက် အလောင်းစည်သူ မင်းကြီးသည် ကျောက်ဗျာ အပြင်ကို စိမ်းစိမ်းရွှေ့ကာ ကြာမြင့်စွာ ဖူးမြော်နေတော်မူ သတည်း။

၆။ သိကြားမင်း၏ အာဘိသိက်သွန်းပွဲ။

အလောင်း စည်သူ မင်းကြီးသည် ဆိုခဲ့ ပြီးသော ကျောက်ဗျာ အနီး ကျွန်းဦး ဇမ္ဗု။ သပြေပင် ရောက်ရာ အရပ်မှာပင် ချုံနှစ်လတိုင်ကိုင် ဗိုလ်ရှာသဘင် ခံနေတော် မူလေ၏။ ။ထိုအခါ၌ ထိုအရပ် မှာပင် ဗိုလ်ရှာသဘင် ခံနေသည်ကို သိကြားမင်း မြင်တော် မူလေလျှင်။ ။ ၍ မင်းတရားကား သာသနာတော် သုံးပါး၌ ကြည်ညို လွန်ကဲလှသည်။ သာသနာ၏ အစိုးအပွါး ကိုသာ ရွက် ဆောင်တော်မူလေသည်။ ငါသည်လည်း သာသနာတော် ၏ အာစိုး အပွါးကို ဆောင်ရွက်သော် စောင့်ရှောက် ကျည်မည်ဟု- ဝန်ခံချက် ပြုဘူးသည်။ ယခု အခါတွင် သည်မင်းတရားအား လောကီ, လောကုတ္တရာ ကျေးဇူး ဥစ္စာကို ပေး၍ စောင့်ရှောက် ကျည်ရန် အလွန်ကြံကြိုက် ပြီ။ ။ဟု- နှလုံးသွင်းပြီးလျှင် တတိယ အကြိမ်မြောက် ကျွန်းဦးဇမ္ဗု။ သပြေပင် အောက်တွင် များစွာသော စွယ်

သော လူဗိုလ်ခြေ,နတ်ဗိုလ်ခြေတို့ဖြင့် ခြံရံလျက် သိကြား မင်း ကိုယ်တိုင် ရာဇာဘိသေက မင်္ဂလာကို ကောင်းမွန်စွာ စီရင်တော် မူလေ၏။ ။မင်းကြီး အားလည်း။ ။ (သီရိတြိဘုဝနာဒိတျ ပဝရ ပဏ္ဍိတသုမေ္မရာဇာ မဟာ မိပတိ နရပတိစည်သူ)။ ။ဟူသော ဘွဲ့အမည်တော် ကိုလည်း ဘွဲ့ချည် ပေးအပ်တော် မူလေသည်။

မှတ်ချက်။

ကျောက်စာ, ရာဇဝင် တို့၌ သိကြားမင်း ပေးအပ်သော ဘွဲ့အမည် ဖြင့်လည်း ရေးသား သုံးစွဲ ကြလေသည်။

၇။ ရှင်ဖြူ, ရှင်လှဘုရားတို့ကို ဆက်သခြင်း။

ထိုသို့ အဘိသိက် သွန်းပြီးလျှင် သိကြား မင်းသည် ပုလဲ ကျောက်ဖျာ ထက်တွင် ပုလဲရှင် ရပ်တုတော်တဆူ ကို ထုလုပ် တင်ထားပြီးမှ မင်းကြီးအား ကိုးကွယ်ရန် အပ်နှံဆက်သပြန်လေ၏။ ။ထိုဘုရားကို "ရှင်ဖြူ" ဟူ၍ သမုတ်မှည့် ခေါ်တော်မူ၏။ ။ထို့နောင် ရှေးနည်းတူ ဇမ္ဗူ့ သပြေခက် ဒက္ခိဏ သာခါကို ဘုရားရှင် ရပ်တုတဆူ ထုပြန်၍ သိကြား မင်းက ဆက်သ ပြန်လေသည်။ ။ထိုဘုရားကို "ရှင်လှ" ဟူ၍ သမုတ်မှည့်ခေါ်တော်မူ၏။ ။ထိုဘုရား ရပ်တုတော် "ရှင်ဖြူ" "ရှင်လှ" တို့ကို သက်နက် လှေစကြာတွင် မြတ်သော ပလ္လင်ထက်၌ တင်လျက် ကိုးကွယ်တော်မူသည်။

၈။ မြင့်မိုရ် တောင်သို့ ကြွတော် မူခြင်း။

နရ ပဘိ စည်သူ မင်းကြီးလည်း ရှင်ဖြူ ရှင်လှ= ဘုရားရုပ်တုတော် နှစ်ဆူတို့ကို ကိုးကွယ်တော် မူရလျှင် ကျွန်းဦး ဇမ္ဗူ၊ သပြေပင်မှ မြင့်မိုရ် တောင်ထိပ်သို့ သွားရောက်တော် မူလိုပြန်သဖြင့် အလွန်လျှင် ကျယ်ဝန်းနက်ရှိုင်းသော သမုဒြာရေ အပြင်သို့ ဗိုလ်ခြေ အသိန်း အသန်းနှင့်တကွ လှေယာဉ် စကြာကို လှည့်လည် စေတော် မူလေ၏။

ထိုအခါ သိကြား မင်းကား ဝိသုကြို နတ်သားနှင့် တိုင်ပင်သည်မှာ။ ။အချင်း နတ်သား နရပဘိ စည်သူ မင်းကြီးကား မြတ်သော ဘုန်းရှိသော မင်း ဖြစ်ပေ၍ ကျွန်းဦး ဇမ္ဗူ၊ သပြေပင်သို့ပင် ကြွရောက်တော် မူလာသဖြင့် ကောင်းစွာ ရောက်တော်မူချေပြီ။ ငါသိကြားမင်းလည်း "ရှင်ဖြူ,ရှင်လှ" ရုပ်တုတော် တို့ကို ဆက်သခဲ့ပေပြီ။ သို့စင် လျက်ကို ယခု တဖန် မြင့်မိုရ်တောင် ထက်သို့ လက်အံ့သောဌါ သမုဒ္ဒရာ ရေပြင်သို့ လှေယာဉ် စကြာကို လွှင့်ချီတော် မူလေသည်။ ၏နရပတိ စည်သူ မင်းကြီးသည် မြင့်မိုရ် တောင်သို့ သွားသော် ဧကန်ပင် ရောက်နိုင်သော ဘုန်းတန်ခိုးတော် ရှိပေ၏။ ရောက်မည် မှန်သော်လည်း နတ်တို့၏ပြည် မြင့်မိုရ်တောင် ပတ်ပတ်လည်တွင် ကြာရှည်စွာ စံနေတော် မူလျှင် တိုင်းပြည် စီးပွါးနှင့် သာသနာတော် သုံးပါး အစီးအပွါး တို့သာလျှင် ဆုတ်ယုတ် ပျက်ပြား ရာသည်။ နရပတိ စည်သူ

မင်းကြီးအား လွန်မြတ်သော ကျေးဇူးတော် ရှိမည် မဟုတ်။ သာသနာ တော်၏ အစီး အပွါးကား လူတို့ပြည် မှာသာ ထင်ရှားရှိနိုင်သည်။နတ်တို့ ပြည်တွင် ရှိနိုင်သည် မဟုတ်။ မြင့်ရိုရ်တောင် ထက်သို့ တက်နေ ပါမူလည်း အလွန်လျှင် ရက်, လ- ရှည်ကြာ၍ သာသနာတော် သုံးပါးကို မေ့လျော့ နေပေလိမ့်မည်။ ။အမှူး, အမတ်, မောင်းမ, မိဿံ တို့လည်း မြင့်ရိုရ်တောင်သို့ သွားရအံ့သည်ကို ကြောက်ရွံ့ စိုးရိမ်လှသဖြင့် နှလုံးဝမ်း ငယ်လှ ကုန်၏။ ။ထို့ကြောင့် သာသနာတော် သုံးပါး အစီး အပွါးကိုသာ ထမ်းဆောင် ကျင့်ကြံရန် ငါတို့တိုက်တွန်း ကြပေအံ့....၏သို့တိုင်ပင်ကြလေသည်။

ထိုသို့ တိုင်ပင်ပြီးလျှင် ဝိသုကြို့ နတ်သားနှင့် အတူ သိကြား မင်းသည် သမုဒ္ဒရာ ရေမျက်နှာ ကောင်းကင် ထက်တွင် နေလျက် ခြိမ်း ခြိမ်း ဟုန်း ဟုန်း ရိုးသံပေး လျက် ရိုးသေး, ရိုးဖွဲ့ကိုလည်း ရွာသွန်း စေလေသည်။ ညွှင်းညွှင်း သာသာ ခတ်သော ရိုးသက် လေကိုလည်း လာစေလေသည်။ ရေလှိုင်းတံပိုး ကိုလည်း တိုးတက် ပွါးများစေလေ၏။ လျှပ်နွယ်, လျှပ်ပန်း, တို့ကိုလည်း အဆန်း တကြယ် ပြက်ခတ် စေလေသည်။ ။ထိုအခါ မှူးမတ် ဗိုလ်ပါ တို့ကား လှေယာဉ်စကြာ သမုဒ္ဒရာ ရေပြင်တွင် နစ်မြုပ်အံ့ ထင်သကဲ့သို့ တုန်ဘခိုက်ကြောက်ရွံ့ ကြကုန်၍ ဝမ်းနည်း လှကုန်၏။ အသံကျည်ကျည် မြည်ဟစ်၍ မျက်နှာ မသာမယာ ရှိကြ ကုန်သည်။ ။ထိုအခါမှ မှူးမတ် တို့ထည်း မင်းကြီးအား သံတော်ဦးတင်ကြ

သည်ကား။ ။မြတ်သော မင်းကြီး သမုဒ္ဒရာ ရေပြင်ကား ကြီးကျယ်လှစွာ၏။ မြင့်မိုရ် တောင်လည်း ဝေးလံလှစွာ၏။ မှူးမတ်ဗိုလ်ပါ တို့လည်း လွှန်စွာ ကြောက်ရွံ့တုန်လှုပ် ကြကုန်ပြီ။ အကယ်၍ မြင့်မိုရ်တောင်သို့ ရောက်အောင် ကြွတော်မူချေသော် အရှင် မင်းကြီးကား ဘုန်းတော်ကြီးမားလှ၍ ဘေးရန် ဥပဒ် မစွမ်း ငြိသော်လည်း လှေတော် အသီးသီးတွင် ပါရှိသော အမှူး, အမတ်နှင့် ဗိုလ်ခြေတို့မှာကား အဘယ်သို့သော ဘေးရန်ကို တွေ့ကြုံရငြားအံ့လည်း မသိ နိုင်ပါ။ ဤအရပ်မှပင် နေပြည်တော်သို့ ပြန်ခြင်းငှါ လျောက်ပတ် သင့်တင့်ပါသည်။ ။ ယခုလည်း မိုးသေးဖွဲ့ဖွဲ့နှင့် ရွာသွန်းနေပါသည်။ လေပြေလေညှင်းလည်း တိုက်ခတ်၍ လျှပ်နွယ်, လျှပ်ပန်းလည်း ကြောက်ရွံ့ ခမန်း ရှိပါချေပြီ။ လှိုင်းတံပိုးတို့လည်း လှေစကြာကို ချိုးဖျက်အံ့သကဲ့သို့ ထကြွပါသည်။ ။သမုဒ္ဒရာ၌ကား ငါး, မိကျောင်း, မကာရ်း, လပိုင်, စသော မရေမတွက် နိုင်သော ဘေးရန်ထူပြော လှပါသည်။ ။ နေပြည်တော်သို့ ပြန်ကြွတော်မူမှ သင့်တင့်ပါမည်။ ။ ဤကဲ့သို့ အညီအညာ လျှောက်ကြလေသည်။

နရပတိစည်သူ မင်းကြီးကား မှူးမတ်တို့ လျှောက်ထားသည်ကို ကြားလျှင်။ ။ဟယ်....အချင်းအမတ်တို့ ငါသို့သောဘုရင် မင်းတရားကား စကြဝဋ္ဌာ ကုဋေတသိန်းကို စင်လျက် လှည့်လည် ကြွမြန်း နိုင်သည်ကိုအဘယ်မူ၍ ဤမျှလောက်သော ရေသမုဒ္ဒရာ အငယ်ကို ကြောက်ရွံ့ ကြကုန် သနည်း။ ရှေ့မြင့်မိုရ်တောင် ထက်သို့ လှေစကြာ

ဖြင့် ဒေးဓောက် ကြွတော်မူမည်....ဟူ၍ တင်းမာစွာပြန့် တော်မူလျှင် အမှူးအမာတို့လည်း အသားကို စားအံ့ သကဲ့သို့ ကြောက်ရွံ့ခြင်း ပြင်းပြစွာဖြစ်၍ တစုံတရာကို မျှ သံတော်ဦးတင် ဝံ့တတ်ဘဲ ရှိကြလေသည်။

ထိုဒေခါတွင် အာရှင် သိကြား မင်းနှင့် ဝိသုကြံ့နတ် သား တို့သည် မင်းကြီးကို တားဖြစ်ရန် အားသစ်ပြန် သည်မှာ။ ။သိကြား မင်းကား အာဟိုးအိုကြီး အာရွယ် ကိုဖန်ဆင်း၏။ ဝိသုကြံ့ နတ်သားကား အာမယ်အိုကြီး အာရွယ်ကို ဖန်ဆင်း၏။ဤသို့ ဖန်ဆင်းပြီးလျှင် တရေးသော လေငယ်ဖြင့် လွှဲဦးတွင် သိကြားမင်း ထိုင်လျက် ဝဲတွင် ဝိသုကြံ့ နတ်သား ထိုင်ပြီးလျှင် ပြင်းပြစွာ လှော်ခတ်လာ သကဲ့သို့ ပြု၍ မင်းကြီး။ လွှစကြာ မနီး မဝေးတွင် ရှေးရှု လာလတ်၏။ ။ထိုဒေခါ မင်းကြီးသည် သူ့အိုနှစ်ယောက်ကို ထူးဆန်းစွာ တွေ့မြင်ရသဖြင့် မှူးမတ်တို့ကို ခေါ်ငင်စေရန် ဒေဝိန့်ချပြီးလျှင် သူ့အိုတို့ကိုဖြေဘော်မှောက် သို့ရောက်သောအခါ ဤသို့ မေးမြန်းတော် မူလေသည်။

(မင်းကြီး) ဟယ် သူ့အိုတို့။ ။သင်တို့ အဘယ် အရပ်မှ ပြန်လာကြ ကုန်သနည်း။

(သိကြားမင်း) အရှင်မင်းကြီး အကျွန်ုပ်တို့ကား မြင့် မိုရ်တောင်ခြေရင်းတွင် နေထိုင် ကြသော လူမျိုး ဖြစ်ပါ သည်။ ယခု မြင့်မိုရ်တောင်မှ လာခဲ့ ကြပါသည်။

(မင်းကြီး) သင်တို့ ဘယ်အရပ်သို့ သွားရန် ထွက် လာခဲ့ ကြသနည်း။

(သိကြား) ကျွန်ုပ်တို့သည် လူတို့ပြည်သို့ သွားပါမည်။ လူတို့ပြည်မှာသာလျှင် ဘုရားရတနာ, တရားရတနာ, သံဃာရတနာ- ဟူသော ရတနာသုံးပါး ရှိသည်။မြင့်မိုရ်တောင်ခြေရင်း နတ်မင်းတို့၏ နေရာ အရပ်မှာကား ဘုရား,တရား, သံဃာ- ဟူသော ရတနာသုံးပါးရှိသည် မဟုတ်ပါ။ ။ရတနာ သုံးပါးကိုသာ ပူဇော်ဆည်းကပ်လိုသဖြင့် လူတို့ပြည်သို့ လာခဲ့ပါသည်။

(မင်းကြီး) အို....သူအို သက်ကြီးတို့။ ။သင်တို့၏ စကားသည် ဟုတ်တန်လှစေ။ ။သင်တို့သည် မြင့်မိုရ်တောင်ခြေ နေမြဲ အရပ်မှ အဘယ် အချိန် အရွယ်က ထွက်လာခဲ့ကြသနည်း။ ယခုမူကား သင်တို့၏ အသက်ရွယ်သည် အိုမင်း မစွမ်း ရှိချေပြီတကား။

(သိကြားမင်း) မြတ်သော မင်းကြီး။ ကျွန်ုပ်တို့ ဇနီးမောင်နှံသည် ထိမ်းမြား ပြီးနောက် ခုနစ် ရက်မြောက်တွင် အမိ, အဘတို့ကို ခွင့်ပန်၍ လူ့ပြည်သို့ လာခဲ့ပါသည်။ ။ရက်ကာလ မည်မျှ ကြာသည်ကို မပြော နိုင်ပါပြီ။ ကျွန်ုပ်တို့မှာ ဆံဖြူ, သွားကျိုး၍ အဘိုးကြီး, အမယ်ကြီး ဖြစ်နေသည်ကို ကြည့်ရှုပါတော့။ ။မြင့်မိုရ်တောင်ခြေ- ဟူသည် သို့စဉ်မျှ ဝေးလံလှပါသည်။

(မင်းကြီး) ငါ မင်းတရားလည်း ဗိုလ်ပါ အင်အား နှင့် မြင့်မိုရ်တောင်သို့ သွားမည်ဟု- လာခဲ့ပေသည်။ ။ ယခုမူကား သင်တို့လျှောက်ထား ကြသည်ကို သိရသောကြောင့် မြင့်မိုရ်တောင်သို့ မသွားတော့ပြီ။ ။မြင့်မိုရ်တောင်သည် ခရီးလည်း ဝေးလံလှ၏။ သမုဒ္ဒရာ, တော

တောင်- အဆထပ်ထပ်တို့လည်း ခြားနားလျက်ရှိ၏။ ရတ နာသုံးပါး သာသနာတော် အစီးအပွါးလည်းမရှိ။ ဒိုလပ် အပေါင်းသည်း ခရိုး ညောင်းလှ၍ နှလုံးဝမ်း ငယ်လှ သည်။ ။ထိုသို့ဖြစ်သော် မြင့်မိုရ်တောင်သို့ သွားသဖြင့် အကျိုးမရှိရာပြီ-ဟု ပိန္နဲတော်မူသေသည်။

သိကြားမင်းနှင့် ဝိသုကြံ့ နတ်သား တို့လည်း မင်းကြီး အား ကောင်းချီးပေးလျက် မြင့်မိုရ်တောင်သို့ ကြွသဖြင့် အကျိုးစီးပွါး မရှိကြောင်းနှင့် သာသနာ တော်ကို မပြုစု နှိုင်ကြောင်း တို့ကို ဟောပြောပြီးလျှင် သမုဒ္ဒရာ ရေပြင် သို့ လွှတ်ခတ်၍ သွားလေ သတည်း။ ။မျက်တောင် တခင်မျှ ကြာသတ်လျှင် သူဒုရိန်စိုးသည် ရေလယ်တွင် ပျောက်ကွယ်၍ သွားလေ၏။ ။ထို အခြင်း အရာကို မင်းကြီးနှင့် တကွ မှူးမတ်တို့လည်း မြင်ရလေသည်။ ။ ထိုသို့ ရှုမြင်ရသော အခါ အလောင်းစည်သူ မင်းကြီး သည် ဤသူတို့ကား လူမည်ကာမျှ မဟုတ်ပေ။ သိကြား မင်း, နှတ်မင်းတို့သာ ဖြစ်ရာသည်၊ ငါ့အား သာသနာ တော် အစီးအပွါးကိုသာ ဆောင်ရွက် စေလို လှသော ကြောင့် ခရိုးကို ချုပ်တား ကန့်ကွက်ခြင်း ဖြစ်ပေလိမ့် မည်ဟု- နှလုံးတော် သွင်းလျက် သမားဖြူ, သမားညိုတို့ အား အဘယ်သို့ အလိုရှိကြ သနည်းဟု မေးမြန်းတော် မူ၏။ သမားဖြူ, သမားညို တို့ကသည်း အာရုဉ် မင်းကြီး အကျိုးကျေးဇူး အဆုံးမသတ်သော အရပ်သို့ ကြွသွား သဖြင့် ဘယ်အစီးအပွါး ရှိပေဘုံအံ့နည်း။ ယနေ့ပင်တိုင်း ပြည်သို့ ကြွနိုရ် ဘုတ်ဂါ၏ ဆုတိုး သာသနာ တော်၏

အကျိုး တို့ကိုသာ ဆောင်တော် မူပါ ဟူ၍ လျှောက်ထားသဖြင့် မင်းကြီးလည်း သဘောတော် နှစ်ခြိုက်၍ ထိုအရပ်မှ လှေစကြာကို လှည့်ပြီးလျှင် တိုင်းတော်,ပြည်တော်သို့ ပြန်ကြွတော် မူလေသည်။

၉။ သရက္ခန် ရုပ်တုတော်ကို ဆက်သခြင်း။

သိကြားမင်းလည်း မင်းကြီး ပြန်အံ့သော အကြောင်းကိုသိသဖြင့် မင်းကြီး၏ အထံသို့ သွားလျက် ကိုယ်သင်ရှားပြပြီးလျှင်။ ။မြတ်သော မင်းကြီး မြင့်ရိုရ်တောင်သို့ မသွားခြင်းသည် ကောင်းမြတ် လှပေ၏။ ငါသည်ကား နတ်တို့၏ ဘုရင်ဖြစ်သော သိကြားတည်း။ မင်းကြီးအား သာသနာတော်၏ အကျိုးကို ဆောင်ရွက် စေချင်သော ကြောင့် မြင့်ရိုရ်တောင်သို့ မသွားအောင် တားမြစ်ခဲ့ပေသည်။ ၊သာသနာတော် တည်သမျှ လူအပေါင်းတို့ ကိုးကွယ် စိမ့်သောဌါ သင်မင်းကြီးအား ဘုရားရုပ်တု ကိုငါအပ်မည်ဟု ဆိုပြီးလျှင် အဝန်းယူဇနာတရာ မွေးကြိုင်သော သရက္ခန်သားကို ဘုရားရုပ်တုတော် လုပ်၍ ကိုးကွယ်ရန် ပေးအပ်၏။ မွေတော်မြတ် တဆဲ့ နှစ်ဆူ ကိုလည်း ပေးအပ်တော် မူလေသည်။ ။သရက္ခန်သား နှင့် မွေတော်ဓာတ် တဆဲ့ နှစ်ဆူ တို့ကို မင်းကြီးသည် အတိုးတသိန်း ထိုက်သော ရွှေခွက်ဖြင့်ခံယူလေ၏။ ။ထို အခါ မြေထီး ငလျင် ပဲ့ဘင်ထပ်မျှ လှုပ်လေသည်။ ။ ထို နောင် သိကြားမင်းသည် သရက္ခန်သားကို ငါးပိုင်း

ပိုင်းပြီးလျှင် ဘုရားရုပ်တုတော် ငါးဆူ ထုလုပ်၍ ပေးတော်မူ၏။ ။ဇမ္ဗူ့ သပြေသားကိုလည်း ဘုရားရုပ်တုတော် ငါးဆူ လုပ်၍ ပေးအပ်တော် မူ၏။ ။ထို့နောင် ဝိသုကြို့ နတ်သားက သပြေရုပ်တု တဆတွင် သရက္ခန်ရုပ်တုဘဆ မွေတော်ဓာတ် တဆကို အညီအမျှစီ သွင်း၍ သရက္ခန် ငါးဆူ ဖြစ်အောင် စီရင် ပေးလေ၏။ ။သပြေရုပ်တု အတွင်းသို့ သရက္ခန်ရုပ်တု ထည့်သွင်းထားသည်- ဟူလိုသည်။

ဤသို့ စီရင်ပြီးလျှင် သရက္ခန်ရုပ်တုတော် ထုရာတွင် ကြွင်းကျန် ရစ်သော- ဆောက်စာ အစ, အနှ သပြေသားရုပ်တု ထုရာတွင် ကြွင်းကျန်ရစ်သော- ဆောက်စာ- အစ, အနှ- တို့ကိုရပေါင်းလျက် ဘုရားရုပ်ဘုပြုလုပ်ပြီးလျှင် ဓာတ်တော်, မွေတော်တို့ကို သွင်း၍ သိကြားမင်း ကိုယ်တိုင် ဆက်သလေ၏။ ။ထိုဘုရားကို "မြတ်ပေါင်းမဥ္ဇူ" ဟူ၍ရင်း၊ "ရတနာမဥ္ဇူ" ဟူ၍ရင်း၊ ဘွဲ့တော် မှည့်တော် မူသည်။ ။ဤသို့လျှင် သရက္ခန် ငါးဆူနှင့် တကွ မြတ်ပေါင်းမဥ္ဇူ တို့ကို လှေစကြာ ထက်တွင် မြတ်သော ရွှေပလွင်ထက်၌ တင်ထားတော် မူ၍ အစဉ် အတိုင်း ပြန်ကြွလာတော် မူလေသည်။ ။ထိုစဉ် အခါတွင် အလောင်းစည်သူ မင်းကြီး၏ လှေစကြာထက်တွင် တိုင်းပြည့် တော်က ပါရှိရင်း ဖြစ်တော်မူသော ကိုယ်လေးတော် ရွှေကိုယ်သွန်း "လှေစကြာဦးဘုရားတဆူ"။ ။သိဃိုင္ဒ်မင်းက ဆက်သသော "အရှင် မဟာ ကဿပ ရဟန္တာမြတ် ရုပ်တုတဆူ" ။ ။သိကြားမင်း ဆက်သ

သော "ရှင်ဖြူ,ရှင်လှနှစ်ဆူ"။ ။သိကြားမင်းနှင့် ဝိသုကြို နတ်သားတို့ ဆက်သသော "သရက္ခန် ရုပ်တုတော် ငါးဆူ"။ ။သပြေသား, သရက္ခန်သား တို့ကို ထုလုပ်ရာတွင် ဆောက်စာ=အစ, အနကို စုပေါင်း၍ ထုလုပ်ထားသော "မြတ်ပေါင်းမဥ္ဇူ၊ တဆူ"။ ။ဤသို့လျှင် ဘုရားရုပ်တုတော် ဆယ်ဆူ ပါရှိလေသည်။

မှတ်ချက်။

ထို ဆယ်ဆူသော ဘုရားတို့တွင်။ ။မင်းကြီးသည် မြန်မာနိုင်ငံသို့ ပြန်လည် ဆိုက်ရောက်တော် မူလျှင်။ ။"ရှင်ဖြူ, ရှင်လှ" နှစ်ဆူတို့ကို စစ်ကိုင်း တောင်၌ ကိုးကွယ်တော် မူသည်။ ။ "သရက္ခန် ငါးဆူနှင့် မြတ်ပေါင်းမဥ္ဇူ" ပေါင်းခြောက်ဆူ တို့တွင် ကွန်းရွာ၌ သရက္ခန် တဆူ, ပခန်းတွင် တဆူ, ရှင်မတောင်တွင်တဆူ, ဆင်ကြို ရွှေဂူတွင်တဆူ, အညာသီဟာတောတွင် တဆူ– ကိုးကွယ်တော် မူပြီး၍။ "မြတ်ပေါင်းမဥ္ဇူ" ကို ကား ပခန်းကြီး မြို့တွင် သီတင်း သုံးတော် မူသော သီလဝန်,ဂုဏဝန် ဖြစ်တော်မူသည့် အရှင် "အရိယဓဇ သဒ္ဓမ္မရံသီ" မဟာထေရ် မြတ်အား အပ်နှံ ထားတော် မူလျက် ကိုးကွယ်တော် မူသည်။ ။ကြွင်းသော ဘုရားတို့ကိုကား ပုဂံပြည် ရွှေနန်းတော်သို့ ပင့်ဆောင် ကိုးကွယ်တော် မူသည်။

မှာထားချက်။

ဤအရာ၌။ ။"ရှင်ဖြူ-ရှင်လှဘုရား သရက္ခန်ဘုရား" တို့၏ အကြောင်း အမြွက်မျှကို ထည့်သွင်း ဆိုရသော်လည်း သီဟိုဠ်ရှင် သရိုင်းနှင့်ကား မသက်ဆိုင်ပေ။ ။ထိုသို့ မသက်ဆိုင်စေကာမူ အလောင်းစည်သူ မင်းကြီး တိုင်းခန်းလှည့်လည်တော် မူသော ခရီးစဉ်နှင့် သက်ဆိုင်နေသောကြောင့် "သရက္ခန် ငါးဆူ သရိုင်း ရှင်ဖြူ- ရှင်လှသရိုင်း"တို့မှ အကျဉ်းချုပ် ထုတ်နုတ်ရေးသား၍ အလျင်းသင့်သော အားဖြင့် ထည့်သွင်း တော်ပြသိုက် သတည်း။

၁၀။ ဗလဝါမုခဝဲသို့ ရောက်တော်မူခြင်း။

ဤသို့လျှင် အလောင်းစည်သူ မင်းကြီးသည် လှေစကြာတော်ဖြင့် လှည့်လည်တော် မူခဲ့ရာ သမုဒ္ဒရာရေမျက်နှာတွင် လှေယာဉ်စကြာ သွားလာဖန် များလတ်သော် ဗလဝါမုခဝဲအတွင်းသို့ ရောက်တော် မူလေ၏။ ။ထိုအခါတွင် လှေယာဉ် စကြာသည် တုန်တခိုက် ကျိုးအံ့သကဲ့သို့ရှိ၏။ လှိုင်းတံပိုးတို့လည်း ဒိုးရှိတမျှ ထကြွဆူပွက်လေ၏။ ။ယင်းသို့လျှင် ဝဲရေပြင်ခရီးကို လှေယာဉ်စကြာ ဖြတ်သန်းသော အခါ ရှင်ဖြူဘုရား ရုပ်တုတော်သည် ရေသို့စင်၍ ကျတော်မူလေ၏။ ။ထိုအခိုက်တွင် [illegible]

တရက် ပျံသန်းလာပြီးလျှင် အဘောင် နှစ်ဘက်ကို လက်ရှက်ကူးလျက် ရှင်ဖြူဘုရား ရုပ်တုဘော်ကို ရေပြင်သို့ မကျအောင် ပင့်ဆောင်၍ ထားလေသည်။

ရှင်ဖြူ ဘုရားသခင်လည်း ရွှေဟသ်ာ နှစ်ကောင်တို့၏ အဘောင်ထက်တွင် စံနေဘော်မူသော ခဏမှာပင် နရပဘိ စည်သူမင်းကြီးအား (အလောင်းစည်သူ- ငါ့ကို ယူလော့)ဟူ၍ သာယာချေင်သော အသံတော်ဖြင့် နှုတ်တော် မြွက်တော် မူလေ၏။ ။ထိုအခါမှ မင်းကြီးသည် ရှင်ဖြူဘုရားကို လှမ်း၍ ယူတော်မူရလေသည်။ ။ရှင်ဖြူ ဘုရား၏ နှုတ်မိန့်သံကို အကြောင်းပြု၍ ထိုအခါမှစပြီး လျှင် (အလောင်းစည်သူ)ဟူ၍ တွင်ပြန်လေသည်။

၁၁။ နေပြည်တော်သို့ ပြန်ကြွတော် မူခဲ့ရာ မလ္လာယုကျွန်းသို့ ရောက်ခြင်း။

ဆိုခဲ့ ပြီးသော ဗလဝါမုခဝဲ အတွင်းမှ မဏိမေခလာ=အစရှိသော နတ်သွီးတို့၏ ကူညီ ကယ်ဆယ်ခြင်းဖြင့် လွတ်ကင်း ထွက်မြောက်တော် မူခဲ့ရာ လှေယာဉ်စကြာတော်ကို ဇမ္ဗူဒိပ်ကျွန်း နေပြည်တော် ပုဂါရာမသို့ ပြန်လည် စေတော် မူသည်။ ။နေပြည်တော်သို့ ပြန်လည်တော်မူသော သက္ကရာဇ်ကား လေးရာ့, ချနစ်ဆဲ့, ချနစ်ချ (၄၇၇)ချနှစ် တပေါင်းလ ဖြစ်လေသည်။ ။နေပြည်တော်သို့ ပြန်လည်တော် မူလတ်သော် လူသူပါးရား ဘီလူးများသာ နေထိုင်ရာဖြစ်သော- မလ္လာယုကျန်း

သို့ မမြင့်မီဆိုက်ရောက်တော်မူလေ၏။ ။မလ္လာယုကျွန်းကား နတ်ဘီလူးတို့၏ နေရာတည်း။ သမုဒြာ အလယ်တွင် ထွန်းသော ကျွန်းငယ်တခု ဖြစ်၏။ ။မလ္လာယုကျွန်းသို့ ရောက်တော် မူလျှင် ထိုကျွန်း၌ နေကုန်သော နတ်ဘီလူးအများ ယောက်ျား, မိန်းမတို့သည် သိကြားမင်းနတ်မင်းတို့၏ ကြက်သရေ တော်ကို နှိုင်းယှဉ် တုပြိုင်လျက် တင့်တယ် ကြီးမားလှသော အလောင်းစည်သူမင်းကြီး၏ စည်းစိမ်တော်အစုကို ကြည့်ရှု ဗူးမြော်လိုကြ၍ ကမ်းနားညွှတ်မျှ ဗူးမြော်လာကြကုန်သတည်း။

ထိုအခါ နတ်ဘီလူးမ တဦးသည် သားငယ်ကို ပွေ့ချီလျက် မင်းကြီးအားဗူးမြော်စဉ်တွင် အလွန် တင့်တယ်သော မင်းတို့၏ ကြက်သရေတော်ဖြင့် နတ်မင်း တို့၏ အသရေကို ဆောင်တော် မူသော အလောင်းစည်သူမင်းကြီးအား ဗူးမြော်ခြင်း လွန်ကဲလွန်း သောကြောင့် တုန်တခိုက် ဖြစ်ပြီးလျှင် ပွေ့ချီ ထားသော သားငယ်သည် သမုဒြာ အတွင်းသို့ လွင့်စင်၍ ကျသွားလေ သတည်း။ ။နတ်ဘီလူးမလည်း မိမိ၏ သားငယ်မှာ ရေတွင် နစ်၍ ဆုံးလေပြီ- ထင်သဖြင့်။ ။မင်းကြီးအား ဗူးမြော်ရာတွင် သားငယ်ကို ရေတွင် လွင့်စင်၍ ကျစေပါသည်။ ငါ့သားငယ်ကို ဆယ်ပေးပါ....ဟု ကျည်ကျည် လောင်လောင်- ငိုကြွေးလေ၏။ ။ကမ်းနား ညွှတ်မျှ ဗူးမြော် နေကြသော နတ်ဘီလူး အပေါင်းတို့သည်လည်း ထို နတ်ဘီလူးမ၏ ကျည်ကျည် လောင်လောင်- ငိုကြေး

သံကို ကြားလျှင် သောသော အုတ်အာနှင့် ထိတ်လန့်တကြား ရှိသေကုန်၏။

မင်းကြီးလည်း ထို အခြင်းအရာကို သိတော် မူရသဖြင့်။ ။ငါသို့သောမင်း ကြွလာသည်ကို ဘီလူးမ=ဖူးမြော်စဉ်တွင် သားငယ်သည် ရေသို့ စင်၍ ကျသွားလေသည်ကို မဏိမေခလာ- စသော သမုဒြာ စောင့်နတ်သွီး တို့သည် မကယ်ဆယ်ဘဲ နေဘိ၏။ နေရာသလောဟု- ပြောဆို မိန့်မြွက်လျက် သမုဒြာ ရေကို စကြာ ကြိမ်တော်ဖြင့် ခတ်တော်မူသေသည်။ ။ထိုအခါ မဏိမေခလာ နတ်သွီးသည် မင်းကြီး၏ ဘုန်းတော်အဏ်ညွှန့်ကို မခံဝံ့သဖြင့် ဘီလူးမ၏ သားငယ်ကို ရေမှ ဆယ်ယူ ပေးရသေသတည်း။

၁၂။ ကတိုးနံ့သာ-စသည်ကို ဆက်သခြင်း။

ထိုအခါ ကမ်းနားညွှတ်မျှ ပြည့်နှက် ထူထပ်အောင် ဖူးမြော် နေကြသော နတ်ဘီလူး အပေါင်းတို့သည် ဘီလူးမ၏ သားငယ်ကို ရေဝယ်မြုပ်ပြီးရာမှ ရုတ်တရက် ပြန်ရ သည်ကို မြင်ရကုန်သောကြောင့် ရွှင်ပျာမ်းသာ လွန်စွာ အံ့သြ ကြပြီးလျှင် မင်းကြီး၏ ဘုန်းတော် အဟုန်ကို ယုံကြည် ပူဇော်သော အားဖြင့် အထူးထူးသော စန္ဒကူးနှစ်, စန္ဒကူးခဲ,နံ့သာနှစ်, နံ့သာခဲ,နံ့သာပျောင်း, ပန်းပေါင်းကတိုး- အမျိုးမျိုးတို့ကိုရင်း၊ သရက္ခန်နှစ်-စသော နံ့သာသား အမျိုးမျိုးတို့ကိုရင်း၊သူ့ထက်ငါ ယူငင် ဆက်သကြလေ၏။ ။ဆက်သ-သမျှသော နံ့သာနှစ်, နံ့သာခဲ,နံ့သာ

ပန်း, နံ့သာတုံး, နံ့သာဆီ, နံ့သာပျောင်း တို့သည်ကား သင်္ကန်းက လွေစကြာ အတွင်း၌ တောင်ငယ် တခုမျှ ပမာဏ ရှိသော ဟူ၏။ ။ဤနေရာတွင် ဘုရားဆက် သဓိုင်း လင်္ကာကို ထုတ်နုတ်ထည့်သွင်းဦးအံ့။

ဘုရားဆက် သဓိုင်းလင်္ကာ။

၄။ ထီးဗိတာန်ရိပ် ဇမ္ဗူဒိပ်ထက် တံဆိပ် ခတ် လျောင်း တမဲ့ ရှောင်းသည့် အလောင်းစည်သူ မင်းတ ဆူလည်း လူသူပ်းရှာ ဘိလူးများတို့ ပျော်ပါး ဘုံကွန်း ဖြစ်ပေါ်ထွန်းသည် ကျွန်း မလွေးယု ရှုးရှု တည့်သော် ပြေပေါ်ကင်းညွတ် ပြည့်ပြည့်ဆွတ်မျှ နတ် ဘိလူးများ တုင်ပျတွားလျက် သားငယ် ခရတွင် လွှင့်စင် သည်ကို နှင်ဘော်ဆိုက အာလိဘာသာ မေခလာလျှင် ကောင်း စွာ ဆယ်တင် ပေးအပ်နှင်သား သည့်တွင်ခါမှ ကြည် ညိုကြ၍ လောကနတ်ဟူ မင်းစည်သူကို လိုင်ကြွနံ့သာ ကတိုးကြောနှင့် သူငါ သောသော လျင်တဆော်လျှင်။ ။ ပဉ္စောရိသေအပ် သတည်း။

မင်းကြီးလည်း နုတ်ဘိလူးတို့အား ကောင်းချီးပေး လျက် မလွေးယု ကျွန်းမှ ထွက်တော်မူခဲ့ ပြန်သည်။ ။ ဇမ္ဗူဒိပ်ကျွန်း နေပြည်တော် ပုဂံရာမ- ဂိရာသို့သာ လွေ စကြာကို လှည့်လည် စေတော် မူပြီးသော် သမုဒြာ ရေ မျက်နှာကို ဖြတ်သန်းတော် မူလေသတည်း။

တိုင်းခွင် ၅ည့်လည်တော်မူခန်း ပြီး၏။

သီဟိုဠ်ရှင်ဘုရားကို အဆက်အသ ခံယူတော် မူခန်း။

ဤသို့လျှင် တိုင်းခွင် လှည့်လည်တော် မူခန်းကိုဆိုပြီး၍ ယခုအခါ သီဟိုဠ်ရှင် မြတ်စွာဘုရား အဆက်အသ ခံယူတော် မူခန်းကို ဆိုပေအံ့သတည်း။

မလ္လာယုကျွန်းမှ ထွက်ကြွတော် မူခဲ့သော် လှေတော် စကြာတွင် ပါရှိသော မှူးမတ်အစုံ, ဗိုလ်ပုံ ပရိသတ်တို့ကား နတ်ဘီလူး အပေါင်း တို့သည် သောင်းသောင်း ဗျဗျ ဆက်သအပ်သော များလှစွာသော စန္ဒကူးနံ့သာတုံး- စသည့်တို့ကို မြင်သဖြင့် ရွှင်ပျ ဝမ်းသာ ကြကုန်၏။ ။အချိုသော မောင်းမမိသံ ရံရွှေဘော် မိန်းမတို့ကား နံ့သာနှစ်တွေ များပလေသည် ငါတို့ကား နေပြည်တော်သို့ ရောက်လျှင် စိတ်အလို ရှိတိုင်းပင် နံ့သာနှစ်တို့ကို လိမ်းကျံ ရကုန်ဘော့မည်။ ။ဟု-ဆိုကာ ဝမ်းသာ ခြင်း လွန်ကဲ၍ သီဆို, ကခုန် ကြရလေကုန်၏။ ။ထိုအခြင်းအရာကို မင်းကြီး မြင်ဘော် မူလျှင် အဘယ်မူ၍ ဝမ်းသာ ရွှင်ပျော်စွာသီဆို, ကခုန် ကြကုန်သနည်း။ ။ ဟု- မေးဘော် မူလတ်သော်၊ မှူးမတ် တို့ကလည်း။ ။ အရှင် မင်းတရား၏ ဘုန်းဘော် အစွမ်းဖြင့် နတ်ဘီလူး ကျွန်းမှာသာ ရနိုင်စ ကောင်းသော အလွန် မွေးကြိုင်သော ရနံ့နှင့် ပြည့်စုံ၍ အဘိုးများစွာ ထိုက်တန်သော တောင်ငယ် တခုစာ ပမာဏရှိသော စန္ဒကူး နံ့သာနှစ်

စသည်ကို ရရှိဘော် မူခြင်းကြောင့် ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြပါသည်။ ဤသို့သော- စန္ဒကူးနံ့သာ အစစ်အမှန် တို့ကား လွန်စွာ ရနိုင်ခဲပါ ကုန်သည်။ ။သို့ ဖြစ်ပါ၍ ဝမ်းမြောက် ဝမ်းသာ သီဆို က- ခုန်ကြ ပါသည်။ ။ ဟု-လျှောက်ထားကြလေသည်။

မင်းတရား ကြီးသည် ထိုစကားကို ကြားတော် မူ လျှင် ဟယ်....အမတ်တို့ ဤနံ့သာတုံး, နံ့သာနှစ်-စသည် တို့ကား လိမ်းကျံ ဘွယ်ရာမှုသာ ဖြစ်ချေသည်။ ပူဇော် ကိုးကွယ်ဘွယ်ရာ မဟုတ်ခဲ့တကား။ ။ဤသို့သောနံ့သာ တုံး အသောင် အသောင်းကို ရရှိခြင်းထက် ဒက္ခိဏာ သာခါ- မဟာ ဗောဓိသားနှင့် သရကုန်သား တို့ကိုသာ ငါကိုယ်တော် လိုချင်တပ်မက် ဌိတော်မူသည်။ ငါမူကား နံ့သာတုံး တို့ကို ရသဖြင့် ရွှင်ပျဝမ်းသာတော် မမူသာ ချေ။ ။ဒက္ခိဏာသာခါ- မဟာဗောဓိသားကို ရခဲ့သော်မူ ငါကိုယ်တော်သည် ဘုရား ရုပ်တုပြု၍ ကိုးကွယ်ပူဇော် လိုဘိသည်။ ။ဟူ၍- မိန့်တော်မူပြီးမှ ဒက္ခိဏာသာခါ- မဟာ ဗောဓိသားကို ဘုရားရုပ်တု ပြုလုပ် ကိုးကွယ်လို ချင်သော ကုသိုလ်ဆန္ဒ တော်ဖြင့် နှလုံးဝမ်း ညှိုးငယ်ထှ သောဟူ၏။

၁။ သိကြားမင်း ဒက္ခိဏာသာခါ- မဟာဗောဓိကို ပင့်ဆောင်တော် မူခြင်း။

ထိုအခါ နတ်တို့၏ အရှင် ဖြစ်သော သိကြားမင်း သည် နှလုံးဝမ်း ညှိုးငယ်တော်မူသော မင်းကြီး၏ အလို

ဆန္ဒ တော်ကို သိတော် မူ၍ သောကြောင့် မင်းကြီးထံ မှောက်သို့ ခဏချင်း ကွလားပြီးလျှင် မင်းကြီးအား ပြောကြားသည်မှာ။ "လွန်ကြာ သခင် ဘုရင် မင်းဘရားကြီး" ဒကို့ဏာသာခါ- မဟာ ဗောဓိ သားကို ဘုရားရှင် ချင်တု ပြုလုပ်ပူဇော်ဘွယ် မရှိသေးသောကြောင့် စိုးရိမ် တော်မမူလင့်။ မင်းကြီး၏ အလိုန္နလုံးကို ကျွန်ုပ်ဖြည့်ပေး မည်။ ။မဟာဗောဓိ လက်ယာတော် အသားကို ကျွန်ုပ် ယူ၍ ဆက်သမည်....ဟု ပြောဆိုလေသည်။ ။ထိုအခါ မှ မင်းတရား ကြီးလည်း ရှေးဆာ မွတ်သော သူကို ရှေ ကြည်ယူ၍ ပေးသကဲ့သို့ အေးမြ ချွဲလန်းသော ဟူ၏။

သိကြား မင်းလည်း သိပ်၌ ကျွန်းသို့ သွားပြီးလျှင် ပါဠလိပုတ် ပြည့်ရှင် ဘုရင်မြောသောက မင်းကြီးသည် သိပ်၌ ကျွန်းကို အစိုးရတော် မူသော ဒေဝါနံ ပိယ တိသာ မင်းကြီးအား ဆက်သ ပေးကမ်းသော အနုရာဓ မြို့ အနီး ဗောဓိ ညောင်ပင်ကြီးမှ ကြီးမား ထွားကြိုင်း သော အခက်ပင်စည် တခုကို "ဝမ္မာသောက" ဘုရင် မင်းမြတ်သည် အဆွေတော် "ဒေဝါနံပိယတိသ" မင်း ကြီးအကျိုးငှါ အဝိဇ္ဇာန် ထား၍ မစ္ဆိမ မဟာ ဗောဓိမှ ဒကို့ဏာသာခါ အခက်ကို ပင့်ဆောင် အပ်သကဲ့သို့ ပုဂံ ပြည့်ရှင် ဘုရင် "နရပတိစည်သူ" မင်းကြီး အာကျိုးငှါ ဆေးဒန်း မြင်းသိလာဖြင့် ရေးသား၍ အဝိဇ္ဇာန် ပြုကာ ပင့်ဆောင်တော် မူးထသဘည်း။

ထိုခဏ ချင်းမှာပင် မဟာ ဗောဓိပင်မှ သိကြားမင်း ပင့်ဆောင် အပ်သော ပင်စည်အခက်သည် ရုတ်တရက်

ပြတ်ကြွေ၍ မြေသို့ မကျသေးဘဲ ကောင်းကင် ထက်သို့ တက်ပြီးလျှင် အံ့ထူးထူးသော တန်ခိုးပြာဋိဟာ တို့ကို ပြတော်မူလေ၏။ သင်္ကြားမင်းလည်း ရတနာပန်းတောင်း ဖြင့် ခံလင့်၍ မဟာ ဗောဓိခက်ကို ပင့်ဆောင် လေ၏။ မဟာ ဗောဓိခက်လည်း ခြောက်ပါးသော ရောင်ခြည် တော်ကိုပြသျှက် ရာဘနာ ပန်းဘောင်း ထက်သို့ သက်လေ လျှင် မြေလျှင်ပြင်းစွာ တုန်လှုပ်သွေ၏။ ထိုခဏချင်းမှာ ပင် နတ်အပေါင်း တို့လည်း ကောင်းကင် ထက်မှ ကောင်း ချီးပေး၍ ကြွေးကြော် ကြသေကုန်၏။ အာသူး ထူးသော တူရိယာတို့ကို တီးမှုတ်လျက် သောသော အုတ်အာ ပူဇော် လာကြ ကုန်သတည်း။ ။သိင်္ကြား မင်းလည်း ရတနာပန်းတောင်းနှင့် တကွသော ဒက္ခိဏာသာခါ မဟာ ဗောဓိဘော်ကို နှစ်သိမ့်စွာ ပူဇော်ဘော်မူပြီးမှ မြွှောက်ချီ ပင့်ဆောင်တော် မူလေ၏။ ။သိင်္ကြားမင်း ပင့်ဆောင် အပ်သော ဒက္ခိဏာသာခါ- မဟာ ဗောဓိတော်သည်ကား "အလောင်းစည်သူ" မင်းကြီး၏ ကိုယ်တော် တမျှ ဉာဏ်သော ဟူ၏။ ။ဤအရာ၌ ဣန္ဒမုခ္ခော သရိုင်းလင်္ကာကို တော်ပြဦးအံ့။

(က) ဣန္ဒမုခ္ခော သရိုင်းလင်္ကာ။

ဂေ ဖြေ ပတ်ချာ။ စက္ကဝါတွင်။ မဂ္ဂ်ဘိသိက်။ သုံး ကြိမ်နှိပ်သား။ ကျွန်းရိပ်လင်ကျွဲ။ ဇကရာဟု။ စကြာလွှဲ ရှင်။ ဘုရင်စည်သူ။လည်တော်မူသော်။ ထူပါရာမ။ နွေရာဝ ဟု။ကျွန်းမြသိတ်ဦး။ ဣန္ဒြေညောင်ညိုမှ။ ဣန္ဒကိုယ် လေးသွင်။

သိဿိုင်ဒမင်း၏ စိတ်ဒုလိုကို သိခြင်းဆယ်ကြောင်း။ ၁၂၃

ခက်ပင်စင်ကို။ နတ်ရှင်သိကြား။ ပေးဆက် သားသေသ်။ လျားလျားပွင့်ရှည်။ ခြောက်ရောင် စည်လျက်။ ဖြာသည် လည်းကောင်း။ ရိုက်ချပ်ညောင်းအောင်။ စောင်းလုခပဲ။ ကောင်းကင်ထဲလည်း။ ပျံစဲဖြန့်ကာ။ ပြာဒိုဟာကို။ ရောင် ဝါယှက်ကူး။ ပေဒိဋ္ဌိးမှ။ ချ။းချ။းပတ်ခြံ။ ထင်အောင်နှံ ထျက်။ ဖြေယံးဗဒါဓိ။ ကျွန်းဆိဒီးဟု။ ဒကွိ-သာခါ။ ခြည် လျှံဝါနှင့်။ ။ကောင်းစွာ ကြည်ညို ခံယူ သောဝ်။

သိကြား မင်းလည်း မဟာ ဗောဓိ သားကို ရတနာ ပန်းတောင်းသို့ တင်ပြီးလျှင် ကောင်းကင် ခရီးဖြင့် ပင့် ဆောင်တော် မူလေ၏။ ထိုအခါတွင် များစွာ ကုန်သော နတ်အပေါင်း တို့လည်း ကောင်းကင် ထက်၌ ဖြတ်စွာ ဘုရား ကြွတော်မူသော အခါကဲ့သို့ လွန်စွာ ပူဇော်ပြီး လျှင် မျှော်ရှင်နှစ်သက်ကြလေ ကုန်သတည်း။ ။မဟာ ဗောဓိမှလည်း ခြေးက်ပါးသော ရောင်ခြည်တော် တို့ကို အစဉ်သဖြင့် လွှတ်လျက် နတ်တို့၏ အပူဇော်ကို ခံယူ တော်မူလေ၏။

၂။ သင်္ဃိုဒ္ဒမင်း၏ စိတ်အလိုကို သိခြင်း။

ထိုစဉ်အခါတွင် အောက်၌ ဟော်ပြခဲ့ပြီးသော သိဿိုဒ္ဒ ဘုရင်မင်းမြတ်သည် ဤသို့ ကြံစည်တော်မူ၏။ ။ငါ၏ အကြည်တော် ဖြစ်သော မနွိုင်းမယှဉ် အံ့သော ဘုန်း လက်ရုံးအာဏာ တို့နှင့် ပြည့်စုံသဖြင့် ဇမ္ဗူ။ဒီပါကျွန်း အာ လုံးကို လွှမ်းမိုး နိုင်သော တန်ခိုးရှိတော် မူသော ပုဂံ

ပြည့်ရှင်- လှေစကြာသခင် ဘုရင် "နရပတိစည်သူ"မင်းကြီးသည်ကား ယခုအခါတွင် ကျွန်းဦး ဇမ္ဗူ. သပြေပင်ရင်းမှ ပြန်လည်တော် မူခဲ့၍ မလ္လာယုကျွန်းအနီး သမုဒ္ဒရာ ရေမျက်နှာထက်၌ ကွန်းထောက်ချကာ စံနေတော်မူသည်ဟု ကြားရသည်။ ၊ငါသည်လည်း အတုမဲ့သော မင်းဘရား ကြီးအား သက်နက် လှေတော်ကြီနှင့် သွီးတော် "စောဦးထွေး"ကိုဆက်သရသဖြင့် လောကီ ပဏ္ဏာကား တင်းတိမ်ဘွယ်ရာ ဖြစ်လေပြီ။ ။အရှင် မဟာကဿပထေရ်- ရုဘင် ကျင့်နေဟန် ရုပ်တုတော် မျှကိုသာ ဆက်သ ရသေးသဖြင့် လေကုတ္တရာ လက်ဆောင်ပဏ္ဏာကား တင်းတိမ်အားရဘွယ် မဟုတ်သေးခဲ့ တကား။ ငါသည်း မြတ်သော မင်းတရားကြီး၏ ထံမှောက်၌နောက် အခါတွင် လောကုတ္တရာ လက်ဆောင်ပဏ္ဏာကို ရှာဖွေဆက်သ ပါဦးမည်ဟု- ဝန်ခံမိချေသည်။ ။ယခုလည်း လှေစကြာရှင် မင်းကြီးကား သူ၏နိုင်ငံ တမ္ပဒီပဘိုင်းသို့ ပြန်လည်တော် မူလတ်ပြီ။ ။သည်အခါတွင် တရုံတရာသော လောကုတ္တရာ လက်ဆောင် ပဏ္ဏာတော်ကို ငါမဆက်သခဲ့သော် နောင်သော အခါတွင် အဘယ် မူ၍ ဆက်သ ကောင်းမည်နည်း။ ။စန္ဒကူး, သရက္ခန်- အစရှိသော သစ်သားတို့ကို ဘုရား ရုပ်တုပြု၍ ဆက်သရသော် ငါ့အား တင်းတိမ်အားရဘွယ် ဖြစ်ပေသတ္တံ...။ ဤသို့ကြံစည်တော် မူလေ၏။ ။ကြံစည်တော် မူပြီးလျှင် စန္ဒကူး,သရက္ခန်- အစရှိသော အသားတို့ကို ဘုရားရုပ်တုပြုလုပ်ရန် အမှူးအမတ်တို့နှင့် စီရင်ခန့်ခွဲ လေသဘည်း။

ထိုအခိုက်တွင် သိကြား မင်းလည်း ဤသို့ ကြံစည်တော်မူလေ၏။ ။သည် ဒကျိဏသာခါ- မဟာ ဗောဓိကို အဘယ်သူအား ဘုရားရုပ်တု ထုလုပ် စေကောင်းသနည်း။ ဘုရားရုပ်တု ထုလုပ် စေကောင်းသော သူကို အပ်နှံ၍ ဘုရား ရုပ်တု ထုလုပ် စေပြီးမှ လှေစကြာရှင် မင်းကြီးအား ဆက်သရသော် ကောင်းလေစွာ.... ဤသို့ ကြံစည်တော် မူသတ်သော် သိဃီဠိပြည့်ရှင် ဘုရင်မင်းဘရား၏ စိတ်အကြံကိုအလုံးစုံ သိမြင်လေသတည်း။ ။ သင်းသို့ သိမြင်လေလျှင် သည်- သိဃီဠိ ကျွန်းရှင် ဘုရင်မင်းမြတ်ကား လောကုတ္တရာ လက်ဆောင် ပဏ္ဏာတော် တို့ဖြင့် အလောင်း စည်သူ မင်းကြီးအား ဆက်သလို သဖြင့် စန္ဒကူး,သရကျွန်- စသော သစ်သားတို့ကို ဘုရားရှင်ရုပ်တု ပြုလုပ်ရန် ကြံစည်အားသစ်တော် မူသျက် ရှိသည်။ ။ငါ၏ မဟာဗောဓိသစ်သားကိုလည်း သိဃီဠိရှင် ဘုရားမင်းအား အပ်နှံလျက် ဘုရား ရုပ်တု ထုလုပ် စေပြီးလျှင် လှေစကြာရှင်—ဘုရင် နရပတိ စည်သူမင်းမြတ်အား ဆက်သစေရပါမူ။ ။အလောင်း စည်သူ မင်းမြတ်၏ စိတ်နှလုံးအလိုကို ဖြည့်တင်းမည် ဟူသော ငါ၏ ကြံရွယ်ချက်လည်း ပြီးမြောက်လေရာ၏။ ။သိဃီဠိကျွန်းရှင်- ဘုရင်မင်းမြတ်မှာ လှေစကြာရှင်- ဘုရင် နရပတိ စည်သူ မင်းတရားအား လောကုတ္တရာ ပဏ္ဏာ လက်ဆောင်တော် တို့ဖြင့် ပူဇော် ဆက်သ ရခြင်းကြောင့် တင်းတိမ်အားရ ဘွယ်ရာလည်း ဖြစ်လေရာ၏။ ။ဒကျိဏ သာခါ- မဟာ ဗောဓိရုပ်တု တော်ကို ပူဇော်ကိုး

ကွယ်တော် မူလိုသော အလောင်း စည်သူ မင်းကြီး၏ နှလုံးတော် အလိုသည်လည်း အပြီးသို့ ရောက်လေရာ၏။ ။ ဤသို့ ထပ်မံ- ကြံစည် ဆုံးဖြတ်တော်မူ၍ သိကြားမင်း သည် ဒက္ခိဏသာခါ- မဟာဗောဓိ တော်ကို ရဘနာ ပန်းတောင်းဖြင့် ယူပြီးသော် သိဃိုဠ် ကျွန်းရှင် ဘုရင် မင်းမြတ်အား ဘုရားရပ်တု ပြုလုပ်ရန် အပ်နှံ လေသ တည်း။

အပ်နှံပြီးလျှင် ဤသို့လည်း မှာထားတော် မူ၏။ ။ တရားမင်းမြတ်။ ။ငါဆောင်ယူ ခဲ့သော ဒက္ခိဏသာ ခါ- မဟာဗောဓိကို ဘုရားရပ်တု ပြုလုပ်၍ အလောင်း စည်သူ မင်းကြီးအား ဆက်သပါချေ။ ငါကား သင်မင်း မြတ်၏စိတ်အလိုကို သိသောကြောင့် သင်၏ အလိုလည်း ပြည့်စုံစေ၊ ငါ၏ အလိုလည်း ပြည့်စုံစေ၊ လှေစကြာရှင် ဘုရင် နရပတိစည်သူ မင်းကြီး၏ အလိုလည်း ပြည့်စုံ စေ၊ ဤသို့ ကြံရွယ်ပြီး၍ သာသနာတော် သုံးပါးကိုပြုစု သော သိကြားမင်း ဖြစ်ပေသည်။ ။ဘုရားရပ်တုပြုလုပ် ပြီးလျှင် အလောင်းစည်သူ မင်းကြီးအား ဆက်သသော အခါ ငါလည်း ထိုဘုရားရပ်တုတော်ကို ပူဇော်သာပါအံ့။ ဤသို့ မှာထား လေသည်။

၃။ အသားဆယ်ပါးဖြင့်ဘုရားရပ်တုပြုခြင်း။

သိဃိုဠ်ဘုရင်သည် သိကြားမင်း အပ်နှံ လာသော မဟာဗောဓိ သစ်တော်ကို ရှုရှင်း၊ သိကြား မင်း၏

အမျာအထေး စကားကို ကြားတော် မူရ၍ဖြင်း၊ အာလွန်လျှင် နှစ်သိမ့်ခြင်း ဖြစ်လျက် ဝမ်းသာ ရွှင်ပျသော စိတ်ဖြင့် သိကြားမင်း အဆင့်နှံ့ လာသော မဟာဗောဓိ သစ်တော်ကို ပဒိုင်းဝိုင်းစွာ စိမံခန့်ခွဲ ထားသော စန္ဒကူး, သရက်ခွန်- စသော သစ်တော် ကိုးမျိုးတို့နှင့် ပေါင်းစု ယှဉ်တွဲ၍ သစ်တော်ဆယ်ပါးကို ဘုရားရှင်တရား ထုလုပ်တော် မူလေသည်။ သိစွဲဖွယ် ဘုရင်ကား သိကြားမင်း အဆင့်နှံ့ အာပ်သော ဒက္ခိဏာသာခါ- မဟာ ဗောဓိ သစ်တော်ကို သာ အာရုံးအချာထား၍ များစွာသည့်သွင်းပြီးမှ ပဒိုင်းကောင်းမှုတော် ဖြစ်သော စန္ဒကူး, သရက်ခွန်- စသော ကိုးပါးသော သစ်ဘော် တို့ကို မွန်းမံ ကွပ်သိမ်းလျက် သိကြားမင်း၏ ကောင်းမှုတော်သည်း ပြီးဆုံးစေ၊ ပဒိုင်း၏ ကောင်းမှုတော်လည်း ပြီးဆုံးစေ၊ လွန်ကြွာရှင် ဘုရင် နရပတိစည်သူ မင်းကြီး၏ စိတ်နှလုံး အာလိုလည်း ပြီးဆုံးစေ-ဟု ရည်ရွယ်တော် မူပြီးလျှင် ပန်းပု, ပန်းဆစ် အာတတ်တို့၌ အကြွင်းမဲ့ တတ်မြောက် ကုန်သော ပန်းပု ဆရာကျော် တို့အား သစ်တော် ဆယ်ပါးကို ဘုရားရှင်တရား လျင်မြန်စွာ ထုလုပ် စေတော် မူသတည်း။

သည်နေရာ၌ သစ်တော် ဆယ်ပါး ဟူသည်မှာ။

၁။ သိကြားမင်း အာပ်နှံ့ လာသော မဟာ ဗောဓိ သစ်တော်။

၂။ စန္ဒကူးနှစ်သစ်တော်။

၃။ သရက်ခွန်နှစ်သစ်တော်။

၄။ သပြေနှစ်သစ်တော်။
၅။ ထင်းရှူးနှစ်သစ်တော်။
၆။ ကသစ်နှစ်သစ်တော်။
၇။ ကုက္ကိုနှစ်သစ်တော်။
၈။ သခွတ်နှစ်သစ်တော်။
၉။ ထိမ်နှစ်သစ်တော်။
၁၀။ နှံ့သာမျိုးနှစ်သစ်တော်။

ဤသစ်တော် ဆယ်ပါး ပင်ဘည်း။ ။ဤသစ်တော် ဆယ်ပါးတို့တွင် မဟာဗောဓိ တပါးသာလျှင် သိကြား မင်း၏ ကောင်းမှုဖြစ်၍ ကြွင်းသော သစ်တော် ကိုးမျိုး တို့ကား သိဃိုဠ်ဘုရင်၏ ကောင်းမှု ချည်းသာ ဖြစ်သ တည်း။ ။ဘုရား ရှင်တု ပြုလုပ်သော အခါ ဒက္ခိဏာ သာခါ- မဟာ ဗောဓိသစ်တော် တမျိုးကို ကြွင်းသော သစ်တော်ကိုးမျိုး တို့နှင့် အညီအမျှ ထားလျက် ဘုရား ရုပ်တု ပြုတော်မူသည်။ ။ထို့ကြောင့် ဒက္ခိဏာသာခါ- မဟာဗောဓိ သစ်တော်သည် သာလျှင် ပိုရိ၍ များသည် ကို သိနိုင်ရာသ တည်း။

မှာထားချက်။

ဤအရာ၌ သရိုင်းရင်း- သရိုင်းလက်ာ တို့၌ ကား သိကြား မင်း၏ ဒက္ခိဏာသာခါ- မဟာ ဗောဓိကိုသာ ဆိုလေသည်။ ။အလွန် ရှေးကျ သော သိဃိုဠ်ရှင် ဘုရား ဌိုးလက်ာ တို့၌ကား မဟာဗောဓိနှင့် တကွ သစ်တော် ဆယ်မျိုးကို

နရပတိစည်သူမင်းကြီးအား ဆက်ခြင်းအပိုဒ် ၁၂၉

ဆိုလေသည်။ ။ဤသို့ မည်မျှတိုင် နှိုင်းနရာ ညှို နှိုင်း ဆုံးဖြတ်သော်- သမိုင်းရင်း- သမိုင်းလက်ာ တို့၌ ဒကိုဏာသားခါ- မဟာဗေဒဂိကားး တပါး သော သစ်ဘိုးဆက် ကိုးဆမျှ ပိုရှိ များပြား နေ ခြင်းကြောင့် များပြား ပိုရှိနသော သစ်ဒတ်ကို သာ ထင်ရှားစေလိုခြင်း ၎င်း၊ သိကြား မင်းသည် ပင့်ဆောင် ဆက်သသည်ကို ထင်ရှား စေလိုခြင်း ၎င်း၊ ဒကိုဏာသာခါ— မဟာဒဗာဒိ ကိုသာ ဆို ကုန်သည်ဟု ဆုံးဖြတ်ရန်ဟိုသည်။ ။ထို့ကြောင့် သင်ဃိုဠ်ရှင် ဘုရားဂိုဒိုး လက်ာတို့၌ လာရှိသော အဓိပ္ပာယ်အားဖြင့် သစ်ဒတ်ဆယ်ပါးကို ဘုရား ရှပ်တု ပြုလုပ်သည်ဟု မှတ်ယူရာ၏။ ဘုရား ဂိုဒိုး လက်ာ ကို နှောက်ခဲ့ တည့်သွင်း ဖောင်ပြပေအံ့ သတည်း။

၄။ နရပတိစည်သူမင်းကြီးအား ဆက်သခြင်း။

ဘုရားရှပ်တု ပြုလုပ်ပုံ အစီအရင်ကား။ ။သင်္ဃ တော် ဆယ်ပါးတို့ကို လက်ခံငဲ့ညှာခန့် အလျား အနုံ ဖြတ်ပိုင်းလျက် ငွေစင်္ကြာ စင်တော်ရှိသည်။ သစ်ဘိုးဒါ အစင်္ကြာကို မပြတ်မကွဲစေရန် သံကြိုး- သဘျှ့ တို့ဖြင့် ကြပ်မ ကွပ်သိမ်းဟော် ရှိသည်။ ။သက်နိုးဟော် အာ နွန်း အပြာက် နရာတို့ခွဲလည်း ချိတ်ချိက် ငွေ့ကွေ့-အာ နွန်း အပြာတ် ထွက်စေသည်။ သစ်တော်ဘုရားနှင့် သစ် တော်ဘုရားကို တွဲကပ် ပေါင်းခိစေရန် အရှည် ခိုင်ခဲ့

အောင် မယ်နှ- သံစွယ်တို့ဖြင့် ထိုးနှက် လျှိသွင်းထား သည်။ ။သစ်ဘော် ဆယ်ပါးကို အလွှား အလွှား-လွှာ၍လည်း စေ့စေ့ စပ်စပ် အထပ်ထပ် ကပ်၏။ ။ သစ် ဆယ်ပါးတို့လည်း ချပ်၍ ကြို့၏။ ။သစ်ဆယ်ပါး တို့ စပ်ဘွဲ့ရာ, တွယ်ကပ်ရာ တို့၌ အကြား အပေါက် မထင် စေရန် တပြင်တည်းသော သစ်သား ကဲ့သို့ ဖြစ် အောင် တံကျင်-စို့စိုက်လျက် ရိုက်နှက်ကွပ်သိမ်း၏။ ။ အသား ဆယ်ပါးလည်း ပျဉ်ပြားဘဲရတည်းကဲ့သို့ စေ့ စေ့ ကပ်၍ ချပ်လေသတည်း။

ဘုရား ရုပ်တု ပုံတော်ကား။ ။သိဃိုဠ် မင်းတို့ ပြုလုပ် ကိုးကွယ်ရိုးဖြစ်သော မတ်ရပ်တော်ပုံတည်း။ ။ ဉာဏ်တော် အရပ် အမြင့်မှာ သံတောင် သုံးဘောင်, နှစ်ရိုက် လက်ဝဲ လက်ဘော်မှာ ပက်လက်လှန် ဖြစ်၍, လက်ျာ လက်တော်မှာ ထောင်၍ ကာပုံဘော် ဖြစ်သည်။ ဆံဘော်ပုံမှာ သီဟိုဠ်ဆံတော်ပုံ တင်လျက် သက်နိုး တော် အစွန်း အမြိတ်တို့မှာ အချိတ်အကွေ့ ထင်ကုန် ၏။ ။ဤသို့ ထုလုပ် သွန်းရတ် ပြီးလျှင် သီဟိုဠ်ကျွန်း ရှင်- ဘုရင်မင်းမြတ်သည် မြောက်များစွာသော အခြံ အရံ ဗိုလ်ထုနှင့် ဘုရားရုပ်တုတော်ကို ဒေယာဉ်ထက် တွင် တင်ဆောင် ပင့်ယူ ပြီး၍ မလ္လာယုကျွန်း အနီး သမုဒြာ ရေမျက်နှာတွင် အလောင်းစည်သူ မင်းကြီး ရှိရာသို့ ရေကြောင်း ခရီးဖြင့် ကြွဘော် မူလေ၏။ ။ သိကြား မင်းသည်း သိဃိုဠ် ဘုရင် သွားလေ သည်ကို သိတော်မူ၍ များစွာသော နတ်ပရိသတ် အပေါင်း ခြံရံ

နှံရပတီစည်သူမင်းကြီးအား ဆက်ခြင်းအကြောင်း။ ၁၃၁

လျက် အံ့သောင်းစည်သူ မင်းကြီး ထံသို့ သွားလေသ
တည်း။

ရောက်တော်မူကြ လေသျှင် သိဿိုဠ် ဘုရင်သည်
သိကြားမင်းနှင့် အတူ ဘုရား ရှစ်တော်ဘော်ကို နှံရပတိ
စည်သူ မင်းကြီးအား ဆက်သဘော် မူလေသည်။ ။
အံ့လောင်းစည်သူ မင်းကြီးလည်း သိကြားမင်း ကူညီ၍
သိဿိုဠ် ဘုရင် ဆက်သအပ်သော ဘုရား ရှစ်တော်ဘော်
ကို ရတနာပလ္လင်တော်ဖြင့် ခံယူဘော် မူပြီးလျှင် အလွန်
လျှင် ဖြစ်နိုင်ခဲသော မြတ်နိုးခြင်းဖြင့် သုံးကြိမ် ဦးချတော်
မူပြီးသော် ပူဇော်ဘွယ် အာဘူးဘူး တို့ဖြင့် ပူဇော် ကန်
ဘော့ဘော် မူ၏။ ။အာသိန်း မကသော နှတ်ဖိုလ်ခြေ,
လူဖိုလ်ခြေ တို့လည်း သောသော အုတ်အာ လွန်စွာ
ဝမ်းသာခြင်း ဖြစ်ကုန်၏။ ။စည်, မောင်း, ပတ်သာ
တူရိယာ တို့ကို သံဝါ ငြိမ့်ညှင်း၍ တီးမှုတ် ကြလေ
ကုန်၏။ ။သိဿိုဠ် ကျွန်းရှင် ဘုရင်မင်းမြတ်သည် အံ
လောင်းစည်သူ မင်းကြီးအား ဤသို့ လျှောက်ထားလေ
၏။ ။မြတ်သော လွှစကြာရှင် ဘုရင်မင်းမြတ်။ ။
မင်းသာမနှင့် ပြုနိုင်ခဲစွာသော သစ္စာ ဆယ်ပါး တို့ဖြင့်
ထုလုပ် ကိုးကွယ်အပ်သော ဘုရားရှစ်တုန်းတော် ဘဆူကို
ဆက်သရလျှင် ကျွန်ုပ်အား တင်းဘိခဲ့ ချင့်ရဲခြင်း ဖြစ်
ပေပြီ။ ။ဤ ဘုရားရှစ်ဘုဘော်ကား သွန်းချတံဆိုလုပ်၍
ပြီးစီးလျှင် ချနှစ်ချက် တိုင်တိုင် ကျွန်ုပ်၏ နန်းဘော်ဦး
တွင် သဘင်ကြီးစွာခံ၍ သိဿိုဠ် ကျွန်း တကျွန်းလုံးကို
ဆုံးကုံးပြီး [illegible] ။ ။ဤစကား

ပတ်လုံး သဘင် ကြီးစွာ ခံပြီးမှ ရွှေနန်းတော် ဦးတွင် ရတနာ ပလ္လင်ဖြင့် တည်ထား ကိုးကွယ်ရသော ဘုရား ရုပ်တုတော်ကို အရှင့်တရားမင်းထံ အပ်နှံ ဆက်သရသည်။ ။သည်ဘုရား ရုပ်တုတော်ကား ကျွန်ုပ်၏ နိုင်ငံတော် ဖြစ်သော သိဟ်ုင်္ဂကျွန်းအလုံး၏ အရှင်သခင်ပင် ဖြစ်တော့သည်။ ။ရှင်သိကြားလည်း အကျွန်ုပ်အား မဟာဗောဓိဖြင့် ကူညီလာပေသည်။ ။ဤသို့ လျှောက်ထားလေသည်။ ။အလောင်း စည်သူ မင်းကြီးလည်း သိဟ်ိုင်္ဂ ဘုရင်အား အကြည်အသာ ချေငံစွာ ဟောပြောတော်မူ၏။

ထို့နောင် သိကြားမင်းကလည်း ဤသို့ ပြောဆိုပြန်သည်။ ။မြတ်သော လှေစကြာရှင် မင်းကြီး။ ။သည်ဘုရား ရုပ်တုတော်ကား ဒက္ခိဏသာခါ- မဟာဗောဓိ အစစ်တည်း။ သာသနာ ငါးထောင် တည်သမျှ ကာလ ပတ်လုံး ဘုံသုံးပါး၌ ဖြစ်သော နတ်လူတို့အား ကောင်းမှုကျိုး များစိမ့်သောဌါ လျှောက်ပတ်ကောင်းမွန် ကြန်အင်လက္ခဏာ မှန်ကန် စွာသော မြေတော် အရပ်၌ တည်ထား ကိုးကွယ်တော် မူလော။ သင်မင်းကြီး၏ နန်းတော် အတွင်း၌သာ ပူဇော် ကိုးကွယ်သော် သတ္တာါ တို့အား အစီး အပွါး မဖြစ်ထွန်းရာ ဖြစ်တော့မည်....ဟူ၍ ပြောဆိုပြန်သည်။

စကြာ လှေရှင်- နရပဘိ စည်သူ မင်းကြီးလည်း ချေငံ သာယာစွာ ပြောဆိုပြီးလျှင် သိကြားမင်း ဆိုတိုင်း ပြုအုံ....ဟု ဝန်ခံတော်မူသည်။ ။သိကြားမင်း ကုသိ၍

သိဿိုဠ်ဘုရင် ဆက်သအပ်သော ဘုရား ရုပ်တုတော်ကို လည်း သိဟိုဠ် ကျွန်းအလုံး၏ အခြင်သခင်နှင့် အာလားတူ သောကြောင့်ဂုဏ်း၊ သိဿိုဠ်ဘုရင် ဆက်သအပ်သည် ဖြစ် သောကြောင့်ဂုဏ်း၊ "သိဿိုဠ်ရှင်" ဟု သမုတ် မှည့်ခေါ် ဝေါ် မူသည်။ လိပ်ကမ္မသိုးသည်း တပ်စေသည်။ ဗိုလ်လူတို့ အားလည်း အမှတ်အသား ပြုစေသည်။

မှာထားချက်။

သဒ္ဓိုင်းရင်းခွဲကား "သိဿိုဠ်ရဘုရား" ဟူ၍ သာဆို၏။ "သိဿိုဠ်ရှင်"ဟု မဆိုချေ။ မဆိုသော် လည်း ဣရုမုခ္ဘော သဒ္ဓိုင်း လက်ခံ၍ပင် "သိဿိုဠ် ရှင်" ဟူသော ဘွဲ့တော်ကို ခေါ်ဝေါ်ခန်းမှတ်ခြင်း ဂိုပြုနှံ ရကား အသင့်ပင် ဖြစ်လေသည်။ သဒ္ဓိုင်းရင်းခွဲ လာသော ဘွဲ့အမည် တော်ကား သိဿိုဠ် ကျွန်းမှ ရတော်မူသောကြောင့် "သိဿိုဠ် ရဘုရား" ဟု ဆိုသိုရိုပဒိုသည်။ ။အဓိပ္ပါယ်အရ မတူသော်လည်း လိုရင်း သဘောမှာ အတူတူ ပင် ဖြစ်၍ "သိဿိုဠ်ရ– သိဿိုဠ်ရှင်" အာမည် တော်ဘို့မှာ မကွဲမပြားး မခြားနားး ဟော့သည် သာတည်း။ ။ထို့ကြောင့် ထိုအမည် နှစ်ပါး လုံးကိုပင် သုံးစွဲ ခေါ်ဝေါ်သင့်၏။ ။ဤအရာ၌ လည်း "သိဟိုဠ်" ဟူ၍ဖြင်း၊ "သိဿိုဠ်" ဟူ၍ ဖြင်း၊ စကားနှစ်ဆွေ ဂိုသည်မှာလည်း အာဂူတူ ပင် ဖြစ်၏။ ။"သိဟဠ"ဟူသော မာဂဓသဒ္ဒါမှ

မြန်မာ၌ "သိဟိုဠ်" ဟူ၍ ဗြစ်လာသည်။ ။ဤကား စကားရင်းဘည်း။ယင်း"သိဟိုဠ်" ဟူသော စကား၌ ပါရှိသော ဟ-အက္ခရာကို သဒ္ဒါနှသ်း အားဖြင့် ဃ- အက္ခရာသို့ ပြောင်းရွေ့ ယူငင်၍ "သိဃိုဠ်"ဟု ရေးသား ခေါ်ဝေါ်ကြပြန်သည်။ ။ ပဠိဘာသာ- သံဃာ- လဃု- အစရှိသော ပုဒ်တို့၌ ဟ- အက္ခရာမှ ဃ- အက္ခရာသို့ ပြန်သက်ဝဲသို့ တည်း။ ထိုစကားမှန်၏။ ။ဟ နှင့် ဃ-တို့ကား မာဂဓဘာသာ, သင်္ကာဋ သဒ္ဒါနည်းတို့၌ အံ့ချင်းချင်း ပြန်ဘက်လှန်ဘက် ဖြစ်ကုန်သည်။ ။ထို့ကြောင့် "သိဃိုဠ်ရှင်- သိဟ်ဠ်ရှင် သိဃိုဠ်ရ- သိဟိုဠ်ရ" ဟူသော အမည်းတော်တို့ဖြင့် မြတ်စွာ ဘုရား၏ ဘွဲ့တော်ကို မှည့်ခေါ် သင့်သည်ဟု မှတ်ယူရမည်။ ။ကျမ်းစာတို့၌ကား "သိန်းခို" ဟူ၍ပင် ရေးသားချက် ၄်ပြန်လေသည်။ ။ထို အာရေး အာသားကား ဆိုခဲ့သောသဒ္ဒါ စည်းမျဉ်းနှင့် မညီ မူလေ။ ။ထို့ကြောင့် ဃ-ကြီးနှင့်ပင် ရေးသား မှတ်ယူရမည်။ ။ဤကား မှာထားချက်တည်း။

ဤနေရာ၌ အံ့လွန် ရှေးကျသော သိဟ်ဠ်ရှင် ဘုရား ၄ိန့် လက်ဝဲဟောင်းတချက်ကို ထည့်သွင်း ဘော်ပြ ဦးမည်။ ထိုလက်ဝဲ၌ သိဟိုဠ်ဘုရင် ဆက်သကြောင်းနှင့် သစ်ဆယ်မျိုးကို ထုလုပ်ထားကြောင်းများ ပါ၄်လေသည်။ ။ (ရေးသူအမည်မသိ)။

နရပတိစည်သူမင်းကြီးအား ဆက်ခြင်းအကြောင်း။ ၁၃၅

ဘုရားရှိခိုး လက်ာဟောင်း။

နရပတိစည်သူ။ လူတို့ထွတ်ချာ။ ဧကရာလျှင်။ စကြာ သေဌ်နင်း။ ထန်ပြင်းတေဇာ။ အာဏာလျှံသ။ သီဟဋ္ဌ ရာဇာ။ ထိုမင်းမှာမူ၊ သင့်ရာ လက်ဆောင်။ ပါအောင်နှစ် ခြိုက်။ ထိုသူနှိုက်တွင်။ သင့်စီရင်၍။ ချစ်ရှင် ကော်ရော်။ အကြည် တော်ဟု။ ပူဇော် ပန်ချေ။ ကျွတ်ဆု ဖွေသည်။ သပြေ- သရက္ခန်။ မြတ်မွန် ဗောဓိ။ မွေးဘိနှံ့သာ။ ကြိုင်စွာ စန္ဒကူး။ ထင်းရှူး အနှစ်။ မြကသစ်နှင့်။ စင်စစ် မချွတ်။ သခွတ်, ကုက္ကို။ ထိမ်ဟု ဆိုသား။ သစ်ဆယ် ပါးကို။ ပေါင်းငြား အစု။ ရုပ်တုပြု၍။ ကျွတ်ဆုပန်ယူ။ ကြည်ဖြူ ညွတ်နူး။ နန်းဦးတင်ထား။ မြတ်ဘုရားကို။ ဆင့်ပွါးသဒ္ဓါ။ ကိုးကွယ်ပါသည်။ စကြာ ညွန့်ဖူး။ ဖေါင်တော် ဦးတွင်။ ရှင်မြူး အသရေ။ ဆက်လိုက်ပေ၍။ သပြေ သောင်းလုံး။ တေဇာ ချုံးသား။ ကျွန်းဆုံး ကျေညာ။ မြတ် စကြာရှင်။ ဤရပ်တွင်၌။ ဖေါင်လျှင် ရပ်ဆိုင်း။ ဖေါင်တော် ကိုင်း၍။ သဓိုင်း စဉ်လာ။ ယခု သာရှင့်။ ဝေါဟာ မြစ်ကိုင်း။ ရှေး သဓိုင်း၌။ ဖေါင်ကိုင်း ဇာတိ။ တွင်ရင်းရှိသား။ မုနိထွတ် တင်။ သီဟိုင်ဋ္ဌရှင်ကို။ ကြည်လင် မြတ်နိုး။ ရှိပန် ခိုးသည်။ ။ ကောင်းကျိုးလျှင်ဆော ရောက်စေသောင်။

မှတ်ချက်။

ဤလက်ာ၌ ဘုရားတည်ရာ အရပ် ဖြစ်သော ကုန်း မြေပြင်ကို ရှေးအခါက "ဖေါင်ကိုင်း" ယခုအခါ "မြစ်ကိုင်း" ဟု ခေါ်ဝေါ်ကြောင်း ပါရှိ

သည်။ ။ထိုစကား သင့်- မသင့်ကို နောက်၌ ထင်ရှားလိမ့်အုံ။

၅။ သီဟိုဠ်ရှင် မြတ်စွာဘုရားကို ကိုးကွယ်တော် မူခြင်း။

သိဃိုဠ် ဘုရင်နှင့် သိကြား မင်းတို့လည်း အလောင်းစည်သူမင်းကြီးနှင့် အခြေအင် ပြောဆိုပြီးလျှင် မိမိတို့ရပ်ဌာန်သို့ ပြန်ကြလေကုန်၏။ ။အလောင်းစည်သူ မင်းကြီးကား ရုပ်တုတော် သိဃိုဠ်ရှင် ဘုရားကို ဘောင်ယာဉ်စကြာ၏ အလယ်တွင် မြတ်သောရတနာ ပလ္လင်ဖြင့် ကိုးကွယ် ထားတော်မူ၏။ ပလ္လင်တော်ကား ရတနာ ခုနစ်ပါး အတိပြီး၏။ နဝရတ် ကိုးပါး တို့ဖြင့်ပြီးသော ဗိဘာန်ကို ဘုရား ရုပ်တုတော်၏ အထက်မှ ဒိုးကာ ဖြန့်လွှားတော်မူ၏။ အထူးထူးသော ပန်း ဆီခီး နံ့သာတုံး နံ့သာခဲ နံ့သာပျောင်း နံ့သာနှစ် နံ့သာဆီ နံ့သာပန်း နံ့သာပွင့် နံ့သာငုံ နံ့သာရေ နံ့သာ သားတို့ဖြင့် ကြီးကျယ်စွာ ပူဇော် လေကုန်၏။ ။သီဟိုဠ်ရှင် မြတ်စွာဘုရားလည်း နေ့ညဉ့်မဟူ ရောင်ခြည်တော် ခြောက်သွယ်ကို လွှတ်တော် မူ၏။ ။ မင်းကြီးလည်း အလွန်လေးမြတ် ကြည်ညို လွန်းရကား ဘုရားရှင် ရုပ်တုတော်ကို စိမ်စိမ်းရဲရဲ ရှုခ်ဉ် လှေယာဉ် ထက်တွင် သုံးရက်မျှ ကြာအောင်မထဘဲ ဖူးမြင်တော်မူ၏။ ထိုအခါတွင် သီဟိုဠ်ရှင် မြတ်စွာဘုရား၏ မျက်လုံးတော်တို့ကား မင်းကြီးအား အသက် ဝိညာဉ် ရှိသော

ဘုရား ကဲ့သို့ လှည့်ကာလည်ကာ ရှိကြသည်တော် မူသော ဟူ၏။

ထိုအခြင်းအရာ ဆုံဘွယ်သဲကို မင်းကြီး ဟုးမြင်ရ သျှင် ဂျေးဒေခါထက်ပင် အလွန်ဖြစ်နိုင်ခဲသော ကြည်ညို ခြင်းဖြင့် ကြည်ညိုဘော်မူ၍ သက္ကရာဇ် ၎၁၀ လေးရာ, ခုနစ် ဆဲ့, ခုနစ်ခု (၄၇၇)ခုနှစ် ကဆုန်လတွင် ခုနစ်ခက်ပတ် လုံး သဘင်ကြီးစွာ ခံဘော်မူသည်။ ။ထိုအခါ စည်, စောင်း, ပတ်သာ ခရာ, နှဲ, ဖွဲ့ လင်းကွင်း, ကြေးနင်း ဇုံ, မောင်း, မရိုး ထပိုး, မြောက်စည်- အစရှိသော တူရိယာ တို့ကိုလည်း ငြိမ့်ငြိမ့် လေးလေး တီးမှုတ် ရ၏။ ။လွယ် ယာဉ်စကြာထက်၌ ပင့်ဆောင်တော် မူခဲ့သော သိဒ္ဓိ ဘုရား တို့ကိုလည်း ဗြဟ္မာ့ဒေဝါကျွန်း အလုံးကို အစိုးရ တော်မူသော မြတ်သောမင်း၏ ကြက်သရေဖြင့် ပူဇော် တော်မူ၏။ ။ကောင်းကင်ထက်မှ နတ်မင်း အပေါင်းတို့ လည်း, နတ်သား, နတ်သို့ ခရိုရံလျက် နတ်၌ ဖြစ်သော ပဉ္စင်တူရိယာကို သံဝါညှင်းညှင်း မှာဘ်၍ သိဒ္ဓိ, က- ခုန် ကြကုန်၏။

နာဘ်၌ဖြစ်သော ပန်းစည်း, ပန်းတံ, ပန်းပွင့်, ပန်းငုံ ပန်းဂူး, ပန်းဆိုင်း ပန်းလက်တံ, ပန်းလက်ဝါး ပန်းရှည်, ပန်းညွှန့်စသည် တို့ဖြင့်လည်း မရေမတွက် နိုင်မျှ ပူဇော်ကြ ကုန်သည်။ ။မင်းတရားကြီး ဘုရားလည်း အာထူးထူး သော ထည်မျိုး, အုပ်မျိုး ခါသာမျိုးနှင့်တကွ စိန့်တိုင်း, ကောတုမ တိုင်းတို့မှ လာသော အဝတ်အလျာ တို့ဖြင့်

အရာမက ပူဇော်တော် မူ၏။ ။ထို ဒေဝါ လွယ်သည့် စကြာဆက်ခွံပါရှိသော မရိုးစည်, မြောက်စည်, အိမ်ရှင် စည်ကြီးတို့လည်း သူမတီးဘဲ အာသံကျည်ကျည် မြည် ကြွေထေကုန်၏။ ။ဗိုးတိမ် ထွတ်ဘို့လည်း အရပ် လေး မျက်နှာမှ တက်လာသတ်၍ လျှပ်နွယ်, လျှပ်ပန်း တို့ကို အကြိမ်များစွာ ပြက်ခတ်လေသည်။ ။ငွက်မည်း, ငွက်ဖြူ အပေါင်းတို့လည်း ကြီးကြီး ငယ်ငယ် အလိုက် အခဲ့ အသိုက် စုဝေး ကုန်လျက် ဗိုးတိမ်ထဲမှ ခေါက်ခေါက် ရက်ရက် မြည်တွန် ကြွေကုန်၏။ ။ဤသို့သော အံ့ ဘွယ်သရဲတို့ဖြင့် ထူးကဲလွန်မြတ်သောကြောင့် မင်းကြီး၏ စိတ်သည် နူးနူးညံ့ညံ့ ရှိပေရကား အာတိုင်းမသိသော သူဘွယ်တို့ဖြင့် ဝေဘုနဗိုင်းခြားခြား၍ လူဘော် မူသတည်း။

(၁) ဇွေမုဠော ဘုရား သဇိုင်း လင်္ကာ။

စကြာလွှင်။ ဘောင်ထက် တွင်၌။ ပဉ္စင်သံဝါ။ တူရိ ယာမှတ်။ သောသော အုတ်မျှ။ ဗိုက်ထုတ် ဖြည့်တင်း။ ပူဇော်ခြင်းကြောင့်။ နေမင်း ထ-ခြည်။ မကြည်ညို့မှောင်။ ဗိုးထိအောင်လျှင်။ အရောင် ခြောက်သွယ်။ ဘဝဂ်ကယ် ၏။ ဗြဝယ်ဖြန့်ဘို့။ စိုက်ထူတိသို့။ မနီရုပ်စင်။ သိဟိုဠ်ရှင် မှ။ အမြင်မူးမူး။ ကွန့်မြူးလျှံထိန်။ တောက်လောင်ရှိန်လျှင်။ ဇုန္ဒေဒဝါ။ နတ်တကာတို့။ ခြေကြာလက်မုံ။ ဦးထက်ပုံသည်။ အာရုံချည်းချည်း။ ငွက်မည်း, ငွက်ဖြူ။ အသံအရှ၍။ ဘုင်ဖြူ,ဘုင်လွ။ နောင်ဘော် မှလျှင်။ သိဟဠမှန်။ သရက္ခန်တို့။ ။ခြောက်တန် ရောင်ဝါ ဖြူးဖြူးတည်း။

ဤသို့လျှင် မရေမတွက် နှိုင်ရသော ဘန်ဒိုးပြာဒုံဟာကို ပြတော်မူသော မြတ်စွာဘုရား သခင် ရှပ်တုန့်ဂင်တို့ ဒေါး မရေမတွက် နှိုင်းရသော ပူဇော်ဘွယ်တို့ဖြင့် ကြိုးကျယ်စွာ ပူဇော်ပြီးမှ လွယ်ယာဉ်စကြာဂုင် ဖြစ်တော်မူသော မင်းတရား ဘုရားသည် မြဲနိမာနိုင်ငံ ပုဂံပြည်သို့ ပြန်ကြွတော် မူခဲ့လေသည်။

၆။ မာန်အောင်ကျွန်းသို့ ရောက်တော်မူခြင်း။

ခရိုးအကြားတွင် မာန်အောင် ကျွန်းသို့ ရောက်လတ်သော် မာန်အောင်မင်းသည် အလောင်းစည်သူ မင်းကြီး အား ဂိုရိုးရှိခဲ့သည်ကို အလိုမရှိသောကြောင့် သဲဖုံ့ပြည့်သော ဒိုးစရည်းကို လည်မှာဆွဲ၍ ရေတွင် ဆင်း၍ သေလေသည်ကို အလောင်း စည်သူ မင်းကြီး သိတော်မူလျှင် ငါသို့သော မင်းကိုစင်လျက် ဂိုရိုးရမည်ကို ကြောက်၍- သေလေသည်။ သေရာသလော....ဟု လွှတော် ဦးဌ ရပ်တော်မူ၍ လက်ညှိုးတော်ဖြင့် ညွှန်တော် မူပြီးလျှင် ငါ့အဆွေ မာန်အောင်မင်း ငါရောက်တော် မူသည်ကို အာဘယ်ကြောင့် မဖူးမြင်နေဘိ သနည်း....ဟု မိန့်တော် မူလေသော် မာန်အောင်မင်း- သူသေကောင်လည်း အိုး စရည်းကို လည်မှာ ဆွဲလျက်ပင် ဂိုရိုးလျက် ရေမှ ပေါ်လာရလေသည်။

၇။ ဇမ္ဗူဒိပ ကျွန်းသို့ ကြွတော်မူခြင်း။

ထို အရပ်မှသည် ဇမ္ဗူဒိပ ကျွန်းသို့ ရောက်တော်မူလျှင် တောအုပ်ကြီး တခုခု ဆင်အပေါင်းတို့ကို သတ

ဖြတ်စားသောက်လျက် ဆင်စွယ်တို့ကို အသိုက် အအုံ ပြုလုပ်နေသော ကင်းကြီး၏ နေရာသို့ ရောက်တော်မူ လေ၏။ ။ထိုဆင်စွယ်တို့ကို မြင်တော်မူသော် အဘယ် အကြောင်းနည်းဟု မေးတော်မူလျှင် ဟူးရားဆရာ တို့က လည်း ကင်းကြီး နေသော အသိုက်ဟူ၍ လျှောက်ကြ ကုန်၏။ ။မင်းကြီးလည်း ထိုဆင်စွယ် တို့ကို ကင်းကြီး အစာရှာ ထွက်နေခိုက်တွင် လှေစကြာသို့တင်၍ အကုန် အစင် ယူဘော်မူခဲ့၏။ ။ကင်းကြီးလည်း မိမိ ကျက် စားရာ အရပ်မှ ရောက်လေသော် မိမိအသိုက်ကို မမြင် ၍ အလောင်း စည်သူမင်းကြီး လှေတော်ကို ရေဝယ် ကူး၍ လိုက်လေသည်။ အလောင်းစည်သူ မင်းကြီးကား ဘုန်းကြီးသော မင်းဖြစ်၍ မှီအောင် မလိုက် နိုင်လျှင် ငါ့အသိုက်ကို ယူသော သူသည် လူမည်ကာ မဟုတ် ဘုန်းကြီးသောသူ ဖြစ်သည်။ ငါနှင့်တူသော ပုံသဏ္ဌာန် ကို လှေယာဉ်လုပ်၍ စီးစေသတည်း-ဟု အမှတ် ရှိလျက် မိမိ၏ ဦးခေါင်းနှင့် အမြီးကို ထောင်၍ ပြလိုက်လေ၏။ မင်းကြီးလည်း နေပြည်တော် ပုဂါမသို့ ရောက်လျှင် ထိုကင်းသဏ္ဌာန် လှေလုပ်တော် မူ၏။ ထိုအခါမှ စ၍ လှော်ကား သမ္မန်များ ပေါ်ပေါက်ခဲ့သေ သတည်း။

၈။ ပုဂံနေပြည်တော်သို့ ရောက်တော်မူခြင်း။

ထို့နောင် ဇမ္ဗူဒိပ်ကျွန်း မြန်မာနိုင်ငံ နေပြည်တော် ပုဂံမြို့သို့ ရောက်တော်မူလျှင် သာသနာတော် ငါးထောင် ပတ်လုံး တည်ရစ်စေ သတည်းဟု- ရည်ရွယ်တော် မူ

လျက် "သရက္ခန်ငါးဆူ, မြတ်ပေါင်းမဥ္ဇူ, ရှင်ဖြူ- ရှင်လှ" ဘုရားတို့ကို အသီးသီး ကိုးကွယ်တော် မူ၏။ ။သီဟိုဠ်ရှင် ရုပ်တုတော် မြတ်ကိုကား နေပြည်တော် ပုဂါမတွင် ဆူနန်းတော် ဦး၌ ရှေးဦးစွာ ကိုးကွယ်တော် မူလေသည်။ ။လှေယာဉ် စကြာဖြင့် လှည့်သည်တော် မူရာတွင် ဇမ္ဗူဒိပ်ကျွန်းသို့ ပြန်လည်တော် မူသောအခါ လှေယာဉ် စကြာသက်၌။ ။"အရှင်မဟာ ကဿပ- ရတင်ကျင့်ဟန် ရုပ်တုတော်။ နိုင်ငံတော်မှ ပါရင်း ဖြစ်သော ဆူဆင်းတုတော်။ သရက္ခန် ငါးဆူ။ မြတ်ပေါင်း မဥ္ဇူ။ သီဟိုဠ်ရှင် မြတ်စွာဘုရား ရုပ်တုတော် တဆူ။ ရှင်ဖြူ- ရှင်လှ နှစ်ဆူ"။ ။ဤတဆဲ့, တဆူသော ရုပ်တုတော်တို့ ပါရှိကုန်သတည်း။ ။ဤ တဆဲ့, တဆူ တို့ကို နေပြည်တော်သို့ ရောက်မှ အသီးသီး သွားရောက် ကိုးကွယ်တော်မူသတည်း။

သီဟိုဠ်ရှင်ဘုရားကို အဆက်အသ
ခံယူတော် မူခန်း ပြီး၏။



သီဟိုဠ်ရှင် ဘုရား တည်တော်မူခန်း။

ဤသို့လျှင် သီဟိုဠ်ရှင် မြတ်စွာဘုရားကို အဆက်အသ ခံတော်မူခန်းကို ဆိုပြီး၍ ယခုအခါ၌ သီဟိုဠ်ရှင် ဘုရားကည်ထားတော် မူခန်းကို ဆိုပေအံ သတည်း။

ဤသို့လျှင် အလောင်းစည်သူ မင်းကြီးသည် တိုင်းနိုင်ငံသို့ ရောက်တော် မူ၍ ရက်ကာလ ကြာမြင့် လတ်သော် အခါ တပါး၌ ဘေးလောင်းတော်- အနော်ရထာ မင်းကြီးသည် ဂန္ဓာလရာဇ်တိုင်း တရုပ် ပြည်ကို အစိုးရသော- ဥတည်ဘွားထံ စွယ်တော်ကို တောင်းရန် စစ်သည် ဗိုလ်ပါ အပေါင်းနှင့် ရေအား, ကြည်းအား ချီတော်မူသကဲ့သို့ တရုပ်ပြည်သို့ စွယ်တော် အလို့ဌါ ရေအား, ကြည်းအား ချီတော် မူလေသည်။ ။တရုပ်ပြည်သို့ ရောက်လျှင် ဘုရင်ဥတည်ဘွားအား အကြောင်းချင်းတကို မိန့်ကြားပြီးမှ ရှေ့တန်ဆောင်, ငွေတန်ဆောင် ရှေ့ပန်းခိုင်, ငွေပန်းခိုင် ရှေ့ ပေါက်ပေါက်, ငွေ ပေါက်ပေါက်တို့ဖြင့် ပူဇော်တော်မူ၍ စွယ်တော် မြတ်ကို ပင့်ဆောင်တော် မူလေသည်။ ။ဘုရား ဗျာဒိတ် မရှိ၍ စွယ်တော်မြတ်ကို ဖူးတွေ့ရုံမျှ ဖူးတွေ့ရသည်။ ပင့်ဆောင်၍ မရသာချေ။

မင်းကြီးလည်း ဘုရား ဗျာဒိတ်တော် မရှိ၍ မကိုးကွယ်ရချေ တကား ...ဟု စိတ်နှလုံးညှိုးငယ်တော် မူစွာနှင့် နေပြည်တော် ပုဂါမသို့ ပြန်လည်တော် မူခဲ့လေ၏။ ။နေပြည်တော်သို့ ရောက်တော် မူသျှင် စွယ်တော်မြတ်ကို မရခဲ့ချေဘကား....ဟု စိုးရိမ်တော် မူလတ်သော် သိကြားမင်းသည် ရုတ်ချင်း လာလတ်ဖြီးသျှင်။ ။"မြတ်သောမင်းကြီး" ဘုရားသခင် ဗျာဒိတ်တော် မရှိ၍ စွယ်တော်ခာတ်ကို ရတော်မမူသာချေ။ မရရာ သလောဟု-ဝမ်းနည်းတော် မမ [illegible]

သိဃိုင္ဒ်ရှင် ရုပ်တုတော်ကို ပုထိုးဂူ ပြုလုပ်၍ သာသနာ ငါးထောင် တည်တံ့ နိုင်အောင် ကိုးကွယ် ပါလော။ ။ သင်မင်းကြီး နန်းတော် ထက်တွင် ကိုးကွယ် ရသော ထက် လူနတ် တကာတို့ ဗူးမြော် စေအံ့သောဌါ ဘူမိ နက်သန် ကြန်အင် ကောင်းမြတ်သော မြေ အရပ်၌ ကိုးကွယ် ရသော် လူနတ်တို့အား အကျိုး စီးပွါး ဖြစ် ထွန်းရာလေသည်....ဟူ၍ ပြောကြားလေ၏။

မင်းကြီးလည်း သိကြားမင်း၏ စကားကို ကြားလျှင် ထက်သန်သော သဒ္ဓါတရား ဖြစ်ပေါ် လာသောကြောင့် သိကြားမင်းအား ကောင်းပြီဟု ဝန်ခံ၍ လွှတ်လိုက်လေ ၏။ ။ဤသို့ ဝန်ခံအပ်သောအတိုင်း သက္ကရာဇ် လေးရာ, ခုနစ်ဆဲ့, ကိုးခု(၄၇၉)ခု ဖုသျှနှစ် တန်ဆောင်မုန်းလ တွင် နေပြည် တော်၏ မြောက် မျက်နှာ၌ အနှံ အပြား နေရာ ချထားပြီးသော် စကား ကိုးဆူ,မုဌော ကိုးဆူ တို့ကို တည်ထားတော် မူလေသည်။ ။ကျော်စဉ် အရပ်၌ လည်း အင်းခရုတဆူ လှည်းထောက် တဆူ မြွေအံတော် တဆူ ရွှေပေါ်ကျွန်း တဆူ ဤသို့ မြန်မာပြည် အလုံး၌ စေတီတော်– မုဌောတော်တို့ကို အနှံအပြား တည်ထား တော်မူလေသည်။ ။ဤသို့ တည်ထားရာတွင် စေတီ တော်အသီးသီး တို့၌လည်း ဓာတ်ထော်, မွေတော်တို့ကို ရုံးရုံးရုရ ပြုတော်မူ၍ ဌပနာတော် မူသည်။ ။ဤအရာ ၌ မုဌောတော် ကိုးဆူ၏ သရုပ်ကို ရွှေမုဌော သရိုင်း လက်ာတင် လာသောအတိုင်း တော်ပြ ဦးအံ။ အလောင်း

စည်သူမင်းကြီး တည်ထားတော် မူသော မုဋ္ဌောကိုးဆူ ဟူ သည်မှာ-

၁။ အောင်သာတဆူ။
၂။ တပြက်သာတဆူ။
၃။ မြေခရာတဆူ။
၄။ ယမုန်ကျွန်းတဆူ။
၅။ မင်းတလင်တဆူ။
၆။ ရွှေညောင်အုပ်တဆူ။
၇။ တမူဆိုးတဆူ။
၈။ မြစ်မ- ကိုင်းတဆူ။
၉။ တပေါက်ဝတဆူ။

၏ကိုးဆူတို့ ပေတည်း။ ။ထိုကိုးဆူသော မုဋ္ဌောတော် တို့ကား ပုဂံပြည်၏ မြောက်မျက်နှာ ၌သာ တည်ရှိကုန်၏။ ။ထို ကိုးဆူတို့တွင် မည်သည့် ဘုရားသည် မည်သည့် အရပ်မှာ တည်ရှိသည်ကို မြစ်မ-ကိုင်း ဘုရားမှ တပါး နေရာအသီးအခြား မသင်ရှား၍ မသိသာပြီ။ ။ မြစ်မ- ကိုင်း ဘုရားကား သီဟိုဠ်ရှင် မြတ်စွာ ဘုရား ကိန်းဝပ်ရာ မုဋ္ဌော တော်ပင် ဖြစ်လေ သည်ဟု သိမြင် များသူတို့လည်း ပြောကုန်၏။ ။ရွှေမုဋ္ဌော သမိုင်း လက်ာ ၌လည်း ထင်ရှားပေ၏။

(၈) ရွှေမုဋ္ဌော သမိုင်းလက်ာ။

ကျွန်းလုံး မီးလျှံ။ မနှိုင်းစံသား။ ဒိသမွဘိ။ ဘူမိပါလ။ နရပတိ။ မည်ရှိ စည်သူ။ တည်တော် မူသား။ ကိုးဆူ

ရဋ္ဌော ခြောက်ရောင်ပြောသည် အံ့မောဘွယ်သိ တွက်ရေညှိသော် (၁) မုနိ"အောင်သာ" (၂) "တပြက်သာ" နှင့် ကိုးဖြာ ဂုဏ်ရ (၃) "မြေခရ" တည့် အောင်ဆု ယူညွှန်း (၄) "ယမုန်ကျွန်း"ဟု ထွန်းသည့် ရောင်ရှင် (၅) "မင်းတလင်" သည် ကုန်းခင် ပိုက်ထုပ် (၆) "ရှေ့ညောင်အုပ်" လည်း သရုပ်ခေါ်ရိုး (၇) "တမူဆိုး"နှင့် ဓာတ်မျိုးဖြန့်သိုင်း (၈) "မြစ်မ-ကိုင်း" လျှင် ပရိုဏ်းရံသ (၉) "တပေါက်ဝ" ဟု ထိုမျှအပြား စေတီများကို ထား၍ စိုက်ထူ မြေဂူ ခြိမ့်မွမ်း နိဗ္ဗာန်လမ်းဟု ဘုန်းစွမ်း ပကား ပြသောလားတည့် သိကြားခတ်နှိပ် မင်းတံဆိပ် နှင့် ကျွန်းရိပ်ဇမ္ဗူ စိုးတော်မူသည်။ ။စည်သူအလောင်း ပြည့်ရှင်တည်း။

မှာထားချက်။

မုဋ္ဌော ကိုးဆူ၏ သရုပ်ကို ရာဇဝင်အစောင် စောင်၌ပင် ရှာဖွေမရ၊ တပါးသရိုင်း တို့၌လည်း မတွေ့မြင်၊ ဤမုဋ္ဌော သရိုင်းလက်ာ ၌သာ သရုပ် အရေ အတွက် ပါရှိလေသည်။

ထို မုဋ္ဌော ကိုးဆူတို့တွင် မြစ်မ- ကိုင်း ဟူသော မုဋ္ဌော စေတီဘော်သည်သာ ဤအရာ၌ ဆိုလိုရင်း ဖြစ်လေသည်။ ထို့ကြောင့် ထို မုဋ္ဌောစေတီဘော် တည်ထား ပုံကို ရေးသားရမည်။ ၊မြစ်မ-ကိုင်း ဟူသော အရပ်ကား ယခုအခါ ပခုက္ကူမြို့တွင်ရှိသော မြစ်ကိုင်းဟူသော အရပ်ပင် ဖြစ်သည်ဟု ရုံစမ်း သိရှိရသည်။ ။အသင့်

ယုတ္တိရှိပုံကိုလည်း နောက်၌ တွေ့မြင်ရ လတ္တံ့။ ။မြစ်မ-ကိုင်း အရပ်၌ တည်ထားသော မုဋ္ဌောတော်ကို "မြစ်မ-ကိုင်း မုဋ္ဌော"ဟု ခေါ်ဆိုသည်။ ။ထို မုဋ္ဌောကား သီဟိုဠ်ရှင် ရုပ်တုတော်၏ ကိန်းဝပ်ရာ ဖြစ်လေသည်။

၁။ ဘောင်တော်ဖြင့် ဆန်တော်မူခြင်း။

ဇမ္ဗူဒိပ်ကျွန်းအလုံး၌ ကျော်စောသော ဂုဏ်သတင်း ရှိတော်မူသော လွန်မြတ်သော ဘုန်းလက်ရုံး အာဏာ တို့နှင့်လည်း ပြည့်စုံတော်မူသော လှေစကြာရှင် ဘုရင် နရပတိစည်သူ မင်းတရား ကြီးသည် သိကြားမင်းထံ ဝန်ခံအပ်သည်နှင့် အညီ သီဟိုဠ်ရှင် မြတ်စွာဘုရား ရုပ်တုတော်ကို ကောင်းမြတ်သော မြေကြန်အရပ်၌ တည်ထား ကိုးကွယ်တော် မူအံ့သော၌ ထိုသီဟိုဠ်ရှင် မြတ်စွာဘုရား ရုပ်တုတော်ကို ရတနာ ဘောင်ယာဉ်တွင် နဝရတ်ပလ္လင် ထက်၌ တင်တော် မူလတ်၍ ဗိုလ်ခြေ အလုံးအရင်းနှင့် တကွ နေပြည်တော် ပုဂံမြို့မှ ဆန်တက်တော် မူလာလေ သတည်း။ ။ဤသို့လည်း အဓိဋ္ဌာန်ပြု ဆောက်တည်တော်မူ၏။ ။သည်– သီဟိုဠ်ရှင် ရုပ်တုတော်သည် ကိန်းစံတော် မူလိုရာ အရပ်၌ တစုံ တဆုသော နိမိတ်အရောင်ကို တွေ့ရစေသော....ဟု အဓိဋ္ဌာန်ပြုတော်မူ၏။

ဘောင်တော် စကြာလည်း တဖြည်းဖြည်း ဆန်တက်တော် မူလာလေ သတည်း

မသွားဘဲ ရပ်တန့်၍ နေဘိ၏။ထိုအခါ မင်းကြီးက ဟူးရားဖြူ, ဟူးရားညှိတို့အား မေးစိစစ်လျှင် ဟူးရားဖြူ,ဟူးရားညှိတို့ လျှောက်ထားသည်မှာ ၏အရပ်၌ သီဟိုဠိရှင် ရုပ်တုတော် မြတ်သည် ကိန်းဝပ်တော် မူအံ့သည်ဖြစ်၍ လှေစကြာ မသွားဘဲ ရှိတော်မူချေ သည်ဟု လျှောက်ထားကြလေ၏။

မှတ်ချက်။

ကူးခန်းအရပ် ဟူသည်မှာ။ "ကူးခန်း" ကူးသန်း, ပခန်း=ဟူ၍ သုံးမည်ရ ယခု ကာလတိုင်အောင် ခေါ်ဝေါ် နေကြသော "ပခန်း" နယ်အရပ် ကိုပင် ဆိုလိုသည်။ ထိုသို့ သုံးမည်ရသည်ကိုလည်း။

ဝသံ ပုရေ ဘူကုခန္ဓေ၊
တိရ ဒေသေဝါ ဘူမိဂံ။
နိဂ္ဂဟောပါဒါ·ပခန္ဓေ၊
ကဒ္ဒီစ္ဆာ ပတ္ထနာမကေ။ ။

ဟူသော အဌသာလိနီ အဌကထာ ဂဏ္ဌိ၌ ဆိုသည်ကို ထောက်၍ သိရာသည်။ ။ထိုဂါထာဖြင့်။ ။(၁) မြေတောင်ကို တူးဖြို ဖေါက်ခွဲခြင်းကို စွဲ၍ "ကူးခန်း"။ ။(၂) ဓာတ်တော်သည် ရှေသမင်ယောင် ဆောင်၍ ကူးသန်း သွားလာ

နရပတိစည်သူ မင်းကြီးသည် အသိန်းမကသော စစ်သည် တို့ကို နှိပ်နင်းရာ ဖြစ်သောကြောင့် ပစေ, ခန်းစေ–ဟူသော စကားကိုစွဲ၍ "ပခန်း"။ ။ ဤသို့ သုံးမည်ရသည်ဟု ဆိုလိုသည်။ ။သည် ကို မသိသူတို့သည်။ ။"ပခန်း" ကို "ပုခန်း" ဟူ၍ ဥ-သရနှင့် ရေးသားတတ်ကြ လေသည်။ "ပခန်း" ဟူ၍ အ-သရနှင့် ရေးမှ မှန်ကန်သည်။ သို့ရာတွင် သတ်ထူး ကျမ်း၌ကား။ ။ပုဆိုး တသီး စိတ်ပုတီး ပုတီးနှင့်ပုခက်။ ။ပုဂံပူရိန် မြို့ဘူမိန် ပုသိန့် "ပုခန်းဘက်"။ ။တချောင်းငင် လတ်ပ-တွင်မှတ် ဘတ်ခါပ- သက်သက်။ ။ ဟူ၍ ရေးသား ပြမှာချက် ရှိပြန် သေး၏။ ထို စကားကို ကဝိလက္ခဏ ဒီပနီဆရာ ပယ်ပြီးသား ဖြစ်၍ ဤ၌ မယူသာပြီ။

အပဏ္ဏကပျိုတွင်။

ကုံ ခနတိ ဝိဂြိုဟ် ရှိသည် အဓိကရဏ သဘာဝဖြင့် မြန်မာ့အလို ကူးခန်း ဆိုသား နဂို သာစည် ရပ်ရှေပြည်ဝယ်။ ။စသည်ဖြင့် စပ် သည်။ ။ငမြောငယ်ရွာ ဘုမ္မိရတနာ ဆရာတော် နှင့် ပထမကျော်အောင် စံထားဆရာတော် တို့၏ မေတ္တာစာတွင်လည်း ထိုသုံးမည်၏ အကြောင်း အကျယ် ပါရှိသည်။ သီဟိုဠ်ရှင် မြတ်စွာဘုရား ခြေတော်ချရာ အရပ်၏ မြောက်ဘက် နယ်ကို

"ဘောင်တော်ဖြင့် ဆန်တော်မူခြင်း အကြောင်း။

"ပခန်း" တောင်ဘက်နယ်ကို "ပုဂံ"ဟု အဖိုင်း အခြား ဒို့ကြောင်းကို တဆင့် ကြားရသည်။ ။ ထို့ကြောင့် ယခု ဘောင်တော် ရပ်တန့်သော အရပ်ကား ပုဂံနယ်မှ- ပခန်းနယ်ဘက် ရောက်စ ဖြစ်မ- ကိုင်း အရပ်ဟူ၍ မှတ်သားရမည်"။ ။ ဤကား မှတ်ချက်။

ထိုစကားကို ကြားလျှင် မင်းတရားကြီးလည်း ဤ အရပ်ကား အဘယ် အရပ်နည်းဟု မေးမြန်းတော် မူသော် ဟူးရားဖြို, ဟူးရားညိုတို့က သံတော်ဦး တင်သည်ကား။ ။ဤအရပ်သည် (ရောဝတီဖြစ်မ- ကိုင်းကိုင်း ကွေးကွေး ဒို့သောအရပ်) ဖြစ်ပါသည်ဟု လျှောက်ထား၏။ မင်းကြီးလည်း စိတ်နှလုံး သာတော်မူလျှ၍ လွှစကြာ ကို ဖြစ်ကမ်းသို့ ကပ်လေ၏။ ထိုအခါမှစ၍ (ဖြစ်မ-ကွေး ကွေး ကိုင်းကိုင်းဒို့သော အရပ်) ဖြစ်သည်ဟု ဟူးရားဖြို, ဟူးရားညိုတို့ လျှောက်ထားသည်ကို အစွဲပြုသော အား ဖြင့် (ဖြစ်မ-ကိုင်း)ရပ်ဟု တွင်လေသည်။

မှတ်ချက်။

သမိုင်းရင်းနှင့် ဤမူဌေသာ သမိုင်း လက်ဝဲ့ဒ္ဒ " ဖြစ်မ-ကိုင်း " ဟူ၍သာ ပါရှိသည်။ "ဖြစ် ကိုင်း"ဟူ၍ မပါရှိခဲ့။ ယခုခေါ်တွင်သော အမည် ကား (ဖြစ်ကိုင်း)ဟု တွင်လေသည်။ ။ထို့ကြောင့် "ဖြစ်မ-ကိုင်း" ဟူသော မူရင်းစကားမှ အခါ ကာလ ရှည်ထျားလာ၍ "ဖြစ်ကိုင်း" ဟူသော

အခေါ် အဝေါ်သို့ ရွှေလျော ပြောင်းရွှေ့သည်ဟု ကောန်မုကျွ ယူဆဆုံးဖြတ်ရမည်။ ဤသို့ ဆုံးဖြတ်ခြင်းသည်လည်း ဘုရား တည်ထားရာ အရပ်အနေ သရိုင်းစာစောင် တို့နှင့် ညီညွတ် လေ၏။ ယင်းသို့လျက် အောက်၌ ဘော်ပြခဲ့ ပြီးသော သီဟိုဠ်ရှင် ဘုရားရှိခိုး လက်ာ၌ "ဘောင်ကိုင်း" ဟူသော မူလစကားရင်းမှ ကာလကြံ့ကြာ လတ်၍ "မြစ်ကိုင်း"ဟု တွင်ကြောင်းကို ဆိုပြန်သည်ကား သိဟိုဠ်ရ သရိုင်း, ဘုရားဆက် သရိုင်း လက်ာ, ရွှေမုဋ္ဌောသရိုင်း လက်ာတို့နှင့် မညီမူ သည့်ပြင် အသင့် ယုတ္တိကို ရှာသော်လည်း အလွန်ဝေးကွာ လှသဖြင့် ယုတ္တိမတန်လေရာ။ ။ ၏ကား မှတ်ချက်တည်း။

လှေယာဉ် စကြာကို ကမ်းသို့ ဆိုက်ပြီးလျှင် မင်းကြီးသည် လှေစကြာထက်မှ ဆင်းသက်တော်မူ၏။ လူဗိုလ်ခြေ အပေါင်းနှင့်တကွ သီဟိုဠ်ရှင် ရုပ်တုတော်ကို မြစ်ကမ်းပေါ်သို့ ပင့်ဆောင်တော် မူသည်။ မင်းကြီးသည် စစ်သည် ဗိုလ်ခြေ အသိန်းအသောင်းတို့နှင့် တကွ ကမ်းခြေ မြေညီညွတ်ရာ အရပ်တဆု၌ "ရွှေနန်းတော်ရပ်" ဟု သမုတ်တော် မူ၍ ယာယီ တဲနန်းတို့ကို ဆောက်လုပ်စေတော် မူ၏။ ထိုနန်းတော်ရပ်-မည်သော အရပ်ကား ယခုထက်တိုင် "နန်းတော်ရပ်" ဟူ၍ပင် တွင်သည်ဟု အသိအမြင် များသူတို့ ဝန်ခံကြကုန်၏။

နိမိတ်ကြီးသုံးပါး ဖြစ်ပေါ်ခြင်း အကြောင်း။ ၁၅၁

မှတ်ချက်။

"နန်းတော်ရပ်" မည်သော ရွာငယ် တခု သည် ယခု အခါတွင် သိဟိုဠ်ကျွန်ုပ် ဘုရား၏ အနောက်မျက်နှာ မြို့နံမာတိုင် လေးတိုင်ခန့် ဝေးကွာသော အရပ်၌ တည်ရှိလေသည်။ ထို နန်းတော်ရပ်ရွာသည်ပင် ရှေးကာလက "နန်းတော်ရပ်ရွာ" ဟုတ်, မဟုတ်ကို စစ်ဆေး စုံစမ်းပြီးမှ မှတ်သားရာ၏။ ။ဤကား မှတ်ချက်။

၂။ ထူးဆန်းသော နိမိတ်ကြီးသုံးပါး။

သိဟိုဠ်ကျွန်ုပ် ရှပ်တူတော် မြတ်သည့် မြစ်ကမ်းခြေ ဖြေအပြင်သို့ သက်ရောက်ဘော် မှူးညီနှင့် တပြိုင်နက် ဖြေကြီး ငလျင် တုန်လှုပ်၏။ ပဲ့တင်သံ ပြုမ့်၏။ လေကြီး, မိုးသည်းကြီး တိုက်ခတ်ရွာသွန်း၏။ အထူးအဆန်းဖြင့် မှုကား။ ။ (၁) မြစ်ရေကြည်ကြည်တွင် လှည်းဘီးစက်ဝန်း ပမာဏ ရှိသော ကြာပွင့်ကြီး သုံးခုတို့သည် အထပ်တရာ အလွှာ အချပ်တို့ကို ဆောင်လျက် ခေါင်ခေါင် စွင့်စွင့် ရုတ်ချင်း ပွင့်လာကုန်၏။ ။(၂) မြစ်ရေ ကြည်ကြည်တွင် ကုန်း ပြင် ခေါင်ခေါင် သဲသောင်ပုံကြီးဘွန်း၍ ရုတ်ချင်းတွင် ပင် ကျွန်းငယ်ကဲ့သို့ ဖြစ်လာ၏၊ ။(၃) အနောက်မျက် နှာ အရပ်မှ ဥဗျိုင်းဌက်အုပ်တရသည် ကောင်းကင်ထက် တွင် ပျံဝဲလျက် သိဟိုဠ်ကျွန်ုပ် ရှပ်တူတော်၏ ရှေ့တော်တွင် ကျလာလေ၏။ ။ဤနိမိတ်ကြီး သုံးပါး ထင်ရှား ဖြစ်လာ

ကုန်သည်။ ထို့ကြောင့် ဘုရားဆက် သဓိုင်းလက်ာတွင် ဤသို့ ဘော်ပြ ပါရှိသေသည်။

ဘုရားဆက် သဓိုင်းလက်ာ။

၅။ မြေငလျင်သိမ့် ပဲ့တင်ခြိမ့်မျှ ဖိမ့်ဖိမ့်မူးမူး သံဝါကြူး၍ လှေဦးထက်တင် သီဟိုဠ်ရှင်ကို ဘုရင်စည်သူ ချိဘော်မူသည့် အငူကမ်းခြေ နေဘိလတ်သော် ပဲ့တင်အော်၍ ကြွေးကြော်ငလျင် ရေစင်ဓိဃ်းချုန်း လျှပ်ရောင်ပြုန်း၏ ဘုန်းတော်နိမိတ် နတ်တို့ဟိတ်ကား ရေမြိတ်အနီး ရေပြင်ကြီးမှ လှည်းဘီးစက်ဝန်း ပုံညွှန်းချပ်လွှာ ရွှေကြာပေါက်ခွဲ ရေထဲမှတက် သုံးချထွက်၏ ထက်ဝန်းကျင်ရေ စိမ်းစိမ်းရွှေလည်း မြေငယ် ကျွန်းယောင် ရုတ်ချင်းထောင်၍ သောင်ကမ်းနှင့်စပ် အနောက် ရပ်ကပျပ်ဝပ် တက်လာ ဗျိုင်းဌက် သာလျက်။ ။အံ့ရာ အကြောင်း ဖြစ်သတည်း။

မင်းကြီးလည်း အံ့သြ ဘွယ်သော ထို နိမိတ်ကြီး သုံးချကို တွေ့မြင်တော်မူ၍ ဟူးရားဖြူ, ဟူးရားညှိတို့အား မေးမြန်းတော်မူ၏။ ။ဟူးရားဆရာတို့လည်း ဤသို့လျှောက်ထားကြလေသည်။ ။"မြတ်သော မင်းကြီး" လှည်းဘီးစက်ဝန်းခန့်မျှ ရှိသော အချပ်အလွှာ အထပ်တရာ ရှိသော ကြာပွင့်ကြီးသုံးချ ပေါက်ထွက်သည်ကား ဤအရပ်တွင် နောင်သောအခါ ကြီးစွာသော အင်းအိုင်ကြီး တချ ပေါ်ထွက်အံ့သော အကြောင်းနိမိတ် ဖြစ်ပါသည်။

ဤမြစ်ရေ ပြင်သည် တဖြည်းဖြည်း ခန်းခြောက်၍ အင်း အိုင်ကြီးတရ ဖြစ်ထွန်း အံ့သောကြောင့် ကြာပွင့် သုံးရ ပေါ်ပေါက် ရပါသည်။ ထို အင်းအိုင် ကြီးခွဲ အထူးထူး သော ကြာမျိုးတို့သည် ပေါက်ရောက် ဖြစ်ထွန်းကုန်လျက် သိဟ်ဠိန္ဒရင် မြတ်စွာ ဘုရား၏ အရံဘော် ရေကန်ကြီး သဘွယ် ဖြစ်ပါလိမ့်မည်။

ရေပြင် ကြည်ကြည်မှ ကျွန်းငယ် တရ ပေါ်ထွက် သည်ကား။ ။ဘုရားရှင် ရုပ်တုတော် သိဟ်ဠိန္ဒရင်ဘုရား သည် ဤကျွန်းငယ် ထက်၌ ကိန်းဝပ်ဘော် မူလိုရှိ ဖြစ်ပါ သည်။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ရေပေါ်မှပေါ် ထွက်၍ ကျွန်းကုန်းကလေး ဖြစ်ရပါသည်။ ဤကျွန်းမြေ အရပ်ကား သာသနာ ငါးထောင် ပြည့်ကုန် ဆောင်ပင် တစုံတခုသော ရေဘေး, မီးဘေး- စသည် တို့ကြောင့် မပျက်စီးနိုင်သော အရပ် ဖြစ်ပါ အံ့သည်။ ဘုမိနက်သန် ကြွန်အင် ကောင်းမွန်လှသော မြေ အရပ်ဖြစ်၍ ဤကျွန်း ငယ်ထက်၌ မရွေ့ရာ စေတီတော်ကို တည်ထားတော် မူ၍ သိဟ်ဠိန္ဒရင် ဘုရား ရုပ်တုကို ကိုးကွယ်တော် မူရန် နိဗ္ဗိတ်ကြီး ဖြစ်ပါသည်။ ။ဥဇ္ဈိုင်း ဌက်တို့ အာနောက် အရပ်မှ ပျံဝဲ၍ ဘုရားရှင်အား ခစား လာကြသည်မှာ ကား အာရှင်မင်းကြီး တည်ထား အပ်သော သိဟ်ဠိန္ဒရင် ဘုရားကို လူနတ်တကာတို့ ဂိုးမြှင်ရသောကြောင့် ဖြူ စင်သော ကုသိုလ်ဖြစ်အံ့သော အကြောင်း ဖြစ်ပါသည် ဟု- လျှောက်ထားကြလေသည်။

မှတ်ချက်။

ဆိုခဲ့သော နိမိတ် သုံးပါး တို့တွင် အာင်းကြီး တရ ဖြစ်သွန်းခဲ့....ဟူသော နိမိတ် အာတိုင်း ယရ အခါ သိဟိုဠ်ရှင် ဘုရား၏ အာနောက်မျက်နှာ အာ ရပ်တွင် "ပေါက်အာင်း"ဟု ခေါ်သော အာင်းကြီး တရကား ထင်ရှားဂို့လေ၏။ သည်မှတပါး မြတ် စွာဘုရား၏ အာနိုးဠ အာင်းအိုင် တစုံဘရကို မတွေ့ ရသောကြောင့် ထို"ပေါက်အာင်း" သည်ပင် ဟူး ရား ဆရာတို့ ဘတ်ဆိုသော အာင်း ဖြစ်တန်ရာ သည်ဟု ထင်မိပေသည်။ ထို"ပေါက်အာင်း"သည် လည်း ယရမျက်မြင် အားဖြင့် ကြာမျိုး ငါးပါးတို့ ဖြစ်ထွန်း စည်ပင်လျက် တင့်တယ် ပွယ်ရာခြင်း ဂို့ပေသည်။ ထို့ကြောင့် ဤ"ပေါက်အာင်း" သည် ပင် နိမိတ်သုံးပါးဠ လာသော အာင်းအိုင် ဖြစ်သည် ဟု ယူဆသင့်ပေသည်။ ။ဤကားမှတ်ချက်။

မင်းကြီးလည်း ဟူးရားတို့၏ စကားကို ကြားလျင် အာလွန်လျင် အားရ နှစ်သက်တော် မူသောကြောင့် ထို "မြစ်မ- ကိုင်း" အာရပ်ဠပင် ဘုရားရှင်ချပ်တုတော် ကိန်း ဝပ်ရန် မရွော စေတီတော် တည်ထားတော် မူတို့ အာ တွက် အာမှူးအမတ်ကြီး ငါးဦးတို့ကို ခန့်ထား စည်းကြပ် တော်မူ၏။ ခန့်ထားသော အမတ်တို့ကား-

၁။ အာမတ်-ဝမ္မသကြီတပါး။

၂။ အာမတ်-နန္ဒသုံတပါး။

၃။ အမတ်- မင်္ဂလာ တပါး။
၄။ အမတ်- အဘယ ဝေရော် တပါး။
၅။ အမတ်- မာန်စွယ် တပါး။

ဤငါးဦးတို့ ပေတည်း။ ထိုအမတ်ကြီး ငါးဦးတို့သည် စစ်သည် ဗိုလ်ခြေ တို့ကို ကြပ်မ အုပ်ချုပ်လျက် အုတ်, သရွတ်, အင်္ဂတေ, သဲ, ကျောက်စရစ်- တို့ကို နင်းနယ် စီမံ ရကုန်၏။ ဖုတ်၍ ကျက်လေပြီးသော အုတ်တို့ကို ဆင်မယာဉ်သာ တို့ဖြင့် တင်လျက် သီဟိုဠ်ရှင် တည်တော်မူရာ ကုန်းပြင်သာသို့ ပို့ဆောင် ကြရကုန်၏။သရွတ်,အင်္ဂတေ, သဲ, ကျောက်စရစ်- တို့ကိုလည်း အဖန်ဖန် ကြိတ်နယ်ပြီးလျှင် ဆင်မယာဉ်သာ တို့ဖြင့် တင်လျက် ဘုရား တည်တော်မူရာ ကုန်းပြင်သာသို့ ပို့ကြရကုန်၏။ ထိုစဉ် အခါတွင် ဆင်မ ယာဉ်သာတို့ သွားရာ ခရီးကြောင်းကား ဖုံဖုံမြင်၍ ထင်ရှားလာသော ဟူ၏။ မင်းတရားကြီးကား ကူးခန်းရပ်- အောက်မြေတွင် ယာယီတော် တဲနန်းဆောက်၍ ကွန်းထောက် ချတော်မူသည်။

သီဟိုဠ်ရှင် ဘုရား တည်ရာ ကျွန်းမျက်နှာ အပြင်သည်ကား အရပ်လေးမျက်နှာတွင် လှည်ဘီး စက်ဝန်းကဲ့သို့ဝန်းဝိုင်း၏။ စည်၏မျက်နှာပြင်ကဲ့သို့ ညီညွတ် ချောမောဏ်။ လဲဝါဂွမ်းစိုင် ကဲ့သို့ အလွန်နူးညံ့သော မြေအပြင်ရှိ၏။ မြေကြီးလည်း ကျစ်လစ် သိမ်မွေ့လှ၏ မြေသြဇာထက်သန်လှ၏။ သီဟိုဠ်ရှင် ရပ်တုတော် ဘုရား၏ တန်ခိုးတော် အစွမ်းအားဖြင့် ရုတ်ချင်း ဖြစ်ပေါ်လာသော မြေ

ပြင် ဖြစ်သောကြောင့် ကျောက်စရစ်ခဲ, အိုးခြမ်းကွဲ-စသော အညစ်အကြေးမရှိ သန့်ရှင်း စင်ကြယ်လှ၏။

၃။ ဘုရားတည်ရာ အရပ်ကို မှတ်သားခြင်း။

အမတ်ကြီး ငါးဦး တို့သည် ရွှေကြိုးဖြင့် ဆွဲငင်၍ ဆိုခဲ့ပြီးသော ကုန်းပြင်သာတွင် ဘုရားတည်ထားရာ အရပ်ကို မှတ်သားသော် ဆွဲတိုင်း, ငင်တိုင်းသော ရွှေကြိုး တို့သည် အပိုင်းပိုင်း သာလျှင် ပြတ်၍ သွားလေသော ကြောင့် မြေအရပ်ကို မမှတ်နိုင်ဘဲ ရှိလေ၏။ ထို့နောင်ရှေး နည်းတူ စိုက်တိုင်း, ထူတိုင်းသော=ပန်နက်တိုင် တို့လည်း မြေသို့ မစူးဝင်ဘဲ မြေပြင် ပေါ်၌သာ တည်နေသော ကြောင့် ဘုရား တည်အံ့သောဌါ မြေနေရာကို မမှတ်နိုင်ဘဲ ရှိပြန်လေသည်။

အမတ်ကြီး ငါးဦးတို့သည် ထို အခြင်းအရာကို မင်းကြီးအား လျှောက်ထား၍ မင်းကြီးကြားသိတော် မူသော် အသို့ စီရင်ရအံ့နည်း....ဟု ဟူးရားဖြူ, ဟူးရားညို တို့အား မေးမြန်းတော်မူလျှင် ဟူးရားဖြူ,ဟူးရားညိုတို့က လျှောက်ထားသည်မှာ။ ။"မြတ်သော မင်းကြီး။" ၍ကျွန်းပေါ် မြေအပြင်သည်ကား သာသနာ ငါးထောင် တည်နေနိုင်အံ့သော ဘူမိနက်သန် မှန်ကန် ညီညွတ်သည့် မြေမြတ်ဖြစ်ပါသည်။ ထိုမြေမြတ်၌ ဘုရားရှင် ရုပ်တုတော် ကိန်းဝင်တော်မူရာ မြေနေရာကို ရွေးစိ စစ်လျှင် အပြစ်မရှိသော နေရာကို တပ်တပ် အပ်အပ် သိနိုင် ပါမှ ဆွဲငင်

သော ရွှေကြိုး, ထိုးစိုက်သော ပန်နက်တိုင်တို့ မြဲမြဲခိုင်ခံ့ ရာပါသည်ဟု လျှောက်ထားကြလေ၏။

မင်းကြီးလည်း ထိုစကားကို ကြားလျှင် အဘယ်သူ သည် အပြစ် မရှိသော နေရာ အရပ်ကို တပ်တပ် အပ် အပ် သိနိုင်သနည်းဟု မေးမြန်းတော် မူပြန်သော် ဟူး ရားဖြူ, ဟူးရားညိုတို့က အရှင်မင်းကြီး၏ ဆရာဖြစ်တော် မူသော အရှင်အရဟံ၏ တပည့်ဖြစ်သော ရဟန္တာအရှင် မြတ်များ သိနိုင်ပါသည်ဟု လျှောက်ထားကြ ပေကုန်၏။ ထိုအခါ မင်းကြီးသည် ဦးခေါင်း ထက်တွင် လက်ရုံကို တင်ထားပြီးမှ ပုဂံနေပြည်တော် ရှိရာသို့ ရှင့်တူရှ မျက် နှာတော်မူလျက်။ ။အရှင် ကောင်းသား ရဟန္တာများ တို့သည် ငါ့အား မြေနေရာကို ပြောလာကြ စေကုန် သတည်းဟု ပင့်လျှောက်တော် မူလေ၏။

များမကြာဒီပင် ပုဂံပြည်တွင် သိတင်း သုံးတော် မူ ကြသော ရှင်အရဟံ၏ တပည့် ဖြစ်တော် မူကြသည့် ရဟန္တာအရှင်မြတ် ငါးရာတို့သည် မင်းကြီး၏ လျှောက် ထားသံ စိတ်အကြံကို သိတော်မူသောကြောင့် ကောင်း ကင်ခရီးဖြင့် ဈာန်သမာပတ်ကို ဝင်စား၍ မင်းကြီးရှိရာ သို့ ကြွလာ လတ်ကုန်၏။ မင်းကြီးလည်း ရဟန္တာအရှင် မြတ်တို့အား ရိုသေစွာရှိခိုးပြီးသော်။ ။ဘုရား တည်ရာ မြေကောင်း, မြေသာ အပြစ်အဆာ မရှိသောမြေကို ညွှန် တော်မူပါလော့ ဟူ၍ အကြီးဖြစ်သော မဟာထေရ်မြတ် အား လျှောက်ထားတော် မူလျှင်။ ။မဟာထေရ်မြတ် လည်း ကျွန်းမြေ အရပ်သို့ ကိုယ်တော်ကို လှည့်ပတ်၍

မျက်တောင် မခတ် ကြည့်ရှုဘော် မူပြီးမှ တရသောနေ ရာ၌ ပြိမ်သက်စွာ ရပ်တန့်တော် မူ၏။ ထိုခဏချင်းတွင် မဟာ ထေရ်မြတ်၏ ပတ်ပတ်လည် အရပ်၌ အရောင် အဝါ ရှိန်ရှိန်ထွက်၍ ထန်းလုံးခန့်မျှ တက်ပြီးသော် မြတ် သော မင်းတရား ကြီးသည် ပိုင်းခြား ရည်ညွှန်းထား သည်နှင့် မျှသော အတိုင်းအရှည် ရှိသော မြေအရပ်ကို ဖြတ်သန်းလျက် လေးထောင့် အဝန်း ညီမျှသော ရွှေ ရောင်ကဲ့သို့ ဝါသော အဆင်းရှိသော အရေး အကြောင်း သုံးထပ် ပေါ် လာရလေသတည်း။

ထိုအရေး အကြောင်း သုံးထပ် သည်ပင် သီဟိုင့် ရှင် မြတ်စွာဘုရား ကိန်းဝင်တော် မူရာ မုဌော စေတီ တော် တည်ထားရန် ဖြစ်သတည်း။ ထို့ကြောင့် ဘုရား ဆက်သဓိုင်း လက်ာတွင်။

ဘုရားဆက် သဓိုင်းလက်ာ။

၆။ ဆုမွန်ဖြိုးဖြိုး။ ကောင်းမှုကျိုးနှင့်။ ပုထိုးစည်းရုံ။ ကျောင်းရွှေ ဘုံသည်။ နိတုံ ရောင်မြူး။ တည်ထား ဦး၍။ ဆည်းပူး ကိုယ်တွင်။ ပြည့်ကြောင်းဝင်၍။ အရှင် သိဃိုင့်။ ကြည်ညို ဆွတ်ဆွတ်။ မြေအထွတ်ထက်။ ရွှေကြိုး ခက် သည်။ ပန်နက်စိုက်ထူ။ ပြုပါမူလည်း။ လျှံလူပဘ်ပဘ်။ ရွှေ ကြိုးပြတ်လျက်။ မတ်မတ် မခိုင်။ ပန်နက်တိုင်ကို။ ဘုန်း လှိုင်သရဖူ။ လောင်းစည်သူလျှင်။ လျှောက်ယူ ပန်ညွှတ်။

အာရုံမြဲမြဲ။ ပြည်ပုဂံသို့။ အသံတွတ်တွတ်၊ ငါ့မြေဝတ်ကို။ မချွတ်ပြလာ။ ဓိဋ္ဌာန်ကာသည်။ နှုတ်သာတင်တင်။ ဆို လျှောက်ငင်သော်။ ရှင်အရဟံ။ တပည့်ခံသား။ ထေရ်ပျံ ငါးရာ။ ရဟန္တာတို့။ ကြွလာပျံဝဲ။ ကောင်းကင်ထဲမှ။ ရှုဆဲ ခဏာ။ မြေသို့ကျလျှင်။ ဒေါသတစိ။ မရှိဖြူစင်။ မြေအပြင်၌။ ရွှေမင် ရေးသား။ ထားသို့အသွင်။ သုံးခုထင်သည်။ ။ ရှုမြင် အံ့သြဘွယ်ရာတည်း။

မှတ်ချက်။

၏ သမိုင်း လက်ာကို ထောက်သော အား ဖြင့် အရှင် အရဟံ ပရိနိဗ္ဗာန် စံလွန်ဘော် မူပြီး သော နောက်၌လည်း အရှင်အရဟံ၏ တပည့် ဖြစ်သော ရဟန္တာ မြတ်တို့သည် ပုဂံ ပြည်၌ ကြွင်းကျန် ရစ်ခဲ့ကြောင်းကို ယုံမှားကင်းစွာ ဝန် ခံရာသတည်း။ ။၏ကားမှတ်ချက်။

၏သို့လျှင် မြေနေရာ အရပ်ကို တင့်အပ် လျောက် ပတ်စွာရပြီးသော် ရဟန္တာ အရှင်မြတ်တို့သည် ကောင်း ကင်ထက်မှ ပုဂံပြည်သို့ ပြန်ကြွ တော်မူကုန်၏။ မင်းကြီး လည်း ရွှေမင်သား သကဲ့သို့ ထင်ရှား ပေါ်လာသော အ ရေးသုံးခု၏ အတွင်း၌ မုဌော ဂူလိုဏ် တည်အံ့သောဌါ မှူးမတ်ကြီး ငါးဦးတို့ကို စီရင်ဆော်ဖန် စေတော်မူသည်။ မှူးမတ်တို့လည်း ထင်ရှား ပေါ်လာသော အရေးအသား အတိုင်း အစောက် သံတောင် တဆဲ့, ရှစ်တောင်မျှ

ရှစ်တောင် သံတောင်ရှိသော မြေနေရာ အရပ်ကို သား ထျက် သံတောင် တဆဲ့ ရှစ်တောင်မျှ အုတ်ကျင်းတူးဆွ ကြရကုန်၏။ ဂန္ဓကုဋိတိုက်တော်ဟု ဆိုအပ်သော မုဌော ဂူလိုဏ်၏ အတိုင်း အရှည်ကား။ ။အလျား သံတောင် ၂၁-တောင် အနံ သံတောင်လည်း ၂၁-တောင်။ ဤကဲ့သို့ မြေပြင်၏ အတို အရှည်ကို အလျား, အနံ- မှတ်လျက် လေးမျက်နှာ သံတောင် ၂၁-တောင် အညီအမျှရှိသည်။

၄။ အုတ်မြစ်ချခြင်း။

ဆိုခဲ့ပြီးသော အတိုင်း အုတ်မြစ်ကျင်း တူးဖေါက် ကုန်ပြီးသော် သာသနာတော် သက္ကရာဇ် တထောင် ခြောက်ရာ, ခြောက်ဆဲ့, တခု(၁၆၆၁)ခု ဂေါဇာ သက္ကရာဇ် လေးရာ, ခုနစ်ဆဲ့, ကိုးခု (၄၇၉)ခု ဖုသျှနှစ် တနဲ ဆောင်မုန်းလတွင် သီဟိုင္ဒ်ရှင် မြတ်စွာဘုရားကို အုတ်မြစ်ချ၍ မုဌော စေတီတော်ကို တည်တော်မူသည်။ ။ အလောင်းစည်သူ မင်းတရား ကြီးသည် ရှေးဦးစွာ ရှေ့ ရတနာ အတိပြီးသော အုတ်တို့ကို ကိုယ်တော်ဘိုင် ချ၍ စီခင်းတော်မူ၏။ ထို့နောင် မင်း, မိဖုရား,မှူး,မတ်,ကလန်, သံပျင်တို့နှင့် အတူ များစွာသော လူဗိုလ်ခြေ တို့သည် လည်း ရှေ့အုတ်ချပ်, ငွေအုတ်ချပ်, ပုလဲအုတ်ချပ်, သန္တာ အုတ်ချပ်- စသောရတနာ အတိပြီးသော အုတ်ချပ် တို့ကို ပြုလုပ်ပြီးလျှင် မုဌော စေတီတော်၌ စီခင်းကြကုန်၏။ အ လယ်ဖြစ်သော ဌပနာတိုက် ခန်း၌လည်း မင်းတရားကြီး



သီဟိုဠ်ရှင် မြတ်စွာဘုရား ပုံတော်

အလယ်ကိုယ်တော်မှာ၊ အလောင်းစည်သူမင်းကြီး ကောင်းမှုဖြစ်၍
အရှံကိုယ်တော်နှစ်ဆူမှာ မြင်သာရှာအုပ်မင်းကြီး၏ ကောင်းမှုဖြစ်သည်။

ကိုယ်တိုင် ရှေ့,ငွေ,မြ,ဖလ်,သန္တာ, နီလာ,ဂေါ်မုတ်, ပတ္တမြား, ပြယိုးယား,သလွဲမည်း သလွဲဖြူ,စန္ဒရကန်, ဝဇီရစိန်စသော အထူးထူးသော ရတနာ ရုပ်တုတော် ရတနာပန်းခိုင် ရတနာတမ်းခွန် ရတနာကုက္ကား- စသည် တို့ကို ဌပနာတော်မူသည်။ မွေတော်, ဓာတ်တော် တို့ကိုလည်း ရှေအတိပြီးသော ပလ္လင်ထက်၌ ပတ္တမြား စရွတ်တောင်းဖြင့် နဝရတ်ကိုးပါးဖြင့် ပြီးသော ကွန်ရွက်ဖြင့် အုပ်ဖုံးလျက် ဌပနာတော် မူသည်။ ထိုဌပနာတိုက်၌ စီခင်းအပ်သော အုတ်တို့ကိုလည်း မင်းကြီးကိုယ်တိုင် ကိုင်၍ ရှေးဦးစွာ စီခင်းတော် မူသည်။ ။ဌပနာတိုက် ကိုလည်း ရတနာ ခုနစ်ပါးဖြင့် ပြီးသော အုတ်ချပ်တို့ဖြင့် ကာရံစီခင်းလျက် ကျုံး မြောင်း သဘွယ် တင့်တယ် အောင်လိမ်းကျံ မွမ်းမံလေသည်။

သိကြားမင်း, နတ်မင်း တို့လည်း အထူးထူးသော ရတနာတို့ကို ထည့်ဝင် လှူဒါန်းလာကုန်၏။ မုဌောစေတီတော်ကိုလည်း ကူညီဝန်းဝိုင်း၍ လူတဝိုင်း, နတ်တဝိုင်း တည်လာ ကြကုန်၏။ ။အလောင်းစည်သူ မင်းကြီးသည် အတွင်း ဂူနေရာ ဌပနာတို့က်၏ အတွင်း၌ ကြေးရုပ်တု, ငွေရုပ်တု,ရွှေရုပ်တု, မြရုပ်တု,စိန်ရုပ်တု, ပတ္တမြားရုပ်တု, စန္ဒရကန်ရုပ်တု, သလွဲရုပ်တု, သန္တာရုပ်တု, နီလာရုပ်တု, ဂေါ်မုတ်ရုပ်တု, ဥဿဘယားရုပ်တု- စသော အရာမကသော ရုပ်တုတော်တို့ကို ဌပနာတော်မူ၏။ ။ ထိုရုပ်တုတော်တို့၏ ရှေချက်မှောက်၌ ရှေပန်းခိုင်, ရှေ[illegible]ပန်းခိုင် [illegible]ပန်းခိုင် [illegible]ပန်းခိုင် ရေကတ္တား

ငွေကျက္ကား— စသော ဆန်းကြယ် ထွေထူးသော ပန်း တန်ဆောင် တို့ကို လှူဒါန်းတော် မူ၏။ ။ပိဿုရား, မောင်း မ, မှူးမတ် ပရိသတ်တို့လည်း ထို့အတူ လှူဒါန်းသူသည် သာမျှား၏။ ။မင်းကြီး ကောင်းမှု, ပိဿုရားကောင်းမှု, မှူးမတ် ကောင်းမှု, သူငြေး,သူကြွယ် ကောင်းမှု တို့ကို လည်း အာသိးသိး လိပ်ကမ္ဘည်း တပ်စေ၏။

ကျောက်အိုး စရည်းကြီး တို့ကို ထွင်း၍ ဌပနာ တိုက်၏ အတွင်းဌ တည်ထားပြီးမှ ထိုအိုးစရည်းတွင် နှံသာရေတို့ကိုဖျော်၍ ထည့်သွင်း၏။ ပန်းပေါင်း, ကတိုး စသော အခိုးနံ့သာတို့ကိုလည်း အုတ်ရိုးပေါ်တွင် သွန်း လောင်း ဖြန့်ကြဲရ၏။ အတွင်းကား-မြ အပကား ဤစင် အတိုပြီးသော ဓာတ်တော်, မွေတော်, သင်္ဃာကြွတ်တို့ ကိုလည်း မင်းကြီး ပုဂ္ဂိုလ်သော ဤရုပ်ဘု, ငွေရုပ်တု— စသော ရတနာရုပ်တုတို့၏ အကြားဌ ထားရ၏။ ။ သိပ်ဂိုဠ်ဂ္ဂဂ်ဂ် မြတ်စွာဘုရား ကျိန်းဝပ်တော်မူရာ ဂူလိုဏ် ၏ အောက်အပြင် အတွင်းဌကား နဝရတ်ကိုးပါးဖြင့် ပြီး သော ရဲရဲငြိတောက်လောင်သည့် ပလ္လင်တော်, ဗိဘာန် တော်, ထီးတမ်းခွန်တော်တို့ကို လှူဒါန်းတော်မူ၏။ ဤ,ငွေ- စသော ရတနာမျိုးတို့ကို လှူဒါန်းတော်မူသည်ကား အာပုံ အစုပြုလျှင် ဂ္ဂစ်စရွှတ်မျှ ဂ္ဂိသောပာ၏။

မှူးမတ် တို့လည်း နေ့ညှဉ့်မဟူ လုံ့လကူ၍ အား ထုတ်သဖြင့် မကြွေ့ လိုက်ဂူသည့် တမ်းခွန်ထူ သကဲ့သို့ တက်လာလတ်၏။ ။စစ်သည် ဗိလပါတိလသည်း ကြင်း

ပြုစု ကြရ၏။ ။ဤသို့လျှင် သာသနာတော် သက္ကရာဇ် တထောင်, ခြောက်ရာ, ခြောက်ဆဲ့တခု (၁၆၆၁)ခု၊ ဂေါဇာသက္ကရာဇ် လေးရာ, ခုနစ်ဆဲ့, ကိုးခု(၄၇၉) ခုနှစ် တန်းခူးလသို့ ရောက်လျှင် သီဘိုင်ဌရှင် မြတ်စွာဘုရား ကိန်း ဝပ်တော်မူရာ မုဌော လိုဏ်ဂူသည် အပြီးသို့ ရောက် လတ် သတည်း။ ။(ခြောက်လမျှဖြင့် မြတ်စွာဘုရား ဂူလိုဏ် ပြီးစီးလေသည်)။ ။ဤနေရာတွင် ရွှေမုဌော သရိုင်းလက်ာကို ထည့်သွင်း ဘော်ပြဦးအံ့။

(ဃ) ရွှေမုဌော သရိုင်းလက်ာ။

အမြိုက်ရေသွန် ဂုဏ်တမ်းခွန်နှင့် မိုးစွန်တိုင်ဖြန့် ပိုင်း ခြားကန့်သား ထိတ်လန့် ဗိုလ်လူ လောင်းစည်သူလျှင် ရွှေဂူမုဌော တည်သောအခါ မဟာဘူမိ မြေအချိထက် တူးဖေါက် နှက်လျက် နက်နက်ခေါင်ခေါင် အောက်တိုင် အောင်တည့် အရောင်ပြုန်းပြုန်း ဝန်းကျင်ချုန်းမျှ ဘုန်း ရှိအသရေ ရွှေ, ငွေ, သန္တာ နီလာ, ဂေါ်မုတ် မြ, ဥဿ ဘယား ပဘွမြားနှင့် ယိုးယားပြမွန် မှောက်သွန် ဖြန့်ကြဲ ပုလဲ, စိန်, ကြောင် သလွဲတောင်လည်း အထောင် မက ဗုဒ္ဓရုပ်ပုံ ဆင်းနိတုံသည် ရွှေမှုံသွန်းသွန်း ထိန်ထိန် ထွန်း ၏ ကျွန်း အဓိပတိ ဘုန်းရှိကုသိုလ် ပန်းပျိ, ပန်းတန် ပန်း လက်တန်ကား ရှုရန်မရဲ ရောင်မျိုး စွဲလျက် တခဲနက် သာ ဌပနာသည်။ ။ရောင်ဝါ ပြက်ပြက် ပြုန်းပြုန်း

၅။ သီဟိုင်ဋ္ဌရှင် မြတ်စွာ ဘုရားကို ပင့်ဆောင်တော်မူခြင်း။

ဤသို့လျှင် ခြောက်လတာမျှဖြင့် မုဋ္ဌော စေတီတော် ပြီးပြေလတ်သော် ယာယီတဲ နန်းတော် စမုခ်ဦးတွင် ထီးဖြူတော် ခုနစ်စင်းဖြင့် အုပ်လျက် စံနေတော် မူသော သီဟိုင်ဋ္ဌရှင် မြတ်စွာဘုရားကို မုဋ္ဌောစေတီ လိုဏ်ရှိရာ သို့ မင်းတရားကြီး ကိုယ်တော်တိုင် လူဗိုလ်ခြေ အများ နှင့် ပင့်ဆောင်တော် မူလာ၏။ ။စေတီတော် ဂူလိုဏ် သို့ ရောက်တော်မူလျှင် ကနက္ကဒဏ်, ပန်းမာလ်, ကုက္ကား တို့ကို ထောင်လွှားပြီး၍ ခြိမ့်ခြိမ့်သဲမျှ ပူဇော်တော် မူပြီး လျှင် ဂူလိုဏ်၏ အတွင်းသို့ သွင်းရ၏။ ။ဂူလိုဏ်တော် ကား အလျား အနံ သံတောင် (၂၁)တောင် အမြင့် (၃၆)တောင်မျှ ရှိလေသည်။ သီဟိုင်ဋ္ဌရှင် မြတ်စွာဘုရား၏ မျက်မှောက်တော်၌ အလျှံတပြောင်ပြောင် တောက် လောင် ကွန့်မြူးသော အထူးထူးသော ကျောက်မျက် ရတနာတို့ကို ရတနာ ပန်းတောင်းဖြင့် ထည့်သွင်း လှူ ဒါန်းတော်မူ၏။ ။ဘမ်းခွန်, ကုက္ကား မုလေးပွါး, ထီး, ပန်း ဆီမီး—စသော လှူဘွယ်ဝတ္ထု တို့ကား အရေ အတွက် မရှိ များပြားလေသည်။

၆။ တံတိုင်းမီးတား-စသည် ပြုတော်မူခြင်း။

ထို့နောင် မဟာရာမ်တံတိုင်း, မီးတားကို ကာရံတော် မူ၍ ကျန်းမာလ်တိုင်အောင်း "[illegible]"

တော်မူပြီးလျှင် ထိုမြစ်မ-ကိုင်းကျွန်းမှ ဧရာဝတီ မြစ်သို့ သွားလာသော အုတ်လှေကားကြီး တခုကိုလည်း ဆောက်တော်မူ၏။ ဤနည်းတူ အရှေ့ဖျက်နှာ, အနောက်ဖျက်နှာ, မြောက်ဖျက်နှာ တို့ဌ်လည်း အုတ်လှေကား, တံဘားတို့ကို ဆောက်စေတော် မူ၏။ ။ဤသို့လျှင် တံတိုင်း, မီးတာ, အုတ်လှေကား- အစရှိသော အဆောက်အဦးတို့နှင့်တကွ သီဟဋ္ဌသာမိ- မည်သော သီဟိုဠ်ရှင် မြတ်စွာဘုရား ကိန်းဝပ်တော်မူရာ စေတီတော်ဂူလိုဏ် အလုံးရုံပြီးစီးလေသော် ခုနစ်ရက် ပတ်လုံး ပွဲသဘင် ကြီးစွာခံတော်မူ၏။ ။အလောင်း စည်သူ မင်းကြီးကား ဇမ္ဗူဒိပ်ကျွန်းလုံးကို အစိုးရတော် မူသော မင်းဘို့၏ ကြက်သရေတော်ဖြင့် ပူဇော်တော်မူသည်။

ပွဲသဘင် ခံလတ်သော် ဓိုးကြိုး ထစ်၏။ နတ်စက်လောင်မီးကျ၏။ ဓိုးသည်းထန်စွာ ရွာ၏။ ကောင်းကင်မှ ကိတ်ရောင် လွှတ်၏။ မြေငလျင် တုန်လှုပ်၏။ လျှပ်ပန်း, လျှပ်နွယ် အဆန်းတကြယ် ပြက်၏။ ဓိုးအလုံးတွင် မျက်တောင်ခတ်သကဲ့သို့ရှိ၏။ ပဲ့ဘင် သံရိုက်၏။ တော်လည်း၏။ ။သီဟိုဠ်ရှင် ရုပ်တုတော်မှ ရောင်ခြည်တော်ခြောက်ပါးလွှတ်၏။ ။မီးတား တံတိုင်း ပရိဏ်း ကာဆီးသော ဘုရား၏ အတွင်းဌ် မြတ်စွာဘုရား၏ ရောင်ခြည်တော်ခြောက်ပါးဖြင့် ရဲရဲပြီ တောက်လောင်သော ဟူ၏။ ။နတ်အပေါင်း တို့လည်း ကောင်းကင်ထက်မှ ပန်းပေါက်ပေါက်တို့ကို ကြဲဖြန့်ကြဲလေ၏။ ။လူဗိုလ်ခြေ အပေါင်းနှင့် ရဟန်း,ရှင်,လူ သူတော်ကောင်း တို့ကား သာရခေါ်

ဝေါ်ကြကုန်၏။ ။မင်းတရား ကြီးကား အလုံး စုံသော လူဘွယ်ဝတ္ထုတို့ကို လူဒါန်းပူဇော် ပြီးလျှင် သဘင်ကြီး စွာ ခံသောနေ့၌ သာသနာတော် ငါးထောင် ပတ်လုံး တည်ရစ် စေသောဝ်–ဟု အဓိဋ္ဌာန် ပြုတော်မူသည်။ ။ ကြေးစင်အဒုလာ အထောင် အရာတို့ကို သွန်း၍ ခေါင်း လောင်းလည်းလူ၏။

လူတော်မူသော ဝတ္ထုကံ မြေအပိုင်းအခြားကား။ ။ အရှေသို့လားသော် "ရင်းရဲရေဝင်ချောင်း" အထိ တာ တထောင်။ ။အနောက်သို့ လားသော် "မြေအုတ်ကျင်း" အထိ တာ တထောင်။ ။မြောက်သို့ လားသော် "မြစ်ခြေ ကုန်းကြော"။ ။တောင်သို့ လားသော် "ဧရာ ဝတီမြစ်ဝ"။ ။ဤသို့ ပိုင်းခြားတော် မူသည်။

မှာထားချက်။

ဤ နေရာ၌။ ။အရှေ လားသော် "ရင်းရဲ ရေဝန်ချောင်း" အထိ- ဟူသည်ကို ယခု စုံစမ်း သော် ပခုက္ကူမြို့ အရှေမျက်နှာ မြို့ဦး မြို့ထိပ်မှာ ရှိသော ယခုအခေါ် "ရွှေချောင်း" ခေါ်သော– ယမားချောင်း ဖြစ်ရာသည်ဟု ဆိုကြသည်။ ။ မြောက်သို့ လားသော် "မြစ်ခြေကုန်းကြော" အထိ- ဟူသည်ကို ယခု စုံစမ်းသော် ပခုက္ကူ မြို့၏ မြောက် မျက်နှာမှာ ရှိသော "ကုသိနာရုံ တောင် တန်း စသော တောင်ပုလု" များကိုပင် ဆိုလို သည်ဟု ပြောဆို ကြပြန်သည်။ ။အနောက်သို့

ထားသော် "ပြေးဆုတ်ကျင်း" အထိ-ဟူသည်ကို ယခု စုံစမ်းသော် ပရက္ကြုံမြို့ အနောက် မျက်နှာ မှာရှိသော ယခုအခေါ် "ပေါက်အင်း" သည်ပင် ဖြစ်ရာသည်ဟု ဆိုကြသည်။ ။တောင်သို့ အာ လားကား ထင်ရှားဖို့။ ။ယင်းသို့ ယခု ထူတို့ အာသီးသီး ယူဆချက်ကို ဟုတ်မည်, မဟုတ်မည် စိစစ်ရန်မှာ လွန်စွာ ခဲယဉ်းရကား ချင့်ချိန်၍ ဟုတ်မှန်သည် ထင်က ယူကြ ရာ၏။ ။ရှေး ကာလက ဝေါဟာရ များဖြင့် ရေးသား ထား သောကြောင့် ထို အာမည် တို့ဖြင့် အဘယ်ကို တိုက်ရိုက် ဆိုသည်ဟု- ဤ သမိုင်းဌာ မဆုံးဖြတ် သာပြီ။

ဖြတ်စွာဘုရား ဌာလည်း အာလုပ် အကျွေး အာလို့.ဌါ သင်ပုတ်ဝတ်, ဆီမီးဝတ်ပြုသူ တို့ကို ခေါင်းအကြီးခန့် ၍ လှူတော်မူသည်။ ။သိဟိုဠ်ရှင် ဘုရားအား မီးဘေး, ရေဘေး- စသည်တို့မှ ဝေးလံစိမ့်သောဌါ သရက်ပင်, မန်ကျည်းပင်- စသော ဥယျာဉ် တို့ကိုလည်း စိုက်ပျိုး တော်မူသည်။ ။သိဟိုဠ်ရှင် ဖြတ်စွာ ဘုရား၏ ထက် ဝန်းကျင်၌ အာရိယာ သံဃာတို့ သိတင်း သုံးစိမ့်သောဌါ ကျောင်းသစ်မ်း, အာရိပ, ရေချမ်းတို့ကိုလည်း ဆောက်လုပ် လှူဒါန်းတော် မူ၏။ ။အလုံး စုံသော ကောင်းမှုတော် အာစု ပြီးစီးလေလျှင် သဓိုင်းမော်ကွန်းလည်း ထိုးစေ၏။ လိပ်ကမ္ဘည်းလည်း တပ်စေ၏။ ။သိဟိုဠ်ရှင် ဖြတ်စွာ

ဘုရား၌ အရံအတား အကာအဆီး တို့ကို ခိုင်ခံ့အောင် ပြုလုပ်ရသည်။

ဘုရားသရိုင်းစာ အထူးပြတိများ ကိုလည်း ကျောက်စာဘိုင် ပိုက်မှတ်စေ၏။ နှစ်စဉ် သင်ပုတ်ဝတ်, ဆီမီးဝတ် တို့ကို ကိုယ်တော်တိုင် လာရောက်ပြုသည်သာ များ၏။ ဘုရား သခင်၏ ဘွဲ့တော်ကိုကား ပကတိ အတိုင်းပင် "သီဟိုဠ်ရှင် မြတ်စွာဘုရား" ဟူ၍ မော်ကွန်း ထိုးစေသည်။ ။ထိုအခါမှစ၍ သီဟိုဠ်ရှင် မြတ်စွာ ဘုရားကား များစွာကုန်သော လူ, နတ်, ပြဟ္မာတို့၏ အကျိုးစီးပွါးကို ဆောင်တော် မူလျက် နေမီးတန်ဆောင် ကဲ့သို့ ထင်ရှား ကျော်စောတော် မူလေသည်။

မှာထားချက်။

လှေယာဉ် စကြာရှင်— အလောင်း စည်သူ မင်းကြီး၏ ကောင်းမှုတော်ကား ယခု ထင်ရှား ရှိသော ရုပ်ပွါးတော် သုံးဆူတို့တွင် အငယ်ဆုံး ဖြစ်သော ရုပ်ပွါးတဆူ သာတည်း။ ကြွင်းသော ရုပ်ပွါးတော် နှစ်ဆူ တို့ကား မြင်သာရွာအုပ်ကြီး၏ ကောင်းမှု ဖြစ်လေသည်။ ။ဤအကြောင်းကား နောက်၌ အကျယ်လာလိမ့်မည်။ ။သတိထားရန် အချက်ကား။ ။ထိုစဉ် အခါက ယခု ပခုက္ကူမြို့ကား ရှိသေးပုံမရ၊ မြစ်ကိုင်းရပ် တခုသာ အလောင်းစည်သူ မင်းကြီး ထားခဲ့သော ကြောင့် ရှိပုံရသည်။ ။ပခုက္ကူဟူသော အမည်

မြင်သာဟူသော အမည် တို့ကား နောက်ကာလ ကျမှ ဖြစ်ပေါ်ဟန် လက္ခဏာရှိသည်။ ။ထိုတွင် လည်း မြင်သာ ရဖ်သည်ကား ပခုက္ကူ။ ထက်ပင် ရှေးကျပာန် ရှိပြန်သည်။ အဘယ့် ကြောင့်နည်း။ သဓိုင်းစာစောင်, ရာဇဝင်- စသည်တို့၌ ပခုက္ကူ။ ဟူသော အမည်တို့ကား စိုးစဉ်မျှ မပါဝင်သော ကြောင့်တည်း။ ။တနည်း အားဖြင့်ကား ထို စဉ်အခါက ရှိသော်လည်း ခမ်းနား ကြီးကျယ် သည်မဟုတ်၊ သေးငယ် သိန်ဖျင်း သောကြောင့် ရာဇဝင်, သဓိုင်း- စသည်တို့၌ မဆို ပါသည်ဟု ယူဆ နိုင်သေးသည်။ ။ထို့ကြောင့် ပခုက္ကူ။ တွင် ယခုစည်ကားသော နေရာတို့ကား နောက် ကာလမှ ဖြစ်ပေါ်သော နေရာတို့ ဖြစ်လေသည်။ ရှေးအကျဆုံး အရပ်ကား မြစ်ကိုင်း- အရပ်ပင် ဖြစ်လေသည်။ ဤသို့ မှတ်ရမည်။ ။ဤသည် တို့ကား သိဇ်ပိုင်ရ သဓိုင်းဟောင်း ဘုရားဆက် သဓိုင်း လက်ာ၊ ရွှေမုဋ္ဌော သဓိုင်း လက်ာ။ ထိုမှ တပါး ကျောက်စာ, ရာဇဝင်- စသောကျမ်းဂန် တို့နှင့် တည်းဖြဋ် ညှိနှိုင်းလျက် ရေးသား အပ် သော စကားအစဉ် တို့တည်း။

သိဟိုင်ရှင်ဘုရား တည်ထားတော်မူခန်း ပြီး၏။

ဘုရားဒါယကာနတ်ရွာ စံတော်မူခန်း။

၅၏သို့လျှင် သိဟိုဠ်ရှင် မြတ်စွာ ဘုရား တည်ထား တော် မူခန်းကို ပြဆိုပြီး၍ ယခုအခါ ဘုရား ဒါယကာ နတ်ရွာ စံခန်းကို ဆိုပေအံ့သတည်း။

၁။ မှတ်သားဘွယ် ကောင်းသော အချက်များ။

သိဟိုဠ်ရှင် ဘုရားဒါယကာ သရက္ခန် ငါးဆူစသော ဘုရား ဒါယကာ အသင်းမရှိသော ဘုန်လက်ရုံး အာဏာ ရှိတော် မူသော လွေစကြာရှင်- ဘုရင် နရပတိစည်သူ မင်းတရားကြီး နတ်ရွာ စံတော် မူသော အကြောင်းကို မဆိုမိ ကြီးကျယ်မြင့်မြတ် လှသော ဘုန်းသန္ဓာ ရှိတော် မူသော မင်းတရားကြီး၌ အထူးမှတ်သားဘွယ် ကောင်း သော အချက်တို့ကို စာဘတ်သူတို့ အမှတ် တရ ရှိစေ ခြင်းငှါ ရာဇဝင်ကြီး, ရာဇဝင်လတ်, သုဝိသောဓိတရာဇ ဝင်တော် တို့မှာ လာရှိသော အတိုင်း အကျဉ်းချုပ်မှ ထုတ်နုတ် ရေးသား ဦးအံ့။ ။အကျဉ်းချုပ် ထုတ်၍ ရွေးနုတ် ရေးသားရန် အကြောင်းတို့ကား-

၁။ ချီးမြှောက် သင့်သူကို ချီးမြှောက်ခြင်း။
၂။ နှိပ်နင်း သင့်သူကို နှိပ်နင်းတော် မူခြင်း။
၃။ သည်းခံတော်မူသော စိတ်နှလုံးရှိခြင်း။

၄။ လက်ရုံးစွမ်းပကားကို အားကိုးတော်မူခြင်း။
၅။ ဘေးတော်, ဘိုးတော်တို့ကို ရှိသေတော်မူခြင်း။

ဤအကြောင်း ငါးချက်ပင် ဖြစ်သေသည်။ ။ထိုငါးပါးသော အကြောင်း တို့တွင်။ ။(၁) ချီးမြောက် သင့်သူကို ချီးမြောက်ဘော်မူခြင်း အကြောင်းကား ဤသို့တည်း။

၁။ ချီးမြောက်သင့်သူကို ချီးမြောက်တော်မူခြင်း။

အလောင်း စည်သူ မင်းတရားကြီး လက်ထက်တော် ဌာန နိုင်ငံတော်ဖြစ်သော ရခိုင်ပြည်တွင် မင်းဘိလူး နန်းစံတော်မူသည်။ ။မင်းမျိုး, မင်းနွယ် ဖြစ်သော "ဝရောင်းဌက်စနည်း" ခေါ်သော မင်းသား တပါးလည်း ထိုမင်းဘိလူးအပါးမှာ ခစားလျက်ရှိသည်။ မင်းသား "ဝရောင်းဌက်စနည်း" အား ယုံကြည် စိတ်ချ ရသော အမတ်ကြီး သခိယာ ဆိုသူလည်းရှိ၏။ "ဝရောင်းဌက်စနည်း" သည် အမတ်သခိယာနှင့် အကြံတူ ပြုလုပ်ပြီးလျှင် တန်ခွန်သော အခါ မင်းဘိလူးကို လုပ်ကြံလေသည်။ မင်းဘိလူး နတ် ရွာစံခဲ့ချေ၏။

မင်းဘိလူး နတ်ရွာ စံတော်မူလျှင် မင်း ဘိလူး၏သား တော် "မင်းရဲဘယ" ဆိုသူသည် မြောက် သားတော်-စောပေါက်ညို့နှင့် အတူ ပုဂံပြည်သို့ ပြေးလာ ကြလေ၏။ ထိုအခါ ထီးလိုင်ရှင်မင်းကြီး နန်းစံသဲ့ ဖြစ်သေသည်။ ။ "မင်းရဲဘယ"မှာ သားတော် "သက်ယာမင်းနန်" တပါး, သို့မဟုတ် "ဆွေဂူသာ" တပါး ဤ သားတော်, သို့မဟုတ်

နှစ်ပါးလည်း ပါရှိသေသည်။ ။ပုဂံပြည်သို့ လာရောက်၍ ထီးလှိုင်ရှင် မင်းကြီးအား ခစား ကြလေ၏။ ။ဤကဲ့သို့ ခစား နေကြခြင်းမှာ "မင်းရဲဘယ"သည် ခမည်းတော် မင်းဘီလူး၏ အရိုက်အရာကို အလိုရှိသောကြောင့် "ဝရောင်း ဌက်စနည်း"ကို တိုက်ခိုက်ရန် အားယူခြင်းပင် ဖြစ်လေသည်။ ။သို့ရာတွင် ထီးလှိုင်ရှင် မင်းတရားလက်ထက် ဘော်၌ "ဝရောင်း ဌက်စနည်း"ကို ကူညီတိုက်ခိုက်ရန် အင်အားမရဘဲ ရှိလေသည်။

နောင် အလောင်း စည်သူ မင်းကြီး လက်ထက်ဘော် သို့ရောက်လျှင် အလောင်းစည်သူ မင်းကြီးလည်း သာမန်မျှသာ ဂရုပြုသဖြင့် "မင်းရဲဘယ"၏ အကြောင်းကို မသိရ ပေသောကြောင့် အင်အားမရ ရှိပြန်လေသည်။ ။ ကာလကြာလျှင် "မင်းရဲဘယ"မှာ သည်းထန်စွာ ဖျားနာလေသည်။ ။"မင်းရဲဘယ"သည် ငါကား ဤအနာမှထတော့မည် မဟုတ်ဟု သိဘော်မူသဖြင့် သားတော် "လက်ယာမင်းနန်"ကို ခေါ်တော်မူပြီးလျှင်။ ။ချစ်သား ငါဘို့ကား မိဘရိုက်ရာ စိုးအုပ် ရပါမည် ထင်၍ သည် မင်းတရား၏ ဘိုးတော် လက်ထက် ကပင် ခစား စွဲမြဲဆည်းကပ် လာပါသည်။ သို့ရာတွင် အလို မပြည့်ခဲ့ပါ။ ငါကား သည် အနာမှ ထတော့မည် မထင်၊ အမှန်ပင် သေရ တော့မည်။ ။သားတော် မူကား ဘိုးဘွား၏ အရိုက်အရာကို ပြန်ရအောင် ကြိုးစားရစ်။ ဤအလောင်းစည်သူမင်း လက်ထက် တွင်မှ ဘိုးဘွား အရိုက် အရာကို ပြန် မရသော် နောက် မင်းတို့ လက်ထက်မှာ ပြန်ရတော့

မည် မဟုတ်ပေ။ ။အဘယ့်ကြောင့်ဆိုသော် ဤမင်းကား စစ်သည်ဗိုလ်ပါ များလှသောကြောင့် ဖြစ်ချေသည်။ ။ လုပ်ရည်,ကြံရည်, ပညာ အမြော်အမြင်လည်း ကြီးတော် မူလှသည်။ ဤမင်းတရားသာ အားထုတ် ကူညီ ပါလျှင် ဘိုးဘွားဇီ အရိုက်အရာကို သားတော် ဧကန်ရနိုင်လိမ့် မည်။ ။မင်းကြီး သိအောင် နည်းတရကား။ ။မင်းကြီး ဦးခေါင်းဆေး မင်္ဂလာ ပြုသောနေ့တွင် မင်းကြီး၏ မနီး မဝေး၌ ရခိုင် လူမျိုးတို့ ဘာသာ ထုံးစံအရ ဆံပင်ကို ထုံး၍ မင်းကြီး မြင်လောက်ရာတွင် နေလေ။ မင်းကြီးက အမျက်ထွက်လျှင် အကြောင်းကို ကုန်စင်အောင်လျှောက် ထားရမည်။ ။ဤသို့ မှာထားခဲ့ပြီးလျှင် "မင်းရဲဘယ" နတ်ရွာစံရလေ၏။

သားတော် "လက်ယာမင်းနန်"လည်း မိမိ၏ ခမည်း တော် မှာထားသော အတိုင်း မင်းတရားကြီး ဦးခေါင်း ဆေး မင်္ဂလာ ပြုသောနေ့တွင် မင်းကြီး မြင်လောက်ရာ အရပ်၌ ရခိုင်ထုံးစံ ဝလေ့ဖြစ်သော ဆံကိုထုံးလေ၏။ ။ အလောင်းစည်သူ မင်းကြီးသည် ရခိုင်ဆံထုံးဖြင့် ထုံးဖွဲ့ ထားသော "လက်ယာမင်းနန်"ကို မြင်တော်မူလျှင်။ ။ မင်္ဂလာ အခါတွင် အမင်္ဂလာကို ပြုလုပ်သည်၊ ပြုရာ သလောဟု- သတ်မည် ပြုတော်မူ၏၊ ။ထို အခါတွင် "လက်ယာမင်းနန်"က ။ ။အရှင် မင်းကြီး သတ်လျှင် လည်း သေရပါတော့မည်၊ ထားလျှင်လည်း နေရပါတော့ မည်ဟု ဆိုပြီးလျှင် ခမည်းတော်"မင်းရဲဘယ" မှာထား

ဤကို ကြားသိရတော်မူမှ အာလောင်း စည်သူ မင်းကြီး သည် သနားချစ်ကြည် တော်မူ၍ ဤသူကား ရခိုင်မင်း၏ သားတော်, မြေးတော် ဖြစ်သည်။ ငါကိုယ်တော် ချီးမြှောက်ဘော် မူသော် ကြီးပွါးအံ့သော အရည်အသွေး ရှိသည်။ ။ဟု ကြံတော်မူပြီးလျှင်။ ။အာသင် မင်းသား မစိုးရိမ်လင့် သင်မင်းသား၏ ဘိုး, ဘွား- အရိုက်အရာကို ငါကိုယ်တော် ရအောင်ပြုမည်ဟု မိန့်တော်မူသည်။

ထိုစဉ်အခါ ရခိုင်ပြည်တွင် "ဝရောင်း ဌက်စနည်း" မင်း၏မြေးတော် "မင်းပတီ" နန်းစံလျက်ရှိ၏။ အလောင်း စည်သူ မင်းကြီးသည် မြန်မာဘတပ်, တလိုင်းတတပ်-ချီစေတော်မူ၍ ရခိုင်ဘုရင် "မင်းပတီ"ကို လုပ်ကြံစေ တော်မူ၏။ ။မြန်မာတပ်တွင် အာမတ် သိန်ပစ္စည်းအုပ် ချုပ်သည်။ တလိုင်း တပ်တွင် "လက်ယာမင်းနန်" အုပ် ချုပ်သည်။ ဗိုလ်မှူးကား အာမတ် လက်ယာတည်း။ ။ ရခိုင်သို့ရောက်လျှင် ရခိုင်ဘုရင် "မင်းပတီ"ကို အောင် မြင်၍ "လက်ယာမင်းနန်"နှင့် သူ၏နှမတော် "ဓနုရာသာ တီ"ကို နန်းတင် ခဲ့စေတော် မူသည်။ ။ဤသို့ ချီးမြှောက် သင့်သူကို ချီးမြှောက်တော် မူတတ်သည်။

၂။ နှိပ်နှင်းသင့်သူကို နှိပ်နှင်းတော် မူခြင်း။

ပင်လယ်ကမ်းခြေ တောင်ဘက် တရိုး သက်လူမျိုး တို့ကို အစိုးရတော် မူသော "သက်မင်းကတုံ" သည် တခါတပါး တွင် ကျေးဇူး သစ္စာတော် သွင်္ကြံ နှင့်

တော် အစွန် အဖျားကို ထိပါး နှောက်ယှက်လေ၏။ ။ "သက်မင်း ကတုံ" ကား မင်းကြီးနှင့် ဆုတောင်းဘက် မိတ်ဆွေ ဖြစ်ကြောင်းကို အောက်၌ အကျယ်ဆိုခဲ့ပြီ။ ။ မင်းတရားကြီး ဘုရားသည် အဆွေတော် ဖြစ်သော "သက်မင်းကတုံ" က ကျေးဇူး သစ္စာတော် ဖေါက်၍ တိုင်းစွန် ပြည်နားကို ထိပါးလာသည်ဟု ကြားလျှင် အမျက်ထွက်တော် မူ၍ စစ်သူကြီး- ငရဲတိုင်, ငရဲနိုင်- နှစ်ယောက်တို့ကို ဆင်လုံး, မြင်းလုံး- အများနှင့် ချီစေတော် မူသည်။ ။စစ်ကိုင် အရပ်သို့ ရောက်လျှင် "သက်မင်း ကတုံ" လည်း စစ်သူကြီး နှစ်ယောက်တို့ကို ဆီးကြို့ခုခံ လေသည်။ ။မင်းတရား ကြီးလည်း ကိုယ်တော်တိုင် လံဖျား အရပ်တိုင်အောင် စောင့်နေတော်မူ၏။

သို့ရာတွင် အလောင်း စည်သူ မင်းကြီးနှင့် ဘုန်း တော်ချင်း မတူနိုင်ရကား "သက်မင်းကတုံ" သည် စစ် ရေးနိမ့်ကျလေ၏။ စစ်သူကြီး- ငရဲတိုင်, ငရဲနိုင် တို့သည် "သက်မင်းကတုံ" ၏ ဦးခေါင်းကို ဖြတ်ယူပြီးလျှင် မင်း တရားကြီး ဘုရားအား ဆက်သကြကုန်၏။ ။မင်းတရား ကြီးလည်း အဆွေတော် "သက်မင်းကတုံ"၏ ဦးခေါင်း ကို မြင်တော်မူလျှင် ဝမ်းနည်း ကြည်ကွဲတော် မူလှ၍ ငါ့ အဆွေတော်ကား နှိပ်နင်း သင့်သောသူ အဖြစ်သို့ရောက် ၍သာ နှိပ်နင်း ရသည်။ ။သည်ကဲ့သို့ ရက်စက်စွာ သတ်ကောင်းသည် မဟုတ်လေ....ဟု ညည်းတွားတော်

ဖြလျက်။ ။မင်းကြီး ဆရတောင်းဘက် ဖြစ်သော သူကို အာဘယ်ကြောင့် သတ်ခဲ့သနည်းဟု ဆိုလေ၏။

မင်းတရား ကြီးက ဆရတောင်းဘက် ဖြစ်ပါလျက် ကျေးဇူးရှိသူအား တို့ကို မချမ်း မသာအောင် ပြုလေသော ကြောင့် ဆုံးမခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် "သက်မင်း ကတုံ" သေခြင်းကို အလိုမရှိပါ ...ဟု နတ်မင်းအား ပြန် လှန် ပြောဆိုလေသည်။ မဟာဂီရိ နတ်မင်းလည်း ဤသို့ ဆိုပြန်၏။ ဖြတ်သောင်းကြီး ထိုသို့ဖြစ်လျှင် "သက်မင်း ကတုံ" ဦးခေါင်းတော်ကို ရတနာ ပန်းတောင်းခွံ ထားပြီး သော် ရွှေတန်ဆောင်, ငွေတန်ဆောင် ရွှေပန်း, ငွေပန်း တို့ဖြင့် ပူဇော် ပါလေ-ဟု ဆိုပြန်၏။ ။မင်းကြီးလည်း မဟာဂီရိ နတ်မင်း ဆိုတိုင်း ပြုလုပ်အံ့ဟု ကြံတော်မူ၍ "သက်မင်း ကတုံ" ဦးခေါင်းကို ရတနာ ပန်းတောင်း ထက်သို့တင်လျက် ပဒိအာထံသို့ မျက်နှာပြု၍ ထားလေ သော် "သက်မင်း ကတုံ" ဦးခေါင်းသည် အလောင်း စည်သူ မင်းကြီး၏ မျက်နှာတော်ကို မဖူးမြော်လို ဆု တောင်းဘက် ပဂိုလ်ချင်းဖြစ်လျက် ဤမျှလောက် ငါ့ကို ရက်စက်ရာ သင်္ခလေ....ဟူသော သဘောဖြင့် ပတ်ချာ လည်၍ နေသောဟူ၏။

မင်းတရား ကြီးသည် "သက်မင်းကတုံ" ဦးခေါင်း ကို ကြည့်ပြီးလျှင်။ ။ဒို "အဆွေတော်" အဆွေတော် အား သတ်ရမည်- ဟူ၍လည်း ကျွန်ုပ် မမှာသေးချေ။ အဆွေတော် သေဆုံးခြင်းကိုလည်း ကျွန်ုပ်အလို မရှိပါ။

ခြင်းကိုသာ အလိုရှိမြဲ ဖြစ်သောကြောင့် သုတ်သင်စီရင်သော ထုံးစံရှိသောအတိုင်း လုပ်ကြံစေပါသည်။ စင်စစ်မှာ စစ်သူကြီးများ အမှားမှား အယွင်းယွင်း, သတ်မိခြင်း ဖြစ်ပါသည်။ ။ယခု ကျွန်ုပ် ဆိုတိုင်း မှန်ပါမူကား ကျွန်ုပ် စိုက်သော- ကညင်ပင်သည် ချက်ချင်း ရှင်စေသော....ဟု ဆောက်တည် အဓိဋ္ဌာန်လျက် ကညင်ပင်တခုကို- စောက်ထိုးစိုက်တော်မူလေသည်၊ ။ထိုကညင်ပင်လည်း ညဉ့်တွင်းချင်းပင် အခက်အလက် ဝေဆာ၍ ပင်စည် ခက်ကျိုင်း ကြီးပွါးသော ဟူ၏။ ။ကညင်ပင်ကို အဖျားကလှန်၍ စိုက်သောကြောင့် ထိုအရပ်ကို "လံဖျား" ဟူ၍ ခေါ်တွင်စေသည်။ ။ထိုအခါမှ "သက်မင်းကတုံ' ဦးခေါင်းလည်း ငြိမ်သက်လေသတည်း။ ။ ထိုနောင် "လံဖျား" အရပ်မှ "သက်မင်းကတုံ" ဦးခေါင်းကို ယူတော်မူခဲ့၍ ပုဂံပြည် တူးရွင်းတိုင် တောင်ခြေရင်း၌ ကောင်းစွာ သိုထား နတ်ကွန်းများ ဆောက်ပြီးလျှင် လူအပေါင်းတို့အား တနှစ်တကြိမ် ပူဇော် စေတော်မူ၏။ ။ဤကား နှိပ်နင်း သင့်သူကို နှိပ်နင်း တော်မူခြင်းတည်း။

၃။ သည်းခံတော်မူသော စိတ်နှလုံးရှိခြင်း။

အလောင်းစည်သူ မင်းကြီးအား တောင်နှန်း မတော်မိဖုရားခေါင်ကြီးဖြစ်သော ရထနာသုံ မိဖုရားမှ ဘွားမြင်သော "မင်းရှင်စော" မည်သော သားတော်တပါး ရှိတော်မူသည်။ "အထိန်းတော်ကြီး၏ သားဖြစ်သော "အနန္တ

သူရိယ" မည်သော- အမတ်တပါးလည်းရှိလေသည်။ ။ မင်းကြီးသည် "အနန္တ သူရိယ"ကို လွန်စွာ ချစ်မြတ်နိုးတော်မူသောကြောင့် အရာရာတွင် အထူးသဖြင့် ချီးမြှောက်တော်မူလေ့ ရှိသည်။ ။အခါ တပါးတွင် မင်းတရားကြီးသည် "အနန္တသူရိယ"အား မင်းညီ မင်းသားတို့သာ ဝတ်ဆင် ကောင်းသော တုရင် အခြေတပ်၍ အမြိတ်အဆာထွက်သော "မင်းဝတ်လုံ" တခုကို ပေးသနားတော်မူလေ၏။ ။"အနန္တသူရိယ" အမတ်ငယ်လည်း ပွဲသမ်းသဘင်ရှိသောအခါ ထိုမင်းဝတ်လုံကြီးကိုသာ ဝတ်ဆင်တော်မူလေ့ရှိသည်။

တရံရောအခါ "အနန္တ သူရိယ" အမတ်ငယ်သည် နန်းယင်ပြင်၌ မင်းတရားကြီး ပေးသနားတော် မူအပ်သော တုရင်အမြိတ်အဆာ တပ်ထားသည့် "မင်းဝတ်လုံ"ကြီးကို ဝတ်ဆင်လျက် ပွဲသဘင်တခုသို့ သွားလေသည်။ ။ထိုအခါ မိဖုရားခေါင်ကြီး၏ သားတော်ဖြစ်သော "မင်းရှင်စော" မည်သော မင်းသား ငယ်သည် "မင်းဝတ်လုံအင်္ကျီ"ဖြင့် ဝတ်ဆင် လာသော "အနန္တ သူရိယ" အမတ်ကို တွေ့မြင်လေ၏။ တွေ့မြင်လျှင်.... "သည်ဝတ်လုံကို အဘယ်မှ ရသနည်း"ဟု မေးတော်မူသည်။ "အနန္တသူရိယ"အမတ်လည်း အရှင့် ခမည်းတော် မင်းတရားကြီးက ပေးသနားတော် မူသောကြောင့် ဝတ်ဆင် ရပါသည်ဟု လျှောက်ထား လေ၏။ ။မင်းသားငယ် "မင်းရှင်စော" သည် အမျက် ထွက်လျက်

သော ဝတ်သုံမျိုး မဟုတ်ပေ။ မင်းညီ မင်းသားဘို့သာ-ဝတ်ထိုက်သော အဝတ်မျိုး ဖြစ်ချေသည်။ ခမည်းတော် မင်းတရားကြီး ဘုရားက ငေးသနား သည် မှန်သော် လည်း သည်ကဲ့သို့ အကောရော အနှောနှော မဝတ်ဆင်ရ။ ယခုပင် မင်းဝတ်လုံကြီးကို ချွတ်၍ အာထိန်းအယဘို့နှင့်သာ ထိုက်တန်သော ဝတ်လုံကိုဝတ်ဆင်ရမည်။ ဤသို့ မိန့်ဆိုပြီးလျှင် "အာနန္တာသူဂိယ" အမတ်ငယ်ဝတ်ဆင်လာသော "မင်းဝတ်လုံ" ကြီးကို ချွတ်ပယ်လျက် အာထိန်းအယဘို့နှင့်သာ ထိုက်တန်သော ဝတ်လုံကို ပေးတော်မူ၏။ ။ဤအရာ၌ သားသော် "မင်းဂျင်စော" သည် ခမည်းတော် ဘုရား၏ အမိန့် အာဏာတော် အတိုင်း "မင်းဝတ်လုံ" ဝတ်ဆင်ပါသည်ကိုမဝတ်ဆင်ရဟု တားမြစ် ပျက်ဆီးခြင်းမှာ ခမည်းတော်၏ အသွင့် အာဏာတော်ကို ပျက်ဆီးရာ ရောက်သဖြင့် မှားယွင်းသော အာ ချက်ပင်ဖြစ်လေသည်။

"အာနန္တာသူဂိယ" အမတ်ငယ်လည်း "မင်းဂျင်စော" ပေးသနားတော်မူသော အထိန်း အယဘို့နှင့် ထိုက်တန် သည့် ဝတ်လုံကိုသာ ဝတ်ဆင်လျက် နန်းယင်ဂြင် ငွေ သဘင် ဂို့ရာသို့ လှည့်ပတ်လေသော် မင်းတရားကြီးမြင် တော်မူ၍ မေးမြန်း စိစစ် ဘော်မူလျှင် အကြောင်းစုံကို လျှောက်ထား သံဘော်ဦး တင်လေသည်။ ။ထိုအခါ မင်းတရားကြီးသည် ဖြင်းဖြဂွာ အမျက်တော် ထွက်လျက် ငါပေးသနား တော်မူ၍ ဝတ်ဆင် ပါသည်ကို

သည်။ ငါနှတ်ရွာစံ၍ သည်မင်းသား မင်းဖြစ်ခဲ့ပါမူ ငါ့သားတော်, သမီးတော်, ဆွေတော်, မျိုးတော်, မှူးမတ်တော်တို့ကို ညှဉ်းပန်း ကလူ နှိပ်စက်မည်သူ ဖြစ်ချေသည်။ ။ကြောင်တကောင်နှင့် ကြွက်တမြုံ့ မကုန်စေကောင်းပေ။ ။ဤသို့ ပိန့်ဆိုပြီးလျှင် သားတော် "မင်းရှင်စော"အား စားကျေး, စားလက်နှင့်တကွ အင်ဆွေအရံ, စည်းစိမ် ချမ်းသာတို့ကို ရုပ်သိမ်း နုတ်ပယ် တော်မူ၍ နွောင်အိမ်၌ အကျဉ်းထားတော်မူ၏။

ထိုအခါ မယ်တော်ဖြစ်သော ရတနာပုံ မိဖုရားကြီးသည် အလွန်ပူဆွေးသော စိတ်ဖြင့် သားတော် "မင်းရှင်စော" အတွက် မှူးမတ်တို့ကို ကူညီဝိုင်းဝန်းရန် တိုင်ပင်တောင်းပန်ရလေ၏။ ။မှူးဘော်, မတ်တော်တို့နှင့် တကွ ရတနာပုံ မိဖုရားကြီး ကိုယ်တိုင် မင်းတရားကြီးအား သားတော် "မင်းရှင်စော" တကြိမ်တခါ မလိမ္မာတော်မူသည်ကို သည်းခံ တော်မူရန်နှင့် အကျဉ်း ထားရာမှ အပြန် လွှတ်တော်မူရန် အဖန်ဖန် လျှောက်ထားကြ လေသည်။ ။မှူးမတ်တို့နှင့် တကွ ရတနာပုံ မိဖုရားကြီးက အဖန်ဖန် လျှောက်ထား ကြသဖြင့် ထွက်တော် မူသော အမျက်ကို ဖြိုချက်ချင်တည်း သည်းညည်းခံ တော်မူပြီးလျှင် သားတော် "မင်းရှင်စော"အား အကျဉ်းထောင်မှ လွှတ်တော်မူ၏။ စားကျေး, စားလက်နှင့် တကွ စည်းစိမ် ဥစ္စာ ဆင်လုံး, မြင်းလုံးကိုလည်း ပေးမြဲတိုင်း ပေးသနားတော် မူလေသည်။ ။သို့ရာတွင် မင်းတရား ကြီး၏ နောက်ဆုံး အပြီနှိ့ တော်ကြီးကား။ ။သည် မင်းသား

သည် ငါ့အား မျက်နှာသုံမှုံလေပြီ၊ တကြိမ်တခါ မျက်နှာ သုံမှုံဘူးသူကို မမွေးမြူစကောင်းပေ။ တိုင်းပြည်မှာ မနေ စေနှင့်၊ သူ၏ အသက်စည်းစိမ် အတွက် ငါကိုယ်တော် သည်းခံတော် မူသည်။ ။ဤသို့ အမိန့်ချတော် မူပြီးလျှင် သားတော် "မင်းရှင်စော"အား နိုင်ငံတော် ပုဂံပြည်မှ နှင်ထုတ်တော် မူလေသည်။

သားတော် "မင်းရှင်စော"လည်း ခမည်းတော် မင်း တရား၏ အမိန့်တော် အတိုင်း ပုဂံပြည်မှ ထွက်တော်မူ ခဲ့၍ ဆင်လုံး, မြင်းလုံး စစ်သည်ဗိုလ်ပါနှင့် တကွ အရှေ့ ဘက်နယ် "ထွန်ထုံးပူတက်" မည်သောအရပ်တွင် ရွာ ကြီးတခု တည်ထောင် ပြုလုပ်နေလေသည်။ ။ထိုအရပ် ၌ အလျား အနံ အတာ (၃၀၀၀)ရှိသော "အောင်ပင် လယ်" ကန်တော်ကိုလည်း ဆည်တော် မူသည်။ ။ "တမူဆိုး" အရပ်၌ "တမူဆိုး" မည်သော ကန်တော်ကို လည်း ဆည်တော်မူသည်။ မြောင်းသုံးသွယ်- လယ်ပယ် သုံးသောင်းကိုလည်း ပြုလုပ်တော် မူသည်။ တနှစ်လျှင် သုံးသီးစားရ၏၊ ထိုအခါ အလွန်လျှင် စည်ပင် ဝပြော လေသည်။ ဆင်လုံး, မြင်းလုံး အမြွေအရံလည်း ပေါများ လေသည်။ ပါဋိအဌကထာ ဋီကာကျမ်းဂန်တို့၌ လိမ္မာ တော်မူသော အရိယာ သံဃာတို့ကို ပင့်၍ ကျမ်းဂန် များစွာ ပြုစေပြီးလျှင် သင်ကြား ဗို့ချစေတော် မူသည်။ ပစ္စည်းလေးပါး တို့ဖြင့် ထောက်ပံ့ပြုစု၍ သာသနာတော် သုံးပါးကို ထွန်းလင်းစေတော် မူသည်။ ။ထိုအခါမှစ၍ "မင်းရင်စော" လည်း ခမည်းတော် မင်းတရား ကြီး၏

ကျေးဇူး သစ္စာတော်ကို စောင့်သိ ရှိသေတော် မူလေသတည်း။ ။ဤကား သတ်ထိုက်သော ပြစ်မှုဒုံလျက် သတ်တော်မမူဘဲ သည်းခံတော်မူသော စိတ်ဖြင့် မင်းတရားကြီးသည် သားတော်ကို ညွှာတာတော် မူခြင်းပေတည်း။

၄။ လက်ရုံးစွမ်းပကားကို အားကိုး တော်မူခြင်း။

မင်းတရားကြီး ဘုရားသည် အာဆုံးမရှိသော ဘုန်းသမ္ဘာနှင့် ပြည့်စုံတော်မူစေကာ ဒေဝါခပ်သိမ်းပင် လက်ရုံး အားအစွမ်းကိုသာ အားကိုးတော် မူလေ့ရှိသည်။ ။ ရှေးရှေးသော ဘဝ၌ ပြုလုပ်ခဲ့ဘူးသော ဘုန်းကံအာဟုန် ဆိုသည်ကား ကုန်ချင်လည်း- ကုန်သွားနိုင်၏၊ ပျောက်ကွယ်သွားလို လျှင်လည်း-ပျောက်ကွယ် သွားနိုင်၏။ ။ ထက်ရုံး အစွမ်း ဟူသည်မှာ လူကောင် မငယ်သမျှ-မပျောက်ကွယ်ကောင်း မကုန်ခန်းကောင်းပေ။ ။ဤကဲ့သို့ နှလုံးသွင်းတော်မူ၍ ဘုန်းကံအစွမ်းကို အားကိုးတော် မူခြင်းထက် လက်ရုံးရည် စွမ်းပကားကိုသာ အားထား တော်မူခြင်း ဖြစ်လေသည်။ ။ဤကဲ့သို့ လက်ရုံးရည်ကို အားထားတော် မူခြင်းကား မင်းတရားကြီး အိမင်းသည့် တိုင်အောင်ပင် အားထားတော် မူခြင်း ဖြစ်ထသည်။ ။အခကြောင်း အရာကား။

အဆစ်တပါးတွင် မင်းတရားကြီး အိမင်း မစွမ်းနိုင်လတ်သော် လက်ရုံးတော်, သလုံးတော်, မျက်နှာတော်

တို့မှ အသား, အရေတို့သည် ပျဉ်းပျဉ်းကျလျက် တွဲရဲ့ဆဲ့ဆွဲနေ ကြလေကုန်၏။ ။တနေ့သောအခါ ဗိုလ်ရှာသဘင် ခံတော် မှူခိုက်တွင် မင်းတရား ကြီးသည် ကိုယ်တော်၏ လက်ရုံး တော်ကို ဆန့်တန်းလျက် "ငါယောကျ်ားကောင်း" ဟု ကြုံးဝါးတော် မူချေသည်။ ။မှူးမတ်တို့သည် မင်းတရား ကြီး၏ လက်ရုံး တော်မှ ပျဉ်းပျဉ်းကျနေသော အသားအရေတို့ကို မြင်လျှင် ကြုံးဝါးတော် မူပုံနှင့် လက်ရုံးနေပုံတို့မှာ အဆင် မပြေ သဖြင့် ရယ်မောကြကုန်၏။ ။မင်းတရား ကြီးလည်း အမတ် တို့အား အဘယ့်ကြောင့် ရယ်ကြ သနည်းဟု မေးမြန်းတော် မူလျှင် အမှူး အမတ်တို့က။ ။အခွင့် မင်းတရားကြီးကား အိုမင်းတော် မူလှပါပြီ၊ လက်ရုံးတော် အသားအရေ တို့မှာလည်း ပျဉ်းပျဉ်းကျလျက် အကြော ပြိုင်းပြိုင်း ထပါကုန်ပြီ။ ။မင်းတရား ကြီး၏ ကြုံးဝါးသံကား မင်းလွှင့်, မင်းပျို အဖြစ်နှင့်သာ သင့်လျော် ပါသည်။ ယခု အခါ မင်းတရား ကြီးမှာ စိတ်တော်ဒွဿာ အင်အား ရှိသော်လည်း ကိုယ်တော်ဒွကား အင်အား ရှိတော် မူသည် မဟုတ်ပါ....ဟူ၍ လျှောက်ထားကြ ကုန်၏။ ။ထိုစကားကို ကြားတော်မူလျှင် မင်းတရား ကြီးကား။ ။သည် အမတ် တို့သည် ငါ့ကို အိုမင်းမစွမ်း ရှိမှ လက်ရုံးကို ဆန့်တန်း၍ ကြုံးဝါးရာ သကဲ့သို့ပြက်ရယ် ပြုကြကုန်သည်။ ။ရှိနှင့်စေဦး၊ တနေ့နေ့တွင် အာဘိုးကြီး တို့၏ အား အစွမ်းကို သိစေရမည်....ဟု အမှတ်ထားလျက် ဆိတ်ငြိမ်စွာ နေတော်မူလေသတည်း။

တနေ့သော အခါ၌ ဗိုလ်ရှု သဘင် ထွက်စံတော်မူလတ်သော် မင်းတရား ကြီးသည် အာမှူး, အမတ်တို့ အား ပိန့်ဘော် မူသည်မှာ။ ။ဟယ် လတ်စဲ, လက်ယဲ့ အမတ်တို့ ခိုးသူခားပြ တယောက်သည့် ပုဝါ ဦးပေါင်း ကျားကို ပေါင်းလျက် မြင်းကျား တစီးကို စီးပြီးလျှင် "တူးရှင်းတိုင်" ဘောင်ခြေ ရင်းခွံ ထာသမျှသော လူသူ လေးပါးတို့ကို ထိပါးနှောက်ယှက်၍ လုယက် စားသောက် နေသည်....ဟူသော သတင်း စကားကို မကြားကြကုန် သလော။ ။နေ့ဝင်ရီ တရောတွင် လူသူ ပါးရှားချိန်၌ လုယက် စားသောက်၍ တိုက်ခိုက် ဖျက်ဆီး နေသည်ဟု ငါကိုယ်တော် ကြားရချေသည်။ ။နင်တို့ လေးယောက် သွားခဲ့ ထို "မြင်းကျား ဗိုလ်"ကို ရအောင် ဖမ်းချေရ မည်။ မရခဲ့သော် နင်တို့ကို ကွပ်မျက်တော် မူမည်။ ။ ဤသို့ အပိန့်တော် ရှိသေသည်။ ။စစ်ဘုရင် အမတ် ကြီးလေးပါး တို့လည်း ထိုနေ့ ညနေခင်းမှာပင် မြင်းတင်း ကုပ် အတွင်းမှ ကောင်းသော မြင်းလေးစီးကို အသီးသီး စီးနင်း၍ "တူးရှင်းတိုင်" ဘောင်ခြေရင်းသို့ "မြင်းကျား ဗိုလ်"ကို ဖမ်းဆီးရန် ထွက်သွားကြလေ၏။

မင်းတရားကြီးကား အတန်ငယ် ငံ့စားပြီးမှ အတွင်း နေ မှူးမတ်ငယ် တဦးကို ခေါ်တော်မူ၍ နေ့ဝင်ရီ တရော အချိန်ကုန်သည့် တိုင်အောင် ငါကိုယ်တော် ပြန်မရောက် မချင်း နန်းတွင်း တံခါးများ မပိတ်နှင့် လေဦး....ဟု မှာ ထားတော် မူပြီးလျှင် "ပန်းစာပွင့်" မည်သော မြင်းကျား ကြီးကို စီးနင်းလျက် "တူးရှင်းတိုင်" ဘောင်ခြေရင်းသို့

ထွက်တော်မူသည်။ ။မြင်း၏ ဝမ်းတွင် ဝတ်သုံ အပြု
ကို ရစ်ပတ်ထားသည်။ မြင်း၏-က-တို့ကို မြဲမြံစွာ နှံ
ထားသည်။ လက်သုံးတော် ဓားတစင်းကို အိတ်ဖြင့် လွယ်
လျက် ပါ၌လေသည်။ ။ဦးပေါင်းတော် ပုဝါကျားကို
ပေါင်းတော် မူသည်။ အဝတ် တန်ဆာတို့ကို ချောမော
ပြေပြစ်အောင် ဝတ်ဆင်တော်မူသည်။ "တူးရှင်းတိုင်"
တောင်ခြေရင်းသို့ ရောက်လျှင် မြင်းကျားကို စီးနှင်းမောင်း
နှင်ပြီးသော် ခေါက်တုံ့ ခေါက်ပြန် လမ်းသလားတော် မူ
သည်။

စစ်သူကြီး လေးယောက် တို့လည်း မင်းတရားကြီး
ကို မြင်ရလျှင် မင်းတရားကြီးမှန်း မသိကြဘဲ ဤသူကား
ငါတို့အရှင် မိန့်ဆိုလိုက်သော "မြင်းကျားဗိုလ်" ဆိုသူ
ဖြစ်ပေလိမ့်မည်....ဟု အမှတ် အထင်ရှိသဖြင့် လိုက်လံ
ဖမ်းဆီး ကြံလေကုန်၏။ ။မင်းတရားကြီးလည်း သုံ့တုံ့,
ခွါတုံနှင့် မြင်းစီးရေး အမျိုးမျိုးကို စီးနှင်းတော်မူ၏။ ။
စစ်သူကြီး တို့လည်း လိုက်လံ ဖမ်းဆီးခြင်းငှါ မစွမ်းနိုင်
ဘိကြလေသည်။ ။ထို့နောင် မင်းတရား ကြီးသည် မြင်း
တော် မောပန်းသည်နှင့် ညောင်ဦး ကမ်းပါးသို့ ဆင်းပြီး
လျှင် မြင်းတော်ကို ရေချိုးတော် မူ၏။ ။စစ်သူကြီးတို့
လည်း "မြင်းကျားဗိုလ်" ခိုးသူကား ငါတို့ကို ကြောက်ရွံ
၍ ချောက်ကြားသို့ ဆင်းသက် သေလေပြီဟု အမှတ်
ဘိကြလေကုန်၏။ ။မင်းတရား ကြီးလည်း မြင်းတော်
"ပန်းစာပွင့်" အမောပြေလေလျှင် ရေမှတက်၍ စစ်သူ
ကြီးလေးဦးတို့၏ ရှေ့၌ မြင်းစီးခြင်း အမျိုးမျိုးကို စီးနှင်း

ပြန်လေသည်။ ။စစ်သူကြီး လေးဦး တို့လည်း မြင်းကိုယ်စီနှင့် အသီးသီး ညှပ်၍ ဖမ်းဆီး ထိုးပစ်ကြကုန်၏။

မင်းတရားကြီးကား မြင်းစီး အတတ်တို့၌ အကြွင်းမဲ့တတ်မြောက်တော် မူပြီးရကား။ ။စစ်သူကြီး လေးဦးတို့၏ အနား၌ ရှေက ပေါက်တုံ နောက်က ပေါက်တုံ လက်ယာက ပေါက်တုံ လက်ဝဲက ပေါက်တုံ ချဉ်းကပ်ချည် ခွါတဲ့ချည် စောင်းတဲ့ချည် ချောင်းတဲ့ချည် ပြေးတဲ့ချည် ရပ်တဲ့ချည်- အစရှိသော အားဖြင့် လက်သုံးတော် ဓားကို ဝင့်ကာဝင့်ကာ ထွေထွေ လာလာ စီးနင်း ပြသလျှင် စစ်သူကြီး လေးဦးတို့မှာ ဖမ်းဆီးရန် ထားဘိဦး အနီးသို့ ချဉ်းကပ်ရန်ပင် ခဲယဉ်း ကုန်သောကြောင့်။ ။ ၏"မြင်းကျားဗိုလ်" ဆိုသော သူခိုး ဓားပြကြီးကား လူစင်စစ် မဟုတ်ကောင်းပေ။ နတ်မြင်းကို စီးနင်းသော နတ်ယောက်ျား ဖြစ်တန်ရာသည် .. ဟု တွေးတော ကြကုန်လျက် အလွန်အမင်း-ကြောက်ရွံ့ ထိတ်လန့်ကြကုန်၏။ ။စစ်သူကြီး တို့လည်း ကြောက်ရွံ့ လန့်ထိတ် ကုန်လျက် ထိုနေရာမှာ ကြာရှည်စွာ- မနေဝံ့ဘဲ မြို့သို့ ပြန်လာကြကုန်သည်။ ။မင်းကြီးလည်း လူသူ မသိအောင် မြို့သို့ ပြန်တော် မူခဲ့လေ၏။

နောက်တနေ့ ဓိုးသောက်၍ နံနက် ဗိုလ်ရှုသဘင် ထွက်စံတော် မူလျှင် မင်းတရားကြီးက မေးတော် မူသည်မှာ။ ။ဟယ်အမတ်တို့ ယမန်နေ့ ညနေချိန်တွင် "မြင်းကျားဗိုလ်" ဆိုသော ခိုးသူကြီးကို ရအောင် ဖမ်းဆီးခဲ့ပြီလော....ဟု မေးတော် မူလျှင်။ ။စစ်သူကြီးတို့ကလျှောက်

ထားသည်မှာ။ ။ရွှေဘဝါးတော်အောက် ရှိခိုး လျှောက်ဝံ့ပါသည်ဘုရား။ ။"မြင်းကျားဗိုလ်" ဆိုသူကားလူသားပင် မဟုတ်တန်ရာ။ နတ်မြင်းကျား စီးသော နတ်သား လုလင် ဖြစ်တန် ရာပါသည်။ လူသားဖြစ်လျှင်လည်း လူသား သာမန် မဟုတ်ပါ။ အလွန်တရာ ဘုန်းသမ္ဘာရင့်မာ ပြီးသော လူထူး, လူမြတ်သာ ဖြစ်ရာပါသည်။ ကျွန်တော်မျိုးတို့၏ မြင်းလေးစီးကိုပင် ထားဘိဦး၊ နိုင်ငံတော်ဝယ် ရှိသော မြင်းသည် အပေါင်း မြင်းစီး ကောင်းတို့ ဝန်းရံ ရရုံး၍ ဖမ်းဆီး ငြားသော်လည်း "မြင်းကျားဗိုလ်" ကို ကား မိအောင် ဖမ်းနိုင်မည် မဟုတ်ပါ။ ။သို့စင်မျှပင် မြင်းစီးရေးထုံး လက်ရုံးစွမ်းပကား ကောင်းလှ ပါသည်— ဟူ၍ လျှောက်ထားကြ လေသည်။ ။ထို အခါ မင်းတရားကြီး ဘုရားက ဟယ်အမတ်တို့ "မြင်းကျားဗိုလ်" ကို သိကြကုန်၏လော။ "မြင်းကျားဗိုလ်" ဆိုသူမှာ ငါ ကိုယ်တော်ပင် ဖြစ်ချေသည်။ နင်တို့ကား ငါ့ကို အိုမင်း ပြီထင်၍ အခါတပါးတွင် ပြက်ရယ် ပြုဘူးသည်။ "ငါ ကိုယ်တော် မအိုသေးပေ"။ ။ဟူ၍ မိန့်တော်မူမှ အမတ်ကြီး တို့သည် ကြက်သီး ဖြန်းဖြန်းထလျက် ပြင်းပြစွာ ကြောက်ရွံ့ ကြလေကုန်သည်။ ။ထိုမှတပါး ဆင်အတတ်၌ လိမ္မာတော် မူလှသဖြင့် ဆင်ရိုင်းတို့ကို ကြော့တော်မူခြင်း စသော လက်ရုံး စွမ်းရည်ကို အသုံး ပြုတော်မူသော ထုံးအစဉ် တို့ကိုကား များလှ ကုန်သေး၏။ ။ဤကား မင်းတရား ကြီး၏ လက်ရုံးရည် စွမ်းပကားကို အားထားတော် မူပုကို ပြဆိုခြင်းတည်း။

၅။ ဘေးလောင်းတော် ဘိုးလောင်းတော်ဘိုဉ် ရိုသေခြင်း။

တရံရော အခါ အလောင်း စည်သူ မင်းတရားကြီး သည် ဤသို့ ကြံစည်တော် မူမိလေသည်။ ။ငါကိုယ် တော်ကား ဘုန်းတန်ခိုး ကြီးမားတော် မူသော မင်း ဧကရာဇ် ဖြစ်၍ ဇမ္ဗူ့ သပြေရင်းသို့လည်း ရောက်တော် မူရသည်။ သိကြားမင်း အပ်နှင်းသော မင်းဘိသိက်ကို လည်း ခံယူတော်မူရသည်။ သရက္ခန်ငါးပိုင်း- ဒက္ခိဏာ သာခါ- ဗောဓိခက် တို့ကိုလည်း ဘုရားရုပ်တု ပြု၍ ကိုး ကွယ်တော် မူရသည်။ သိဃိုဠ်ကျွန်း, မလ္လာယုကျွန်း မာန် အောင် ကျွန်းဘို့ သို့လည်း ငါရောက် ရသည်။ သရဒြာ အတွင်း၌ အထူးထူးသော ရှုဘွယ် ကြည့်ခင်း တို့ကို လည်း။ မြင်တော်မူရသည်။ ၊သိဟိုဠ်ရှင် မြတ်စွာဘုရား စသော စေတီတော် တို့ကိုလည်း ကောင်းမွန်စွာ တည် ထား ကိုးကွယ် ရသည်။ ။ဘေးလောင်းတော်, ဘိုး လောင်းတော် တို့သည် ငါကဲ့သို့ ဘုန်းတန်ခိုး ကြီးမည် မထင်။ ။ဟူ၍ ဝစီကံ, မနောကံ- နှစ်ပါးဖြင့် ပြစ်မှား လျက် ကြံစည်တော် မူမိလေသည်။ ။ထိုခဏ ချင်းမှာ ပင် မျက်လုံးတော် နှစ်ဘက်တို့သည် ရုတ်တရက် ကွယ် ပျက်၍ သွားလေကုန်၏။

ထိုသို့ မျက်လုံးတော် နှစ်ဘက် ကွယ်ပျက်တော် မူသျှင် ဟူးရားဖြူ, ဟူးရားညိုတို့အား အကြောင်း အသို့ နည်းဟု မေးမြန်းတော် မူသော် ဟူးရားဖြူ, ဟူးရားညိုတို့

က လျှောက်ထားကြသည်မှာကား။ ။အခွင့် မင်းတရား ကြီးသည် ဘေးလောင်းတော်, ဘိုးလောင်းတော် တို့ကို ပြစ်မှားပိတော် မူသောကြောင့် မျက်လုံးတော် ကွယ်ပ တော်မူသည်။ ။ဘေး လောင်းတော်, ဘိုး လောင်းဘော် တို့အား ဣရောတနိဆောင်, ဒွေတနိဆောင် ဣရပနိုး, ဒွေပနိုး ဣရ ပေါက်ပေါက်, ဒွေ ပေါက်ပေါက် တို့ဖြင့် ပူဇော်ကန် တော့ တော်မူလျှင် မျက်လုံးတော် ပြင်ရပါမည်။ ။ဟူ၍ လျှောက်ထားကြ ကုန်၏။ ။မင်းတရားကြီး လည်း ဟူးရား ဆရာတို့ လျှောက်ထားပုံကို ကြားသိတော် မူခဲလျှင်။ ။ ပုဂံပြည် တည်ထောင်စ သမဒ္ဒရာဇာ မင်းမှစ၍ ခမည်း တော်- စောယွမ်း မင်း တိုင်အောင် မင်း တဆဲ့လေး ဆက်တို့ကို ဣရပ် သွန်းချတ်ပြီးလျှင် ဣရအင်းပျဉ် ထက်၌ ထားတော် မူပြီး၍ ဣရပနိုးခိုင်, ဒွေပနိုးခိုင် ဣရတနိဆောင် ဒွေတနိဆောင် ဣရပေါက်ပေါက် ဒွေပေါက်ပေါက် တို့ ဖြင့် ကြဲမြောက်ပူဇော် ကန်တော့တော် မူလေသည်။

ထိုသို့ ဂိုခိုး ပူဇော်တော် မူလျှင် "ဤစော ထီးမင်း အရပ်တော်" "ဘေးလောင်းတော်- အနော်ရထာ မင်း စောအရပ်တော်" "ဘိုးတော်- ကျန်စစ်မင်းသား အရပ် ဟော်" ။ ။သည်- သုံးရပ် တို့သည် သာလျှင် ထားမြဲ တိုင်းမှ မတုန်လှုပ်ဘဲ ဂုတ်တုတ်တည်မြဲ တည်နေနိုင်ကြ ကုန်သည်။ ကြွင်းသော မင်းတို့၏ အရပ်တော် တို့ကား ဂိုခိုး ကန်တော့ သည်နှင့် တပြိုင်နက် တုံးရ ရုံးချည်း လည်း ရလေကုန်၏။ ။ထိုသို့ ပူဇော်သော ခဏ်ာ၌ မင်း တရား ကြီး၏ မျက်လုံးတော် တို့လည်း ဖြင့်လာ ကုန်

သည်။ ။ထို့နောင် ဘေး လောင်းတော်- အနော်ရထာ မင်းစော ရုပ်ပုံတော် ဘိုးတော်- စောလူးမင်း ရုပ်ပုံတော် ဘိုးတော်- ထီးလှိုင်ရှင်မင်းကြီး ရုပ်ပုံတော် ခမည်းတော် စောယွမ်းမင်း ရုပ်ပုံတော် ဘေးလောင်းတော်- အနော်ရထာ မင်းစော၏ သူရဲဗိုလ်မှူးကြီး ဖြစ်ကြ ကုန်သော ညောင်ဦးဘီးရုပ်ပုံ ငထွေးရူးရုပ်ပုံ ငလုံး လက်ဖယ် ရုပ်ပုံ သံပျင်ကြီး ရုပ်ပုံ သံပျင်ငယ် ရုပ်ပုံ တန်ဆောင်ကြီး ရုပ်ပုံ တန်ဆောင်ငယ် ရုပ်ပုံ။ ။သည်ရုပ်ပုံ များကို ကြေးစင် ကြည်ကြည်ဖြင့် သဏ္ဌာန်တူ, ပုံတူ- သွန်းပြီးမှ ရွှေဂူတွင် လိပ်ကမ္ပည်းတပ်၍ ထားတော် မူစေသည်။ ။ ၏ကား အလောင်းစည်သူ မင်းတရားကြီးသည် ရှေးဦးစွာ ဘေးလောင်းတော်, ဘိုးလောင်းတော်- စသည်တို့၌ ပြစ်မှား မိသော်လည်း နောက်၌ ရိုသေ ကိုင်းရှိုင်းသော အားဖြင့် တည်ထား ကိုးကွယ်ပုံကို ဆိုခြင်းတည်း။

အထူးမှတ်သားရန် အကြောင်းငါးချက် တို့ကို
ပြဆိုခြင်းပြီးပြီ။

၂။ မင်းတရားကြီး၏ အရည်အချင်းနှင့် ကောင်းမှုတော်။

အလောင်း စည်သူ မင်းကြီးကား အဆင်း ပြင်လျာ ကြန်လက္ခဏာ အလွန်လှပတော် မူ၏။ အသံ တော်လည်း အလွန်သာယာ ကောင်းမွန်တော် မူ၏။ သီချင်း, စောင်း သင်း ကဗျာတိုကို အလိုရှိတော်မူ၏။ [illegible]

ကောင်းနှင့် ကျီ, ကြဘဏ္ဍာ ဥစ္စာ ရှေ့, ငွေ ပေါများလှ ပေ၏။ ထိုသို့သော ကျီ,ကြဘဏ္ဍာတို့၌ "စချီစမာ" တို့ကို နေ့စဉ် ရေးသား မှတ်ယူ စေတော်မူသည်။ ။အထူး သဖြင့် ဆင်အတတ်, မြင်းအတတ်, လေးအတတ် တို့၌ ကျွမ်းကျင် လိမ္မာတော် မူသ၏။ လက်ရုံး အားကိုသာ ကိုးကားတော် မူတတ်သည်။ နူးညှံ့သော သဘောတော် ဂိရှ၍ မင်းညီ, မင်းသား မှူးမတ် များနှင့် မိဖုရား တို့က လည်း အထူး ချစ်ကြည်တော် မူအပ် လေသည်။ ။ ပြည်သူ သတ္တဝါတို့၏ ကောင်းသော ဆုမြတ် ပန်ယူခြင်းကို ခံတော်မူရသည်။

ပြုတော်မူသော ကောင်းမှုတော် အပေါင်းကား။ ။ သရက္ခန်ငါးဆူ မြတ်ပေါင်း မဥ္ဇူတဆူ ဂှင်ဖြူ, ဂှင်လှ နှစ်ဆူ မုဌော ကိုးဆူ အင်းခရု တဆူ လှည်းထောက် တဆူ မြွေအံတော် တဆူ ရွှေပေါ်ကျွန်း တဆူ ပုဂံ ပြည်၌ ရွှေဂူဘုရား တဆူ သဗ္ဗညူ မြတ်စွာဘုရား တဆူ တည်တော် မူသည်။ ။ကြေးစင် အဒုလာ တသောင်းကို သွန်း၍ ရွှေဂူဘုရား, သဗ္ဗညူမြတ်စွာဘုရား တို့၌ ခေါင်း လောင်း လှူတော်မူ၏။ ။ထိုမှတပါး မြန်မာ နိုင်ငံတော် အဝှမ်းတွင်။ ။စေတီနှင့် ပုထိုး သိမ်နှင့်ကျောင်း စရပ် နှင့် တန်ဆောင်း မုဌောနှင့် ဂူလိုဏ် ကန်နှင့် ရေတွင်း ဆည်မြောင်းနှင့် လယ်ပယ်- အစရှိသော မရေ မတွက် နိုင်သော ကောင်းမှု ကုသိုလ် တို့ကို ပြုလေသည်။ ။ ထို့ကြောင့်ပင် ယခုအခါ အလောင်း စည်သူ မင်းကြီး

ခဲ့သော ဘုရားစေတီ တို့ကို အနှံ့ အပြား တွေ့ရှိရလေသည်။

မှာထားချက်။

ဤအရာ၌ အဆိုအယူ ကွဲပြားပုံ တရရှိသေးသည်။ ။ရှိပုံမှာ။ ။အချို့သူ တို့ကား သိဟ်ငွ်ရှင် ဘုရားကို မြေးတော်- နရပတိစည်သူ တည်တော်မူသည်။ အချို့တို့ကား ဘိုးတော်- နရပတ်စည်သူ တည်တော်မူသည်။ ။ဤသို့ မည်မည္ဆာတ် ပြောဆိုရိုး ရှိကြ၏။ ။သရိင်း စာစောင် တို့၌ လည်း အချို့ အရာတွင် မြေးတော်နှင့် ဘိုးတော် တို့ကို အကွဲ အပြား မဆိုခဲ့ချေ။ ။ထို့ကြောင့် သရိင်း စာစောင် ကျောက်စာ, ရာဇဝင် တို့နှင့် ညှိနှိုင်းသော်။

ရာဇဝင် ကြီး, ရာဇဝင် လတ် တို့၌။ ။ငါကား ဘုန်းကြီးသော မင်းဖြစ်၍ ဇမ္ဗူ့ သပြေပင် ရင်းသို့ ရောက်ရသည်။ သိကြားပေးသော ဘွဲ့ကို ခံရသည်။ သရက္ခန်သား ငါးပိုင်း ဒက္ခိဏ သာခါ- ဗောဓိခက်တို့ ကိုလည်း ဘုရား ရုပ်တုတော် ထု၍ ကိုးကွယ်ရသည်။ သိဟ်ငွ်ကျွန်း, မလ္လာယုကျွန်း, မာန်အောင် ကျွန်းသို့ ရောက်တော် မူရသည်။ ။ဤသို့ စသည်ဖြင့် အလောင်း စည်သူမင်းကြီး ကြုံးဝါး ကြောင်းကို တည် တည္ဆတ် တည်း ဆိုကြ၏။ ။ထို စကား၌။ ။ဒက်ဏ

သာခါ–ဗောဓိ ခက်ကို ကိုးကွယ် ရခြင်း–ဟူ သော အကြောင်း ပါရှိသောကြောင့်ဂုင်း။ ။ ရှေ့မုဌော သဓိုင်း, ဘုရားဆက်သဓိုင်းတို့၌ လာ သော သက္ကရာဇ်သချ်ာတို့မှာ ဘိုးတော် နရပတိ စည်သူ မင်းကြီးနှင့်သာ ကိုက်ညီချက် ရှိသော ကြောင့်ဂုင်း။ ။အင်းခရကျောက်စာ, ရှေ့မုဌော ကျောက်စာတို့၌လည်း-

(သက္ကရာဇ် (၅၀၈)ခု သံဝစ္ဆရ သန္ကူလ-၁-ရက်နေ့ ဗုဒ္ဓဟူး နေ့အား။ ။ဇမ္ဗူဒိပ်ထက် တုဘက် မဲ့သော အလွန်တရာ ဘုန်းတန်ခိုး လွန်ကဲသော ကျွန်းဦး ဇမ္ဗူသပြေပင်သို့ တိုင်း ခွင်ဆန့်တော်မူသော ကောင်းမှုတော် သရကွန် ဒကျိဏသာခါ– ဗောဓိရုပ်တု သိဒ္ဓိုင်ရ ဘုရား ရှင်ဖြူ, ရှင်လှဘုရားတို့ကို အခန့်အောင် ပြုတော် မူသော သိရိတြိဘုဝနာဒိတျပဝရ ပဏ္ဍိတ သုဓမ္မ ရာဇာ မဟာဓိပတိ နရပတိ စည်သူ အမည်ရှိ သော မင်းကြီးသည်)။

ဤသို့ စသည်ဖြင့် သိဒ္ဓိုင်ရှင် ဘုရားကို ကိုးကွယ်တော် မူရသော အကြောင်းမှာ ထင် ရှားစွာ ပါရှိသော ကြောင့်ဂုင်း။ ။ရှေ့မုဌော ဘုရားတဆူ ကျောက်စာ၌လည်း။

(သုံးဆဲ့ ခြောက်စီးသော ဆင်ဖြူသခင် ဖြစ် တော်မူသော ဇမ္ဗူဒိပ်ကို အစိုးရ၍ လောကနတ် ဖြစ်တော်မူသော မုဌောစေတိ တို့ကို တည်၍

ဒက္ခိဏသာခါ- ဗောဓိခက်ကို ရုပ်တုတော် ပြု၍ သိဇ်ိုင့်ရ ဘုရားကို တည်ထားတော် မူသော နရပဘိ စည်သူ မင်းကြီးကား အတုမ့ဲသော ဘုန်းလက်ရုံးအာဏာကို ဖြစ်စေတော်မူ၍)။

ဤသို့ စသည်ဖြင့် ဘိုးတော် အလောင်း စည်သူ မင်းကြီးနှင့် ကိုက်ညီသော သက္ကရာဇ် အရေးအသားဖြင့် ဗောဓိသား သိဇ်ိုင့်ရ ဘုရား ကို ကိုးကွယ်ရခြင်း အကြောင်း လာရှိသော ကြောင့်ရင်း။

သိဇ်ိုင့်ရ ဘုရား၏ သရိုင်းငယ် စာစောင်၌ လည်း။ ။(ရေသမုဒ္ဒရာထက်၌ အထူးထူးသော ရှာဘွယ်တို့ဖြင့် ရှုအံ့သောဌါ လှေစကြာရှင်သည် တိုင်းခွင် လှည့်ဘော်မူသော် သိကြားမင်းသည် ဒက္ခိဏ သာခါ မဟာ ဗောဓိ သားကို ဘုရား ရုပ်တု ပြုလုပ်၍ ဆက်သသဖြင့် ခံယူတော် မူ၏။ ထို ဘုရားကား သိဇ်ိုင့်ကျွန်း မဟာ ဗောဓိမှ သိကြားမင်း ပေးအပ်သော ဘုရားရုပ်တုတည်း။ ။ ဤသို့သော တန်ခိုးဂုဏ်နှင့် ပြည့်စုံသော ဘုရား ရုပ်ဟုတော်ကို ဘုန်းတော် အရောင်အဝါ ကြီး မားသော အလိုရှိတိုင်း ပြီးစီး နိုင်သော လှေ စကြာ ရှိတော်မူသော "နရပဘိစည်သူ" မင်း ကြီးသည် မြစ်မ- ကိုင်း အရပ်၌ အထူးထူးသော ရတနာ တို့ကို သွန်းလောင်းလျက်)။ ။ဤသို့ စသည်ဖြင့် သိဇ်ိုင့်ပြည်မှ ရသော ဒက္ခိဏသာ

၁၂– မဟာဗောဓိ ရုပ်တုတော်ကို မြစ်မ- ကိုင်း အရပ်၌ တည်ထားကြောင်းမှာ တိုက်ရိုက် ပါရှိ နေသောကြောင့်ရင်း။

မှတ်ချက်။

ရာဇဝင်, သမိုင်း, ကျောက်စာ- အချိုတို့၌ သိဇ်ပိုင်ရှင် ကိုပင် သိဇ်ပိုင်ရ ဟူ၍ ရေးသား သည်။ ။ထို့ကြောင့် သိဇ်ပိုင်ရ သမိုင်းငယ် ကား သိဇ်ပိုင်ရှင်ဘုရား၏ သမိုင်းပင်တည်း ဟူ၍ မုချမှတ်ရာ၏။

မြေးတော် "နရပတိ စည်သူ" မင်းကြီး၏ အကြောင်းကိုဆိုရာတွင် ဗောဓိဝင် ဦကာ၌။ ။ (စိတ်အလိုကို ပြီးစေနိုင်သော လှေရှိသော ဆင် ဖြူရှိသော ဇေယသိခ်မင်း၏ ခမည်းတော် ဖြစ် သော)။ ။ဤသို့ စသည်သာ လာရှိ၍ ကျွန်းဦး သပြေသို့ ရောက်ကြောင်း သရကျွန်ငါးဆူ မြတ် ပေါင်းမဥ္ဇူ၊ ရှင်ဖြူ, ရှင်လှ ဒကျွိဏသာခါ- မဟာ ဗောဓိရုပ်တု သိဇ်ပိုင်ရ- ဘုရားတို့ကို ကိုးကွယ် ရကြောင်း- မလာရှိသော ကြောင့်ရင်း။ ။ရာဇ ဝင်ကြီးတွင် မြေးတော် "နရပတိစည်သူ" ကို ဇမ္ဗူ့သပြေ ပင်သို့ ရောက်ကြောင်း သရကျွန် ငါးဆူ မြတ်ပေါင်းမဥ္ဇူ၊ ရှင်ဖြူ, ရှင်လှ ဒကျွိဏ သာခါ- ဗောဓိရုပ်တု ဖြစ်သော သိဇ်ပိုင်ရ ဘုရား စကားကိုးဆူ မုဌောကိုးဆူ- တည်ထား ကိုး

ကွယ်ရသည်ဟုမဆို၊ ဘိုးတော် "နရပတိ စည်သူ" ကိုသာ ဆိုသောကြောင့်ဂုဏ်း။ ။ဇေယျဆုံ ဘုရားဖြို ကျောက်စာတွင် ပြေးတော် "နရပတိ စည်သူ"ကို ဘွဲ့ဆိုရာ၌ ပါရှိသည်မှာ-

(သုံးဆဲ့, ကုံးစိုးသော ဆင်ပြိုအာရှင် ဖြစ်ထသော်၊ နှစ်ကုဋေ့, ကိုးသန်း, ခြောက်သိန်း, လေးသောင်းသော သူရဲကိုလည်း လက်နက် မူထဂ်သာ၊ ပင်လယ် နဂါးရစ် လှည့်လည် ပြီးထသော၊ ရနံမာန် ခပ်သိမ်းလည်း ထောင်ဘက် မရှိဝံ့ ထသော၊ အနောက်တည် လားကား ပဋိက္ခရား, တောင်တည်လားကာ ခွေးကြည့်အရပ်, အရှေ့တည်လားကား စပါးကြီ အရပ်, မြစ်အောက်တည် လားကား ကတ္တူး ငနားကြီး, ရေတွင်ဒီးဘောက်ရာ ကိုလည်း နှိပ်နင်း ထသော)။ ။

ဤသို့ စသည်ဖြင့် ရေးသား ပြီးလျှင် အဆုံးဌ် (သက္ကရာဇ် (၅၄၅)ခု တန်ဆောင်မုန်း လဆန်း ၃-ရက် ကြာသပတေးနေ့ လွှတော်မူသော)။ ။ စသည်ဖြင့် ပြေးဘော် "နရပတိစည်သူ" ကိုသာ ဘွဲ့ဆိုထေသည်။

ထိုသို့ ဆိုရာ၌ ဇမ္ဗူ။သဖြေ ပင်သို့ ရောက်ကြောင်း, သိဿိုင်္ဂရဘုရား တည်ထား ရကြောင်း တို့မပါရှိသော ကြောင့်ဂုဏ်း၊ ဤသို့ ညွှန်ကြားဟော်ပြခဲ့သော အကြောင်း အချက်တို့ကြောင့် ဘိုးတော် "နရပတိစည်သူ" မင်းကြီးသည် သာလျှင် ယခု

ရေးပြခဲ့သောအတိုင်း သီဟိုဠ်ရှင့် မြတ်စွာဘုရား၏ ဒါယကာ ဖြစ်ကြောင်းကို သရိုင်းဟောင်း, သရိုင်း လက်ာ, ကျောက်စာ, ရာဇဝင်တို့၌ အခိုင်အမာ ဆိုသောအတိုင်း ယုံကြည် စိတ်ချရမည်။ ။ မြေးတော် "နရပတိ စည်သူ" တည်သည် ဟူသော ယူဆချက်ကိုလည်း ပယ်ဖျက်ရမည်။ ။ သို့မှသာ သရိုင်းဟောင်း, စာဟောင်း တို့နှင့် တညီတည်း ကျချေမည်။ ။ဤကား မှာထားချက်တည်း။

၃။ ဘုရားဒါယကာ နတ်ရွာစံသောအခါ ဆင်းရဲကြီးစွာ ခံစားရခြင်း။

ဤသို့လျှင် ကြီးကျယ် ခမ်းနားသော ဘုန်းလက်ရုံး, အာဏာတော်နှင့် ပြည့်စုံတော်မူသော လှေယာဉ် စကြာရှင်လည်း ဖြစ်တော်မူသတ်၍ စိတ်အလိုရှိတိုင်း ကြွတော်မူနိုင်သော သိကြားမင်းကိုယ်တိုင် မုဒ္ဓါဘိသိက်-ခတ်နှိပ်လျက် ဘွဲ့အမည် ကိုလည်း ပေးအပ် ဆောင်နှင်းတော်မူရသော "နရပတိစည်သူ" မင်းတရားကြီးသည် သက်တော်တရာ့ တနှစ်သို့ ရောက်လတ်သော် သည်းထန်စွာ ဖျားနာတော် မူလေသည်။ ။ထိုစဉ်အခါ ပြည်ထဲရေးရာကို စီရင်ကြပ်မသော မင်းသားကား "မင်းရှင်စော" မရှိသည့်နောက် မင်းတရားကြီး မြောက်စားတော်မူသော သားတော်အလတ် "နရသူ" မင်းသား ဖြစ်သ

တည်း။ ။မင်းတရားကြီး ဖျားနာတော် မူလျှင် သား တော် "နရသူ" မင်းသားသည် အမှူးအမတ်တို့နှင့် တိုင် ပင်လျက် ဆေးဝါးဓာတ်စာ ယတြာ ယာယီ စီမံ ကုသ ရပါမည်ကို မပြုလုပ်မူဘဲ သည်းထန်စွာ မမာ မကျန်း ရှိနေတော် မူသော ခမည်းတော် မင်းတရားကြီးကို ရွှေ နန်းတော်မှ ချယူတော်မူပြီးလျှင် မင်းတရားကြီး ရှေးဦး စွာ တည်ထားတော် မူသော ရွှေဂူကြီးဘုရား အတွင်း၌ ထားလေသတည်း။

ရွှေဂူဘုရား အတွင်း၌ ကိုယ်လုပ်တော် မောင်းမ များဖြင့် အသည်းအထန် ဖျားနာတော် မူရာတွင် သတိ တဖန် ရတော် မူပြန်သော အခိုက်၌။ ။ဤနေရာကား ငါ့နန်းတော် မဟုတ်ပါ တကားဟု....ညည်းတွားတော် မူမှ ကိုယ်လုပ်တော်တို့က။ ။အရှင် မင်းကြီး ရွှေနန်း တော် မဟုတ်ပါ၊ ကောင်းမှုတော် ရွှေဂူကြီးဘုရား ဖြစ်ပါ သည် ...ဟု လျှောက်ထားကြ ကုန်၏။ ။မင်းကြီးလည်း အဘယ်သူသည် အဘယ်မူ၍ ငါ့အား ရွှေဂူဘုရားတွင် ထားရသနည်း....ဟု မေးမြန်း စိစစ်တော် မူလျှင် ကိုယ် လုပ်တော်တို့က သားတော် "နရသူ" မင်းသား- ထား ကြောင်းကို လျှောက်တင် ကြကုန်၏။ ။မင်းကြီးလည်း သားတော် "နရသူ" အစီအရင်ပေတည်း-ဟု သိတော်မူ လတ်သော် ကြီးစွာသော အမျက်တော်ရှိ၍ ကိုယ်တော် အလုံး မီးတုံး-မီးလျှံကဲ့သို့ ရဲရဲ နီကျင်လေ သတည်း။

ထိုအခါ "နရသူ" မင်းသားသည် မိမိအား မင်း တရားကြီး အမျက်တက်တော် မူသည်ကို သိသဖြင့်။ ။

မင်းတရား ကြီးသည် သည်အနာမှ ထခဲ့ပါမူ ငါပျက်စီးခြင်းသို့ ရောက်ရတော့မည်-ဟု တွေးတော လန့်ထိတ်၍ ညဉ့်အခါ လူသူ ဆိတ်ငြိမ်ချိန်တွင် ဣရာကြီးဘုရား အတွင်း၌ ပြင်းထန်စွာ ဝေဒနာခံစား နေရတော်မူသော ခမည်းတော်- အလောင်းစည်သူ မင်းကြီးအား အဝတ် ပုဆိုးတို့ဖြင့် ဖိနှိပ်လျက် ရက်စက်စွာ စီရင်တော်မူသော ကြောင့်။ ၊ဖြေဆိုးအဆုံး ကျွန်းလုံးသခင် ဖြစ်တော်မူ၍ ကြီးမားသော ဘုန်း တန်ခိုးတော် ရှိတော်မူသော် လည်း ယာဉ်စကြာ သခင် ဘဝရှင် "အလောင်း စည်သူ" မင်း တရား ကြီးသည် ကြီးမားသော ဘုန်းကြက်သရေ တော် နှင့်တကွ သာသနာတော် ဒုစိုးအပ္ပါး တိုင်းနေသူ ရှင်, လူတို့၏ အစိုးအပ္ပါး မျိုးဆွေ- မွေးမတ်များကို ပယ်စွန့် ခွဲခွါတော် မူပြီးလျှင် လောက သုံးပါး၌ တုဘက်ကင်း မြောက် တယောက်တည်းသာ ဖြစ်တော်မူသော- သဗ္ဗညူ မြတ်စွာဘုရား ရှင်တို့သော်မှ မရှောင် လွဲသာ ကောင်း သော ခန္ဓာဘင် မရဏ နှင်ငံ သေမင်းချုပ်ကြီး၏ အထံ သို့ သာသနာတော် သက္ကရာဇ် တထောင့်, ရာနှစ်ရာ, တဆဲ့, တရာ, (၁၇၁၁)ခု ဂေါဇာ သက္ကရာဇ် ငါးရာ, နှစ်ဆဲ့, ကိုးရာ (၅၂၉)ခုနှစ်၌ လိုက်ပါတော် မူရသဖြင့် အိမနှိမ့် နှစ်ဆဲ့, ခြောက်နှစ် စည်းစိမ်တော် ရာနှစ်ဆဲ့, ငါးနှစ် သက်တော် တရာ့, တနှစ်သော် လူ့ပြည်တွင် ငြိုးငွေ့တော် မူ၍ နတ်ပြည်သို့ ပြောင်းရွှေ့ စံမြန်းတော် မူရလေသတည်း။

မင်းတရားကြီး နတ်ရွာစံလိုသော် စနေကြယ်, ကြာသပတေးကြယ် ခွပ်ကြ၏။ ဒိနွက်လည်း သင်္ကြန်တပြိုင်နက် ကျ၏။ ကောင်းကင်မှ ကိတ်ရောင် လွှတ်၏။ ။ ဤအလောင်း စည်သူ မင်းတရား ကြီးကား သက္ကရာဇ် (၄၂၈)ရ ဝါဆို လဆန်း ရှစ်ရက် ကြာသပတေး နေ့၌ ဘွားမြင်တော်မူသည်။ နှစ်ဆဲ့, ခြောက်နှစ်ပတ်လုံး ဘိုးတော်- ထီးလှိုင်ရှင် မင်းကြီးနှင့် ထီးတူ,နန်းပြိုင် စံတော်မူပြီး၍ သက္ကရာဇ် (၄၅၄)ရ နှစ်၌ ရွှေထီးရွှေနန်းကို သိမ်းမြန်းတော် မူပြီးလျှင် မြတ်သော မင်းဧကရာဇ် အဖြစ်သို့ ရောက်တော်မူလေသည်။ ။ရနစ်ဆဲ့, ငါးနှစ်တို့ ပတ်လုံး မင်းစည်းစိမ်ကို ခံစားတော် မူပြီး၍ သက္ကရာဇ် (၅၂၉) နှစ်တွင် နတ်ရွာစံတော် မူရလေသတည်း။

၄။ လေးနက်စွာ မှတ်သား ထားရန်ကား။

ဤသို့လျှင် အလောင်းစည်သူ မင်းကြီး၏ အကြောင်းခြင်းရာ တို့ကို မွေးဘွားတော် မူသည်မှ စ၍ နတ်ရွာစံလွန်တော်မူသည် တိုင်အောင် အကျဉ်းမျှ ရေးသားအပ်ပေပြီ။ ။သီဟိုဠ်ရှင် မြတ်စွာဘုရား၏ ဒါယကာဖြစ်သော အလောင်းစည်သူ မင်းတရား ဘုရား၏ ထူးဆန်းသော အကြောင်းအချက်နှင့် အံ့သြဘွယ်ရာ အမှုအခင်းတို့ကို လေးနက်စွာ မှတ်သား၍ အသီးအခြား သတိပြုရန် လိုပေသေးသည်။ ။ထို့ကြောင့် အောက်၌ ဘော်ဝြ

ထားသော အကြောင်း အရာ တို့ကို သိုးခြား ကွက်၍ သတိထားမိစေရာသည်။

(၁) မင်း တရားကြီး အလောင်းကို ဖွေအိမ်သည် မင်းသို့မှ မွေးဘွားတော်မူစဉ်တွင် ထူးဆန်းသော နိမိတ် ကြီးများ ဖြစ်ပေါ်ရခြင်း။ ။ဘိုးတော် ထီးလိုင်ရှင် မင်း ကြီးနှင့် ထီးတူ,နန်းပြိုင် စံတော်မူရခြင်း။

(၂) စိတ်အလို ရှိတိုင်း ပြီးစိုး နိုင်သော လွယ်ဘဉ် စကြာတော်ကို ရနိုးတော်မူခြင်း၊ ဇမ္ဗု။ သဇေပြပင် ရင်းခြံ သိကြားမင်း ကိုယ်တိုင် အာဘိသိက် သွန်း၍ ဘွဲ့တံဆိပ် ခတ်နှိပ်ခြင်း။

(၃) သိဟိုဠ်ရှင် မြတ်စွာဘုရား ရပ်တုတော် ပြုလုပ် ရန် သိကြားမင်း ကိုယ်တိုင် သိဟိုဠ်ကျွန်း- မဟာဇောဒိ မှ ဒက္ခိဏာ သာခါကို ပင့်ဆောင်တော် မူခြင်း၊ သိဟိုဠ် ကျွန်းရှင် ဘုရင် မင်းမြတ်က သစ်ဆယ်ပါး တို့ဖြင့် ထူ လုပ်အင်သော သိဟိုဠ်ရှင် ဘုရား ရုပ်တု ကောင်ကို ဆက် သခြင်း။

(၄) သိဟ်ဠိုရှင် မြတ်စွာ ဘုရား တည်ထားတော် မူ အံ့သော်ငှါ နိမိတ်ကြီး သုံးပါး ထင်ရှားစွာ ဖြစ်လာရ ခြင်း၊ ရဟန္တာ အရှင်မြတ်တို့ သိဟိုဠ်ရှင် မြတ်စွာဘုရား တည်ထားတော်မူရန် မြေနေရာကို သတ်မှတ် ပိုင်းခြား ပေသနားတော် မူခြင်း။ ။သိဟိုဠ်ရှင် မြတ်စွာ ဘုရား တည်ထားတော် မူရာတွင် မင်းတရားကြီး ကိုယ်တော် တိုင် အားထုတ်ဆောင်ရွက်၍ အလှူဝတ္ထု၊ တို့ကို လှူဒါန်း တော်မူခြင်း။

(၅) မင်းတရားကြီးသည် အလေအနာကျင့် ဝါသနာပါတော် မူသည့် တံ့ဆိုး ကိုယ်တော်တိုင် လေ့ကျင့်ခြင်း၊ ချီးမြှောက်သင့်သူကို ချီးမြှောက်တော် မူခြင်း- စသော အကြောင်း ငါးချက်ရှိတော်မူခြင်း။

(၆) မင်းတရားကြီး ဘုရားသည် သက်ဘော် ရှည်မြင့်စွာ သာသနာ့ဘာဝ သုံးပါးနှင့် တိုင်းသူပြည်သား တို့၏ အစီးအပွါးတို့ကို ဆောင်ရွက်ဘော် မူခြင်း၊ သားတော် "နရသူ"၏ ထက်ချက်ဖြင့် ဣန္ဒိယနန်းတော် ထက်မှာပင် နတ်ရွာစံတော် မမူရဘဲ ဣရာဘုရား၏ အတွင်း၌ နတ်ရွာစံတော်မူရခြင်း။ ။ဤသို့သော အကြောင်းအရာ တို့ကို သိုးခြားကွက်၌ လေးနှက်စွာ မှတ်သားသင့်လေသည်။

၅။ ဥပဒေသ။

ဤသို့လျှင် သိဟိုဠ်ရှင် မြတ်စွာ ဘုရား ဒါယကာ "အလောင်း စည်သူ" မင်းကြီး၏ အကြောင်းခြင်းရာတို့ ကိုဆိုကြရလေပြီ။ ။ဤသို့ ပြဆိုအပ်ခဲ့ ပြီးသော သိဟိုဠ်ရှင် မြတ်စွာဘုရား သမိုင်း စကားတို့ဖြင့် ထိုသမိုင်းကို ဘတ်ရှု ကြားနာကုန်သော ရဟန်းရှင်လူ တို့အား ညွှန်ကြားလိုသော အချက်မျှားမှာ။ ။သိဟိုဠ်ရှင် မြတ်စွာ ဘုရားဒါယကာ ဇမ္ဗူဒီပ်ကျွန်း အလုံးကို လွှမ်းမိုးအုပ်ချုပ်လျက် ဘုန်းလက်ရုံး အာဏာ အရောင်အဝါ ကြီးမားစွာသော ဖြည့်ဆည်းပူးအပ် ပြီးသော ပါရမီရှင်ကြီး ဖြစ်ဘော်မူသော အတုမဲ့သော လေ့စကြာ ဂိုတော် ယသော

မရေမတွက် နိုင်သော ကောင်းမှု အရှင်ကြီး ဖြစ်တော်မူသော သိကြား မင်းတို့၏ တင့်တယ်ခြင်းဖြင့် တင့်တယ်တော် မူ၍ လွန်ကဲ ထူးမြတ်သော ကြက်သရေ ဂုဏ်တန်ခိုးနှင့် ပြည့်စုံတော်မူသော "အလောင်းစည်သူ" မင်းတရားကြီး ဘုရားကဲ့သို့ ဘုန်တန်ခိုး ကြီးမားအောင် ဤဘဝ၌ ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးပါ။

မင်းတရား ကြီးသည် သာသနာတော် အရေးနှင့် စပ်လျှင် တွက်ကပ်ဝန်လေးခြင်း ရှိတော်မမူဘဲ ပေါ့ပေါ့ပါးပါးနှင့် ကောင်းမှု ကုသိုလ်များကို ကိုယ်ထိ လက်ရောက် သာဟထွိက မြောက်အောင် ပြုလုပ် သကဲ့သို့ ကုသိုလ်ကောင်းမှု ပြုသော အခါတို့၌ ကိုယ်ထိလက်ရောက် ဝမ်းမြောက်ဝမ်းသာ ပြုလုပ်ပါ။

မင်းတရား ကြီးသည် သမ္မုတိ သံဃာ အရိယာ သံဃာတို့အား ဘုန်းတန်ခိုး ကြီးမားသော ဘုရင်ဖြစ်စေကာမူ စည်းစိမ် တော်ဖြင့် မယစ် မူးဘဲ အခါခပ်သိမ်း စောင့်ရှောက် ထောက်ပံ့ ထားတော်မူသကဲ့သို့ သာသနာတော်ထမ်း ရှင်ရဟန်းတို့ အားလည်း ဆွမ်း, ပန်း-စသော လှူဘွယ်တို့ဖြင့် ထောက်ပံ့ပြုစုပါ။ ။မင်းတရား ကြီးသည် ကုသိုလ်ရေးနှင့် စပ်လျှင် ပြည့်ရှင်မင်း ဟူသော မာနမထား မူ၍ အဆင်းရဲ, အပင်ပန်း ခံတော်မူသကဲ့သို့ ကောင်းမှုကုသိုလ်ရေး တို့၌ အပင်ပန်း ခံနိုင်သမျှ ခံပါ။

မင်းတရား ကြီးသည် ဓာတ်တော်, မွေတော် တို့ကို ရအောင် ရာဖွေပြီးလျင် သာသနာ ငါးထောင်တည်ရစ်

လေအောင် စေတီ,ပုထိုး- စသည် တည်ဆောက်မှုသက်ဆိုင်ရာ ပုထိုး,စေတီ မွေးသရဲဝေတ် တို့ကို မဖြတ် ကိုးကွယ်ပါ။ တည်လည်း တည်ထားပါ။

မင်းတရား ကြီးသည် တိုင်းသူ ပြည်သား အမျှား အကျိုးကို ရွက်ဆောင်တော် မူသကဲ့သို့ အမျှား အကျိုး ကို ဆောင်ရွက်ပါ။ ။မင်းတရား ကြီးသည် ချီးမြောက် သင့်သူကို ချီးမြောက်မ-စ- သကဲ့သို့ ပိပိလက်အောက် တွင် ချီးမြောက်သင့်သူကို ချီးမြောက်မ- စ-ပါ။ ။မင်း တရား ကြီးသည် ဒုပန်းသင့် သင့်သူကို ဆုတောင်းဘက် မိတ်ဆွေ ဖြစ်စေကာမူ ဒုပန်းတော် မူသကဲ့သို့ ပိပိ၏ရန် သူဖြစ်၍ ဒုပန်း သင့်သူ ဖြစ်ပါမူ အဖြန်ဒုပန်းပါ။

မင်းတရား ကြီးအား နှုံးညံ့သော နှလုံးဖြင့် သည်းခံ တော်မူသော စိတ်ဓာတ်တော် မူသကဲ့သို့ အခါ ခပ်သိမ်း သည်းခံနိုင်သော စိတ်ကို မွေးမြူပါ။ ။မင်းဘရား ကြီး သည် တပါးသူများကို အားထားတော်မမူ ပိပို၏ လက် ရုံး စွမ်းပကားကိုသာ အားတားတော် မူသကဲ့သို့ သူ တပါးတို့၏ အားကို- မကိုးကားပါ လေနှင့်၊ ပိပို၏ အင်း အားကိုသာ အားထား ယုံကြည်ပါ။ ကိုးလည်း- ကိုး ကားပါ။

မင်းတရား ကြီးသည် ဘေး လောင်းတော်, ဘိုး သောင်းတော်- စသော ဂုဏ်ရာဝဏ်, ဝယျဂုဏ်, ဇာတိဂုဏ်- ပဂ္ဂိုလိသူဖြတ် တို့၌ ရှိသေလေးနာတတ် သကဲ့သို့ ပိပ ထက်အရွယ်, ဂုဏ်,ဇာတ်ဖြင့် မြင့်မြတ်သော သူတို့ကို အမြဲရှိသေပါ။ မထီတမဲ့ မပြုပါလေနှင့်။ ။ကျေးဇူးသစ္စာ

တင်ပေ ဘူးသော ကျေးဇူး တော်ရှင်, သစ္စာ တော်ရှင်တို့ကို မပြစ်မှားပါ လေနှင့်၊ ကျေးဇူးဂုဏ်ကို မချေဖျက်ပါနှင့်၊ ကျေးဇူးရှိဘူးသော- ကျေးဇူးရှင်တို့အား စိတ်နှလုံး နောက်ကျုအောင် မပြုမိ ပါလေနှင့်၊ ကျေးဇူး ရှိဘူးသော ဆရာ, မိဘ- စသော ပုဂ္ဂိုလ်တို့ကို အမြဲ ရိုသေ ကိုင်းရှိုင်းပါ။

မင်းတရား ကြီးသည် ကျေးဇူး ကန်း၍ သော့သွမ်း ရမ်းကားသော သားရိက်, သားဆိုးကို မွေးမြူမြောက်စားတော် မူမိ သောကြောင့် အသက် စည်းစိမ်တော် ဆုံးရှုံးတော် မူခါနီး၌ ကြီးမားစွာသော ဆင်းရဲ ခြင်းသို့ ရောက်တော် မူရ သကဲ့သို့ မိမိ အောက်ဝယ် ငယ်လူ ဖြစ်သော အခြွေအရံ တို့ကြောင့် တစုံတခုသော အကျိုးစီးပွါး ပျက်ပြားဆုံးရှုံးခြင်း မရှိရန် သားရိက်, သားဆိုး သွီးရိက်, သွီးဆိုးတို့ကို မမြောက်စားမိပါစေနှင့်၊ တပည့်ရိက် တပည့်ဆိုး အကျိုးကျေးဇူး တို့ကို ပုန်ကန်တော် လှန်တတ်သော တပည့်များ တို့ကို မမြောက်စား ပါလေနှင့်၊ ငဲ့ညှာထောက်ထားခြင်း မပြုမိပါစေနှင့်၊ မွေးမြူလိုက်လျောခြင်း မပြုမိပါလေနှင့်၊ လိမ္မာပါးရား အမြော် အမြင် ကြီးမားသော- သား,သွီး, တပည့်များကိုသာ ကောက်ယူ မွေးကျွေး မျက်နှာသာပေးလျက် အလေး ဂရပြုပါ။ ။ စိတ်နှလုံး ငြိုငြင်၍ ပူပင်ဆင်းရဲ စေတတ်သော- သား သွီး, တပည့် ဂုဏ်ကြက်သရေကို ထိခိုက်အောင် နှောက်ယှက် ဖျက်ဆီးတတ်သော- သား, သွီး, တပည့်တို့ကို အဝေးက ရှောင်ရှားပါ။

မင်းတရားကြီးသည် သားတော် အစဉ် မြေးတော် အဆက် မြစ်တော်အညွှန့်တို့ တိုင်အောင် ကိုယ်တော် ၏ အရိုက်အရာ ထီးမွေ, နန်းမွေတို့ကို ရရှိခံယူ ကြီးပွါး အောင် ပြုတော် မူသကဲ့သို့ နောင်လာ နောက်သား လူ အများတို့ ကောင်းကျိုး ခံစားခွင့် ရှိသော အမှုမျိုးတို့ကို ကြိုးစား ပြုလုပ်ပါ၊ မဆုတ် မနစ်ပါ စေနှင့်။ ။မင်းတရား ကြီး ဘုရားသည် လှေယာဉ် စကြာဖြင့်သာ တိုင်းခန်း လှည့်လှည်တော် မူခြင်း များသောကြောင့် တိုင်းရေး, တိုင်းရာ လစ်လပ်ပျက်စီး စေသကဲ့သို့ မိမိနှင့် စပ်ဆိုင် သော လုပ်ငန်းတာဝန် တို့၌ လစ်လပ်ပျက်စီးခြင်း မရှိစေ ရန် စီမံအုပ်ချုပ်ပါ၊ လျစ်လျူ ရှုခြင်း မရှိပါ လေနှင့်။ ။ မင်းတရား ကြီးသည် သီဟိုဠ်ရှင် မြတ်စွာဘုရား ဒါယ ကာ ခံတော်မူ၍ မြင့်မြတ်သော- သာသနာတော် အစီး အပွါးကို ဆောင်ရွက်တော် မူသကဲ့သို့ သာသနာသွေး, သာသနာစိတ် ဝင်စားလျက် ဘာသာတရားကို ကြိုးစား စောင့်ရှောက်ပါ။

မင်းတရား ကြီးသည် နေပြည်တော် ပတ်ဝန်းကျင် တို့၌ သားသမင် အပေါင်း ၎က် အပေါင်းတို့အား ဘေး မဲ့ပေးသနားတော် မူသကဲ့သို့ တပါးသော သတ္တဝါတို့၌ ငဲ့ညှာ ထောက်ထား သနားကြင်နာခြင်း ရှိပါစေ။ ။ မင်းတရားကြီးသည် ဆင်အတတ်, မြင်းအတတ်-စသည် တို့၌ အကြွင်းမဲ့ တတ်ကျွမ်းသကဲ့သို့ မိမိတို့ဆိုင်ရာ အ တတ်ပညာတို့ကို အပြစ်ကင်းသည် မှန်လျှင် အကြွင်းမဲ့ တတ်မြောက်အောင် သင်ကြားပါ။ ပျင်းရိပေါ့လျော့ခြင်း

မေ့လျော့ ပေါ့ဖျင်းခြင်း- မရှိပါ လေနှင့်။ ။ဤကဲ့သို့ညွှန်ကြားလိုရင်း ဖြစ်သတည်း။

၆။ မေ့သံဝေဂညာဏ် ပွါးများရန်။

အလောင်း စည်သူ မင်းကြီးနှင့် စပ်လျဉ်း၍ ဤသို့လည်း မေ့သံဝေဂ ကုသိုလ်ကို ပွါးများ ရာ၏။ ။သို့စဉ်မျှ မနှိုင်းယှဉ်အပ်သော- မတုပ အပ်သော ဘုန်းတန်ခိုး ဂုဏ်ကြက်သရေတို့နှင့် ပြည့်စုံတော် မူသော "အလောင်းစည်သူ" မင်းကြီးသော်မှ ပျက်စီးခြင်း တည်းဟူသော သဘောကို မလွန်ဆန်နိုင်ရာ။ ။ရွှေဂူကြီးဘုရား၏ အတွင်း၌ ဝမ်းနည်း ဘွယ်ရာ ယုတ်မာ အောက်ကျစွာ သေဆုံး ပျက်စီးရချေ သေးသည်။ ။ငါတို့ ကဲ့သို့သော ဘုန်းမွဲ,ကန်မွဲ ပါရမီမွဲနှင့် သိန်ဖွဲ သေးမွှားသော ပုဂ္ဂိုလ်များမှာကား ဆိုဘွယ်ရာပင်မရှိ။ ။"ဘိဇ္ဇတိ ပူတိ သန္ဒေဟော"။ ။စသော ဒေသနာ တော်နှင့် အညီ ပျက်စီးဆုံးပါးခြင်း တည်းဟူသော ဘေးဆိုး ကြီးသို့ ဧကန်ဝင်ရောက်ရချေ ဦးမည်။ ။"အလောင်းစည်သူ" မင်းကြီးသည် အလုံးစုံသော မင်း၏ စည်းစိမ် ရိပ်ငြိမ် ချမ်းသာ မဂ်လာ ကြက်သရေ မျိုး,ဆွေ, ကျွန်သီး အမှုကြီး,အမှုငယ်တို့ကို စွန့်ပယ် ရှောင်တိမ်းတော် မူလျက် မသွယ်သာ မဝိုက်သာ ရှင်သေမင်း ရှိရာသို့ လိုက်ပါတော်မူရသကဲ့သို့ ငါတို့တစု သည်လည်း ပိုင်ဆိုင် သမျှသော- ဇူဌ မဂ်လာ ချမ်းသာ ရိပ်ငြိမ် စည်းစိမ် ဥစ္စာ ဂုဏ်ဝါ

ကြက်သရေ အခွေ့အရံ တို့ကို စွန့်ပယ်ကြ ကုန်လျက် ရှင်သေမင်း ထံမှောက်သို့ ဧကန်ရောက်ရချေဦးမည်။ ။ "အလောင်း စည်သူ" မင်းကြီး ပြုလုပ်တည်ထားတော်မူ ခဲ့သော- ကောင်းမှု ကုသိုလ်တော် တို့တွင် အချိုမူကား ယခုအခါတွင် ပျက်စီး ဆုံးပါး ကြလေကုန် သကဲ့သို့ ဘုံ သုံးဆဲ့ တခုတွင် ကြည့်ရှု၍ မြင်ကောင်းသမျှ သစ်ါရ ဝတ္ထု အစုစုတို့သည်ကား ပျက်စီးဆုံးပါးခြင်း သာလျှင် နောက်ဆုံး ဂှိချေကုန်သည် တကား။ ။ဤသို့ ဆင်ခြင် ပွါးများလျက် တရားနှင့် စပ်ယှဉ်သော ထိတ်လန့်တုန်လှုပ် ခြင်း– သဟောတ္တပ္ပ, မွေသံဝေဂ ကုသိုလ်ကို ဖြစ်စေပြီး လျှင် မအိုမီ, မနာမီ, မသေမီက ပျတ်စီးခြင်းတကာတို့၏ ကုန်ဆုံးရာ, ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန် ရောက်ကြောင်း ကောင်းမှု ကုသိုလ် တို့ကို အားထုတ် လုပ်ကိုင်ရာ သ တည်း။ ။ထိုမှတပါးလည်း "အလောင်း စည်သူ" မင်း ကြီး ပြုသမျှသော ကောင်းမှုကုသိုလ် တို့ကို ဖြူစင်သော စိတ်နှလုံးဖြင့် ကောင်းချီးသံ ပြု၍ သာရ- သာရ- ဟူ၍ သုံးကြိမ်တိုင်အောင် ရွတ်ဆိုခေါ်ငင်ပြီး ကြည်လင်ဝမ်း မြောက်ကြရာသတည်း။

သီဟိုဠ်ရှင် ဘုရားဒါယကာ နတ်ရွာတော်
စံခန်း ပြီး၏။

နောက်ထပ်အသစ်ပြင်ဆင်ခန်း။

ဤသို့လျှင် သိဟိုဠ်ရှင် မြတ်စွာဘုရား ဒါယကာ နှတ် ရွာတော် စံခန်းကို ပြဆိုပြီး၍ ယခုအခါ နောက်ထပ် အသစ်ပြင်ဆင်ခန်းကို ဆိုပေအံ့သတည်း။

၁။ ဖြင်သာ ရွာအုပ်မင်း။

ဤသို့ ဆိုအပ်ခဲ့ပြီးသော အစဉ်ဖြင့် မြန်မာ နိုင်ငံတော် အတွင်း၌ မြန်မာဘုရင် အဆက်ဆက်တို့ စိုးရိုး အုပ်ချုပ် တော် မူခဲ့ရာ နှစ်ကာလ ရှည်ကြာလတ်သော အခါတွင် မြတ်စွာဘုရား သာသနာ တော်သည် တဖြေးဖြေး တိုးပွား ကဲ့သို့ တဖြောင်ဖြောင် ထွန်းတောက်ပသဲ့ အချိန်၌ သုနာ ပရန္တ, တမ္ဗဒီပ- အစရှိသော အတိုင်းတိုင်း ဒေသသြတို့ကို အစိုးရတော် မူသော ဣရာတွင်း, ငွေတွင်း အစရှိ သော အဝိညာဏက ရတနာ ဆဒ္ဒန်ဆင်ဖြူ- အစရှိသော သဝိညာဏက ရတနာ တို့၏ အရှင်ဖြစ်တော် မူသော ဗာဟုဗလ, ဘောဂဗလ, အမ္ဗဗလ, အဘိစ္စဗလ, ပညာ ဗလ,-ဟူသော အားငါးပါးနှင့် ပြည့်စုံတော်မူသော သိုက်, တိတ်, နိဂိတ် ဗျာဒိတ်ညီစွာ မဟာအမရပူရ- ဇြိုဘည့် နန်းတည့် ဗဒုံမင်းဘုရားကြီး ဘုရားသည် သာသနာ တော်သက္ကရာဇ်၌ နှစ်ဆောင်,သုံးရာ,နှစ်ဆဲ့,ငါးခု(၂၃၂၅)ခု ဂေါဇာ သက္ကရာဇ်၌ တဆောင်, တရာ, ငါးဆဲ့, သုံးခု (၁၁၄၃)ခု တပို့တွဲ လပြည့်ကျော် တဆဲ့, လေးရက် (လကွယ်နေ့) တနင်္လာနေ့တွင် မြတ်သော မင်းဇကာရာဇ်

အခြစ်သို့ ရောက်ဘော်မူ၍ သာသနာဘော် သက္ကရာဇ် နှစ်ထောင်, သုံးရာ, ခြောက်ဆဲ့ သုံးခ (၂၃၉၃)ခု ဂါဓာ သက္ကရာဇ် တထောင်, တရာ, ရှစ်ဆဲ့, တခု (၁၁၀၁)ခု နယုန် လဆန်း တဆဲ့ သုံးရက်နေ့- တိုင်ဘောင် ရာဇာ နာပူရ- အင်းဝမြို့တွင် နန်းစံ တနှစ်နှင့် လေးလ အာမရ ပူရ ဇရာနန်းတော်ဝယ် သုံးဆဲ့, ခြောက်နှစ် နှစ်ရပေါင်း "သုံးဆဲ့, ရှစ်နှစ်" တို့ပဘ်လုံး ကိုယ်တော်၏ စီးပွါး, သာသနာတော်၏စီးပွါး, အမျိုးလေးပါးတို့၏ စီးပွါးကို ဆောင်တော်မူလျက် စိုးစံတော် မူလေသည်။

မှတ်ချက်။

၍ မင်းတရားကြီးကို "ဘိုးတော် မင်းတရား" ဟူ၍ဖြင်း, ဗဒုံမြို့ကို မင်းသားဖြစ်စဉ် စားရသော ကြောင့် "ဗဒုံမင်းတရား' ဟူ၍ဖြင်း ရေးမှတ်ခေါ် ဝေါ်ကြလေသည်။

ထိုမင်းတရားကြီး ဘုရား၏ မိဖုရား များစွာတို့တွင် "သိရိမဟာ မဂိသာဒေဝီ" ဘွဲ့အမည် ရှိသော တောင် ဆောင်တော် မိဖုရားလည်း အပါ အဝင် ဖြစ်လေသည်။ ထို တောင်ဆောင်တော် မိဖုရား "သိရိမဟာ မဂိသာ ဒေဝီ"တွင် သားတော် တပါး ဘွားမြင်တော်မူရာ ဘိုး တော် မင်းတရားကြီးသည် ထိုသားတော် အရွယ်သို့ ရောက်လျှင် "သိဟသူရမဟာမွေရာဇာ" ဟူသော အမည် ဖြင့် ပုဂံမြို့ကို မြို့စားပေးတော်မူ၏။ ။ထို့နောင် ပင်း တလဲမြို့ကိုလည်း မြို့စား ပေးတော်မူပြန်သည်။ ။၍သို့

လျှင် ကုန်းဘောင်နေမျိုး သတိုးဝံသ အာဒိစ္စ နှယ်တွင် ငါးဆင့်မြောက် ဖြစ်တော်မူသော ဗဒုံမင်းတရားကြီးသည် ကိုယ်တော်မြတ်၏ သားတော်ကို ပုဂံမြို့, ပင်းတလဲမြို့တို့ကို ပေးသနားတော်မူ၍ ချီးမြှောက်တော် မူသည်။

၂။ ဖြင်သာရွာကြီး စည်ကားပုံ။

ထိုစဉ်အခါ နတ်မင်းလေးပါး သိကြား ဝိသုကံ စီမံ ညီညာ ဖန်ဆင်းလာ သကဲ့သို့ ကျည်ာ ထုဖော်ချောက် ဇရာဝတီ မြစ်တလျှောက်၌ ပေါ်ပေါက် ပြုထွက် ပြုင် ဘက်မထင် "ဖြင်သာ"ဟု ခေါ်ဝေါ် သမုတ်အပ်သော ရွာနိုင်ုးကြီး တရုသည် ထင်ရှားစွာ ရှိလေသတည်း။

မှတ်ချက်။

ဖြင်သာရွာကြီး- ဟူသည်ကား ယခု အခါ ပခုက္ကူမြို့တွင် "ဖြင်သာရပ်" ဟူ၍ ထင်ရှားသော အရပ်အကွက်ပင် ဖြစ်လေသည်။ ။ထိုဖြင်သာ ရွာ၏ အကြောင်းကား ကျောက်စာတို့၌ ပါရှိသည်။ ပခုက္ကူ။—ဟူသော အမည်ဖြင့် မပါရှိခဲ့။ ယင်းသို့ မပါရှိ သေသောကြောင့် ထိုစဉ် အခါတွင် ဖြင်သာရွာကြီး သည်သာ ကြီးကျယ် စည်ကားသည်။ ပခုက္ကူ။ဟူသော အမည်ဖြင့် ရွာပင် ရှိစေဦး၊ ကြီးကျယ် စည်ကား လှသည် မဟုတ်သေး- ဟူသော အဓိပ္ပါယ်သည် ပြီးစီး လေတော့သည်။

ထို မြင်သာရွာကြီးကား လူနေအိမ်ခြေ စည်ကားလှ၏။ ဧရာဝတီမြစ်တလျှောက်၌ ထင်ပေါ် ကြော်ကြားသော ဂုဏ်သတင်း ရှိသည့်ပြင် များစွာသော လှေကြီး, လှေငယ် တို့ဖြင့်လည်း တင့်တယ်လှ ပေ၏။ ကောင်းသော ရေဆိပ်, စည်ကားသော ဈေးရုံတို့ဖြင့် ပြုပြင် အပ်သည် ဖြစ်၍ အထူးထူးသော လူမျိုးအပေါင်းတို့နှင့်လည်း ယောပြွမ်းလျက်ရှိ၏။ ။ခိုမြီးလာကုန်သော သူတို့အား လိုရာဝတ္ထုကိုလည်း ပြည့်စုံအောင် ပေးနိုင်သော ရွာကြီးဖြစ်လေသည်။ ။ဤအရာ၌ သီဟိုဠ်ရှင် မြတ်စွာဘုရား အတွင်း၌ရှိသော လေးကျွန်းဆိမီး ဘုရားကျောက်စာ, ရတနာမဥ္ဇူ၊ ဘုရားကျောက်စာတို့၌ ရေးသား ပါရှိသော အတိုင်း ဂါထာများကို ထုတ်နုတ် ရေးသားဦးအံ့။

ရတနာမဥ္ဇူ၊ ဘုရားကျောက်စာ ဂါထာ။

၁။ တက္ကာလပါကဋော ဘူတော၊
နဒီတလေ အနောပမော။
ထပေတွာန မဟာပူရံ၊
မြင်သာတိသမ္မတော ဝရော။ ။

(မူလ- ကျောက်စာ၌ အနက် သမ္ဘန်ခြင်းမပါ။ မပါသော်လည်း သမ္ဘန်၍ ပြဦးမည်)။

၁။ တက္ကာလ ပါကဋော၊ အမရပူရ ရွှေပြည်မ၌ ထွန်းပ ဘုန်းရောင် ကုန်းဘောင် ငါးဆင့် တန်ခိုးဖွင့်သည် မင်းမင့်လွှမ်းခြုံ ဦးညွှတ်ရုံသည့် ဗဒုံမင်းတရား

ထင်ရှားဖြစ်ရာ ထိုအခါ၌ လွန်စွာ ကျော်စောသည် ဖြစ်၍။ ဘူတော၊ စည်ပင်ခမ်းနား ပြန့်ပွါး ကြီးကျယ်သော။ နဒီတလေ၊ ဧရာဝတီ ဘွဲ့ထူးချီသည့် နဒီမည့်တွင် မြစ်ပြင်တလျှောက်၌။ မဟာပူရံ၊ မြို့ကြီး,ပြကြီး ပြည်ထောင်ကြီး အပေါင်းကို။ ထပေတွာန၊ မယူဖယ်ရှား ချင်းချန် ထား၍။ အနောပမော၊ နှိုင်းယှဉ်ဘွယ်ရာ ဥပမာမရှိ လွတ်ကင်းဘိသော။ မြင်သာတိသမ္မတော၊ "မြင်သာ"ဟူ၍ ခေါ်ဝေါ်သမုတ်အပ်သော။ ဝရော၊ မြတ်သည်ထက်မြတ်၊ တောင့်တအပ်သော။ ။(ရှေ့ဂါထာ၌ ထည့်သွင်း အပ်သော မဟာဂါမောမှာစပ်)။

၂။ မဟာနာဝါဟိ သမ္ပုဏ္ဏော၊
သုတိတ္ထာပဏသခ်တော။
နာနာဇန သမာကိဏ္ဏော၊
ဧဆိတိဆိတ လာဘကော။ ။

၂။ မဟာနာဝါဟိ၊ အမြောက်အများ ပြန့်ပွါး စည့်ပင်သော လှေကြီးတို့ဖြင့်။ သမ္ပုဏ္ဏော၊ ကမ်းနား မြစ်ရုံ ရစ်ပတ်ရုံ၍ လောက်လုံ ပြည့်ဖြိုးပေသော။ သုတိတ္ထာပဏသခ်တော၊ ရေဆိပ် ကမ်းခြေ တောင်းသော မြေနှင့် ဖြန့်ဝေခင်းထား ဈေးရုံများတို့ဖြင့် သားနားပြုပြင် စီရင်ကျင်းပ အပ်သော။ နာနာဇနသမာကိဏ္ဏော၊ အထူးထူးသောလူ ရောင်းဝယ်သူတို့နှင့် ပြောထူခြမ့်မွမ်း ယောပြွမ်းယှက်တင်၍ နေသော။ ဧဆိတိဆိတ လာဘကော၊ လိုရာ,လိုရာ တောင့်တပါသည့် ဥစ္စာ များမြောင် ရာ

အထောင်ကို ရအောင် ပြုလုပ်တတ်သော။ မဟာဂါမော။ ရေဆိပ် ဈေးရုံ လူဗိုလ်ပုံတို့ ခိုလှုံ နေမှီး ရွာကြီး တခု သည်။ အထွေ၊ ရှိခဲ့ပေ သတည်း။

ထို မြင်သာ ရွာကြီး၌ မြင်သာရွာစား သို့မဟုတ်-မြင်သာ ရွာအုပ်ဟု ခေါ်သော ရွာသူကြီး မင်းကြီး တယောက် ရှိလေသည်။ ။ထို မြင်သာ ရွာအုပ်ကြီးကား ကုသိုလ် ကောင်းမှုတို့၌ မမေ့ မလျော့သော သဘောရှိ၍ ဆည်းပူးတတ်၏။ ရတနာသုံးပါး တို့၌လည်း အထူးသဖြင့် ကြည်ညိုသော သဒ္ဓါတရား ရှိလေ၏။ သား, မြေး, မြစ်-အစရှိသော အခြံအရံလည်း များပြားလေ၏။ နူးညံ့ ပြော့ ပျောင်း ကောင်းမွန်သော စိတ်သဘောရှိရကား များစွာ သော လူအပေါင်းတို့လည်း ချစ်မြတ်နိုး အပ်သတည်း။ ။ ရေးသား ဘော်ပြခဲ့ပြီးသော ပုဂံမြို့စား, ပင်းတလဲမြို့စား, မင်းသားကြီး "သီဟသူရမဟာမေ့ရာဇာ"၏ ကျွန်တော်-ရင်းလည်းဖြစ်၏။ ။မင်းသားကြီး "သီဟသူရ မဟာမေ့ ရာဇာ"သည် မြင်သာ ရွာအုပ်မင်းကို ချစ်ကြည်လေးမြတ် တော် မူသောကြောင့် မိမိ၏ ပုဂံမြို့နယ် အဝင်-မြင်သာ ရွာ၌ သူကောင်း ပြုထားတော်မူသတည်း။ ။ထို့ကြောင့် မြင်သာ ရွာအုပ်ကြီးကား မင်းကျွမ်းဝင်သောသူ ဖြစ်လေ၏။ မင်းဝင် စိုးထွက် ထက်မြက် ဂုဏ်ဝါ အာဏာ အရှိန်-ရှိသောသူလည်း ဖြစ်လေသည်။ ။မြင်သာရွာမှ ထွက် သောအခွန်အတုတ်တို့ကို သုံးစွဲစားသောက်ပြီးလျှင် ရတနာ သုံးပါးနှင့် စပ်၍ တတ်စွမ်း သမျှ လှူဒါန်း စွန့်ကြဲလေ့ ရှိ သတည်း။ ။အလေ့အကျင့်လည်း ဖြူစင်သဖြင့် လူရှင်

ရဟန်းတို့ ချီးမွမ်းအပ်သော သူပေတည်း။ ထိုစဉ်အခါက မြင်သာ ရှာအုပ်မင်း- ဟူသော ဂုဏ်သတင်းကား ပတ်ဝန်းကျင် အရပ်တို့၌ ပြန့်နှံ့လွမ်းခြုံ၍ အပုံကြီး- ကြီးမား ခဲ့လေသတည်း။

၃။ လက်ဝဲလက်ယာ အရံ ရုပ်ပွါးနှစ်ဆူတို့ကို ထုလုပ် ကိုးကွယ်ခြင်း။

ဤသို့လျှင် ခြောက် ပါးသော နာယက ဂုဏ် တို့နှင့် လောက်လုံသော ပင်းတလဲ မြို့စား မင်းသား မိဖုရား တို့၏ အစီးအပွါးကို ဆောင်တတ်သော မြင်သာ ရှာအုပ် ကြီးသည် မြင်သာရှာ အနီး အလောင်းစည်သူ မင်းကြီး တည်ထားတော် မူခဲ့သော "သီဟိုဋ္ဌိရှင်" မြတ်စွာဘုရား၌ ချိုတဲ့ပျက်စီးသော အရာတို့ကို မြင်ရသဖြင့်....နွေလ အခါ ရေကိုရှာမှီးသော သူသည် ဇေးမြကြည်လင် ရေစင် ထွက်ရာ မင်္ဂလာ ရေကန်ကို မြင်ရသော် ရွှင်ပျဝမ်းသာ ဘိသကဲ့သို့ ....ဤချိုတဲ့သော အရာကား ငါ့အားကောင်း မှုကိုရှာဖွေစဉ် နတ်များ မြင်စေသကဲ့သို့ ပြုပြင်ရန် ထင် ထာရကုန်သည်....ဟု အောက်မေ့ ပြီးသော် "သီဟိုဋ္ဌိရှင်" မြတ်စွာဘုရား၌ ချိုတဲ့ပျက်စီးသမျှ တို့ကို အလုံးစုံပြုပြင် လေသတည်း။

ပြု ပြင် ပုံ ကား။ ။ဂေါဇာ သက္ကရာဇ် တထောင်, တရာ, ခုနစ်ဆဲ့, ရှစ်ခု (၁၁၇၈)ခုနှစ် ဝါဆို လဆန်း ဆယ်ရက် (၁၀)ရက် နေ့၌ အုံတုံ, တင်လဲ ထုံး,သဲ,ဆီ

မုန်ညင်းဆန်, ကျွဲကော်ဘ်ရှိဖြင့် ကောင်းမွန်စွာ နယ်အပ်သော အင်္ဂတေဘ်ရှိကို သီဟိုဠ်ရှင် မုဌော စေတီတော်၌ မွမ်းမံ သုတ်သိမ်းရ သဘည်း။ ။ပြီးလျှင် ထီးဆင့် ၁၂ ဘုံ ထုပိကာသံချိန်- ၄၁၀၀- ၇၅။ သံတိုင်အချိန်- ၁၂၀။ ကြေး စလောင်း အချိန်- ၃၆၀- ၆၀။ ဆည်းလည်း ညောင်ရွက်ကျီ ခြေ အချိန်- ၁၀၀။ ကြေးနီ, ကြေးဝါပြား နန်းကြိုး အချိန်- ၆၄။ အရပ် ရပ် ကြေး သံချိန်ပေါင်း- ၁၈၁၀- ၉၉။ ။ဤသို့သော ထီးတော်ကို ရွှေဆိုင်း(၁၀၁) ဆိုင်း မျက်ဝါး ဆိုင်းကြီး ရွှေနီ (၆၂) ပြားတို့ဖြင့် မွမ်းမံချယ်လယ်ရလေသည်။ ။ဤသို့ ချယ်လယ် ဆင်ယင်ပြီးလျှင် သီဟိုဠ်ရှင် မြတ်စွာဘုရား ထီးတော် ပျက်စီးသည်ကို ယန္တရားစက် ဆင်၍ ထီးတင် လှူဒါန်းလေသတည်း။

ထီးတော် တင်ပြီးလျှင် ရိုးဖြိုင်ဖြိုင် ရွာသွန်းလေ၏။ အရပ် ရှစ်မျက်နှာမှ ရိုးတိမ်တိုက် တက်ပြီးလျှင် တပြိုင်နက်ရွာသွန်းရာ သီဟိုဠ်ရှင် မြတ်စွာဘုရား ယင်ပြင်တော်မှာ ဒူး, ပုဆစ်မျှ ရေ တင်သော ဟူ၏။ သက်ကြီးသူအိုတို့ ပင် မကြုံဘူးဟု ဆိုလေသည်။ ။ထိုနောင် သီဟိုဠ်ရှင် မြတ်စွာ ဘုရား စေတီ တော်ကို သစ်စေး အနီတို့ဖြင့် လိမ်းကျံပြီးမှ ယခင် ဂေါဇာသက္ကရာဇ် (၁၁၈၅) ခုနှစ် သီတင်းကျွတ် လဆန်း ၂ ရက်နေ့မှ စ၍ စေတီတော် လုံးပတ်ပြည့် ရွှေထည့်ချထား လှူဒါန်းပြန်လေသည်။ ။ ရွှေဆိုင်း ရေကား တထောင့်, တရာ, ခုနစ်ဆဲ့, ခုနစ်ဆိုင်း (၁၁၇၇)ဆိုင်းတည်း။ ။ထိုနောင် မဟာရံတံတိုင်း

ကိုလည်း ပျက်စီးသမျှ အသစ်ပြင်၍ အကုန်အစင် ကာရံသည်။ ။စေတီတော်ဝင်း အတွင်း၌လည်း အုတ်တမံတလင်းခင်းပြီးလျှင် အင်္ဂတေ သရွတ် တို့ဖြင့် ကောင်းစွာဖွပ်မံထားသည်။ စေတီတော် ပတ်ဝန်းကျင်၌ ကျောက်ဖျာ များကို စီခင်းသည်။ ။ဘမ်းခွန်တိုင် ရှည်များနှင့် ကျောက်ထီးပေါင်း များစွာ တို့ကိုလည်း သီဟဋ္ဌ သာမိမည်တော် မူသော "သီဟိုင်္ဇရှင်" မြတ်စွာ ဘုရားအား လှူဒါန်းတော်မူသည်။

မူလ- သီဟိုင်္ဇရှင် မြတ်စွာ ဘုရား ရုပ်တု တော်နှင့် အလားတူသော မတ်ရပ် ရုပ်တုတော် နှစ်ဆူ ကိုလည်း ထုလုပ်ကိုးကွယ် ပြီးလျှင် သီဟိုင်္ဇရှင် မြတ်စွာ ဘုရားနှင့် အတူ လက်ဝဲတော် တပါး လက်ျာတော်မှာ တပါး ထားပြီးလျှင် လိုဏ်ဂူ သွင်း၍ ပူဇော် လေသည်။ ။ဗောဓိညောင်ပင် ရွှေပလွင်၌ ချစ်ရှင် ဘုရား လေးပါး သစ္စာသိသော အခါတွင် တင်ပျဉ်ဖွဲခွေ နေတော် မူဟန် ရုပ်သဏ္ဌာန်ကိုလည်း ရုပ်တုတော် တဆူ ထုလုပ် ကိုးကွယ်တော်မူသည်။ ။မြင်သာ ရွာအုပ်ကြီး ထုလုပ်ကိုးကွယ်သော မတ်ရပ်တော်ပုံ- ရုပ်တုတော် နှစ်ဆူကား ယခုဖူးမြင်ရသော ရုပ်တုတော်သုံးဆူတွင် လက်ဝဲ, လက်ယာ ထားလျက် ဉာဏ်တော် ကြီးမားသော ဘုရားရုပ်တု နှစ်ဆူပင် ဖြစ်လေသည်။ ။၏ အရာတွင် သီဟိုင်္ဇရှင် မြတ်စွာဘုရား ယင်ပြင်တော်တွင် ရှိသော- လေးကျွန်းဆီမီးဘုရား ကျောက်စာ ဂါထာကို ထုတ်နုတ်ရေးသားပေဦးအုံ။

လေးကျွန်း ဆိမီးဘုရား ကျောက်စာ ဂါထာ။

၁။ ဝိဝဋ္ဌ ကာမာန ပုဇာ ဝိသေသံ၊
ကရံ နုရူပံ ဖိနဓာတု ကြုဗ္ဗံ။
နရာနရာနံ မနဝဇုကာရံ၊
စိရဋ္ဌိတတ္ထံ ဝရသောဏ္ဏ လေပံ။ ။
ဥပေန္ဒ ဝဖိရာဂါထာ။

မှာထားချက်။

(မူလ ကျောက်စာ၌ အနက်မပါ သော်လည်း အနက်သမ္မန်၍ ပြဦးအံ့)။ ။ဝိဝဋ္ဌ ကာမာန- ၌ ဆန်းကြောင့် နိဂ္ဂဟိတ် ကျေသည်။ ပုဇာ ဝိသေသံ-၌ ဆန်းကြောင့် ဦ- ကို ဥ- ရသ ပြု။ ။ ဖိနဓာတု-၌ ဆန်းကြောင့် နိဂ္ဂဟိတ်ကျေသည်။ ။ ဤကား မှာထားချက်တည်း။

"အနက်ကား"။ ။ဝိဝဋ္ဌ ကာမာနံ၊ ဝဋ် သုံးပါးမှ ကင်းရာဖြစ်သော နိဗ္ဗာန်ကို ရည်သန်တောင့်တ အလို ရှိကြကုန်သော သူတော်ကောင်း တို့၏။ ဝါ၊ သူတော်ကောင်း တို့အား။ ပူဇာဝိသေသံ၊ ပူဇော်ဘွယ် အထူးကို။ ဝါ၊ အထူးသဖြင့် ပူဇော်ခြင်းကို။ ကရံ- ကရောန္တံ၊ ပြုတော်မူနိုင် ပေသော။ နရာနရာနံ၊ လူနတ် အပေါင်း တို့၏။ မနဝဇုကာရံ၊ စိတ်နှလုံး၏ တိုးပွါးခြင်းကို ပြုလုပ်တော်မူနိုင်ပေသော။ ဖိနဓာတုံ၊ မြတ်စွာ ဘုရား၏ ရုပ်ပွါးရှင် မြတ် မွေတော်ဓာတ် နှစ်ဆူကို။ အနုရူပံ၊ မူလရုပ်ဓာတ်

အရှင် မြတ်နှင့် လျောက်ပတ် ညီညွတ်အောင်။ ကြုဗ္ဗံ-ကြုဗ္ဗန္တော၊ တည်ထား ထုလုပ် သွန်းချက် ကိုးကွယ်လျက်။ စိရဋ္ဌိတတ္တံ၊ ကြာမြင့်စွာတည် အရှည်ခန့်စေခြင်းငှါ။ ဝရသောဏ္ဏ လေပံ၊ မြတ်သောရွှေဘို့ဖြင့် လိမ်းကျံမွမ်းမံခြင်းကို။ (အကာသိ)၊ ရှိသေစွာ ပြုလုပ်လေပြီ။

ဤဂါထာဖြင့် မြင်သာ ရွာအုပ် မင်းသည် သီဟိုဋ္ဌ ရှင် မြတ်စွာဘုရား ရုပ်ပွါး တော်နှင့် အလား တူသော ရုပ်ပွါးတော် နှစ်ဆူ အသစ် တည်ထားတော် မူသော အနက်ကို ပြဆို လေသည်။ ။ဤသို့လျှင် သီဟိုဋ္ဌရှင် မြတ်စွာဘုရား၌ ပြန့်ပွါးသောသဒ္ဓါ စေတနာ ထက်သန်လှသည် ဖြစ်၍ မြင်သာရွာအုပ် မင်းသည် သက္ကရာဇ် (၁၁၇၈)ခုနှစ် ဝါဆိုလဆန်း ၁၀-ရက် နေ့၌ အဂ်တေ အသစ်ဖွပ်၍ မွမ်းမံပြီးသော စေတီတော်ဝယ် ထီးတင်လှူဒါန်းခြင်း၊ ယင်းသက္ကရာဇ်မှာပင် သီတင်းကျွတ်လဆန်း ၂-ရက်နေ့၌ ဘုရားရှင် ရုပ်တုတော် နှစ်ဆူ တည်ထားထုလုပ်ခြင်း၊ တင်ပျဉ်ခွေ ရုပ်တုတဆူ တည်ထားထုလုပ်ခြင်း၊ ဘုရားဝင်း အတွင်း ကျောက်ဖျာ ခင်းခြင်း၊ အုတ်တမံတသင်း ခင်းခြင်း၊ မဟာရံ တံတိုင်းကို အသစ်ပြုပြင်ခြင်း- စသော မြောက်များစွာသော ကောင်းမှု ကုသိုလ် အပေါင်းကို ပြုသေသတည်း။ ။သည်မှ တပါးသည်း မြင်သာရွာအုပ် မင်း၏ ကောင်းမှုကုသိုလ် အပေါင်းကို ကျောက်စာ၌ ဆိုပေသေး၏။ ရေးသားသော် ရှည်လျားအံ့စိုး၍ အထူး မရေးသား တော့ဘဲ လေးကျွန်း ဆီခီး ဘုရားကျောက်စာကို ထည့်သွင်းဘော်ပြလိုက်သတည်း။

ကျောက်စာ၌ ပါဠိဂါထာများပါ ပါ၌သော်လည်း ကျယ်ဝန်းနေအုံစိုး၍ မြန်မာ သက်သက် ရေးသား ထားသမျှကို ဘော်ပြ သိုက်ခသည်။ ။ဤ ကျောက်စာကို ဘတ် ကြားခြင်းဖြင့် မြင်သာရှာအရပ် မင်း၏ ကောင်းမှုကုသိုလ် အပေါင်းကို သိရာသတည်း။

လေးကျွန်း ဆီဒီးဘုရား ကျောက်စာ
ပထမ မျက်နှာ။

ရှေးရှေးသော ဘုရားမြတ်စွာတို့ အထံ၌ ပန်ယူဘူးသော အဓိကာရ- ပုညသမ္ဘာရနှင့်သော အလောင်းတော် ဖြာဟ္မဏမဟာ သာသသည်။ ။အာပရိမေယျ ဇာတော ကပ္ပေ၊ ဇုဒ္ဓါ သောဂေ ဘဝိသတိ။ ။ဟု- အဓိပတိ မုနိချစ်ခင် ဒီပင်္ကရ ဘုရား မြွက်ကြား ခတ်နှိပ် နှုတ် တံဆိပ်ကို ဦးထိပ်အရောင် ပန်ဆင်ဘော် မူပြီးမှ အသဒိသ, အနေနောပမ, အာသမ,သမ, အပ္ပဋိမ- စင်စစ် ဖြစ်တော် မူကုန်သော နှစ်ကျိပ်သုံးဆူသော ဘုရားသခင် တို့၏ ခြေတော်ရင်းဝယ် ဝပ်စင်း တုပ်ကွ ဂါတမ ဘုရား ဖြစ် လတ္တံ့- ဟူသော အောင်ပန်း နိမိတ် ဗျာဒိတ် တော်သံ ခံယူတော် မူသဖြင့် ဆင့်ဆင့် ပွါးဘိ သံကိုလေသ ဟာန ဌိတိ မဂ္ဂိဗေရ ငါသေသဘာဂိ အညိကျင့်ကုန် ပုညဉာဏ သမ္ဘာရ အစုသည် တရသောဘဝဝယ် တူမျှပြိုင်ဇဝ် ချစေအပ်သတည်းဟု ဘဒ္ဒကပ်မည်သာ ဤကမ္ဘာထက် နာဂဒိပတိ မုနိဘုန်းထွတ် ပဂ္ဂိုလ်မြတ်တို့ ကြည့်ဆတ်စွာတိ ဝိဝဋ္ဋဉာယိကပ်၏ ခြေကြာက်ဘို့တို့ အထက်

မဂ် ကူးတို့မှူး သုံးဦးသော ဘုရားတို့၏ နောက်ဆက်အသက် တရာတန်း လူတို့ နေသော အခါ မဟာဝံသသကျ နွယ်စစ် ဖြစ်တော် မူ၍ လေးဆူသစ္စာ နက်နဲစွာကို ဆရာမရှိ ကိုယ်တိုင်သိ၍ အသဒိသ တူမျှပြိုင်ကင်း မင်းဆုံး ဖြစ်တော်မူသော ဂေါတမ မည်သား မြတ်စွာ ဘုရား သာသနာတော်သည် နေခြည် လ- လျှံ နှိုင်းစံ မမျှ တောက်ပ ထွန်းဝင်း ပွင့်လင်းသော အခါ မဟာနဂရ အမရပူရ မြို့တည် လက်နက်စကြာ သခင် ဆင်ဖြူရတနာ စသော အတိုင်းတိုင်း အပြည်ပြည် ထီးဆောင်း မင်းတို့သည် ဆက်သ အင်သော ပဏ္ဏာကာရ တို့ကို သိမ်းယူ ဆက်ခံ စိုးစံတော် မူသော မင်းတရား ကြီး၏ သားတော်ရင်းစစ် ဖြစ်တော် မူသော မင်းသားတို့ သိမြင်လိမ္မာအင်သော ဆင်, မြင်း, လေး,လှံ- စသော အတတ်တဆဲ့ ရှစ်ရပ်သော သိပ္ပပညာ သံသရာရေး မြော်တွေး ထောက်ရှု အနု,အရင့် နှိုင်းချင့် ပိုင်းခြား သူတပါးမှ ထူးခြား လွန်ကဲ မြဲမြံစေ့စပ် ချီးမွမ်း အင်သော ဉာဏသမ္ဘာရ ရှိတော်မူသော ပင်းတလဲ ပေါက္ကံ နိုင်ငံနှစ်ရပ် နှိပ်ကွပ်စိုးယူ ဇမ္ဗူသောင်းလုံး သိမ်းကျုံးနှိပ်နင်း မင်းမီးတဆူ ထီးဖြူဆောင်း ထိုက်သော အကြောင်းရင်းသက ဝိသေသ ရှိတော်မူသော ပေါက္ကံမြို့စား သခင်- အရှင်မောင်နှံ နှစ်ပါး၏ ထူးခြားသော ကုသိုလ်တော် မြတ်ကြောင့် နတ်ဝိသုကံ စီမံဘိ သဏ္ဍသို့ ချိုတဲ့မရှိ ပီတိပြန့်ပွါးရာ မြင်သာဟု သမုတ်အင်သော မဟာဂါမ၌ ဂုဏ ခြောက်အင် ပြည့်စုံလင်လျက် အရှင် နှစ်ပါး၏- စီးပွါး

ဘော်ပြု အမှတ်တော်သမီး ခွဲခြမ်းလိမ္မာ ရွာအုပ် မင်းထွဋ်မောင်နှံ တို့သည် ကမ္မဗလ တိသရဏာ ဂမန အစလေ ပဉ္စ သဒ္ဓါဒြ အမြဲ တည်လျက် သုံးမည်သောဝဋ် ကင်းလွတ်လွယ်သည် ဖြစ်စေ- ကုဒါနိယ စသောမ.....
.....(၅၂ နေရာ၌ စာနှစ်ကြောင်းခန့် ပျက်နေ၍ မသိသာပြီ)။

ဒုတိယ ချက်နှာ။

ထိုနောက် အခုံတုံ,တင်လဲ ထုံး,သဲ,ဆိမ့်မှန် ဂုန်ညင်းဆန်, လဲဝါ ကျွဲကောပါသျက် သုံးခါသုံးထပ် နွားနပ်ကောင်းမွှန် စွာ ထောင်းထုအပ်သော အဂိတေဖြင့် သေချာ စေ့စပ် ဖွပ်မံပြီးမှ ထီး ၁၂ ဘုံ ထုပိကာ သံချိန် ၄၁၂-၇၅။ သံဘိုင်အချိန်- ၁၂၂။ ကြေးစလောင်းအချိန်- ၁၆၂- ၆၀။ ဆည်းလည်းညောင်ရွက် ကျီးခြေ အချိန်- ၁၀၂။ ကြေးနီ, ကြေးဝါပြား နှန်းကြိုး အချိန- ၆၄။ အာရပ်ရပ် ကြေးသံ ချိန်ပေါင်း. ၁၈၁- ၉၉။ အရေပ်ရေပ်တို့ကို ၁၀၁- ဆိုင်းနှင့် ၆၂ ပြားသော မျက်ဝါးဆိုင်းကြီး ဣန္ဒိုဘို့ဖြင့် တင့်တယ်စွာ တန်ဆာ ဆင်ပြီးမှ[၁] အဉ္ဇမုနိနာဘိ စန္ဒ သက္က

---

[၁] ။အာဠာ, မုနိ, နာဘိ, စန္ဒ။ ။ဟူသောစကားဦး။ ။ ထောက သညာ သဒ္ဒါ အားဖြင့်။ ။အဉ္ဇကား "ရှစ် ဂဏာန်း"။ မုနိကား "ဟရိဝံသ" မည်သော သက္ကဋဘာသာ ဘိဓာန်၌ ဖြာဟ္မာ မင်းဘို့၏ သား ဖြစ်သော ဂသွေဘို့ သည်။ ။မဂိဗိ, အာဏို,ပုဏဟ ပုသစ္ဆ ကတ အာဂီဂ

ရောက်ခါ ဝါဆိုလဆန်း ၁၀-ရက်နေ့ ခြောက်ကျိပ်သော သံဃာတော်ဘိုအား ဆွမ်း, သက်နိုး လှူဒါန်း၍ ဆန်းကြယ်စွာ လုပ်ဆောင် အပ်သော သိကြား, မာဘလိစသော နတ်သန္တရားစက် ဆင်၍ တင်လှူပြီးခါ သမ္မာဒေဝနတ်တို့ ပုဗ္ဗနိမိတ် ဖြစ်စေလို၍ လူအို, လူကြီးတို့ မကြုံမကြားစဘူး အထူးသီးခြား ကွဲ, နွား, မြောမျှ သိဃ်လ သာမိ စေတီတော် ဇဂီဝယ် ပုဆစ်ဒူး နှစ်အောင် ရေပြေးလျက် ဇေးမြ ရွှင်လန်း မိုဃ်းပန်းခြိမ့်မျှ သွန်းသတည်း။ ။ထိုနောက် စေတီ လုံးကျွတ် သစ္စေး အနီ တို့ ဖြင့် အသပ်များစွာ သုတ်လိမ်း ပြီးလျှင် ၎င်းသက္ကရာဇ်သီဘင်းကျွတ် လဆန်း ၂ ရက်နေ့ စ၍ လုံးတော်ပြည့်ထည့်ချ အပ်သော ရွှေကား ဆိုင်းရေ- ၁၁၇၇။ အသစ်ထပ်ကာ မဟာတံတိုင်းမှခ် အုတ်ရိုးအဂီတေ မြေပြည့်တလင်း စီခင်းကျောက်ဖျာ မြင့်ရှည်စွာ တမ်းခွန်တိုင်ကြီး ကျောက်ထီး များစွာ သိဃ်လ သာမိ ဘုရား သခင်၏ လက်ျာ လက်ဝဲ နှစ်ဘော်- ရွှေရပ်ဘော် ဘုရား နှစ်ဆူ

ဝသိဌ-ဟု ခုနစ်ယောက် ရှိသည်ကို စွဲ၍ သတ္တ သဒ္ဒါ ကောက်ရမည် ဆိုသောကြောင့် "ခုနစ် ဂဏန်း"။ ။ မဂဓဆန်း ဦကာ တို့၌ကား တမျိုး ဆိုသည်။ ။နာဘိကား ချက်-ဟူသော အနက်ဟောဖြစ်၍ "တစ်ဂဏန်း"။ ။ စန္ဒကား လမင်း ဟူသော အနက်ဟော ဖြစ်၍ "တစ်ဂဏန်း"။ ။ပြောင်းပြန်လှန်ကောက်လျှင်။ ။(၁၁၇၈)ခု သက္ကရာဇ်ကို ဆိုလိုသည်။

ပွင့်တော် မူသော ဗောဓိ၌ ထက်ဝယ် ပလ္လင်ဖြင့် တင်ပျဉ်ဖွဲခွေ နေတော် မူဟန် ရုပ်တုတော် ကြီးနှင့် တကွ ဓမ္မစေတီများစွာ ဆန်းကြယ်စွာ လုပ်ဆောင် အပ်သော စာဘိုက် သိဟိုင်ဒ်ရှင် ဘုရား, ဆုတောင်းပြည့် ဘုရား, ပေါင်လောင်ရှင် ဘုရား, လယ်ရာဇွှေတောင်ဦး ဘုရားတို့၌ ခြူးပန်း ခြူးနွယ် ချယ်လယ် စီရင် တုရင် မှန်ကင်းစိုက်ထူ အပ်သော မုခ်ဦးစရပ်။ သဟ်ာတော် မြတ်တို့ သိဘင်း သုံးနေရန် အတည် တည်သောကျောင်း။ ကြေးစင်အသပြာ- ၅၀၀- ရှိသော ခေါင်းလောင်း တထပ်။ ရေတွင်း, စရပ်, ဆိမီး, ပန်းစေတီ, ပန်းမွေ့ရာ ရှည်စွာ တံတား ကုက္ကား, တမ်းခွန်လေးတန် ပစ္စယ သိလဘာဝနာ အာမိသမွေ ဒါန ကောင်းမှု အရုရ များစွာ အခါမမေ့ တိုး၍ တိုး၍ နေ့ညဉ့် မချာ သမ္မာ ဆန္ဒ ပြဋ္ဌာန်းလျက် ကြိုးပမ်းအားထုတ် ပါသည်။ ။ဤသို့မယုတ် အားထုတ်အပ်သော ကုသိုလ်စေတနာသည် ဤဘဒ္ဒကမ္ဘာ၌ သစ္စာလေးဆင့် ပွင့်တော် မူလတ္တံ့သော အရိမေတ္တေယျ ဘုရားအထံတော်ဝယ် လေးသွယ် ပဋိသမ္ဘိဒါ ရှစ်ဖြာ ဓိမောက္ခ လွယ်ကာရလျက် သုခ ပဋိပဒါ ခိပ္ပါဘိညဌာနန္တရ ဝိသေ သဖြင့် ထေရ- ဆေရီ အညီ မှန်စွာ ရဟန္တာစင်စစ် ဧကန်ဖြစ်၍ ဆုတ်နစ်မပြန် ပြည်နိဗ္ဗာန်ကို အမှန် ယူလှမ်း ရလိုသောဝ်။ ။ယခုဘဝ ပစ္စက္ခလည်း ဝေရဘယ ဒဏ္ဍ- ဥပဒ္ဒဝ ဆနဝုတိ မရှိချမ်းငြိမ်စည်းစိမ်အသက် တိုးတက်ဌာန ယသ- ကိတ္တိ သိရိ- တေဇ သုခ ထွေထွေ တက်သစ် နေသို့ ပွါးလေသဖြင့်

ဝဋ်သုံးဆင့်ကို အသင့်ဖြည့်သုံး သူတော်ထုံးကို နှလုံး စွဲယူနိုင်စေသောဝ်။ ။အနန္တရ နောက်ကာလလည်း လေးဝအပါယ် လေးသွယ်သောကပ် ရှစ်ရပ်ပြစ်များ လေးပါးဝိပတ် ကင်းလွတ်ဝေးစွာ မဟာကုလ သေဌ သန္ဓေ စွဲနေကုံလုံ ဆယ်ရှစ်ရုံနှင့် သုံးပုံပိဋကတ် တတ်မြောက်လွန်စွာ သိဘိုင်းသာလျှင် စာမရီထုံး ကျင့်သုံး မချော် သူတော်ဥစ္စာ ကိုယ်မကွာလျှင် အဖျာသယ ဓမ္မခြောက်မည် မြဲဆောက်တည်၍ ရှေ့ပြည် စံမြန်း ရလိုသောဝ်။ ။ဝိဝဋ္ဌမျိုး ဆင့်ဆင့်ပျိုးသား ကောင်းကျိုး ကုသိုလ် အဘို့ ကိုလည်း အဟိုလွန်လစ် သက္ကရာဇ်၌ ရဇ္ဇစည်းစိမ် ငြိမ်စေခဲ့ပြီး နတ်ပြည်မြီး၍ ဘုံထီးစံရွှင် တို့အရှင်အား ဦးတင်ညွှတ်ခ ပေးဝေဌ၏။ နရာဓိပတိ သီရိညာနေ ဆွေတော် မျိုးပေါင်း မှူးကောင်း မဘ်ရာ မာတာပိတ အာစေရနှင့် သောက သုံးပုံ ဝဋ်သုံးရုံ၌ ဥသုံများစွာ သဘ္ဘဝါအား ဝေမာဏိက နိရယပိုင်နင်း ယမမင်းကို သိသျှင်းစေမှု သက်သေပြု၍ ယခု ဝေညွှန်း ရေစက် သွန်းသည် သုံးခန်း ဘုံနေ သဖွေ သဘ္ဘာ သဘ္ဘဝါတို့ ဝမ်းသာရုံမက် နှစ်သက်မြော်ရှု ဤကောင်း မှုကို သာရ-သာရ ဇေယျတုဟု အောင်ဆု သံပြိုင် ချီစေသော်....။

မှာထားချက်။

မြင်သာ ရွာအုပ် မင်းကြီး ကောင်းမှုတော် ရုပ်ပွါးဆင်းတု နှစ်ဆူကိုလည်း သိဟိုဋ္ဌရှင် မြဘ

စွာ ဘုရားနှင့် ရုပ်တုပုံ တူညီသော ကြောင့်ရင်း၊ ထို သီဟိုဠ်မြတ်စွာဘုရားနှင့် အတူဘကွ တည်ထားသော ကြောင့်ရင်း၊ သီဟိုဠ်ရှင်ဟူ၍ပင် မည့်ခေါ်တော် မူအပ်သည့်။ ။မြင်သာ ရွာအုပ်ကြီးကား မည်သည့် ရက်- လမှာ မွေးဘွား၍ မည်သည့် ရက်-လမှာ ဆုံးပါးကြောင်းကို စာမတွေ့၍ မရေးသားရပေ။

ဤသို့လျှင် ယိုယွင်း ဟောင်းနွမ်း၍ ညှိုးနွမ်း ပျက်စီးနေတော် မူသော သီဟိုဠ်ရှင် မြတ်စွာဘုရား ဂန္ဓကုဋိတိုက်တော်ကို အသစ်ပြုပြင် စီမံသူဒါန်းခဲ့ခြင်း, ထီးတင်ခြင်း, တံတိုင်း အရံအတား ပြင်ဆင်ခြင်း- အစရှိသော သီဟိုဠ်ရှင် မြတ်စွာဘုရားနှင့် စပ်သမျှ ဟောင်းနွမ်း ယိုယွင်းသော အရာတို့ကို ထပ်မံ ပြုပြင်ခြင်း။ ။ဤသို့ အသစ်အသစ် အလုံးစုံဖြစ်အောင် ပြင်ဆင် ပြုလုပ်ပေသော မြင်သာ ရွာအုပ်ကြီးမင်းအား နောက်သား နောင်လာ များစွာသောသူ ရှင်,လူ,ရဟန်းတို့သည် ဝမ်းမြောက်ဝမ်းသာ ကျေးဇူး တင်ပေ ရာ၏။ ။အကယ် ၍သာ ပျက်စီး ယိုယွင်းလျက် ဆက်လက် ပြင်ဆင်သူ မရှိခဲ့ပါမူ၊ ယခု အချိန် အခါတွင် ထိုစဉ် အခါက သီဟိုဠ်ရှင် မြတ်စွာဘုရားကို နောက်သား လူသူတို့ ဖူးမြော်ရဘွယ် မရှိတော့ သောကြောင့် ရွာအုပ်မင်းကြီး၏ ကောင်းမှုကို လည်း သာရ- ခေါ်ရာသဘည်း။ ။အလောင်း စည်သူ မင်းကြီး တည်ထားတော် မူရင်းအတိုင်း ပြင်ဆင် စီမံ

သဖြင့်လည်း အလွန်ရှေးကျ၍ ဧရာမ ဘုန်းဘော်ရှင် ဖြစ်တော် မူသော အလောင်း စည်သူ မင်းကြီး၏ ခြေရာ, လက်ရာတို့ကို တွေ့မြင်ရလေသည်။ ။ထို့ကြောင့် မြင်သာ ရွာအုပ်မင်းကြီးအား ကျေးဇူးကြီးစွာ တင်ထိုက်ပေသတည်း။

၄။ ဒုတိယအကြိမ် အသစ်ပြင်ဆင်ခြင်း။

ဟောင်းနွမ်း အိုမင်းခြင်း သဘောရှိသော ဝတ္ထုတို့သည် ဟောင်းနွမ်း အိုမင်းချိန်ကျလျှင် မဟောင်းနွမ်းဘဲ မနေရ၊ ဧဝကန် အမှန်ယိုယွင်း၍ အိုမင်း ဟောင်းနွမ်းရမြဲဖြစ်ရာ၊ သီဟိုဠ်ရှင် မြတ်စွာဘုရားနှင့် ဂန္ဓကုဋိတိုက်တော်ဘို့မှာ မြင်သာရွာအုပ်ကြီး ပြင်ဆင် ပြီးသည့်နောင်များမြောင်ရှည်စွာ နှစ်- လ- ရက် ကြာသောအခါ ဇရာသဘောဖြင့် ဟောင်းနွမ်း ပျက်စီးရပြန်လေသတည်း။ ။ယင်းသို့ အိုမင်း၍ ယိုယွင်း ဟောင်းနွမ်းပြန်သော် မြတ်စွာဘုရားရှင်၏ တန်ခိုးတော်အားဖြင့် အသစ် ပြုပြင်လိုသော ဒါယကာများလည်း အဆင်သင့်ပင် ရှိကြ လေကုန်၏။ ။ပခုက္ကူမြို့ နယ်ပယ်နှင့်တကွ မြန်မာနိုင်ငံ အလုံးတွင် ထင်ရှား ပေါ်လွင်သော မြတ်စွာဘုရားဖြစ်၍ လည်း ပျက်စီး ဟောင်းနွမ်းခြင်းကို လျစ်လျူရှုခဲ့ အမှုမဲ့ အမှတ်မဲ့ မနေလိုကြကုန်။

ဘုရားအမကြီး-ဒေါ်လေးကြီး။

ရေးသား ပြဆိုခဲ့ပြီးသောအတိုင်း သီဟိုဠ်ရှင် မုဌော စေတီတော်မှာ ယိုယွင်း ဟောင်းနွမ်းခဲရာ စေတီတော်

လုံးပတ်တွင် အင်္ဂတေများ အက်ကွဲခြင်း, အလိပ်အလိပ်ကွာကျခြင်း, ဂန္ဓကုဋိ တိုက်တော်မှာ ရှုမြင် မလျော်အောင် အုတ်နံရံ အက်ကွဲလာခြင်း, မြက်သစ်ပင် စသည် တို့လည်း အုတ်ကြားမှ သုတ်သင် မနိုင် ဖြိုင်လောက်အောင် ပေါက်ရောက်ခြင်း, ရိုးသည်းထန်စွာ ရွာသွန်းလျှင် အတွင်း ဂူလိုဏ်ထဲသို့ ရောက်အောင် ကွဲပေါက်ပျက်စီး နေသော အရပ်တို့မှ ရိုးရေဖြိုင်ဖြိုင် ကျခြင်း။ ။ ဤသို့ အစရှိသော အားဖြင့် ယိုယွင်း ဟောင်းနွမ်းခဲ့ လေသတည်း။

ယင်းသော အခါ မြင်သာ ရွာအုပ်ကြီး နေထိုင်ရာ မြင်သာ ရွာမှာပင်။ ။(ယခုအခါ ပခုက္ကူမြို့ စည်ကားသဖြင့် မြင်သာရပ်ဟု ခေါ်တွင်သည်)။ ။သီဟိုဠ်ရှင် မြတ်စွာဘုရား ဟောင်းနွမ်း ပျက်စီးသည် တို့ကို ပြုပြင်-ပြင်ဆင် နိုင်အံ့သော စေတနာ သဒ္ဓါတရား ရှိပေသော ဒေါ်လေးကြီး- ဆိုသူ ဥပါသိကာမကြီး တဦး ဖြစ်ထွန်းလာရ လေသတည်း။ ဒေါ်လေးကြီးကား မြင်သာရပ်မှာပင် ဘွားမြင်ခဲ့၍ အရွယ်သို့ရောက်လျှင် မြင်သာရပ်မှာပင် ခင်ပွန်းလင်နှင့် နေထိုင်ခဲ့လေသည်။ ။ထိုစဉ်အခါ မြန်မာ နိုင်ငံတွင် ရောင်းရေး ဝယ်ရေးတို့မှာ အထက်နိုင်ငံ, အောက်နိုင်ငံ ပြန်လှန်ကူးယှက်လျက်ရှိရာ ဒေါ်လေးကြီးမှာ ပစ္စည်းဥစ္စာ ရှာဖွေရန် သွေကြီး, သမ္မန်ကြီး တို့ဖြင့် ပခုက္ကူမှ စုန်ဆင်းလျက် မြောင်းမြ, ပုသိန်=စသော အောက်နိုင်ငံသို့ သွားလာလုပ်ကိုင်ရ လေသည်။

ရက်ကာလ ကြာလတ်လျှင် အောက်နိုင်ငံ မှာပင် စီးပွါးရေး ညီညွတ် သဖြင့် ဒေါ်လေးကြီးမှာ ပုသိန် ဒိစတြိတ် ဒိုးပြာ အမည်ရှိသော ရွာ၌ အမြဲ နေထိုင်လေ သတည်း။ ။ဒေါ်လေးကြီးကား ရှေးအတိတ်ကံ စီမံ ထောက်ပံ့သော အားဖြင့် ပစ္စည်းဥစ္စာ ရဘနာ ရှေ့ငွေ လိုလေမရှိ ကြွယ်ဝဘိသောဟူ၏။ ။အခါ တပါးတွင် ဒေါ်လေးကြီးသည် ပဝတ္တိနေထိုင်ရာ ဒိုးပြာရွာမှ ဇာတိ မွေးဘွားရာ ပခုက္ကူမြို့ မြင်သာရပ်သို့ ပြန်လာ ပြီးလျှင် အစဉ်မပြတ် ကိုးကွယ်ခဲ့သော သီဟိုဠ်ရှင်မြတ်စွာဘုရား သို့ သွားရောက် ဖူးမြော်လေသော် ဂန္ဓကုဋိ တိုက်တော် နှင့် စေတီဘော်ကြီးမှာ ပျက်စီး ချွတ်ယွင်း နေပုံ တို့ကို မြင်လျှင် ရှေ့ကို ခင်သောသူသည် ရှေ့ကျင်ရာ ရှေ့တွင်းသို့ ရောက်သကဲ့သို့ ကုသိုလ်ကို ရှာမြီးပြုရလိုသော ဒေါ်လေး ကြီးကား ပျက်စီး ယိုယွင်းတော် မူသော မုဋ္ဌောလိုဏ်ဂူ ကို ...ငါပင် ပြင်ဆင်ပေအံ့....ဟု ထက်မြက်သော သဒ္ဓါ အဟုန်ဖြင့် မသုန်မလည် ဆုံးဖြတ်လေ၏။

၏သို့ ဆုံးဖြတ် ပြီးလျှင် မိမိ နေထိုင်ရာ ပုသိန် ဒိစတြိတ် ကျောင်းကုန်းမြို့ ဒိုးပြာရွာသို့ ပြန်လည် ခဲ့၍ သားဖြစ်သူ- ဦးမောင်ဆင် သို့ဖြစ်သူ- မထား တို့အား သီဟိုဠ်ရှင် မြတ်စွာဘုရား၏ ပျက်စီး ယိုယွင်းပုံ များနှင့် တကွ ထပ်မံ ပြုပြင်လိုသောဆန္ဒဖြင့် ဆုံးဖြတ်ခဲ့ပုံ များကို ပြောကြားတိုင်ပင် စိုင်ပြင်ခင်းကျင်းလေသော်- သူတော် ကောင်းချည်းသာ ဖြစ်ကုန်သော သား- ဦးမောင်ဆင် သို့-မထားတို့ ကလည်း ဝေးလံ ရပ်ခြား မြို့ဘပါးမှ

အဘိုးများစွာ ထိုက်တန်သော လက်ဆောင် ဥစ္စာနှစ်ကို ရသကဲ့သို့ ရှင်ပျဝမ်းသာ သဒ္ဓါတရား တိုးပွါးထက်သန်ကြကုန်လေသည်။

၅။ လျှပ်စစ်ဓာတ်မီးအဖွဲ့ကြီး။

သဒ္ဓါဖြူဖြူ အညွှန့် လူကြသဖြင့် ပြည်သူ အားလုံး ညွှတ်ရုံး ဦးခိုက်ရာ မဟာသီဟဋ္ဌသာမိ အမည်တော် ရှိသော သီဟိုဠ်ရှင် မြတ်စွာဘုရားကို အမြဲမပြတ် ပြုစုစောင့်ရှောက်လျက် ရှိသော ဘဏ္ဍာတော်ထိန်း လူကြီး, လူကောင်း များလည်း ရှိပေသေး၏။ ။ဘဏ္ဍာတော်ထိန်း လူကြီးများမှ တပါး သဒ္ဓါအင်အား ပစ္စည်း အင်အား ပေါများ ပြည့်စုံကုန်သော ကုန်သည်, သူကြွယ် လူရွယ်, လူလတ်တို့လည်း ရှိပေသေးသည်။ ယင်းသို့ ရှိခဲ့ရာ မြင်သာ ရပ်ကွက်၌ နေထိုင် ကြသော ဥပါသကာ ယောက်ျား, မိန်းမတစု၊ ခံတောရပ်၌ နေထိုင် ကြသော ဥပါသကာ ယောက်ျား, မိန်းမတစု၊ မြစ်ကိုင်းရပ်၌ နေထိုင် ကြသော ဥပါသကာ ယောက်ျား, မိန်းမ တစု၊ ပရက္ကူမြို့၌ နေထိုင် ကြသော ဥပါသကာ ယောက်ျား, မိန်းမတစု။ ။ဤလေးစုသော သူတော်ကောင်း အပေါင်းတို့ အကြံအစည် ပြုသည်ကား။ ။သီဟိုဠ်ရှင် မြတ်စွာဘုရားကား အထူးပင် ထင်ရှား ကျော်ဟိုး တန်ခိုးတော်ကြီးတော်မူသော မြတ်စွာဘုရား ဖြစ်ချေသည်။ အများ ပြည်သူတို့ ကြည်ဖြူကော်ရော် ပူဇော် ရိုသေ အပ်သော မြတ်စွာဘုရား ကိုယ်တော်လည်း မှန်ခဲ့သည်။ ။ထိုသို့

ဖြစ်လျက် ခေတ်ကာလ အလျောက် ပေါ်ပေါက် ဖြစ်ထွန်းလာသော အင်ဂျင်ဓာတ်မီးကို မည်ထွန်းရ မပူဇော်ကြပါလျှင် ဘုရားရှင် မှာလည်း မှောင်နှင့် ဓဲဓဲ ရှိရတော့မည်။ ဒါယကာများ မှာလည်း သဒ္ဓါတရား ပါးရှားရာ ကျချေမည်။ ။လျှပ်စစ်ဓာတ်မီးဖြင့် မီးသီး, မီးလုံး, မီးပန်းကုံး, မီးဆိုင်း, မီးဖလ်ဘိုင်များကို တပ်ဆင် ပူဇော်ရပါလျှင် ဘုရားရှင်လည်း ကြည်ညှိဘွယ် ဖြစ်တော့သည်။ ဒါယကာ အပေါင်းတို့ အားလည်း ကောင်းမှုကုသိုလ် တိုးတော့သည်။ လျှပ်စစ် ဓာတ်မီးကို မကြာမဘင် ပူဇော်ကြကုန်စို့....ဤသို့ အကြံအစည် ပြုကြကုန်သည်။

ယင်းသို့ ကြံစည်ပြီးသော် များစွာသော ဥပါသကာတို့ကား သာသနာတော် သုံးပါး ရတနာသုံးပါး တို့၌ ပွါးများ ထက်သန်ပြီးသော သဒ္ဓါတရား ရှင်ချည်း ဖြစ်ကုန်ရကား၊ အများသဘော ကြိုက်ညီသဖြင့် ဂေါဇာသက္ကရာဇ် (၁၂၈၁)ခုနှစ် ကဆုန်လဆန်း(၈)ရက် နေ့တွင် လျှပ်စစ်ဓာတ်မီး အသင်းကြီးတခု ဖွဲ့စည်းတည်ထောင်ကြလေသည်။ ။ဤသို့ တည်ထောင်ပြီးလျှင် အင်ဂျင်ဓာတ်မီးစက်နှင့်တကွ မီးလုံး, မီးသီး, မီးပန်းဆိုင်း, မီးပွင့်အစရှိသော ဓာတ်မီးနှင့်ဆိုင်ရာ, ကိရိယာ အစုစုတို့ကို အဘိုးငွေ တသောင်းကျော် ဘိုးမျှ ဝယ်ယူ ပူဇော်ကြလေသည်။

ထိုအသင်း၏ ရည်ရွယ်ချက်တာဝန်မှာ။ ။သီဟိုဠ်ရှင်မြတ်စွာဘုရား၌ လျှပ်စစ်ဓာတ်မီး အမြဲမပြတ် ပူဇော်

နိုင်ကာ ပုဂ္ဂေါလ္လာဒါန်းရန်, သိဟိုဠ်ရှင် မြတ်စွာဘုရားနှင့် စပ်သမျှ အရပ်ရပ် လုပ်ငန်း တာဝန်တို့ကို အားသွန်ကြိုး ပမ်း ထမ်းဆောင်ကြရန်။ ။ဤသို့ရည်ရွယ်ချက် တာဝန် ရှိလေသည်။ ။ထို့ကြောင့် ထိုအသင်းကြီး ဖြစ်ပေါ် လာခြင်းကား အထူးဘာသည် ဝမ်းမြောက်ဘွယ်ရာ ဖြစ် သည့်ဖြင် သိဟိုဠ်ရှင် မြတ်စွာ ဘုရား၏ တန်ခိုးတော် ကြီးမား တိုးတက်ရန် အကြောင်းပင် ဖြစ်လေသည်။

ဘုရင်စစ် ဗောဓိမိုးအသင်းဌာ ပါဝင် ရွက်ဆောင် ကြသော ပုဂ္ဂိုလ်များမှာ-

၁။ ဦးထွန်း။ ခုံမင်းကြီး သမာဓိဖြို့ဝန်မင်း။ ပထမဥက္ကဋ္ဌ။

၂။ ဦးစံလွ။ လွှဲထောင်ကြီး၊ ဒုတိယ ဥက္ကဋ္ဌ။

၃။ ဦးရာကွတ်။ ကုန်သည်ကြီး၊ ဒုတိယဥက္ကဋ္ဌ။

၄။ ဦးဆိုး။ ငွေထိန်းလူကြီး။

၅။ ဦးဘ။ အကျိုးတော်ဆောင်။

၆။ ဦးဘိုးသိန်း။ ဂုဏ်း။

၇။ ဦးဇော်ပိုင်။ စာရင်းစစ်လူကြီး။

၈။ ဦးဘိုးသောင်။

၉။ ဦးထွန်းရေ။ ပွဲစားကြီး။

၁၀။ ဦးကျော်ဒင်။

၁၁။ ဦးအောင်ကြီး။

၅၏ လူကြီး မင်းတို့ကို ခေါင်းတည်လျက် အသင်း သား ဦးရေ ငါးဆယ်ခန့် ရှိလေသည်။ ။နောက်ကာလ

များတွင် အာသင်းဥက္ကဋ္ဌ- စသည်နှင့် တကွ အာသင်းသား များ လွှဲပြောင်းခြင်းရှိပြန်သဖြင့် ယခု (၁၂၆၆)ခုနှစ် အထိ လျှပ်စစ် ဓာတ်မီး အာသင်းတွင် ပါဝင်ရွက်ဆောင် နေ ကြသော လူကြီးမင်းများနှင့် အမှုဆောင် စသည်တို့မှာ-

၁။ ပထမဥက္ကဋ္ဌ-ဦးမောင်ကလေး။
၂။ ဒုတိယဥက္ကဋ္ဌ-ဦးဘိုးသိန်း။
၃။ ဂုဏ်းဥက္ကဋ္ဌ-ဦးမောင်ကြီး။
၄။ ဒွေထိန်းလူကြီး-ဦးဆိုး။
၅။ ပဌမအာကျိုးဆောင်-ဦးဘိုးမြိုင်။
၆။ တွဲဘက်အာကျိုးဆောင်-ဦးဘတင်။
၇။ ဂုဏ်းအာကျိုးဆောင်-ဦးဘညွှန့်။
၈။ စာရင်းစစ်လူကြီး-ဦးဘိုးလူ။
၉။ ဂုဏ်း-ဦးဘသန်း။
၁၀။ ဂုဏ်း-ဦးထွန်းသာ။
၁၁။ အာတွင်းတံခါး သော့ထိန်း-ဦးဘိုးမုံ။
၁၂။ အပြင်တံခါး သော့ထိန်း-ဦးပြောင်း။

ဤလူကြီး, လူကောင်း အပေါင်းနှင့် တကွ အမှုဆောင် များဖြာ-

၁၃။ ဦးစောလှိုင်။ (ခံတောရပ်)
၁၄။ ဦးဘိုးသစ်။ ။
၁၅။ ဦးကျော်ထူး။ ။
၁၆။ ဦးပြုံး။ ။
၁၇။ ဦးစံဦး။ ။

၁၈။ ဦးဘိုးပြူး။ (မြစ်ကိုင်းရပ်)
၁၉။ ဦးဘိုးသောင်။ ။
၂၀။ ဦးဘိုးအောင်။ ။
၂၁။ ဦးပဒုမ္မာ။ ။
၂၂။ ဦးတုင်။ ။
၂၃။ ဦးဘ။ ။
၂၄။ ဦးပု။ ။
၂၅။ ဦးအောင်ကျော်ဇံ။(ဆုံကုန်းရပ်)
၂၆။ ဦးဘိုးရှေ။ ။
၂၇။ ဦးအောင်ဒွန်း။ ။
၂၈။ ဦးရေအေး။ ။
၂၉။ ဦးအောင်ချင်း။ (မြင်သာရပ်)
၃၀။ ဦးဘိုးငယ်။ ။
၃၁။ ဦးဘိုးမြ။ ။
၃၂။ ဦးမြတ်ဖြူ။ ။
၃၃။ ဦးဘိုးချုပ်။ ။
၃၄။ ဦးဘိုးငွေ။ ။
၃၅။ ဦးစံထီ။ (ဓဒိုးတန်းရပ်)
၃၆။ ဦးသာဇံ။ ။
၃၇။ ဦးဘိုးရန်။ ။
၃၈။ ဦးကျော်မှူး။ ။
၃၉။ ဦးဘိုးကွန်း။ ။
၄၀။ ဦးဘိုးအောင်။ (ထမကောက်ရပ်)
၄၁။ ဦးသိုက်ထွန်း။ ။

၄၂။ ဦးရှေလူ။ (ထမကောက်ရပ်)
၄၃။ ဦးလူသာ။ ။
၄၄။ ဦးသာဖူး။ (တပ်ကြားရပ်)
၄၅။ ဦးသက်ရှေ။ ။
၄၆။ ဦးဘဖေ။ ။
၄၇။ ဦးဘကြမ်း။ (ဈေးရပ်)

ဤသို့ အသီးသီး ဦးရေ စာရင်း ဖြစ်လေသည်။ ။ ဤစာရင်းတွင် ပါဝင်သော လူကြီးမင်းအပေါင်း, သူတော်ကောင်း တရတို့နှင့် လျှပ်စစ်ဓာတ်မီး အသင်းကို တည်တံ့အောင် ဖွဲ့စည်း ပြီးလျှင် သီဟိုဠ်ရှင် ဘုရားနှင့် စပ်လျဉ်းသော ကြောင့်ကြပြုရန် တာဝန် ကိစ္စတို့ကိုလည်း ရွက်ဆောင် အားထုတ်ကြသည်။ ။အသင်း၏ အမည်ကိုလည်း (သီဟိုဠ်ရှင်- လျှပ်စစ်ဓာတ်မီး အသင်းကြီး)ဟု ခေါ်တွင် စေသည်။ ။ထိုအခါမှ စ၍ လျှပ်စစ်ဓာတ်မီး အသင်းမှ အင်ဂျင် ဓာတ်စက်ကို အတိုး တသောင်းကျော်ဖြင့် ဝယ်ယူပြီးလျှင် မြတ်စွာဘုရား၌ အချိုအခါတွင် ညစဉ်ရင်း၊ အချို အခါတွင် ဥပုသ် နေ့များ၌ရင်း၊ မီးဆိုင်း, မီးသီး, မီးပွင့်များ တပ်ဆင်၍ ပူဇော်ရလေသတည်း။

၆။ ဘုရားအမ–ဒေါ်လေးကြီးက အသစ် ပြုပြင်ခြင်း။

အသစ် ပြုပြင်၍ ကောင်းမွန်အောင် တည်ထားမည်ဟု ပိုင်းခြား ဆုံးဖြတ် ခဲ့သော ပုသိန်ဒိစတြိတ် ကျောင်း

ကုန်းမြို့ ရိုးပြာရွာ ဘုရား အမ- ဒေါ်လေးကြီး သည် သီဟိုဠ်ရှင် မြတ်စွာဘုရား၌ ယိုယွင်းပျက်စီးသမျှ အသစ်ပြင်ဆင်၍ ဂန္ဓကုဋိ တိုက်တော် ကျဉ်းမြောင်း နေသည်ကိုလည်း တပ်မံချဲထွင် ပြုလုပ်ပြီးလျှင် စေတီတော် နိမ့်နေ သည်ကိုလည်း ထပ်ဆင့် တိုးမြှင့် တည်ထား ကိုးကွယ်လိုကြောင်းနှင့် သီဟိုဠ်ရှင် ဘဏ္ဍာတော်ထိန်း လူကြီး မင်းများနှင့် လျှပ်စစ် ဓာတ်မီး အသင်းကြီးသို့ အကြောင်းကြား ပြောဆို လာလျှင် ဘဏ္ဍာတော်ထိန်း လူကြီး, လျှပ်စစ်ဓာတ်မီး အသင်းလူကြီးတို့က ဝမ်းမြောက်ဝမ်းသာစွာ ခွင့်ပြုလိုက်သော် အခွင့်အမိန့် ရရှိသဖြင့် ဘုရားအမ- ဒေါ်လေးကြီးနှင့် သား-ဦးမောင်ဆင် သွီး-မထားတို့က သီဟိုဠ်ရှင် မြတ်စွာဘုရားကို အသစ်ပြုပြင်စီရင် တည်ထားရန် ဂေါဇာ သက္ကရာဇ် (၁၂၈၄) ခု ကဆုန်လဆုတ် (၁၂)ရက်နေ့ နံနက် နေရိပ်ပြ ရှစ်ဘဝါး အချိန် ကောင်းမြတ်သော မင်္ဂလာအခါ၌ ဂန္ဓကုဋိတိုက် တော်အသစ် ဘိနပ် အခင်းတော် (၅၅) တောင် ပန္နက် ချကြလေသည်။

၇။ နည်းလမ်းညွှန်ပြ ဆုံးမဲ့ပြင်တော်မူသော ဆရာတော်ကြီးများ။

ယင်းသို့လျှင် ဂန္ဓ ကုဋိတိုက် ပန္နက် ရိုက်ချ ကြိုးသားကြလေသော် မူလရှိရင်း ဟောင်းမြင်းသော မုဌော ဂူလိုဏ်ထက် အလျား- အနံ တပိုး တဆမက ပိုမိ၍

ကြည်ညိုသပ္ပါယ် ကြီးကျယ် တိုးပွါး လာသောကြောင့် ဂန္ဓကုဋိ တိုက်တော်ကို ဖြိုဖျက်၍ ပြင်သင့်- မပြင်သင့်, အသစ် တည်ထားမည် ဖြစ်သော ဂန္ဓကုဋိ တိုက်တော်-ရဋ္ဌောဂူလိုဏ် သည် မူသရှိရင်း ဂန္ဓကုဋိ တိုက်ဟောင်းနှင့် နီးနားချဉ်းကပ်နေသော စေတီတော်အချိုနှင့် မလွတ်မကင်း ကျဉ်းမြောင်း နေသဖြင့် ထိုစေတီတော် တို့ကို တနေရာမှ တနေရာသို့ ပြောင်းရွှေ့ ကိုးကွယ်သင့်-မကိုးကွယ်သင့် ထောက်ချင့်နှိုင်းဆကုန်ကြလျှင် သည်အရာကား လူသူဒါယကာများ၏ အရာအခွင့်မဟုတ် လောကုတ္တရာ ကျမ်းဂန်အရာတို့၌ လိမ္မာတော် မူကုန်ပြီးသော ဆရာတော်, သံဃာတော်တို့၏ အရာအခွင့် ဖြစ်၍ ထိုဆရာတော် ကြီးများ သံဃာတော် ကြီးများ ထံမှ နည်းပေးလမ်းပြ ဆုံးမပဲ့ပြင် သွန်သင်အပ်သော စကားကိုနာယူပြီးလျှင် အခွင့်အမိန့် အတိုင်း ပြုပြင်မည်ဟု သီဟိုဋ္ဌ ရှင်လျှပ်စစ်ဓာတ်မီး အဖွဲ့ကြီးက အောက်၌ ဘော်ပြထားသော ဆရာတော်ကြီး, သံဃာတော်ကြီးတို့အား အသီးသီးပင့်လျှောက်၍ အဆုံးအမ နည်းလမ်းပြ အမိန့်စကားတို့ကို နာကြားမှတ်သားကြသတည်း။

ပင့်လျှောက်အပ်သော— ဆရာတော်ကြီးများမှာ-

၁။ သဲပုံစေတီ- တောရ ဆရာတော်ဘုရား (ဘုန်းတော်ကြီး ဦးကြည်)။

၂။ ဆရာတော် ဦးဇာဂရ။

၃။ လေးထပ်တိုက် ဆရာတော် ဦးဥတ္တမ။

၄။ ပုထိုးတိုက် ဆရာတော် ဦးသောဘိတ။

၅။ ပုထိုးတိုက် ဆရာတော် ဦးနန္ဒိယ။

၆။ မင်္ဂလာ မဟာ ဝိသုတာရာမ တိုက် ဆရာတော် ဦးနန္ဒဝံသ။

၇။ မဟာ ဝိဇယာရာမ တိုက်သစ် ဆရာတော် ဦးဇဝန။

၈။ ဝာယ်ပြင်တိုက် ဆရာတော် ဦးဉာထာ။

၏ဆရာတော်ကြီးများကို အကြီးအမှူး, ဦးစီးဦးကိုင်ပြု၍ သံဃာတော် ၂၅- ပါး ပင့်ဘိတ် လျှောက်ထားပြီးလျှင်။ ။(၁) လျှပ်စစ်ဓာတ်မီး အသင်းကြီး၏ ဥက္ကဋ္ဌ သမာဓိ မြှိဝန် ခုံမင်းကြီး- ဦးထွန်း။ ။(၂) ၎င်းသမာဓိ မြှိဝန် ဦးရွှေပိုင်။ ။(၃) ပွဲစားကြီး ဦးထွန်းရ။ ။(၄) ဘုရားဒါယကာ ဦးရာကွတ်။ ။(၅) ဘုရားဒါယကာ ဦးစံလှ။ ။(၆) ဦးဘိုးသောင်။ ။(၇) ဦးဘ။ ။(၈) ပွဲစားကြီး ဦးဘိုးသိန်း။ ။၏ လူကြီး မင်းတို့ကို ပင့်ဘိတ် ခေါ်ဝေါ်ပြီးလျှင် လူကြီးမင်းများနှင့် တကွ လျှပ်စစ် ဓာတ်မီး အသင်းဝင် လူဒါယကာ ငါးဆယ်ကျော်ခန့် ကြွရောက်ရုံညီ ကြကုန်သော် ဆရာတော်ကြီး, သံဃာတော်ကြီး များထံမှ ဂန္ဓကုဋိ တိုက်ဟောင်းကို ပျက်စီး ယိုယွင်းသမျှ ပြင်ဆင်ရန် ဖြိုဖျက် ထိုက်ကြောင်းနှင့် ဂန္ဓကုဋိ တိုက်တော် အသစ်နှင့် မလွတ်မကင်း ကျဉ်းမြောင်းထိ စပ်လျက်ရှိသော စေတီတော် များကိုလည်း နေရာသစ် တခုသို ပြောင်းရွှေ တည်ထားကိုးကယ် ထိုက်ကြောင်း

ဟူသော နည်းလမ်းညွှန်ပြ ဆုံးမ ပဲ့ပြင် သွန်သင်အပ်သော မိန့်ခွန်းတော်တို့ကို ခံယူရရှိကြလေ သတည်း။

၈။ အုတ်မြစ်ချခြင်းနှင့် ဌပနာခြင်း။

ဆိုခဲ့သော အတိုင်း မိန့်ခွန်းတော်ကို ရပြီးလျှင် ဂန္ဓကုဋိတိုက်တော် အဟောင်း ကျဉ်းမြောင်း သေးငယ်သည်ကို ကြီးကျယ်ပြန့်ပွါးအောင် အသစ်ပြုပြင် ဆောက်လုပ် တည်ထားရန် ဂန္ဓကုဋိ တိုက်ဟောင်းနှင့်- စေတီတော်ကို ရုပ်သိမ်း စီရင်ပြီးလျှင် အုတ်မြစ်ကျင်း အသစ်တူးဖေါက် အောက်သို့ (၈) တောင်မျှနက်အောင် ပြုလုပ်ပြီးမှ ဂေါဇာ သက္ကရာဇ် (၁၂၈၄) ခု ဝါဆိုလဆုတ် (၈)ရက်နေ့ ကောင်းမြတ်သောမင်္ဂလာ အချိန်တွင် ဓိုးပြာရွာ ဘုရားအမ– ဒေါ်လေးကြီး သား- ဦးမောင်ဆင် လွှီး-မထားတို့၏ ကောင်းမှု သီဟိုဠ်ရှင် လျှပ်စစ်ဓာတ်မီး အသင်းကြီးနှင့် ထိုအသင်းကြီးမှ ကမ္မကတ ပြုလုပ် အားထုတ် ကောက်ခံအပ်သော တိုင်းနေ ပြည်သူ ရဟန်းရှင်လူတို့၏ ကောင်းမှု၊ ဤသို့ ကောင်းမှု အစုစု အရပ်ရပ် ရတနာ ခုနစ်ပါးဖြင့် ပြီးသော အုတ်ချပ်တို့ကို ပဉ္စင်တူရိယာ သံဝါလွှင့်မှုတ် အုတ်အော် သောင်းသောင်း ရိုက်ညောင်း ခတ်တီးလျက် အုတ်မြစ်ချ မင်္ဂလာကို ဆင်ယင်ကြကုန်၏။

ရတနာဖြင့် ပြီးသော ရွှေအုတ်, ငွေအုတ်- စသည်တို့ကို သီဟိုဠ်ရှင် လျှပ်စစ်ဓာတ်မီး အသင်းလူကြီး မင်းများ ကိုယ်တိုင်ကိုင်၍ စီခင်းသည်။ နံသာရေ နံသာခဲ တိုကို

လည်း ကြဲမြောက်ပက်ဖျန်းရသည်။ပန်းဆီမီး ထီးတမ်းခွန် တို့ဖြင့်လည်း ပူဇော် ရသည်။ ဆန်ပန်း ပေါက်ပေါက်တို့ ကိုလည်း ကြဲမြောက် ဖြန့်ခင်းရသည်။ ။ဤသို့သျှင် ရှေး ရှေးသော အခါ မင်းခေါင်,မင်းဖျား မင်းတရားတို့ တည် ထား ကိုးကွယ်သော နည်းအတိုင်း ဝန်းဝိုင်းပြုလုပ် အား ထုတ်ကူညီ ကိုယ်စီ ကိုယ်ငေ ဆောင်ရွက်ကြ သဖြင့် အုတ်မြစ်ချမင်္ဂလာ ပွဲတော်ကား ဘေးရန်ကင်းစွာ ပြီးစီး သတည်း။

အုတ်မြစ်ချ ပွဲပြီးလျှင် ဘုရား အမ- ဒေါ်လေးကြီး သား-သွီး တရတို့သည် မုဌော ဂူလိုဏ်တော်ကို ဆက် လက် တည်ထားခဲ့ရာ ဂန္ဓကုဋိတိုက်သစ် ပထမရစ် အ ရောက် မြေအောက် တိုက်တွင်းမှာ အရပ်ရပ် ပြည်သူ ရှင်လူရဟန်းတို့ လှူဒါန်းကိုးကွယ် ကြသော ရွှေဆင်းတု, ငွေဆင်းတု, စိန်ဆင်းတု, မြဆင်းတု, ရွှေပဒေသာပင်, ငွေ ပဒေသာပင်, ရွှေ တန်ဆောင်, ငွေ တန်ဆောင်, ရွှေ ပေါက်ပေါက်, ငွေ ပေါက်ပေါက်, ရတနာ ခုနစ်ပါးဖြင့် ပြီးသော သပိတ် ပရိက္ခရာ, ရွှေ ကျောင်းဆောင်, ငွေ ကျောင်းဆောင်, ရွှေ ဗောဓိပင်, ငွေ ဗောဓိပင်- အစရှိ သည်တို့ကို ဌပနာ ကြကုန်၏။ ။ဒုတိယအရစ် အဘက် မြေအထက် ဌပနာတိုက်မှာလည်း ထိုနည်းတူ ဌပနာကြ ကုန်၏။ ။သီဟိုဠ်ရှင် လျှပ်စစ်ဓာတ်မီး အသင်းဝင် လူ ကြီး, လူကောင်း အပေါင်းတို့နှင့်တကွ တိုင်းနေ ပြည်သူ ရဟန်း, ရှင်, လူတို့ကလည်း မြဲတ်စွာဘုရား ဓာတ်တော်, ရဟန္တာ ဓာတ်တော်- အစရှိသော အဆင်း အရောင်



သီဟိုဠ်ရှင်မြတ်စွာဘုရား - ကိန်းဝပ်တော်မူရာ

ဂန္ဓကုဋီတိုက် ဓေတီတော်ပုံ

[illegible]

အထူးထူး အထွေထွေ ပုံနေ,ပုံဟန် သဏ္ဌာန် အခြားခြား များပြားစွာသော ဓာတ်တော်, မွေဘော်တို့ကို ရွှေကြုတ်, ငွေကြုတ်, ရွှေသေတ္တာ,ငွေသေတ္တာ, ရွှေမြှုတာ, ငွေမြှုတာ တို့ဖြင့် ပူဇော်ကိုးကွယ် ကြကုန်ပြီးသော် ဆိုခဲ့ပြီးသော မြေအောက် ဌပနာတိုက် မြေပေါ် ဌပနာတိုက်တို့၌ စူးစိုက် သောသဒ္ဓါ စေတနာ ထက်သန် အားကျမခံ ဌပနာ ကြကုန်၏။ ။ဤသို့ ပူဇော် ဌပနာတော် မူအပ်သော ရွှေ ဆင်းတု, ငွေဆင်းတု- စသည်တို့၏ တန်ဘိုးကား အစုစု အရပ်ရပ် အသပြာငွေ (၆၀၀ဝိ)ကျော်ကျော် (၇၀၀ဝိ) ဘိုးခန့်မျှ ရှိသောဟူ၏။

၉။ ပြီးစီးအောင်မြင် ထီးတင်လှူဒါန်းခြင်း။

ဘုရားအမ- ဒေါ်လေးကြီး သားသွီး တစု တို့က တဦးတည်း ဒါယကာခံ၍ အသစ် တည်ထား အပ်သော သီဟိုင်ဋ္ဌရှင် မြတ်စွာဘုရား ဂန္ဓကုဋိတိုက်တော် ဂူလိုဏ် စေတီတော်ကား အောက်မြေ ဘိနပ်အခင်း စတုရန်း ပတ်လည် (၅၅) တောင် ထီးတော်သို့ ရောက်အောင် အမြင့် (၇၄) တောင် ဖြစ်၏။ ။ထိုမျှ ကြီးကျယ်သော ဂန္ဓကုဋိ တိုက်တော် ကြီးကား ဂေါဇာ သက္ကရာဇ် (၁၂၈၆) ခု နှစ်သို့ ရောက်လျှင် စေတီတော်နှင့် တကွ အလုံးစုံ ပြီးပြတ်၍ အင်္ဂတေ အထပ်ထပ် ဘိလပ်မြေ သရွတ်တို့ဖြင့် လိမ်းဆွတ်ဖွပ်မံ၏။ ။ဂေါဇာ သက္ကရာဇ် (၁၂၈၈) ခုနှစ်သို့ရောက်လျှင် ဘုရားအမ- ဒေါ်လေးကြီး သားသွီး တို့၏ ကောင်းမှ ကုသိုလ်တော် ဖြစ်သော

သီဟိုဠ်ရှင်မြတ်စွာဘုရား ဂူလိုဏ်နှင့် စေတီတော် အလုံး စုံသည့်ကား အကုန် အစင် အောင်မြင် ပြီးစီးခြင်းသို့ ရောက်သတည်း။ ။**တည်သား ပုံကား**။ ။အတွင်း၌ ဌပနာတိုက် ပြုလုပ်ပြီးလျှင် ဌပနာတိုက်၏ ပတ်ဝန်းကျင်မှ အုတ်နံရံ တက်၏။ ။သံတောင် (၂၀) ပမာဏခန့် မြင့်လျှင် ဌပနာတိုက်နှင့် အပြင် အုတ်နံရံကို ပုဂံပြည်-ရှေးဟောင်း ဘုရားတို့ကဲ့သို့ ပေါင်းကူး ဖွဲ့စပ်၏။ ။ ဂူလိုဏ် တော်တွင် မုခ်ကြီးလေးခု ရှိသည်။ ။အရှေ့, အနောက်, တောင်, မြောက်-ဟူသော အရပ် လေးမျက်နှာတွင် မုခ်တခုစီ ထားသည်ကို ဆိုလို၏။ မုခ်လေးခု တို့၏ အကျယ်ကား (၆) တောင်ခန့် ရှိ၏။ အမြင့်ကား (၁၂) တောင်ခန့် ရှိ၏။ ။ဌပနာတိုက်တော်နှင့် အပြင် အုတ်နံရံ အုတ်ပေါင်း ကူးယှက်တက်ပြန်သော် အပေါ်က စေတီတော်ကို တည်ထား၏။ ။စေတီတော်၏ လေး မျက်နှာ အထောင့်အရပ်တို့၌ စေတီငယ် ပေါက်၏။ ။ ဂန္ဓကုဋိ တိုက်ဟူသော မုဌော ဂူလိုဏ်၌ ပန်းပြောက်, ပန်းပွင့် အဆင့်ဆင့် မွမ်းမံ၍ အတင့် အတယ် ပြုလုပ်သည်။ ။အောက်အခြေ မြေမှတက်သော အုတ်ပလ္လင် တော်ကား မြေပေါ်၌ (၄) တောင် မြင့်၏။ မြေတွင်းသို့ (၈) တောင် ဝင်၏။ ပေါင်း- အုတ်ပလ္လင် အမြင့်ကား (၁၂) တောင်ရှိသည်။ ။ဤသို့လျှင် ဘုရားအမ ဒေါ်လေး ကြီး၏ ကောင်းမှုတော် ဂန္ဓကုဋိတိုက်တော် သည်ကား အသပြာငွေ တသိန်းကျော်မျှ ကုန်ကျ လှူဒါန်း ရလျှင်

ယင်းသို့ ပြုဘွယ်ဥဿုံ အလုံးစုံပြီးစီးလျှင် သီဟိုဠ်ရှင် လျှပ်စစ် ဓာတ်မီး အသင်းကြီးက ကောက်ခံ ယူငင် ပါဝင် လှူဒါန်း ကြသော အသပြာ ငွေတို့ဖြင့် ဂေါဇာ သက္ကရာဇ် (၁၂၈၈) ခုနှစ် နယုန်လဆန်း (၈) ရက်နေ့ ကောင်းမြတ် ရက်ချိန် ပြက္ခဒိန် အခါတွင် မဂ်လာ ထီး တော်ကို သိကြား,မာတလိ စတုလောကပါလ- စသော နတ်သား နတ်မင်းတို့ ပုံဟန်ဆင်ယင် အောက်မြေပြင်မှ ကောင်းကင်သို့ ဖီလာတက်၍ ယန္တရားစက် ဖွဲထား လှေကား စောင်းတန်းရှည်ကိုပြု၍ စေတီတော်သို့ ချဉ်း ကပ် ဖွဲယှက်ပြီးမှ ဗုံ,မောင်း, ပတ်သာ ခရာ,နှဲ, ပြွေ သံချေညှင်းညှင်း အောင်သီချင်း သီဆို ကြည်ညိုဘွယ် တီးမှုတ် နယားရပ် အက ယိမ်းအက-အစရှိသည် တို့ဖြင့် မဂ်လာ ထီးတော်ကို ကြေးဖြင့် လုပ်၍ တင်ဆောင် လှူဒါန်းကြ၏။ ။ကြေးဖြင့် လုပ်သော ထီးတော် အချိန် (၇၁၂) ထီးတော်ကား (၁၁) ဘုံ သံတိုင်အချိန် (၂၃၂) ကြေးစလောင်း အချိန် (၁၉၂) ကျီးခြေ, ညောင်ရွက်, ဆည်းလည်း, နဂါးရပ်အချိန် (၃၈၂-၅၀) နန်းကြိုးဆွဲငင် ကြေးစင် ၎က်ပျောဖူးထိပ်အုပ် အချိန် (၅၁၂-၄၀) အစုစု အရပ်ရပ် ကြေးသံချိန် (၂၀၂၂-၉၀) တို့နှင့်တကွ စိန်ဖူး တော်တန်ဘိုး (၅၀၀၀) ၎က်မြတ်နားကျောက်စီ (၂၈၀၀) အစုစုပေါင်း တန်ဘိုး (၁၀၀၀၀) ကျော်တို့ အပြင် ထီးတော်ကို ရွှေဆိုင်း (၂၀၀) ကျော်တို့ဖြင့် ချကုန်၏။ ။ ထီးတော်၏ အဝန်းကား (၇-တောင် ၁-ရိက်) အမြင့်

မှတ်ချက်။

ဒေါ်လေးကြီးက ပြင်ဆင်သည် ဆိုသော်လည်း ပြင်ဆင် ပြုစုသော ကောင်းမှုငွေ တို့တွင်။ ။ ပခုက္ကူမြို့ မြင်သာ- မဲအိုးတန်းရပ် လူကြီးမင်း ဦးဆိုးနှင့် ဇနီး သားသွီးတစု တို့၏ အလှူငွေ (၂၀၀၀)။ ။ရင်းမြို့ ခံတောရပ် ပွဲစားကြီး- ဦးထွန်းရနှင့် ဇနီး သားသွီးတစု တို့၏ အလှူငွေ (၂၀၀၀) နှစ်စုပေါင်း- အလှူငွေ (၄၀၀၀) ပါဝင် သေးကြောင်း။ ။ဤကဲ့သို့ ပါဝင်ရခြင်းမှာလည်း အဆိုပါ လူကြီးမင်း နှစ်ဦးတို့သည် ကောင်းမှုရှင် ဒေါ်လေးကြီး မပေါ်မီကပင် သိဟိုင်ဋ္ဌရှင် မြတ်စွာ ဘုရား ဟောင်းနွမ်း ယိုယွင်း သည်ကို ငွေ (၁၀၀၀၀)မျှ မ-တည် ကြ၍ အရပ်ရပ် အလှူငွေဖြင့် ပြင်ဆင် မည်ဟု ရည်ရွယ်ချက် ရှိရာ နောက်အခါတွင် ဒေါ်လေးကြီးက အလုံးစုံ တာဝန် ခံယူ၍ ပြင်ဆင်သောကြောင့် အလှူငွေ (၄၀၀၀) မျှကိုသာ ထည့်ဝင် လှူဒါန်းရလေသည်။

ဤသို့လျှင် မင်္ဂလာ ထီးတော်ကို ပူဇော် တင်လှူဆဲ ခဏ၌ကား များစွာကုန်သော ရဟန်း, ရှင်,လူ, ပြည်သူ, ပြည်သားတို့သည် ဘုရားရှင် သိဟိုင်ဋ္ဌ ဆင်းတုတော်ကို အာရုံတော် ပြုလျက် ရှေးခေတ်အခါ လွန်ခဲ့သော နှစ်ပေါင်း ရှစ်ရာကျော်ခန့်ကာလ၌ မူလလက်ဦး တည်ထား

သမ္မာ ကြီးမားတော် မူလွှသော "အလောင်းစည်သူ မင်းတရားကြီး" ထို့နောင် လွန်ခဲ့သော နှစ်ပေါင်း တရာကျော်ခန့် ကာလ၌ အသစ်ထပ်မံ ပြင်ဆင် ပြုနေသော "ဖြင်သာရွာအုပ်မင်းကြီး" သည်- ဘုရား ဒါယကာ ဟောင်း သူတော်ကောင်း ပုဂ္ဂိုလ်ကြီး တို့ကို ထွေးတော လွှမ်းဆွတ် ကုန်လျက် ဒုတိယမြောက် အသစ်ထပ်မံ ပြင်ဆင်ပြုနေသော သိဟိုဠ်ရှင် လျှပ်စစ်တော်မီး အာဘွဲ့ဝင် လူကြီးမင်းများနှင့် တကွ ဂန္ဓကုဋီ တိုက်ကျောင်း ဒါယိကာမ ဓိုးပြာရွာ "ဒေါ်လေးကြီး"တို့က အမျှပေးဝေ ကောင်းချီးသံ ဩကြသည်ကို သာရေခေါ် ကြစေကုန် သတည်း။

သိဟိုဠ်ရှင် မြတ်စွာဘုရား ရဲပ်တူတော်နှင့် တကွ မြင်သာ ရွာအုပ်မင်းကြီး ထူလုပ်ကိုးကွယ်ခဲ့သော ရုပ်တူ တော် မြတ်တို့ကိုလည်း အသစ် ပြုပြင်ပြီးသော ရုပ်ဌာ ဂူလိုဏ် အတွင်းသို့ ပင့်ဆောင် ကိုးကွယ် ကြကုန်ပြီး လျှင် သံတံခါးတို့ဖြင့် ရံတား စောင့်ရှောက် ကြကုန် သတည်း။ ။သို့ဖြစ်၍ ယခုအခါတွင် ဗုဒ္ဓဟူး မြင် ပုဂ္ဂိုလ် ရသော သိဟိုဠ်ရှင် မြတ်စွာဘုရား ဂန္ဓကုဋီ တိုက်တော် စေတီတော် မှာကား ရှေးဟောင်းမဆွ မူလရှိရင်း စေတီ တော်များ မဟုတ်ကြ၊ မကြာမီကာလမှ အသစ်ထပ်မံ ပြုပြင်ပြန်သော ဂန္ဓကုဋီတိုက် စေတီတော်များ ဖြစ်ကြ၍ ဟောင်းညစ် ရင့်ရော် မသင့်လျော်နိုင် မခိုင် ခဲ့သော ဂူ,သိုဟ်, စေတီတော်ကို အသစ်အသစ် ပြင်ဆင်ပြီး၍ ဗုဒ္ဓဟူး မြင် ရခြင်းကား များစွာသော သူတော်ကောင်း

တို့မှာ နှစ်ထောင်းအားရမ်း ဝမ်းပမ်းတသာ လွန်စွာ စိုက်စူး သဒ္ဓါ မြူးလျက် ကြည်နူးနိုင်မှု ဇေယျတုဖြင့် အောင်ဆု ကြွေးကြော်ကြစေကုန် သတည်း။

၁၀။ သီဟိုဠ်ရှင် မြတ်စွာဘုရား၏ ပွဲတော်များ။

မင်းခေါင်မင်းဖျား မင်းတရား ထီးတဆူ ဖြစ်တော်မူ၍ ဇမ္ဗူဒိပ်ကျွန်း ဘုန်းမီး ထွန်းလျက် ပတ်ဝန်းရိုက်ညောင်း အလောင်းစည်သူ မင်းဘရားကြီးဘုရား တည်ထား ကိုးကွယ်တော် မူခဲ့သော သီဟိုဠ်ရှင် မြတ်စွာဘုရား သခင်ကို တိုင်းခွင် ပြည်နေ ဗိုလ်ခြေ အထု သူတော်ကောင်း တစုတို့သည် ဂရုဂါရဝ ပဏာမဖြင့် တုပ်ကွကော်ရော် ပူဇော် ကန်တော့ ကြရန် နှစ်စဉ် နှစ်စဉ် မင်္ဂလာပွဲတော် သုံးခုကို လွန်ခဲ့သော နှစ်ပေါင်း တရာ့ ငါးဆယ်ကျော် နှစ်ရာခန့် ကာလမှစ၍ ပြုလုပ်ခဲ့ ကြကုန်သည်။

ပွဲတော်များကား။

၁။ နှစ် ဟောင်း လွန် ကျူး နှစ်သစ် ကူးသည့် တန်းခူးလ အခါ အတာပွဲသဘင်နှင့် အတူ ရေချမ်း ပူဇော်သော "ရေသွန်းပွဲတော်"။

၂။ နယုန်လ အခါ ကြီးကျယ် စွာသော သင်ပုတ်ဝတ်, ဆင်မီးဝတ်,ပန်းဝတ်တို့ကို တိုင်းပြည်အလုံး ခြိမ့်အုံး ကျေညာလျက် ၎င်းလ-လဆန်း (၈) ရက် နေ့မှ လဆုတ် (၂) ရက်နေ့ အထိ (၉) ရက် လုံးလုံး ဈေးဆိုင် ကနား

အမြောက်အများ တည်ခင်း၍ ကျင်းပအင်သော "နယုန်လ ပွဲတော်"။

၃။ သီတင်းကျွတ်လ အခါ မဟာ ပဝါရဏာနေ့ (လပြည့်နေ့)၌ အရိယာနွယ်ဝင် သံဃာတော် အရှင်တို့အား ဆွမ်းလုံးစာရေးတံ လှူဒါန်းခြင်း၊ မြို့မြတ် ရသာ ပူဇော်ဘွယ်ရာ အထူးထူးတို့ကို သီဟိုဠ်ရှင် မြတ်စွာ ဘုရား၌ ဆက်ကပ်ခြင်း၊ ဤသို့ ကြည်ညှိတုပ်ပျပ်၍ ဆက်ကင်ပူဇော်အပ်သော "ဆွမ်းတော်ကြီးတင်ပွဲတော်"။

သည်ပွဲတော် သုံးခုကို ကျင်းပမြဲ ဖြစ်လေသည်။ ပွဲတော် ကြီးများ၌ စီမံ အုပ်ချုပ်သူ တို့ကား အင်္ဂလိပ် အစိုးရများ မဝင်ရောက်မီ ရှေးရှေး မြန်မာဘုရင် တို့၏ လက်ထက် တော်၌ ပခန်းမြို့ဝန်, ပုဂံမြို့ဝန် မင်းကြီးတို့ ကြီးမှူး အုပ်ချုပ်ကုန်သည်။ ။နောက် အင်္ဂလိပ်မင်းများ ဝင်ရောက်လာလျှင် မြို့ဝန်, မင်းကြီးတို့ မရှိကြ၍ မြင်သာရပ် သူကြီးမင်း, မြစ်ကိုင်းရပ် သူကြီးမင်း တို့ကို အမှူးထားလျက် ဘုရားသခင် ဘဏ္ဍာတော်ထိန်း လူကြီးမင်း-ဦးအောင်သာ၊ ဦးကျော်ဒင်၊ ဦးမြှင်၊ ဦးတူ၊ ဦးလူသာ၊ ဦးအောင်ဒိုး၊ ဦးကြယ်-စသော ပုဂ္ဂိုလ်ကြီးများက အုပ်ချုပ် စီမံကုန်၏။ ။ထို့နောင် ၁၂၈၁-ခုနှစ် လျှပ်စစ်ဓာတ်မီးအသင်း ဖွဲ့စည်းတည်ထောင်ပြီးသော် ပွဲတော် သုံးခုလုံးကိုပင် လျှပ်စစ်ဓာတ်မီး အသင်းကြီးက ကြီးမှူး အုပ်ချုပ်လျက် စီမံဆောင်ရွက် နေကြကုန် သတည်း။

၁၃၁၅-ခုနှစ်အထိ ဆောင်ရွက်သော အမှုဆောင်များ စာရင်းနှင့် အဖွဲ့ဝင်များစာရင်း။

၁။ ဦးမောင်ကြီး-ပဌမဥက္ကဋ္ဌ။
၂။ ဦးသူတော်-ဒုတိယ ဥက္ကဋ္ဌ။
၃။ ဆရာကလေး-ဒုတိယ ဥက္ကဋ္ဌ။
၄။ ဦးဘိုးမြ-ငွေထိန်းလူကြီး။
၅။ ဦးဘညွန့်-အတွင်းရေးမှူး။
၆။ ဦးညွန့် } တွဲဘက် အတွင်းရေးမှူး။
၇။ ဦးစိန် }
၈။ ဦးဘိုးငွေ } စာရင်းစစ်လူကြီး။
၉။ ဦးချမ်းမြ }
၁၀။ ဦးချစ် }
၁၁။ ဦးဝင်း- (ဝင်းမြမ္မာ)။
၁၂။ ဦးဘသန်း- (ဂျုံစက်)။
၁၃။ ဦးအောင်ချင်း } ဝေတ်မီးဘက်ဆိုင်ရာ လူကြီး။
၁၄။ ဦးစံဦး }
၁၅။ ဦးဘ- သော့ထိန်း လူကြီး။
၁၆။ ဦးဘသင့်- ပစ္စည်းထိန်း လူကြီး။
၁၇။ ဦးအောင်မင်း- ရွှေဆိုင်းဘက် လူကြီး။
၁၈။ ဦးကြာ။
၁၉။ ဦးမောင်ကြီး။
၂၀။ ဦးဘသန်း- မြင်သာ။
၂၁။ ဦးလှမောင်။

၂၂။ ဦးကျော်မှူး။
၂၃။ ဦးဘိုးကွန်း။
၂၄။ ဦးထွန်းလှိုင်။
၂၅။ ဦးဘိုးသွယ်။
၂၆။ ဦးအုံးပွင့်။
၂၇။ ဦးဘအုံး။
၂၈။ ဦးသော်။
၂၉။ ဦးရှန်းနီ။
၃၀။ ဦးဘိုးအောင်။
၃၁။ ဦးပဒုမ္မာ။
၃၂။ ဦးပု။
၃၃။ ဦးဆွေ။
၃၄။ ဦးဘိုးကြား။
၃၅။ ဦးအောင်ထွန်း။
၃၆။ ဦးပွ။ စက်။
၃၇။ ဦးဖေဝင့်။ ။
၃၈။ ဦးဘဦး။ ။
၃၉။ ဦးညွန့်။ စက်။

ဆိုခဲ့ပြီးသော စကား အစဉ်ဖြင့် သီဟိုဠ်ရှင် မြတ်စွာ ဘုရားကို မူလတည်ထားတော် မူခဲ့သော "အလောင်း စည်သူမင်းကြီး" ထို့နောင် အသစ် ပြင်ဆင် ပြန်သော "မြင်သာရွာအုပ်မင်း" ထို့နောင် အသစ် ပြင်ဆင် ပြန်သော မိုးပြာရွာ "ဘုရားအမ- ဒေါ်လေးကြီး" အမြဲ

မဝြတ် ဆီမီးဝတ်, သင်ပုတ်ဝတ်, ဆွမ်းဝတ်- စသည် တို့နှင့်တကွ သီဟိုဠ်ရှင် မြတ်စွာဘုရား ကြီးပွါးသည့် ထက် ကြီးပွါးရန် အားသန် ကြိုးကုတ် လုံ့လ ထုတ်ကြ သော "ပခုက္ကူမြို့ မြင်သာရပ်၊ ခံတောရပ်၊ မြစ်ကိုင်းရပ်၊ ဆုံကုန်းရပ်၊ ထမကောက်ရပ်၊ ဈေးရပ်၊ ကုက္ကိုတန်းရပ်- စသည် တို့၌ နေထိုင် ကြသော ဘဏ္ဍာတော်ထိန်း လူကြီးမင်း လျှပ်စစ် ဓာတ်မီး အသင်းဝင် လူကြီးမင်း" တို့အား ဗုဒ္ဓဘာသာ သာသနာတော် ရေးကို မြော်တွေး ထောက်ထားသော စိတ်ဖြင့် စေ့စေ့ငုငု ကြည့်ရှုပါလျှင် အလွန်ပင် ကျေးဇူးကြီးစွာ တင်ထိုက်ကြောင်းကို အမှတ်အသား ထားအပ်လေသတည်း။

ထပ်မံပြင်ဆင်ခန်းပြီး၏။



နာယကဆရာတော်အဖြစ်- ဆောင်ရွက်ခဲ့သော-သဲပုံစေတီတောရ

ဆရာတော်ဘုရားကြီး (ဦးကြည်)



၁၂၈၀ ခုနှစ်မှ ၁၂၈၇–ခုနှစ် အထိ ဆောင်ရွက်ခဲ့သော
သမာဓိမြို့ဝန်မင်း-ခုံမင်းကြီး (ဦးထွန်း) ပဌမဥက္ကဋ္ဌကြီး။



၁၂၉၈ ခုနှစ်မှ ၁၃၀၉–ခုနှစ် အထိ မြူနီစီပါယ်-ဥက္ကဋ္ဌနှင့်
ဂျုံစက်ပိုင်ရှင်-ဥက္ကဋ္ဌ (ဦးစောလှိုင်)



၁၂၀၇ ခုနှစ်မှ ၁၂၉၅—ခုနှစ် အထိ သမာဓိမြို့ဝန်
ဆီစက်ပိုင်ရှင် ဥက္ကဋ္ဌ (ဦးမောင်ကလေး)



၁၂၄၀ ခုနှစ်မှ ၁၂၄၆–ခုနှစ် အထိ လျှပ်စစ်ခါတ်မီးအသင်း ကို
စတင်တည်ထောင်ခဲ့သော အတွင်းရေးမှူး (ဦး ဘ)

(းမွဲးဦ) ဒီယဝ-ဒုံန်းရှထိခ -ဒုဖ်ဒုဝဲယှစဋ္ဌ

ဒီယဝ-လှဂ္ဂစွန်ဖြဲ ထဆ ဖုန်ဝဲ-၂၈၂၀ ဂ်ဒုန် ဝဲ ၅၈၂၀





ဘဏ္ဍာတော်ထိမ်း အဖွဲ့ဝင်လူကြီးများ

နိဂမန။

ဤသို့လျှင် သာသနာတော် သက္ကရာဇ်နှင့် ဂေါဇာ သက္ကရာဇ်ကို ပြဆိုခန်း- စသော အပိုင်းအခန်း ရှစ်ဆုတို့ဖြင့် သီဟိုဠ်နှင့် သရိုင်းသစ် ကျမ်းကို ကြိုးပမ်း စီရင်ခဲ့ရာ ယခုအခါတွင် အပြီးအဆုံးသို့ ရောက်ပြီဖြစ်၍ မချွတ်ဆောင်ရွက်အပ်သော တာဝန်၏ ပြီးစီးခြင်းဖြင့် အလုံးစုံ ချုပ် နိဂုံးအုပ်ခြင်း၄ါ ဆိုအပ်လတ္တံ့သော ဂါထာတို့ကို ဆိုတော်မူသည်။

၁။ နဂရေ ပုဏ္ဏဂါမဓှိ၊
ကုသုမာ စလ ဒက္ခိဏော။
ဂဟောတု ဒွေကဇာတေန၊
ဂါမေသိ ဂိရိနာမကော။ ။

၁။ ပုဏ္ဏ ဂါမဓှိ၊ လိုရာ ပြည့်စုံ ကုံလုံ လောက်ငံ ဗျူပွတ်သံကြောင့် ပုဂံဟူသော အမည်ရှိသော။ နဂရေ ဂုဏ်ပေါင်းယူကြို့ မင်းနေမြို့၌။ (ရှေးက မင်းနေပြည်ဖြစ်ဘူးသည်ကို အတွင်ရုဋ္ဌီအားဖြင့် ဆိုသည်)။ ကုသုမာ စလ ဒက္ခိဏော သဇင်ပန်းသုန်း နတ်ဂမုန်းနှင့် ငွေပုန်း ညက်ယိမ်း စကားစိမ်းတို့ ခပ်သိမ်းစုပုံ အရုံရုံလျှင် ဖူးငုံ ပွင့်ကား ပေါက်ရောက် ပွါးသည် "ပုပ္ပါး တောင်မြတ် တောင်ကလာပ်၏" တောင်ရပ် လက်ျာ မြေမျက်နှာ၌။ ဇူသိဂိရိ နာမကော ရှေးသောအခါ ကြာမြင့်စွာက ဘုန်း လျာမုနေ့ ရှင်ရသေ့တို့ ပျော်မွေ့ ရွှင်မြီး တောင်-အနီး

၌ အသီး စိုက်ထောင် "ရသေ့တောင်" အမည် ရှိသော။ ဂါမေ၊ အရိပ် သခ်မ်း စိမ့်ရေ စမ်းနှင့် ချမ်းသာ ပွါးစီး ရပ်ရွာ ကြီး၌။ ဂဟောတု ဒွေကဇာ ဘေန၊ တထောင့်, နှစ်ရာ ခြောက်ဆယ် မှာတွင် သခ်ျာ ကိုးရ အစွန်းပြု သား ကောင်းမှု စက်ရှိန် ပြက္ခဒိန်ဟု ရက်ချိန် တွက်စစ် သက္ကရာဇ်တွင် ထွန်းသစ်စင်စင် ဘွားမြင်ခဲ့ပေသော။ ။ (ရှေဂါထာတွင် "ဘိက္ခုနာ" မှာစပ်)။

၁။ **အဓိပ္ပါယ်ကား**။ ။ပုဏ္ဏဂါမ, ပုဂါမ, ပြုဂါမ—အစ ရှိသော အားဖြင့် တဆဲ့, ငါးပါးသော အမည် ရှိသော ပုဂံမြို့နယ် အဝင် ထိုမြို့၏ တောင်မျက်နှာ သုံးယူဇနာ အကွာတွင် များစွာသော ပန်းသစ်ပင်မျိုးတို့ ပေါက်ရောက် ရာဖြစ်သောကြောင့် "ပုပ္ပါး" ဟူသော အမည် ရှိသော တောင်မြတ်၏ တောင်ဘက် မျက်နှာ လက်ယာဘက် အရပ်တွင် ရှေးအခါက ရသေ့ သူတော် ကောင်းတို့ ခိုအောင်း ရွှင်ပျော် သီဘင်း သုံးတော်မူရာ ဖြစ်သော— သခ်မ်းချောင် တောင် အနီး၌ တည်ထောင် အပ်သော ကြောင့် "ရသေ့တောင်" အမည် ရှိသော ရွာကြီးတွင် သက္ကရာဇ် တထောင်, နှစ်ရာ, ခြောက်ဆဲ့, ကိုးရနှစ်တွင် ၏ ကျမ်းပြုဆရာ ဘွားမြင်တော် မူခဲ့သည်ဟု ဆိုလိုရင်း ဖြစ်လေသည်။ ။ဤဂါထာ၌။ ။"ကုသုမာစလ" ဟူသော သဒ္ဒါဖြင့် ထိုနှင့်ပရိယာယ် ဖြစ်သော "ပုပ္ပါစလ" သဒ္ဒါကို ညွှန်းပြ လေသည်။ ။ယင်း ပုပ္ပါစလ- သဒ္ဒါ၌။ ။ပုပ္ပံ ကုသုမံ တသ္မိံ အတ္ထီတိ ပုပ္ပေါ၊ ပဗ္ဗတော။ ပုပ္ပေါစ

သော အစလော စာတိ ပုပ္ပါစလော။ ။ဟု ဝိဂြိုဟ် ပြု၍။ ။သဇင်, ပန်းသုန်း ဂမုန်း, ရွှေဝါ ခတ္တာ, သရဖီ အစချီလျက် များစွာသော ပန်းမျိုးတို့ ပေါက်ရောက်ဖြစ် ထွန်းရာ ဖြစ်သောကြောင့် ထိုတောင်ကို "ပုပ္ပ" တောင် (ပန်းတောင်)။ ကာလ ကြာမြင့်၍ အခေါ်အဝေါ် ရွှေ့ လျှောသဖြင့် "ပုပ္ပါးတောင်" ဖြစ်လာ သည်ကို ဆုံးဖြတ် ရာ၏။ ။ရာဇဝင်ဆရာ, သမိုင်း ဆရာတို့လည်း ဤနည်း အတိုင်းပင် ဝန်ခံ ကြကုန်သည်။ ။သဒ္ဒါနုသာရီ ဆရာ တော်ကား အောက်ပါ အတိုင်း ပုပ္ပါးတောင်ကို ချီးကြူး လေသည်။

သဒ္ဒါနုသာရီသတ်ပုံ။

ဝိဇ္ဇာဝရ။ ဈာနလာဘီ။ တပသီတို့။ ခိုမြိကိန်း အောင်း။ သား အပေါင်းလည်း။ တောင်စောင်း မြိုင်ဦး။ ရွှင်ပျော်မြူးလျက်။ ညွှတ်ဖူးခိုင်လန်း။ ပင် နွယ်ငန်းက။ စသည်တရိုး။ ဆေးချိုးပြည့်ညီ။ ပွင့်ငုံ စီတည့်။ ဖြူ,နီ,ဝါ,ရွှေ။ ပန်းထွေထွေသည်း။ ပင်ခြေ တလင်း။ မွေ့ရာခင်းသို့။ ပျံသင်းထုံထုံ။ ရဂုံဖြိုးဖြိုး။ မထိုးရောင်ခြည်။ ပင်စည်ရိပ်ရိပ်။ ရွက်စိတ် ဝေ ဝေ။ သုတ်လေညှင်းညှင်း။ ဆီးနှင်း မောက်မောက်။ ကမ်းချောက် တင့်တယ်။ ပျော်ဘွယ်မငြီး။ သစ် သီးချို, ချဉ်။ ခါတိုင်းယှဉ်၍။ ရေယဉ် ဆင်းသက်။ ကျေးငှက် များစွာ။ သံစုံ သာလျက်။ စိမ်းပြာ နုနု။ မိုးထိလမ။ ကြီးထုနဂို။ ရွန်း ရွန်းစိုသား။ မြိုင်ညို

ဟိမဝါ။ ဂန္ဓမာသို့။ မည်သာ ထင်ရှား။ "တောင်ပုပ္ပါး"မှ။ ဒက္ခိဏာဝယ်။ ။စသည်ဖြင့် စပ်ဆိုတော်မူသည်။

ထို ရသေ့တောင် ရွာကြီး အနီးတွင် "တည်ပင်တဲ" အမည်ရှိသော ရွာကြီးတခု ရှိပြန်သည်။ ထို တည်ပင်တဲ ရွာ၌ ဤသဓိုင်းဆရာ၏ ကန့်ကူသက်လွှဲ့ ဆရာတော်ဖြစ်တော်မူသော ငယ်ကျေးဇူးရှင် ထိပ်ခေါင်တင် "တည်ပင်တဲ ဆရာတော် ဘုရားကြီး" သည် ယခုထက်တိုင် သက်တော် ထင်ရှားရှိ၍ သာသနာ တော်၏ ဝန်တာကို ကောင်းစွာ ထမ်းရွက်တော် မူလျက် ရှိလေသည်။ ။ ထို "တည်ပင်တဲ" ရွာ၌ပင်- ဤကျမ်းပြုဆရာ၏ "ခမည်းတော်-ဦးကြောခိုင် မယ်တော်-ဒေါ်အုံးရီ"တို့လည်း ရှိကြသည်။ ။နောက်နောက် ဂါထာ တို့၌လည်း ဤနည်း အတိုင်း အဓိပ္ပါယ်ကို သိမှတ်ရာသည်။

၂။ လယ်တီ ဝံသမှိ ဇာတေန၊
လယ်တီ ကောဝိဒ သာမိနာ။
ဒွိဝေ ပထမ ကိတ္တိတိ၊
လဒ္ဓနာမေန ဘိက္ခုနာ။ ။

၂။ လယ်တီ ဝံသမှိ၊ မြန်မာ့ မဏ္ဍလိပ် နိုင်ငံရိပ်တွင် ခတ်နှိပ်သဓိုင်း လယ်တီဂိုဏ်း ဟူသော အနွယ်တော်၌။ ဇာတေန၊ ကံကောင်းပင့်ထောက် ဖြစ်ပေါ်ပေါက်ခဲ့သည်၏ အဖြစ်ကြောင့်။ လယ်တီ ကောဝိဒ သာမိနာ၊ "[illegible]

ဒွိဓာ၊ နှစ်ကြိမ်, နှစ်ဖန်အားဖြင့်။ ပထမ ကိတ္တိတိ၊ "ပထမ ကျော်" ဟူ၍။ လဒ္ဓနာမေနှ၊ ရအပ်သော ဘွဲ့အမည်ထူး ရှိတော်မူသော။ ။(ဘိက္ခုနာ-ကို ချန်ခဲ့ဦး)။

၃။ ဗဟုဿုတဂဝေသေန၊
ဝီရေန ဂဏဝါစိနာ။
မဟတော ဘိက္ခုသံဃဿ၊
ဂဏဿ ဟိတကာရိနာ။ ။

၃။ ဗဟုဿုတဂဝေသေန၊ များစွာသော အကြား အမြင်တို့ကို လိုချင်ဘောင့်တတတ်သော။ ဝီရေန၊ ဖွဲ့သန် ရဲရင့် ဉာဏ်မျိုး လွှင့်သော။ မဟတော၊ များစွာသော။ ဘိက္ခု သံဃဿ၊ ရဟန်း အပေါင်းဟု ဆိုအပ်သော။ ဂဏဿ၊ သာသနာတွင် ပျော်ရွှင် ခိုအောင်း သံဃာ တော်အပေါင်း၏။ ဟိတကာရိနာ၊ အစီးအပွါးကို ပြုလုပ် လေ့ရှိသော။ ဂဏဝါစိနာ၊ မန်းမန္တလ ရွှေပြည် မတွင် ဂဏဝါစီ ဘွဲ့ထူးချီလျက် ကြူးသီ ခေါ်ဝေါ်အပ်သော။ ဘိက္ခုနာ၊ ရဟန်း မျိုသည်။ ။ လာလတ္တံ့သော သခ်ဘာမှာစပ်)။

၄။ နိဿာယ ရာဇဝံသေ၊
သိလာလိပိ ပဘူဘယော။
ယာဥပ္ပဘွိ ကထာ ပေါရီ၊
မဟာသီဟဋ္ဌ သာမိနော။ ။

၄။ ရာဇဝံသေစ၊ ရာဇဝင် အစောင်စောင် တို့ကို ငင်း။ သိလာလိပိ ပဘူဘယောစ၊ ကျောက်စာ သမိုင်း-

စသော ကျမ်းစာ တို့ကိုရင်း။ နိဿာယ၊ ကောင်းစွာ ကြည့်ရှု အမှီပြုလျက်။ မဟာသီဟဋ္ဌသာမိနော၊ "သီဟိုဠ်ရှင်" မြတ်စွာဘုရား၏။ ပေါရီ၊ မြင့်ကြာ နောက်နှောင်းရှေးဟောင်းအခါ၌ ဖြစ်သော။ ယာဥပ္ပတ္တိကထာ၊ အကြင် သရိုင်းစကားစဉ်ကို။ ။(သခ်ဘာမှာစပ်)။

၅။ သခ်တာ မာရရီ ဇော၊
တဒုပ္ပတ္တိ ဂဝေသိနံ။
အတ္ထာယ အတ္ထဝေဝဏ္ဏာ၊
နိဋ္ဌိတာ သုသုခါ ဝဟီ။ ။

၅။ သခ်တာ၊ ပြုစီရင် အပ်ပေပြီ။ မာရရီ၊ ချိမြိန် ကောင်းမြတ် လျောက်ပတ် တင့်တယ်သော။ တဒုပ္ပတ္တိ-ဂဝေသိနံ၊ ထို "သီဟိုဠ်ရှင် သရိုင်း"ကို ငံ့ဆိုင်းစောင့်စား အားထားမြော်သင့်နေကြ ကုန်သော သူတို့၏။ အတ္ထာယ၊ အစီးအပွါး များစေခြင်းငှါ။ အတ္ထ- ဝေဝဏ္ဏာ၊ ကောင်းကျိုးစီးပွါး ကြီးကြီးမားမားကို ထင်ရှားဘော်ပြ နိုင်သော။ ဇော- ဥပ္ပတ္တိကထာ၊ ဤသရိုင်းသစ် စကားအစဉ်သည်။ သုသုခါဝဟီ၊ တကယ့်ချမ်းသာ မင်္ဂလာကို ကောင်းစွာ ဆောင်ရွက်လျက်။ နိဋ္ဌိတာ၊ အပြီးသို့ရောက်သေပြီ။

၆။ ဇဝံ မေ သုနွရံ ပုည်၊
သမာလဒ္ဓံ အနာကုလံ။
တေနာဟံ အဇဋေ နိစ္စံ၊
စ နိမာဝ ပဘာသယေ။ ။(ဗ္ဗတိ)။

၆။ ဧဝံ၊ ဤ ဆိုအပ်ခဲ့ ပြီးသော အပြား အားဖြင့်။ မေ၊ လယ်တီ ဂိုဏ်းတွင် သရိုင်းပမာ အကျွန်ုပ်ငါသည်။ သုန္ဒရံ၊ ကောင်းမွန် မြင့်မြတ်သော။ အနာကုလံ၊ ဘေး အန္တရာယ် ရန်မတွယ်ဘဲ စင်ကြယ် သန့်ရှင်းသော။ ယံ ပုညံ၊ အကြင်ကုသိုလ် သောမနသ် ကောင်းမှုလာဘ်ကြီး ကို။ သမာလဒ္ဓံ၊ ကောင်းစွာ ရအပ် ပေပြီ။ တေန၊ ထို ကောင်းမှုကြောင့်။ အဟံ၊ ငါသည်။ အဇရေ၊ လေလမ်း ခရီး ကောင်းကင်ကြီး၌။ စန္ဒိမာဇူဝ၊ ငွေစန်းတန့်ဆောင် ယုန်နန်း ညောင်ကဲ့သို့။ နိစ္စံ၊ အမြဲမပြတ်။ ပသာသယေ၊ ကျေညာ သတင်း ဂုဏ်နှံ့ သင်းလျက် ထွန်းလင်း တောက် ပ- ရစေသောဝ်။ ။ဇူတိ၊ ဤသည်လျှင် နိဂုံးပြီးပြီ။

သတ်ခေ့နှက်- သုံးချက်ညီ ရေးသားအပ်သော အဖြည့်ခံ ရတုကဗျာ။

၁။ ဘုန်းမွေသရီ။ ။ကျွန်းလုံး မှီသား။ စေတီတော် မြတ်။ ပိသုဒ် နတ်၏။ ဆင်းဓာတ် ရုပ်ပုံ။ ဇေယျ ခုံနှင့်။ ရှေ့ဘုံမကိုဋ်။ ကျောင်းတော် တိုက်ဟု။ အမြိုက်ဆုသီး။ ကောင်းမှု ကြီးကို။ အတီး ယခေါင်။ ဘုန်းကြိုး နှောင် သည်။ ဂုဏ်ရောင် လျှံလူ။ လောင်း စည်သူလျှင်။ မြေငူ ကျွန်းမြ။ သီဟဋ္ဌမှ။ ဆက်သ လက်ခံ။ ကောင်းကျိုး နှံ့ လျက်။ သယံဇာတ။ ထိုခဏာဝယ်။ ရေမှပေါ်ထွက်။ ကုန်း မြေထက်တွင်။ ဘဝဂ် အရောက်။ နရက် ချောက်လည်း။ ပျက်လောက် ခမန်း။ ခြောက်ရောင် သန်းလျက်။ နန်းဝေ

ဇယန်။ ငွေဗိတာန်ဝယ်။ ရှေမှန်ကင်းဖျား။ ကာဖြန့်လွှား သို့။ သိကြားမြတ်မွန်။ နတ်တမန်လည်း။ ပန်းမာလ်တမ်းခွန်။ ကြဲမြောက်သွန်၍။ မနွန္တရ။ ကပ်ကမ္ဘာသည်။ ရှည်ကြာသက်လုံး။ တည်အောင် ဆုံးဟု။ ညွှတ်ရုံးစိတ်သန်။ အဓိဋ္ဌာန်ဖြင့်။ အနန္တရ။ ရှေးဘဝက။ ကမ္မဝိပါက်။ ရိုးကြိုးစက်သို့။ လက်နက်ဖြန့်သိုင်း။ ပုဂံဘိုင်းသည်။ ။မြစ်ကိုင်းအောင်မြေမှာဘကား။ ။(၄၇-ပဒ)။

၂။ ကုန်းမြေမဟီ။ ။ငွေနဒီဟု။ ဝတီဧရော။ ရံပိုက်ကာလျက်။ ဒေဝါမဟိန်။ တာဝတိန်တွင်။ အာလိန်ပတ်ခြံ။ ၎က်မျိုးပျံသား။ ငွေအမ္ဗုဇ။ ကြာမျိုးခသည်။ စိတ္တလတာ။ ဥယျာဉ်သာသို့။ မျက်နှာမြေပြင်။ ပြစ်မဘင်သား။ "သီဟိုဠ်ရှင် ဘုရား"။ ဆင်းရုပ်ပွါးသည်။ တိုင်းခြားရပ်ဝေး။ တရွာကျေးသို့။ ပျံမွေးသတင်း။ ခုတိုင်လင်းလျက်။ မင်းမင်း ရာဇိန်။ နရာသိန်နှင့်။ အာဟိန္ဒရာဇ်။ ဘုန်းကျိုးလှစ်သား။ နေမြစ်ဘန်ဆောင်။ မင်းဘုန်းခေါင်တို့။ စိုက်ထောင်ဆင့်ဆင့်။ တန်ခိုးပွင့်၏။ ဗိုးဝင့်ရောင်ဝါ။ ခြောက်စုံဖြာလျက်။ ရှည်ကြာပဝေဏီ။ မွေသရီဟု။ စေတီဘော်မြတ်။ အထွုပ္ပတ်ကို။ ဘတ်ရွတ်ရှုဖွေ။ သိပါစေဟု။ ထုတ်ဝေဖြန့်သိုင်း။ လယ်တီ ဂိုဏ်းတွင်။ သရိုင်းပမာ။ ကျွန်ုပ်ငါကား။ ဤစာဘွဲ့နွဲ။ ရွှေကြိုးတွဲ့သို့။ ပြစ်မဲ့ ကောင်းမွန်။ ကုသိုလ်ဝန်ကို။ ဆုညွှန်ဆက်ပိုင်း။ စာသရိုင်းသည်။ ။ ရစ်သိုင်း ရောင်ရွှေသာတကား။ ။(၄၇- ပဒ)။

သီဟိုဠ်ရှင် သရိုင်းသစ်ကျမ်းပြီးပြီ။

